
7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်



# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၄၄)  ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်  ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇန်နဝါရီ ၈ ၊ ၂၀၁၄)



TRI
LIVES BRILLIANTLY




# ဖက်ဒရယ်တပ်မတော်ဆိုတာ

 အောင်ခိုင်၊ ရန်မျိုးနိုင်၊ ရဲနောင်

"တိုင်းပြည်ရဲ့ ကာကွယ်ရေးတပ်မတော်ဖြစ်တာကြောင့် တိုင်းပြည်ကို ကာကွယ်တဲ့နေရာမှာ တိုင်းရင်းသားတွေက ပါဝင်ချင်တယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ ကာကွယ်ရေးစနစ်ကို လိုလားတယ်"

■ တပ်မတော်ဖွဲ့စည်းပုံလေ့လာလိုသူများအတွက် အိန္ဒိယတပ်မတော်သည် လေ့လာရန်အကောင်းဆုံးပုံစံဖြစ်ကြောင်း မြန်မာ့အရေးကျွမ်းကျင်သူက ဆိုသည်။

စာမျက်နှာ ၈ ››

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပသော (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အလံတင်အခမ်းအနား၌ တွေ့ရသည့် တပ်မတော်သားများ

လင်းဘိုဘို/အီးပီအေ

# မြို့ပြရောဂါအတွက် ဆေးခါးကြီးတစ်ခွက်

**ခန့်ထက်၊ ဖွဲ့မာန်**

ရန်ကုန်မြို့လယ်တွင် လူဦးရေတစ်ရာခန့်ရှိသော လူအုပ်ကြီးက တစ်နေရာအားစိတ်ဝင်တစားဝိုင်းအုံကြည့်နေသည်။ ဈေးသည်မဟုတ်၊ မျက်လှည့်ပွဲတစ်ခုမဟုတ်၊ ရန်ပွဲမဟုတ်ပါ။ အဆိုပါလူအုပ်ကြီးထဲတွင်အစိုးရအာဏာပိုင်များ၊ ယာဉ်ထိန်းရဲများနှင့် စည်ပင်သာယာရေးဝန်ထမ်းများလည်း ပါဝင်သည်။

၂၀၁၃ နိုဝင်ဘာ ဒုတိယပတ်က လည်းတန်းစိန်ဂေဟာရှေ့တွင် စည်းကမ်းမဲ့ ရပ်နားထားသော လိုက်ထရပ်ယာဉ် တစ်စီးအား ယာဉ်ထိန်းရဲတပ်ဖွဲ့က ကရိန်းဖြင့်ဆွဲနေစဉ် လူအများက ဝိုင်းအုံကြည့်နေခြင်းဖြစ်သည်။

စာမျက်နှာ ၂ ››

# လုပ်မှုနှင့် မှုးယစ်မှု ပေါင်းစုနေသောမြို့

**မောင်တာ၊ အောင်သစ်လွင်**

မြို့လယ်လမ်းဆုံနေရာတွင် City Of The Golden Triangle (ရွှေတြိဂံ၏မြို့တော်) ဟုစာတန်းရေးထိုးထားသည့် ဆိုင်းဘုတ်ကြီးကို ထည်ဝါစွာစိုက်ထူထားသည်။ ၎င်းဆိုင်းဘုတ်ကြီးကပင် မြန်မာနိုင်ငံ၏ အရှေ့ဘက် အစွန်ဖျားတွင်တည်ရှိသည့် တာချီလိတ်မြို့၏ သင်္ကေတပင်။

တာချီလိတ်မြို့သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ထွက်ပေါက်လည်းဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း ပါဝင်သည်။

စာမျက်နှာ ၃ ››

# ပြည်ပပန်းချီပညာရှင်များ မြန်မာကို အာရုံစိုက်လာ

**ဥက္ကာကိုကို**

မြန်မာ့ပန်းချီလောကတွင် ယခုနှစ်ပိုင်းအတွင်း ပန်းချီပြပွဲများ အရှိန်မြင့်အားကောင်းခဲ့ပြီး ပြည်ပမှ ပန်းချီပညာရှင်များလည်း မြန်မာပြည်သို့လာရောက်ပြသခဲ့မှုက ထူးခြားချက်တစ်ခုဖြစ်သည်။ နိုင်ငံခြား သားဧည့်သည်များလာရောက်မှုမြင့်တက်လာသော်လည်း ဈေးကွက်အနေအထားပုံမှန်ငြိမ်သက်နေမှုကတော့ ၂၀၁၄ နှစ်ဆန်းအထိပင်ဖြစ်ပါသည်။

စာမျက်နှာ ၁၉ ››



# "တောင်သူတွေအတွက် သီးနှံအထွက်ကောင်းပြီး လက်ဖက်ထက် ဈေးနှုန်းပိုရတဲ့ သီးနှံမျိုးစိုက်ရရင် ကျွန်တော်တို့ ဘိန်းမစိုက်ဘူးလို့ အာမခံပါတယ်"

ဘိန်းစိုက်တောင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၃

# အာဆီယံဥက္ကဋ္ဌကြီး ဖြေဆိုရမည့် စာမေးပွဲ

၁၈ ››




7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

မျက်နှာဖုံး မှ

# မြို့ပြရောဂါအတွက် ဆေးခါးကြီး တစ်ခွက်

နိုင်ငံတော်၏ ကားအဟောင်းဖျက်သိမ်းရေး အစီအစဉ်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစ၍ ကားအဟောင်းများဖျက်သိမ်းပြီး ကားအသစ်များကို တင်သွင်းခွင့်ပြုသည်။ ထို့အပြင် နိုင်ငံသားတိုင်းကို ကားသွင်းခွင့်ပြုခဲ့ရာ ၂၀၁၃နှစ်ကုန်အရောက်တွင် အစီးရေနှစ်သိန်းခွဲနီးပါးတင်သွင်းခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တွင် တစ်နေ့ထက်တစ်နေ့ ကားအစီးရေများသည်နှင့်အမျှ လမ်းမများတွင် ယာဉ်ကြောပိတ်ဆို့မှုမှာလည်း တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာသည်။

အဆိုပါစိန်ခေါ်မှုကိုရင်ဆိုင်ရန်အတွက် လက်ရှိအစိုးရသစ်လက်ထက်တွင် ယာဉ်ကြောပိတ်ဆို့မှုများသော လမ်းဆုံများတွင် ခုံးကျော်တံတားများ တည်ဆောက်ခြင်း၊ လမ်းချဲ့ထွင်၍ရသောလမ်းများအားချဲ့ထွင်ခြင်းများကိုပြုလုပ်ခဲ့သည်။

သို့သော် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျမသွား၍ ယခုနောက်ဆုံးမြို့တွင်း ၆ လမ်းသွားလမ်းမကြီး အပါအဝင် အဓိကလမ်းမကြီးများ ၃၇ လမ်းကို ၂၀၁၃ နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်ယာဉ်မရပ်ရဇုန်များအဖြစ်တရားဝင်သတ်မှတ်ခဲ့ပြီးယာဉ်ရပ်နားပါက ဖမ်းဆီးခဲ့သည်။

မြို့တွင်းရှိကျန်ရှိသော လမ်းမကြီး ၂၀အားဒီဇင်ဘာ၁၂ရက်က ထပ်မံ၍ ယာဉ်မရပ်ရလမ်းများအဖြစ်သတ်မှတ်ခဲ့သည်။

ထို့အပြင် မကြာမီစည်ပင်သာယာနယ်နမိတ်အတွင်းရှိ ၃၃ မြို့နယ်အတွင်းရှိ လမ်းမကြီးများကို ယာဉ်မရပ်ရဇုန်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ကြေညာထားသည်။

"ကားဖမ်းတာရပ်ကွက်ထဲ အနုကြမ်းဝင်စီးသလိုပဲ။ လမ်းပိတ်မှာစိုးလို့ ကရိန်းနဲ့ဖမ်းတာတဲ့။ ကရိန်းပေါ်တင်တာကို ဝိုင်းအုံကြည့်တဲ့လူတွေကြောင့် နာရီဝက်ကျော်လောက် ကားပိတ်သွားတယ်"ဟု ကမာရွတ်မြို့နယ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်ကို ပထမဆုံးအကြိမ်ဖမ်းယူစဉ်ကြည့်နေသူတစ်ဦးကပြောသည်။

ဖမ်းဆီးအရေးယူရာတွင် စည်းကမ်းမဲ့ ရပ်နားထားသောယာဉ်များ ချလန်ဖြတ် အရေးယူသည့်စနစ်သာမက လက်ရှိနိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ယာဉ်ကို ကရိန်းဖြင့် ဆွဲယူသယ်ဆောင်သွားသည့်စနစ်ကိုပါစတင်ကျင့်သုံး သည်။



*ယာဉ်မရပ်ရနေရာတွင် ရပ်နားသော ကားတစ်စီးကို ကရိန်းယာဉ်ဖြင့် ဖမ်းဆီးနေစဉ်*

ဓာတ်ပုံ - နစ်ကီ

ကရိန်းဖြင့် ဆွဲယူဖမ်းဆီးခြင်းခံခဲ့ရသော ကမာရွတ်မြို့နယ်မှ ယာဉ်ပိုင်ရှင်တစ်ဦးက "အစ်ကိုတို့က စည်းကမ်း မလိုက်နာချင်လို့ မဟုတ်ပါဘူး။ စည်းကမ်းလိုက်နာလို့မရတာပါ။ ကားကို ကိုယ့်တိုက်အောက်မှာမှ မရပ်ရင် ရပ်စရာမရှိတော့ဘူး။ ဖမ်းတဲ့သူတွေကလည်း တာဝန်အရဖမ်းရတယ်ဆိုတာနားလည်ပါတယ်။ ဒီတော့ ရပ်စရာမရှိလို့ရပ်မိတဲ့သူကအပြစ်လား၊ တာဝန်အရ ဖမ်းတဲ့သူကအပြစ်လား၊ မပြောတတ်တော့ဘူး" ဟု သူ၏ခံစားချက်ကို ပြောသည်။

ယာဉ်မရပ်ရဇုန်များ သတ်မှတ် ဖမ်းဆီးခြင်းကိုရန်ကုန်မြို့နေ မော်တော်ယာဉ်သုံးစွဲသူများက ဝေဖန်မှုများရှိသည်။ သို့သော်လည်း ယင်းစနစ်သည် လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ခန့်ကရှိရင်းစွဲမြို့တော်စည်ပင်သာယာရေးဥပဒေတွင်ပါဝင်သည်ဟုဆိုသည်။

"စည်ပင်သာယာနယ်နမိတ်ထဲမှာ ယာဉ်မရပ်ရဘူးဆိုတာ ခုမှထပြီး သတ်မှတ်လိုက်တာမဟုတ်ပါဘူး။ အရင်ကတည်းက ရှိပြီးသား ဥပဒေဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့ လမ်းတွေကို အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ တစ်ဆင့်ချင်းပိတ်ပင်သွားမှာပါ"ဟုမြို့တော်စည်ပင်လမ်း၊တံတားဌာနမှ အင်ဂျင်နီယာတစ်ဦးက ဆိုသည်။

ဖြေလျှော့ပေးသည့် အနေဖြင့်ယခင်ကအရေးယူဆောင်ရွက်ခြင်းမပြုလုပ်ခဲ့သော်လည်းလက်ရှိအချိန်တွင် မြို့တော်လိုအပ်ချက်အရဥပဒေအားပြန်လည်အသက်သွင်းရခြင်းဖြစ်ကြောင်းမြို့တော်စည်ပင်မှ အရာရှိတစ်ဦးကပြောသည်။စည်ပင်မှပြန်လည်အသက်သွင်းခဲ့သော ယာဉ်မရပ်ရစနစ်ကို ရှစ်လခန့်အလိုတွင် ယာဉ်ပိုင်ရှင်များအား အသိပေးခဲ့သော်လည်း ယာဉ်ပိုင်ရှင်များမှာ မြို့တွင်းကားရပ်နားရာမြေနေရာ မလုံလောက်ခြင်း၊ အသိပေးချက်များကို သေချာစွာ နားမလည်ခြင်းတို့ကြောင့် အဖမ်းခံရသူများသည်။ နှစ်လအတွင်း ယာဉ်အစီးရေ ၁၂၀၀ ကျော်ဖမ်းဆီးခံခဲ့ရသည်။

စည်းကမ်းမဲ့ ရပ်နားယာဉ်များကို ဖမ်းဆီးသည့်အချိန်၌သာ ယာဉ်ကြောရှင်းသွားပြီးဖမ်းဆီးရေးအဖွဲ့မရှိပါက စည်းကမ်းမဲ့ယာဉ်များသည် ရပ်မြဲအတိုင်းရပ်သည်ဟု အင်းစိန်မှ ဆူလေသို့ ပြေးဆွဲသော ယာဉ်တစ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကပြောသည်။

သို့သော်အဆိုပါ စနစ်မှာ ယာဉ်ကြောပိတ်ဆို့မှုကို အမှန်တကယ်လျော့ကျစေမည်လောဟူသည့်အချက်ကိုသက်ဆိုင်ရာအဖွဲ့အစည်းများခေါင်းချင်းရိုက်ကာ အဖြေရှာနေကြချိန်တွင် အမှန်တကယ် ဖမ်းဆီးမှုပြုလုပ်နေရသော အောက်ခြေဝန်ထမ်းများ၊စည်ပင်၊ ယာဉ်ထိန်းရဲတို့မှာအခက်အခဲပေါင်းစုံနှင့်ရင်ဆိုင်နေကြရသည်။

"အကျိုးအမြတ်အတွက်လုပ်နေရတာမဟုတ်ပါဘူး။ တာဝန်အရ လူမုန်းခံပြီးလုပ်နေရတာပါ။ တစ်ခါတလေလူတွေဝိုင်းအုံလာပြီး ပြောဆိုတာတွေ၊ကိုယ်ထိလက်ရောက်မဟုတ်ပေမယ့် စကားလုံးတွေနဲ့စော်ကားတာတွေကိုလည်း သည်းခံရတယ်"ဟု ယာဉ်ထိန်းတပ်သားတစ်ဦးက သူ၏အတွေ့အကြုံကိုပြောသည်။

ဖမ်းဆီးခံရသူများအနက် အချို့သည် အစိုးရအာဏာပိုင်အဖွဲ့အစည်း၏ နာမည်ကိုသုံးပြီးအရေးမယူရန် ဖိအားပေးမှုများလည်းရှိနေသည်။

ဖမ်းဆီး အရေးယူခဲ့မှုများတွင် အရာရှိအချို့၏ မော်တော်ယာဉ်များ ပါဝင်နေခြင်းတို့ကလည်း စည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်ဟူသမျှဖမ်းဆီးခွင့်ရှိသည့် စည်းမျဉ်းစည်းကမ်းများကို အလိုအလျောက်မသိကျိုးကျွံပြုထားလိုက်ရသည့်အခြေအနေများစွာရှိကြောင်းဖမ်းဆီးရာတွင်ပါဝင်ဆောင်ရွက်နေရသူအချို့ကပြောသည်။

"အချို့ကပြောပါလိမ့်မယ်။ ကားရွှေ့ဖမ်းတယ်တို့၊ဖမ်းပြီးသားကားကိုလူရောက်လာတော့ ပြန်လွှတ်ပေးတယ်တို့ဆိုတာ။ ရွှေ့ဖမ်းတယ်ဆိုတာက အားလုံးကိုမဖမ်းနိုင်တဲ့အတွက်စံပြအနေနဲ့ဖမ်းတာပါ။ လူကြီးကားမို့လို့မဖမ်းတာလည်းမဟုတ်ပါဘူး။ဘယ်ကားမဆိုစည်းကမ်းမဲ့ရပ်ရင် ဖမ်းပါတယ်" ဟု ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့(၁)တွင်ပါဝင်သူတစ်ဦးကပြောသည်။

ဖမ်းဆီးခံရသော ကားပိုင်ရှင်များအနေနှင့်လည်း မသက်သာလှပေ။ မိမိယာဉ်အားကရိန်းဖြင့်ဆွဲယူဖမ်းဆီးခံရပါက ကရိန်းဆွဲခ ကျပ်ငါးသောင်းအပြင်ဒဏ်ငွေ အနည်းဆုံးကျပ်တစ်သိန်းမှ ငါးသိန်းအထိပေးဆောင်ရသည်။

ထို့အပြင် ယာဉ်ကို ချက်ချင်းဒဏ်ငွေဆောင်ကာ မရွေးနိုင်ပါက တစ်နေ့လျှင် ကျပ်သုံးထောင်နှုန်းဖြင့် နေ့စဉ်ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။

ထို့အပြင်စည်းကမ်းမဲ့ရပ်နားသော ယာဉ်များဖမ်းဆီးအရေးယူရာတွင်နောက်ဆက်တွဲအနေဖြင့် လိုင်စင်မဲ့မော်တော်ကားများပါဖမ်းဆီးရမိသည်များလည်း ရှိသည်။

"ငါးစီးမှာတစ်စီးလောက်က လိုင်စင်မဲ့ဖြစ်နေတယ်။ လိုင်စင်မဲ့ယာဉ်ဖြစ်တဲ့အတွက် ဖမ်းခံရတဲ့ယာဉ်ပိုင်ရှင်တွေကလည်း လာမရွေးကြတော့ဘူး။အဆုံးခံလိုက်ကြတယ်"ဟု ဖမ်းဆီးရေးအဖွဲ့ဝင်ပါဝင်သည့် ယာဉ်ထိန်းရဲတပ်သားတစ်ဦးကပြောသည်။

လက်ရှိဇန်နဝါရီလဆန်းပိုင်းအထိ ကရိန်းဖြင့်တင်ဆောင်ကာ ဖမ်းဆီးအရေးယူခဲ့ရသော ယာဉ်အစီးရေ ၁၂၀၀ကျော်အနက်အရေအတွက် သုံးရာကျော်မှာ လိုင်စင်မဲ့မော်တော်ကားများပါဝင်နေသည်။ ထိုကဲ့သို့ အရေးယူဆောင်ရွက်မှုများသည် နိုင်ငံတကာတွင်လည်း ကျင့်သုံးသောယာဉ်ကြောကျပ်တည်းမှုကိုဖြေရှင်းသောနည်းလမ်းတစ်ခုဖြစ်ပြီး ရန်ကုန်မြို့၌လည်း ယင်းစနစ်ကျင့်သုံးခြင်းသည် လုပ်ဆောင်သင့်သောနည်းလမ်းဖြစ်ကြောင်း မြို့ပြရေးရာကျွမ်းကျင်သူ ဦးအောင်မြင့်က ပြောသည်။

ကားမရပ်ရဇုန်များတွင်ကားရပ်သောကြောင့် အရေးယူမှုစနစ်ကို ကျင့်သုံးလာသောအခါ ကားရပ်ရန်နေရာမရှိသော တိုက်ခန်းနေ ကားပိုင်ရှင်များအတွက် မည်သည့်နေရာတွင်ကားရပ်ရမည်လဲဟူသော မေးခွန်းသည်ပေါ်လာသည်။

"တက္ကစီကိုတိုက်အောက်မှာ ညသိပ်ထားတာ ကရိန်းနဲ့ ဆွဲခံလိုက်ရတယ်။ ကားပြန်ထုတ်တာနဲ့ ဘာနဲ့ တစ်သိန်းနီးပါးလောက်ကုန်သွားတယ်။ မရှိလို့တက္ကစီမောင်းစားတာပါ။ အဲချိန်ကစပြီး ကားကို ဘယ်ချိန်လာဖမ်းမလဲ အမြဲကြည့်နေရတယ်"ဟု တက္ကစီယာဉ်မောင်းကိုအေးဝင်းကပြောသည်။ ထို့အပြင် စည်းကမ်းမဲ့ကားများကို ဖမ်းဆီးအရေးယူခြင်းသာမက ကားလမ်းနံဘေးရှိ ပလက်ဖောင်းဈေးသည်များကိုလည်း စနစ်တကျရှင်းလင်းရန်လိုသည်။ ထို့ကြောင့် ကားများအတွက် ရပ်နားရာနေရာများဖန်တီးပေးရန် လိုအပ်လာသောအချက်ကိုလည်း မြို့ပြရေးရာကျွမ်းကျင်ပညာရှင်များက ထောက်ပြပြောသည်။

အစိုးရက ကားရပ်နားဝင်းများတည်ဆောက်ပေးရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့ပိုင်မြေနေရာများတွင် အထပ်မြင့်ကားရပ်နားရာနေရာများတည်ဆောက်ရန်လိုအပ်ကြောင်း ပညာရှင်ဦးအောင်မြင့်ကပြောသည်။

ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်က ဒီဇင်ဘာ ၉ရက်က ပြုလုပ်သော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင်မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ မြောက်ဥက္ကလာမြို့နယ်တို့တွင် အထပ်မြင့်ကားရပ်နားရန်နေရာများ တည်ဆောက်ရန်မြေနေရာများ ရွေးချယ်ထားသည်ဟုဆိုသည်။

ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းရန်အတွက် ခုံးကျော်တံတားများဆောက်နေရုံ၊ လမ်းများကိုချဲ့ထွင်ရုံ၊ စည်းကမ်းမဲ့ရပ်နားယာဉ်များကို ဖမ်းဆီးနေရုံနှင့်မပြီးဘဲတိကျသေချာသောအများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်၊ မြေယာနှင့်အသုံးချရေးစနစ်ကို ပီပြင်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း မြို့ပြစီမံကိန်းဆိုင်ရာကျွမ်းကျင်သူ ဦးဝင်းမြင့်က ထောက်ပြပြောသည်။

"ဒါဟာ ရောဂါကိုဆေးမြီးတိုနဲ့ ကုတဲ့သဘောပဲ"ဟု ဦးဝင်းမြင့်ကဆိုသည်။

ယာဉ်မရပ်ရလမ်းများတွင် စည်းကမ်းမဲ့ရပ်နားယာဉ်များကို ဖမ်းဆီးခြင်းသည် ကောင်းမွန်သော စနစ်ဖြစ်သော်လည်း ထိရောက်သေချာစွာလုပ်ဆောင်သင့်ကြောင်း ၎င်းကပြောသည်။

"သူတို့က ဖမ်းချင်တဲ့အချိန်ကြတော့ ဖမ်းတယ်။ မဖမ်းချင်ရင် မဖမ်းဘူး။ ဘယ်လိုတွေဖမ်းနေမှန်းကို မသိဘူး။ တစ်နေရာတည်းမှာ အချိန်ပြည့်စောင့်ပြီးဖမ်းနေရမယ်"ဟု မရမ်းကုန်းမြို့နယ်နေ အငှားယာဉ်မောင်းသမားတစ်ဦးက ဖမ်းဆီးအရေးယူသည့်အစီအစဉ်အပေါ် ဝေဖန်သည်။

အမှန်တကယ်ဖမ်းမည်ဆိုပါက ယခင်ဟံသာဝတီကားပွဲစားတန်း(ကျွန်းတောလမ်း)တစ်လျှောက်တွင် ရပ်ထားသောကားများကို အချိန်ပြည့်စောင့်ကြည့်ဖမ်းဆီးအရေးယူသင့်ကြောင်း၎င်းကထောက်ပြသည်။

အဆိုပါစနစ်အောင်မြင်ရန်အတွက် ဦးအောင်မြင့်ကအောက်ပါအတိုင်း အကြံပြုသည်။

"ဒီလို ဖမ်းဆီးအရေးယူမှုကိုတော့တစ်ပြေးညီလုပ်ဆောင်ဖို့တော့ လိုအပ်တယ်"






ရွှေတြိဂံမြို့တော်ဆိုင်းဘုတ်နှင့် တာချီလိတ်မြို့လယ်တစ်နေရာအားတွေ့ရစဉ် ဓာတ်ပုံ-မောင်တာ

# လူပမှုနှင့် မူးယစ်မှု ပေါင်းစုနေသောမြို့

**မောင်တာ၊ အောင်သစ်လွင်**

မြို့လယ်လမ်းဆုံနေရာတွင် City Of The Golden Triangle (ရွှေတြိဂံ၏ မြို့တော်) ဟု စာတန်းရေးထိုးထားသည့် အနီရောင်ဆိုင်းဘုတ်ကြီးကိုထည်ဝါစွာ စိုက်ထူထားသည်။ ၎င်းဆိုင်းဘုတ်ကြီးကပင် မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်ဖျားတွင်တည်ရှိသည့် တာချီလိတ်မြို့၏ သင်္ကေတပင်။

တာချီလိတ်မြို့သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ထွက်ပေါက်လည်းဖြစ်ပြီး ရှမ်းပြည်နယ်တွင်ပါဝင်သည်။

တာချီလိတ်မြို့သည် မြန်မာ၊ ထိုင်းနှင့်လာအိုနိုင်ငံတို့ထိစပ်နေသည့် မဲခေါင်မြစ်ကမ်းရွှေတြိဂံဒေသနှင့် ထိစပ်တည်ရှိနေသည်။ ထိုသို့တည်ရှိနေမှုကြောင့် သုံးနိုင်ငံချစ်ကြည်ရင်းနှီးမှုကိုပြသသည့်အနေဖြင့် မြန်မာအစိုးရက တာချီလိတ်မြို့ကို ရွှေတြိဂံ၏မြို့တော်ဟု သတ်မှတ်ထားခြင်း ဖြစ်ဖွယ်ရှိသည်။ သို့သော် ရွှေတြိဂံဟုဆိုသည်နှင့်ပင် ကမ္ဘာ့အကြီးဆုံးဘိန်းနှင့်မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်ရာနေရာ၊ ကမ္ဘာပေါ်တွင် ဘိန်းနှင့်မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုအများဆုံးဒေသနှင့် သာမန်အရပ်သားများသွားလာရန် အန္တရာယ်များသည့်အနက်ရောင်နယ်မြေအဖြစ်ကမ္ဘာ့မီဒီယာများကဖော်ပြပြီး နိုင်ငံတကာကလည်း ထိုအတိုင်းပင်လက်ခံထားသည်။

မည်သို့ပင်ဆိုစေကာမူ ရွှေတြိဂံ၏ မြို့တော်ဖြစ်သည့် တာချီလိတ်မြို့သည် ယနေ့အချိန်ထိ မူးယစ်မှုနှင့် ရာဇဝတ်မှုများ ခပ်စိတ်စိတ်ဖြစ်နေဆဲဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပေတစ်ထောင့်နှစ်ရာကျော်အမြင့်တွင်ရှိပြီး တောင်တန်းများပတ်လည်ဝန်းရံထားသော တာချီလိတ်မြို့၏ အနီးဝန်းကျင်တွင် ဘိန်းစိုက်ခင်းများ၊ မူးယစ်ဆေးဝါးကုန်ကူးသူများ၊ လောင်းကစားဒိုင်များ၊ လက်နက်ကိုင်ဒုစရိုက်သမားများနေရာအနှံ့ပြည့်နှက်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်အရေးယူနိုင်ခြင်းမရှိသည့်မှုခင်းဖြစ်စဉ်များမှာလည်း ယနေ့အချိန်ထိ ဖြစ်ပွားနေဆဲဖြစ်သည်ဟု တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးကပြောသည်။

ထိုင်းနိုင်ငံမယ်ဆိုင်မြို့နှင့် ချောင်းငယ်တစ်ခုသာခြားသလို ရွှေတြိဂံဒေသလာအိုနိုင်ငံနှင့်လည်း ထိစပ်နေရာ တာချီလိတ်မြို့ပေါ်တွင် တရားမဝင်လက်နက်ကိုင်ဆောင်ထားသူများနှင့်ကြေးစားသေနတ်သမားများအခြေအနေမျိုးစုံနှင့် လှုပ်ရှားနေထိုင်နေကြောင်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကပြောသည်။

"ဒီမှာက နည်းနည်းပါးပါးအမှားအယွင်းလုပ်ထားမိရင်ကိုနေရတာကျောမလုံတော့တဲ့အခြေအနေဖြစ်နေတယ်။ နေ့ခင်းကြောင်တောင်လုပ်ကြံမှုတွေ၊ လူရှေ့သူရှေ့မှာကိုပဲ ခပ်ကြမ်းကြမ်း၊ ခပ်ရဲရဲသတ်ဖြတ်မှုတွေဖြစ်နေတယ်"ဟု တာချီလိတ်မြို့နေ ရှေ့နေတစ်ဦးက မြို့၏ ဥပဒေစိုးမိုးမှုလျော့ပါးသည့်အခြေအနေကို ပြောပြသည်။

၎င်းပြောသလိုပင် ၂၀၁၃ခုနှစ်ဩဂုတ်လအတွင်းတာချီလိတ်မြို့တစ်ခုလုံးဟိုးလေးတကျော်ဖြစ်ခဲ့သည့် လူသတ်မှုများလည်းဖြစ်ပွားခဲ့သည်။ တာချီလိတ်မြို့လယ်ရှိဆံပင်ညှပ်ဆိုင်တွင်နေ့ခင်းကြောင်တောင်ကြေးစားသေနတ်သမားတစ်ဦးက ဝင်ရောက်လုပ်ကြံခြင်းကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့သည်။ ထိုလမှာပင် တာချီလိတ်မြို့ပေါ်ရပ်ကွက်ဖြစ်သည့် ဆန်ဆိုင်းရပ်ကွက်အတွင်းရှိတိုက်အိမ်တစ်လုံးအတွင်းသေနတ်ဖြင့်ဝင်ရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦးသေဆုံးကာတစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှသတင်းရရှိသည်။

ထိုသို့ဖြစ်ပွားခဲ့သည့် အမှုများကို တာချီလိတ်မြို့မရဲစခန်းတွင်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့်အမှုဖွင့်စစ်ဆေးနေပြီး တရားခံဖမ်းဆီးရမိခြင်းမရှိသေးဟု တာချီလိတ်မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောပါသည်။

တာချီလိတ်မြို့ပေါ်တွင်ဖြစ်ပွားသော လူသတ်မှု၊ အဓမ္မမှုများမှာ ဖမ်းဆီးရမိမှုနည်းပါးပြီး နေ့ခင်းကြောင်တောင်ကားဖြင့်မြို့တွင်းသွားလာနေသူကိုလုပ်ကြံမှုကဲ့သို့အက်ရှင်ဇာတ်ကားဆန်ဆန်မှုခင်းများလည်းမကြာခဏဖြစ်ပွားနေသည်ဟု မြို့ခံများကပြောသည်။

တာချီလိတ်မြို့တွင်ဖြစ်ပွားခဲ့သော မှုခင်းများတွင် မူးယစ်ဆေးဝါးနှင့်နက်ရှိုင်းစွာပတ်သက်မှုရှိနေပြီး တစ်ခါတစ်ရံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပါဆက်နွှယ်မှုရှိနေသည်ဟု ခရိုင်ရဲတပ်ဖွဲ့ရဲအရာရှိတစ်ဦးကပြောသည်။ ပြစ်မှုကျူးလွန်သူတို့မှာလည်း ပြစ်မှုကျူးလွန်ပြီးလျှင်တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးသွားလေ့ရှိသောကြောင့် မှုခင်းများဖော်ထုတ်ရာတွင် ရဲတပ်ဖွဲ့အနေဖြင့်အခက်အခဲများရင်ဆိုင်နေရသည်ဟုအထက်ပါရဲအရာရှိကဆိုသည်။

ထို့အပြင် ဒုစရိုက်သမားအချို့ကိုင်ဆောင်ထားသော လက်နက်များမှာ ရဲတပ်ဖွဲ့ဝင်များကိုင်ဆောင်သည့် လက်နက်များထက်ပိုမိုကောင်းမွန်နေပြီး အခြေအနေအမျိုးမျိုးကြောင့် တရားခံဖမ်းမိသော်လည်း ရဲတပ်ဖွဲ့ဝင်အနေဖြင့် ၎င်း၏နာမည်ကို သတင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခြင်းမပြုဝံ့သည့်အခြေအနေမျိုးရှိကာ ထုတ်ဖော်ပြောကြားမိလျှင် ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင် ဒုစရိုက်သမားများ၏ ရန်ကိုစိုးရိမ်ရသည်ဟု ၎င်းရဲအရာရှိကပြောသည်။

တာချီလိတ်ခရိုင်တွင် မူးယစ်ဆေးဝါး၊ လောင်းကစားမှုများနှင့်ပတ်သက်၍ အချင်းချင်းမပြေလည်ရာမှ အပြီးထားကာ လူသတ်လုပ်ကြံမှုများဖြစ်ပွားကြောင်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ရုံးမှ သတင်းရရှိသည်။ ပြီးခဲ့သည့် ၂၀၁၃ခုနှစ်အတွင်း တာချီလိတ်ခရိုင်တွင် လူသတ်မှု ၁၀မှု၊ လုယက်မှု ၁မှုဖြစ်ပွားခဲ့သည်။

"လူသတ်လုပ်ကြံတဲ့ အမှုတွေ မပေါ်တော့ ဒုစရိုက်သမားတွေက ဒီမှာလူသတ်ရတာလွယ်ပါတယ်ဆိုပြီးသဘောထားနေသလားမသိဘူး။ ဒီနှစ်ထဲမှာလူသတ်မှုဖြစ်တယ်လို့ကြားပြီး ဂဃနဏမသိရဘဲ ငြိမ်သွားတဲ့လူသတ်မှု ၆မှု၊ ၇မှုလောက်ရှိတယ်။ လုပ်ကြံမှုတွေဖြစ်ပြီဆိုရင် တရားခံကိုဖော်ထုတ်ပြီး ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ပေးစေလိုပါတယ်"ဟု တာချီလိတ်မြို့မှ အသက်(၆၀)အရွယ် စီးပွားရေးလုပ်ငန်းရှင်အမျိုးသားကြီးတစ်ဦးကပြောသည်။

တာချီလိတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့်မှုခင်းကြီးများမကြာခဏဖြစ်ပွားနေရာ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သုံးစွဲမှုများကို စီမံချက်ချဖမ်းဆီးအရေးယူမှုများပြုလုပ်နေသည်ဟု တာဝန်ရှိသူများကဆိုသည်။ ထို့ကြောင့် ၂၀၁၃ခုနှစ်အတွင်း တာချီလိတ်ခရိုင်တွင်း မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့်အမှု ၁၉၆မှု၊ တရားခံ ကျား ၂၃၄ဦး၊ မ ၃၂ဦးစုစုပေါင်း ၂၆၆ဦးဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွဆေးပြားနှစ်သန်းကျော်နှင့် ဆေးတောင့်မျိုးစုံ ငါးသောင်းကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးမှထုတ်ပြန်သည်။

မူးယစ်ဆေးဝါးများ ဆက်တိုက်ဖမ်းဆီးမှုများ ပြုလုပ်နေသော်လည်း မြို့ခံများမှာအသက်အန္တရာယ်လုံခြုံရေးအတွက် စိုးရိမ်နေရဆဲဖြစ်သည်ဟုပြောသည်။

တာချီလိတ်မြို့တွင်ပုန်းထွန်၊ တာလေ့၊ ဝမ်လောင်၊ မကာဟိုခမ်း၊ ဆန်ဆိုင်း(က)၊ ဆန်ဆိုင်း(ခ) နှင့်မယ်ခေါင်စသည့်ရပ်ကွက်ကြီးခုနစ်ရပ်ကွက်ရှိပြီးလူဦးရေ ၃၈,၉၃၉ ဦးနေထိုင်ကြောင်း တာချီလိတ်မြို့စည်ပင်သာယာရေးအဖွဲ့မှ သတင်းရရှိသည်။ ဗမာ၊ရှမ်း၊ လားဟူနှင့်အခါလူမျိုးများအများဆုံးနေထိုင်ကြသည်။

တာချီလိတ်ခရိုင်အနေဖြင့် တာလေမြို့နယ်၊ ကျိုင်းလပ်မြို့နယ်ခွဲနှင့် တာချီလိတ်မြို့နယ်ဟူ၍ သုံးမြို့နယ်ရှိပြီး ခရိုင်တစ်ခုလုံးတွင် ရပ်ကွက် ၁၃ခုရှိပြီး လူဦးရေ ၁၄၀,၀၀၀ ကျော်နေထိုင်ကြောင်း တာချီလိတ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

ရဲတပ်ဖွဲ့ဝင်အင်အားမှာ တာချီလိတ်ခရိုင်တစ်ခုလုံးတွင် သတင်းတပ်ဖွဲ့၊ မူးယစ်၊ စီအိုင်ဒီအပါအဝင် စုစုပေါင်း ၂၇၀ဦးသာရှိသည်ဟု ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ စာရင်းဇယားများအရသိရသည်။

မူးယစ်ဆေးဝါးနှင့်အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများရှိနေသော်လည်း တာချီလိတ်မြို့သည် စီးပွားရှာရလွယ်ကူပြီး နေချင်စဖွယ်ကောင်းသည့်မြို့ဖြစ်သည်ဟုလည်း မြို့ခံအချို့နှင့် တာချီလိတ်မြို့သို့ပြောင်းရွှေ့လာရောက်နေထိုင်သူတို့ကပြောသည်။

တာချီလိတ်မြို့တွင် ဆောက်လုပ်ရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ရတွင်ကျယ်ပြီး ပြောင်းရွှေ့လာရောက်နေထိုင်သူများပါ စီးပွားရေးအဆင်ပြေသည်ဟု မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာ၊ ရမည်းသင်းဒေသများမှလာရောက်နေထိုင်သူများကပြောသည်။ စီးပွားရေးလုပ်ကိုင်မှုအဆင်ပြေသည့်အတွက် တာချီလိတ်မြို့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ပြောင်းရွှေ့လာရောက်နေထိုင်သူထောင်ချီရှိသည်ဟု ခရိုင်လဝကမှသတင်းရရှိသည်။

"ဒီမှာက အလုပ်လုပ်လို့ အဆင်ပြေတယ်။ ပညာမတတ်တဲ့လူတောင် တစ်လကိုတစ်သိန်းလောက်တော့ ဝင်ငွေရတယ်"ဟု ရမည်းသင်းဒေသမှ ကားမောင်းလုပ်ငန်းလာရောက်လုပ်ကိုင်သည့် ကိုသူရကပြောသည်။

တာချီလိတ်မြို့ခံများမှာမူ အရောင်းအဝယ်လုပ်ငန်းဖြင့်အဓိကအသက်မွေးဝမ်းကျောင်းနေထိုင်ကြသည်။မြို့ခံအများစုမှာ ချမ်းသာသူများဖြစ်ကြပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်ဆက်နွှယ်မှုရှိနေကာ မူးယစ်ဆေးဝါးကြောင့် ၊ မူးယစ်ဆေးဝါးကိုအမှီပြုထားသည့်လုပ်ငန်းများကြောင့် ချမ်းသာကြွယ်ဝကြသည်ဟုဆိုသည်။ တာချီလိတ်မြို့၏ တာလေ့ဈေးမှာလည်း ဒေသတွင်းနာမည်ကျော်ဈေးကြီးတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံထုတ်ပစ္စည်း၊ မြန်မာနိုင်ငံထုတ်ပစ္စည်းများပေါများစွာရောင်းချသည်။

နယ်စပ်မြို့ဖြစ်သည့်အတွက် နယ်စပ်တံတားကိုဖြတ်၍ ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့သွားရောက်အလုပ်လုပ်ကိုင်သူရှိသလို လာအိုနိုင်ငံဘက်သို့သွားရောက်အလုပ်လုပ်ကိုင်သူများလည်း ရှိသည်။ တာချီလိတ်မြို့ခံအများစုမှာမူ ထိုင်းနိုင်ငံနှင့်စင်ကာပူသို့ အဓိကသွားရောက်အလုပ်လုပ်ကိုင်ကြကြောင်း မြို့ခံများကပြောသည်။

တာချီလိတ်မြို့၏ အဓိက စီးပွားရေးလုပ်ငန်းမှာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေပြီး မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်ငန်းများမှ ရရှိသည့်ငွေကြေးဖြင့် မြို့၏စီးပွားရေးလည်ပတ်ခြင်းဖြစ်သောကြောင့် မူးယစ်ဆေးဝါးမှုများဆက်တိုက်ဖမ်းဆီးလျှင် မြို့ပေါ်ရှိ အရောင်းအဝယ်လုပ်ငန်းများအဆင်မပြေမှုကြုံတွေ့ရသည်ဟု မြို့ခံအချို့ကဆိုသည်။

"ဒီနှစ်တွေထဲမူးယစ်ဆေးဝါးတွေ ဆက်တိုက်ဖမ်းတော့ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းတွေအဆင်မပြေကြဘူး။ ဈေးကွက်အေးတယ်"ဟု တာချီလိတ်မြို့မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် ၂၀၁၃ခုနှစ် ဩဂုတ်လတွင် တာချီလိတ်-မယ်ဆိုင်နယ်စပ်ဂိတ်ကို နိုင်ငံတကာဝင်ပေါက်ထွက်ပေါက်ဂိတ်အဖြစ်သတ်မှတ်ခဲ့သည်။ ထိုသို့သတ်မှတ်ပြီးနောက်ပိုင်း တာချီလိတ်မြို့သို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် တစ်ထောင်ကျော်လာရောက်လည်ပတ်ခဲ့သည်ဟု တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆက်လက်၍လည်း တာချီလိတ်မြို့မှာ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အလားအလာများရှိနေသည်။ သို့သော်တည်ငြိမ်အေးချမ်းမှုရှိရန်တော့ လိုသည်ဟုမြို့ခံများကပြောသည်။

"အမှားမလုပ်ထားတဲ့ မြို့ခံတွေအတွက်တော့ အေးချမ်းပါတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးချမ်းချမ်းနေတာပဲ။ အခုဖြစ်တာကလည်း မူးယစ်ဆေးဝါးတွေ၊ လောင်းကစားတွေနဲ့ပတ်သက်ပြီး သူတို့အချင်းချင်းအဆင်မပြေကြလို့၊ အဝေမတည့်ကြလို့ဖြစ်တာပါ"ဟု တာချီလိတ်မြို့၊ တာလေ့ဈေးအနီးတွင် နေထိုင်သည့် တည်းခိုခန်းပိုင်ရှင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

# တယ်လီကွန်းနယ်ပယ်က အောင်မြင်မှုတွေအတွက် အူရီးဒူးနဲ့လက်တွဲဖို့ အဆင်သင့်ဖြစ်နေပြီဆိုရင် မန္တလေးကအလုပ်အကိုင်ပြပွဲမှာ ဆုံတွေ့ကြစို့

ooredoo



အူရီးဒူးမြန်မာက ဝန်ထမ်းများအားလုံးကို တန်ဖိုးထားပါတယ်။ လစာကောင်းကောင်းနဲ့ အပိုဆုကြေးအပြင် စဉ်ဆက်မပြတ် တိုးတက်စေဖို့ လုပ်ငန်းခွင်သင်တန်းများလဲ ပို့ချပေးပါတယ်။ ခေတ်မီကျယ်ပြန့်တဲ့ ရုံးခန်းမှာ နိုင်ငံတကာမှ လုပ်ဖော်ကိုင်ဖက်များနဲ့ အတူ ပျော်ရွှင်တက်ကြွပြီး တိုးတက်ကောင်းမွန်တဲ့ လုပ်ငန်းခွင်အတွေ့အကြုံတွေကို ရရှိစေမှာပါ။

**ဒါ့ကြောင့်အူရီးဒူးမြန်မာက မန္တလေးမြို့မှ အောက်ပါရာထူးနဲ့ သင့်လျော်တဲ့သူများကို ရှာဖွေနေပါတယ်။**

- **Retail Store Supervisor & Executives**
- **B2B and Wholesale Account Manager & Executives**
- **Finance Managers**
- **HR Managers**
- **Facilities Managers**
- **Senior Sales Managers**
- **Trade Marketing Managers**
- **Direct Sales Channel Managers**
- **Mass-Market Channel Managers**
- **Marketing Specialist**
- **Lawyers**

ဆီဒိုးနားဟိုတယ် (Ballroom) ၊မန္တလေး | ၂၀၁၄ ဇန်နဝါရီလ ၁၂ရက်နေ့ | နံနက် ၁၀နာရီမှ ညနေ ၄နာရီထိ

ကနဦးလူတွေ့မေးမြန်းမှုတွေအတွက် CV တွေကို **recruitme@myanmar.ooredoo.com** သို့ အမြန်ဆုံးပေးပို့လိုက်ပါနော်

Life
7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# မြန်မာ (သို့မဟုတ်) မပျက်စီးမယိုယွင်းသေးသော ယဉ်ကျေးမှုကိုစွန့်စားထိတွေ့ခြင်း

ကျွန်မနှင့် ခင်ပွန်းဖြစ်သူ ပေါလ်တို့မြင်းလှည်းပေါ်ကိုတက်လိုက်သည့်အချိန်မှာ မြင်းလှည်းဆရာက ကျွန်မတို့ကို အားပါးတရ ပြုံးပြပြီး မင်္ဂလာပါလို့ နှုတ်ဆက်လိုက်ပါသည်။ ဖုန်ထူလမ်းကြမ်းသော လမ်းတစ်လျှောက် မြင်းလှည်းကို ဆွဲလာသည့်မြင်းက စိမ်းလန်းသော လယ်ကွင်းများဆီအရောက်မှာရုတ်တရက်ရပ်သွား၏။လယ်ကွင်းများအလယ်ကထိုးထွက်နေသော အဖြူနှင့်ရွှေရောင်ဘုရားစေတီပုထိုးများက နေ့လယ် နေရောင်ခြည်အောက်မှာအရောင်တွေတောက်ပလျက်။ ဒါကတစ်ချိန်ကတန်ခိုးအာဏာထွားတောက်ခဲ့သော မြန်မာနိုင်ငံ၏မြို့တော်ဟောင်း အင်းဝဖြစ်ပါသည်။ ၁၄ ရာစုနှစ်ကစတင် တည်ထောင်ထားခဲ့သည့် ရှေးမြို့ဟောင်းဖြစ်၏။

မြင်းလှည်းပေါ်က ဆင်းလိုက်သည်နှင့် ပို့စကတ်များ၊ ဦးထုပ်နှင့် လက်ဝတ်တန်ဆာများရောင်းချသည့် မိန်းကလေးငယ်များက ကျွန်မတို့ကိုဝိုင်းပြီး ဈေးရောင်းကြပါသည်။ ကျွန်မပြုံးပဲပြလိုက်ပါသည်။ ဒါတွေကို ဝယ်ချင်စိတ်မရှိသေးပါ။ ဘုရားဟောင်းအပြိုအပျက်တွေဆီကိုလျှောက်လာသည့်အချိန်မှာပဲအနောက်ကလိုက်လာသည့် မိန်းကလေးတစ်ယောက်ကကျွန်မကိုအင်္ဂလိပ်ဘာသာဖြင့်လှမ်းပြောပါသည်။

"နောက်မှတွေ့မယ်နော်မိကျောင်းမကြီး" ကျွန်မဝါးလုံးကွဲရယ်ချမိပြီး ထိုကောင်မလေးဆီက လက်ဆောင်ပစ္စည်းအနည်းငယ်ဝယ်ပြီး အားပေးလိုက်ပါသည်။

"ဒီအချိန် မြန်မာပြည်ကို ကျွန်မတို့ရောက်လာတာ အချိန်ကိုက်ပဲ။ တိုင်းပြည်ကသိပ်မပျက်စီးသေးဘူး။ ဒေသခံတွေက နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရတာကို ပျော်နေကြတုန်းပဲ"ဟု ကျွန်မက ခင်ပွန်းဖြစ်သူကိုတီးတိုးပြောမိလိုက်ပါသည်။

လူသိမများသေးသည့်နေရာများကို စွန့်စွန့်စားစားခရီးသွားလိုသူများအတွက်တော့ မြန်မာပြည်က သံလိုက်စက်ကွင်းပမာ ဆွဲဆောင်မှုရှိနေပါသည်။ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုတွေအပြီးမှာ ကမ္ဘာလှည့် ခရီးသည်များကို မြန်မာနိုင်ငံက တံခါးဖွင့်ပေးခဲ့ပါသည်။ အဲလဒါထရက်ဆိုသည့် ကနေဒါခရီးသွားလာရေးကုမ္ပဏီ အစီအစဉ်ဖြင့် ကျွန်မတို့ကမြန်မာပြည်သို့ ၁၈ ရက်ကြာခရီးစဉ်ဖြင့် မြင်းလှည်းနှင့်လှည့်ပတ်ခဲ့ခြင်းဖြစ်ပါသည်။



*အင်းသားစုံညီပွဲတော်တွင် ရိုးရာလှေလှော်နည်းဖြင့် လှော်ခတ်နေသော ဒေသခံများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်းဟုတစ်ချိန်ကခေါ်ဆိုခဲ့သည့်အကြီးဆုံးမြို့တော်ရန်ကုန်ရှိ ရွှေတိဂုံဘုရားပေါ်သို့ တက်သည့်အခါ ကျွန်မတို့ဖိနပ်တွေကို ချွတ်ပြီး စောင်းတန်းမှတက်ခဲ့ကြပါသည်။ အပေါ်ကိုရောက်သွားသည့်အခါမှာတော့ ရင်သပ်ရှုမောစရာ ရွှေရောင်စောင်းတန်းများ၊ ဘုရားစာရွတ်ဖတ်နေသော သံဃာတော်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုမြင်တွေ့ရ၏။ နေ့လယ်ဘက်မှာ တစ်ကမ္ဘာလုံးမှ ကမ္ဘာလှည့်ခရီးသည်များကို သူတို့၏ဧည့်လမ်းညွှန်များဆီကနေသိလာရသည့် ဗဟုသုတဖြင့်ဘုရားပေါ်ကကိုယ့်မွေးနေ့မွေးနံထောင့်တွေမှာ ရေ၊ မီးနှင့် ဘုရားပန်းများကပ်လှူနေကြပါသည်။ ညဘက်တွင်မူ ဘုရားပေါ်မှာ ကမ္ဘာလှည့်ခရီးသည် အနည်းငယ်ပဲရှိ၏။ ခင်ပွန်းသည်ပေါလ်နှင့်ကျွန်မကတော့ ဘုရားဆင်းတုတော်များနှင့်စောင်းတန်းများကြားမှာ ဘုရားရှိခိုးနေသူများ၊ ဘုန်းကြီးနှင့်မယ်သီလရှင်များကို အံ့ဩတကြီးငေးမောရင်း အခြားကမ္ဘာတစ်ခုသို့ရောက်နေသလားလို့ပင် ထင်မှတ်မှားမိသည်။

"ကျွန်မတော့ ကိုယ့်ကိုယ်ကိုယ် မာကိုပိုလိုလို့တောင် ထင်မိတယ်။ အနောက်တိုင်းကလူတွေ သိပ်မသိကြသေးတဲ့နေရာကို ရှာတွေ့လို့လေ"ဟု ကျွန်မက ပြောကြားလိုက်ပါသည်။

အင်းလေးကန်၌ ကျွန်မကို အထူးအဆန်းဖြစ်စေခဲ့သည့် အရာက သစ်သားလှေပေါ်က ခြေထောက်နှင့်လှေလှော်တာပဲဖြစ်သည်။ ကျွန်မတို့လိုပဲ တခြားနိုင်ငံကလာသောခရီးသည်တွေလည်း တအံ့တဩ ဖြစ်နေကြပါသည်။ နောက်တစ်နေ့မှာတော့ ဧည့်လမ်းညွှန်က ကျွန်မတို့ကို ရေလမ်းကနေပဲခေါ်သွားပါသည်။ ရေထဲမှ ကျွန်းမျောပေါ်က စိုက်ခင်းတွေ။ ဝါးဖြင့်လုပ်သည့်ငါးဖမ်းပိုက်နှင့် ကန်ထဲမှာ တံငါသည်တွေ ငါးဖမ်းနေတာကို မြင်တွေ့ခဲ့ရ၏။ အိမ်တွေ၏ ရေချိုးဆိပ်သစ်သား တံတားတွေပေါ်မှာ ဒေသခံများက ရေချိုး အဝတ်လျှော်နေကြပါသည်။ ဘဲဥပုံပြတင်းပေါက်များရှိသော ပအိုဝ်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကိုလည်း ကျွန်မတို့ ရောက်ခဲ့ကြသည်။

'အခု ဒီနေရာကိုရောက်တာတို့အုပ်စုပဲရှိသေးတယ်'ဟု ဘုန်းကြီးနှင့်ကိုရင်တွေကို ဓာတ်ပုံရိုက်ရင်း ပေါလ်ကဝမ်းသာအားရပြောပါသည်။ "နောက်နှစ်နည်းနည်းကြာရင် တခြားဓာတ်ပုံဆရာတွေ မပါဘဲ တိတ်တိတ်ဝင်လာပြီးလာရိုက်ချင်သေးတယ်"

ကျွန်မတို့ဧည့်လမ်းညွှန်ဖြစ်သူတုရင်က ကျွန်မတို့အုပ်စုသေချာလေ့လာကြည့်ရှုဖို့အတွက် အရေးထားဆောင်ရွက်တတ်သူဖြစ်ပါသည်။

ဓာတ်ပုံရိုက်ရန် ရှုခင်းကောင်းကောင်းနေရာရောက်ပါက သူက ကားမောင်းသမားကို ကားရပ်စေပြီး ရိုက်ခိုင်းပါသည်။ သူက ကျွန်မတို့ကို ကျေးရွာနှစ်ရွာရှိ စာသင်ကျောင်းလေးတွေဆီကိုခေါ်သွားသလို ဒေသခံများနှင့် အတူတူ ထိုနေရာမှာပြေးဆွဲနေသော ရထားကိုစီးခိုင်းပါသည်။ ဆိုက်ကားလည်းစီးခိုင်း၏။ ဈေးတွေရောက်တိုင်းလတ်လတ်ဆတ်ဆတ် မြန်မာအစားအစာများကိုဝယ်ပြီး သူက ကျွန်မတို့ကို မြည်းကြည့်စေသည်။ ဒေသခံများနှင့် စကားပြောရန် အခြေခံ မြန်မာစကားနည်း နည်းပါးပါးလည်း သူက ကျွန်မတို့ကို သင်ပေးထားပါသည်။

ကမ္ဘာလှည့် ခရီးသွားများ အလာများသည့် ဆိုင်တစ်ဆိုင်မှာ ကြီးမားသောကြေးကွင်းကြီးများကို လည်ပင်းမှာ ဆွဲထားသည့် ပဒေါင်အမျိုးသမီးနှစ်ဦးက ဧည့်သည်များအတွက် ဓာတ်ပုံအရိုက်ခံနေပါသည်။ ကြေးကွင်းတွေက အလေးချိန် ၁၅ ပေါင်လောက်ရှိပါလိမ့်မည်။ ဧည့်လမ်းညွှန်တုရင်၏ ပြောပြချက်အရ ဝင်ငွေရရန်အတွက် ထိုအမျိုးသမီးများက ဓာတ်ပုံအရိုက်ခံရသည်ဟု ကျွန်မကသိထားပါသည်။ ဓာတ်ပုံရိုက်သူနည်းပါးသွားသည့်အခါ ကျွန်မက ငယ်ရွယ်သူအမျိုးသမီးကို ထိုင်လျက်ကျွန်မသိသောမြန်မာစကားဖြင့် နှုတ်ဆက်ဖို့ကြိုးစားလိုက်ပါသည်။

"နေကောင်းလား။ နားရရဲ့လား။ စားလို့ကောင်းရဲ့လား။ အိမ်သာဘယ်မှာလဲ"ကျွန်မပြောသည့် စကားအဆုံးမှာ သူကရယ်ပါသည်။ တကယ်တော့ ကျွန်မကလည်း အိမ်သာကို မေးချင်လို့မဟုတ်ပါ။ သူနှင့်စကားပြောချင်လို့သာဖြစ်ပါသည်။ ထို့နောက်သူ့ကိုလက်ညှိုးထိုးပြပြီး 'လှတယ်' လို့ကျွန်မကပြောလိုက်၏။သူကလည်း ကျွန်မကိုလက်ညှိုးထိုးပြပြီး'လှတယ်'ဟုပြန်ပြောသည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး' ကျွန်မကခံငြင်းလိုက်ပါသည်။ ရှင်သာတကယ်လှတာ။ သူ့ကိုလက်ညှိုးထိုးပြောလိုက်သည်။

'မဟုတ်ဘူး မဟုတ်ပါဘူး' သူကလည်းပြန်ငြင်းပါသည်။ ရှင်သာလှတာပါ။

ထိုမိန်းကလေးက ကျွန်မ၏ အစိမ်းရောင်မျက်လုံးများကို အထူးအဆန်းလို ငေးကြည့်နေပါသည်။ နောင်ဆိုလျှင်တော့ ထိုမိန်းကလေးသည် မျက်လုံးအစိမ်းတွေရော၊ အပြာတွေရော အတော်များများမြင်ဖူးတော့မည်ဖြစ်ပါသည်။

မီးတောင်ဟောင်းတစ်ခုဖြစ်သည့် ပုပ္ပားတောင်က မြန်မာပြည်တွင်တော့ ဘုရားဖူးသည့်နေရာဖြစ်ပါသည်။ ၃၇ မင်းနတ်မင်းများပျော်စံရာလည်းဖြစ်သည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓဘာသာအယူဝါဒမတိုင်မီက မြန်မာတွင် နတ်ကိုးကွယ်မှုရှိခဲ့ရာ ယခုအချိန်အထိ သက်ဝင်ယုံကြည်သူတို့၏ အယူအဆကိုဖျောက်ဖို့က ခက်ခဲနေသေးသည်။ ဘုရားနှင့်အတူ နတ်ကွန်းနတ်နန်းတွေကလည်း တည်ရှိနေဆဲဖြစ်ပါသည်။

လှေကားထစ် ၇၀၀ ခန့်တက်ရသောပုပ္ပားတောင်ကလပ်မှ နာမည်ကျော်ဘုန်းကြီးကျောင်းက ဆင်းလာသည့်ပြင်သစ်ခရီးသည် အုပ်စုနှင့်လည်း ကျွန်မတို့ပုပ္ပားမှာ ဆုံခဲ့ပါသည်။ ကျွန်မတို့ကို ဧည့်လမ်းညွှန်တုရင်ကသတိပေးပါသည်။

"ခင်ဗျားတို့အဲဒီကိုသွားချင်ရင် သွားလို့ရတယ်။ ဒါပေမဲ့ ဖိနပ်မပါဘဲတက်ရမယ်။ အဲဒီမှာ မျောက်တွေအများကြီးပဲ၊ မျောက်ချေးတွေရောပဲ"

ကျွန်မကတော့ အစက သူ နောက်ပြောင်ပြောတာပဲအောက်မေ့သည်။ သို့သော် ပြင်သစ်ခရီးသည်တွေပြန်ပြောမှ တုရင်ပြောတာအမှန်ဖြစ်ကြောင်း သိခဲ့ရသည်။ကျွန်မတို့ကိုသူသတိပေးလို့သာတော်ပါသေးသည်။

တုရင်အကြံပေးသည့် အတိုင်း တောင်ပေါ်ကနတ်ကွန်း တွဆီသို့ကျွန်မတို့လမ်းလျှောက်လာခဲ့ပါသည်။ ကျွန်မတို့ ဖိနပ် ချွတ်လိုက်သည့်အချိန်မှာတော့ ကျယ်လောင်မြူးကြွသောနတ် ဆိုင်းသံကိုကြားလိုက်ရပါသည်။ နတ်ရုပ်တွေမှာ ပန်းနှင့်သစ်သီး တွေကပ်လှူထားပြီး နတ်ကတော်နှစ်ဦးက မြူးကြွစွာကနေကြ၏။ နတ်ကိုးကွယ်သူများက သူတို့ကို နတ်များကချမ်းသာအောင်မစသည်ဟုယုံကြည်ထားပြီး နတ်ဆိုင်းနှင့် နတ်ကတော်များဖြင့် နတ်ကျေနပ်အောင်ပသနေကြခြင်းဖြစ်သည်။

ထိုမှအပြန် ကားပေါ်ရောက်သည့်အချိန်မှာတော့ ဧည့်လမ်းညွှန်တုရင်က ကျွန်မကို အရမ်းကံကောင်းသည်ဟု ဆိုပါသည်။ ပုပ္ပားကို သူအကြိမ်ပေါင်းများစွာရောက်ဖူးသော်လည်း နတ်နန်းမှာ ယခုကဲ့သို့ နတ်ကနားပေးနေသည်ကို တစ်ခါမှမမြင်ဖူးဘူးဟုရှင်းပြသည်။

"ခင်ဗျားတို့ကတော့ဗျာ မြန်မာပြည်ကိုလာဖို့အချိန်ကောင်းကို အတော်ရွေးတတ်တာပဲ"

ကျွန်မတို့နှစ်ဦး ပြိုင်တူပြုံးမိသွားပါသည်။ သူပြောတာအမှန်ပင်မဟုတ်ပါလား။

(နိုင်ငံတကာခရီးသွားဆောင်းပါးဆုရှင် သတင်းစာဆရာမ Judith Fein ရေးသားသည့် Burma Now: AnUnspoiled, Culturally Rich Adventure ဆောင်းပါးကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)

# ရန်ကုန်ဆေးရုံကြီးမှ ရောဂါကုဌာနငါးခုကို ခုတင် ၅၀၀ ဆံ့ ဆေးရုံသစ်သို့ ပြောင်းရွှေ့မည်

ဝတ်ရည်အောင်

**ရန်ကုန်၊ ဇန်နဝါရီ-၆**
ယခုနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရောဂါကုဌာနငါးခုကိုစွမ်းအင်ဝန်ကြီးရုံးနေရာတွင် ဆောက်လုပ်ထားသည့် ခုတင် ၅၀၀ ဆံ့ဆေးရုံသစ်ကြီးသို့ပြောင်းရွှေ့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အချို့ဌာနများစတင်ပြောင်းရွှေ့နေပြီဖြစ်ပြီး ပြောင်းရွှေ့မည့်ဌာနများတွင် အသည်းရောဂါဌာန၊ အဆုတ်နှင့် ရင်ခေါင်းခွဲစိတ်ဌာန၊ ဆီးနှင့် ကျောက်ကပ်ရောဂါဌာနတို့ ပါဝင်သည်။

ထိုဌာနများ ရွှေ့ပြောင်းပြီးပါက ရန်ကုန်ဆေးရုံကြီးတွင် ကျန်ရှိနေသည့် အချို့ဌာနများကို တိုးချဲ့ခြင်း၊ စနစ်တကျပြန်လည်စီစဉ်ခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူက ပြောသည်။

"ဆေးရုံကြီးက သူ့နေရာနဲ့သူ အစီအစဉ်စနစ်တကျထားမယ်ဆိုရင် တကယ်တမ်း ခုတင် ၉၀၀ လောက်ပဲဆံ့တယ်။ ဒါပေမဲ့ လူနာ ၁,၆၀၀ လောက်ဖြစ်နေတဲ့အတွက် အလယ်လိုင်းတွေရော၊ စင်္ကြံတွေပါ လူနာတွေထားနေရတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောသည်။

ဆေးရုံကြီးတွင် ၁၉၉၄ ခုနှစ်ခန့်မှစတင်၍ စင်္ကြံနေရာများတွင်ပါ လူနာများထားရှိလာရပြီး လူနာ၊ လူနာစောင့်များနှင့် ဧည့်သည်များ များပြားလွန်း၍ဆေးရုံသန့်ရှင်းရေးတွင်ပါ အားနည်းမှုများ ရှိလာသည်။

ရန်ကုန်ဆေးရုံကြီးရှိဌာနအသီးသီးမှ လူနာများရွှေ့ပြောင်းပြီးပါက ရန်ကုန်ဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီဆေးရုံအဖြစ် အဆင့်မြှင့်တင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်သော ကော်မတီ ဖွဲ့စည်းထားသည်။

ထို့အပြင် ရန်ကုန်ဆေးရုံကြီးပြင်ဆင်ရေးနှင့် မွမ်းမံရေး အတွက် လွှတ်တော်မှ ငွေကျပ် သန်းငါးထောင်ခွင့်ပြုထားပြီးဖြစ်၍ ငါးထပ်အဆောက်အအုံသစ်အပါအဝင် အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် ရောဂါကုသရေးစက်ပစ္စည်းများထားရှိရန် ဆေးကုသဆောင်အချို့ ပြင်ဆင်ခြင်း လုပ်ငန်းများကို ယခုလလယ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောသည်။




## မောင်မခေါ်ပဲသီးနုနုကြော်ချက်

မောင်မခေါ်ပဲသီးနုနုလေးတွေကို အမှေးလေးတွေနွှင်ပြီး အနေတော် ခပ်စောင်းစောင်းလေး လှီးပါမယ်။ ဆူးပုပ်ရွက်နု သုံး၊ လေးညွန့်ကိုလည်းနွှင်ထားပါ။ ခွေးတောက်ရွက်နုလေး နည်းနည်းကိုလည်း မထူ၊ မပါးလှီးထားပါ။

ပထမဆုံးကြက်သွန်ဖြူ နီ၊ ဆီသတ်ပါမယ်။ ပြီးရင် ကိုင်းခရမ်းချဉ်သီးတစ်လုံးကို ခပ်ပါးပါး လှီးထည့်ပါ။ ခရမ်းချဉ်သီးလိပ်သွားရင် လှီးထားတဲ့ ပဲသီးထည့်ပါမယ်။ ဟင်းခတ်မှုန့်နဲ့ ငံပြာရည်ထည့်ပြီးရင် လက်တစ်ခုပ်စာ ရေဖျန်းရုံဖျန်းပေးပြီး တစ်မိနစ်လောက် အုပ်လိုက်ပါ။ အဲဒီနောက် ဆူးပုပ်ရွက်နဲ့ ခွေးတောက်ရွက်ကိုထည့်ပါ။ ငရုတ်သီးစိမ်းလှီးပြီးသား ထည့်အုပ်လိုက်ပြီး ချလို့ရပါပြီ။






7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# စစ်တလင်းအစားထိုး ပန်းစိုက်ခြင်း

ဂျေလှသင်




ယေဘုယျအားဖြင့် ကြည့်ရင်တော့ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေဟာ ဒေသစွဲရှိကြတယ်။ ဥပမာ ရှမ်းလူမျိုးကို ရှမ်းပြည်နယ်မှာ အများဆုံးတွေ့ရသလို ကချင်လူမျိုးအများစုဟာလည်း ကချင်ပြည်နယ်မှာပဲနေကြတယ်။ ရခိုင်လည်း ထိုနည်းလည်းကောင်းပဲ။ ဒါပေမဲ့ကရင်လူမျိုးကတော့ အဲဒီလိုမဟုတ်ဘူး။ ဧရာဝတီတိုင်းမှာနေတဲ့ ကရင်လူမျိုးဟာ ကရင်ပြည်နယ်ထဲက ကရင်တွေထက် ပိုများတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော်မဟာသီရိသုဓမ္မဒေါ်ခင်ကြည်ဟာ ကရင်လူမျိုး။ ဒါပေမဲ့ ဇာတိက ဧရာဝတီတိုင်း မြောင်းမြမြို့နယ်က။

ဒီနှစ် နှစ်သစ်ကူးနှစ်ခုဆုံတဲ့ ဇန်နဝါရီ ၁ ရက်နေ့ ကရင်နှစ်သစ်ကူးပွဲတော်တွေကို မြန်မာနိုင်ငံအနှံ့ကျင်းပကြတာကြည့်။ ကေအင်န်ယူဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်က ဧရာဝတီတိုင်း ပုသိမ်မှာကျင်းပတဲ့နှစ်သစ်ကူးနေ့ကို တက်ရောက်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ကရင်နှစ်သစ်ကူးပွဲတွေဆီကို သဝဏ်လွှာပို့ခဲ့တယ်။ မြန်မာနိုင်ငံအနှံ့မှာ ကရင်တိုင်းရင်းသားတွေ ပျံ့နှံ့နေထိုင်တဲ့သဘော။ ဘယ်လူမျိုးနဲ့မဆို သူတို့သင့်မြတ်တဲ့ သဘော။ အဲဒီတော့ ကျွန်မတို့ မိတ်ဆွေတွေထဲမှာ ကရင်လူမျိုး ဆိုတာလက်ညှိုးထိုးမလွဲပါ။ သူတို့ရဲ့ ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့လည်း ကျွန်မတို့ရင်းနှီးနေပါပြီ။ အရင်ခေတ် အစိုးရမီဒီယာတွေထဲမှာလက်နက်ကိုင်ကရင်သောင်းကျန်းသူတွေလို့ သူတို့ပြောနေပေမယ့်ကျွန်မတို့ပတ်ဝန်းကျင်မှာ မြင်တွေ့ရသမျှတော့ကရင်ဆိုတာ ရိုးသားတယ်၊ ပွင့်လင်းတယ်။ "ဟင်ဆို ကရင်ထက် ဆိုးတယ်"ဆိုတဲ့ စကားပေါ်လာတာကို တွေးကြည့်ပေါ့။

အေးအတူ၊ ပူအမျှ ခံစားရတဲ့ အထဲမှာ တိုင်းရင်းသားဖြစ်တဲ့ ကရင်လည်းပါတာပေါ့။ ကရင်နှစ်သစ်ကူးနေ့မှာ တိုက်တိုက်ဆိုင်ဆိုင်နာမည်မရှိတဲ့ ကရင်လေး တစ်ယောက်ကို ဗမာမ ကျွန်မက "ဖိုးခွား"လို့ နာမည်ပေးလိုက်ရတယ်။ "ဖိုးခွား"ဆိုတာ ကရင်လို "သား"ကိုပြောတာ။ ဖြစ်ပုံက ရုံးကို ရေသန့်ဘူးလာပို့တဲ့ ကလေးတွေထဲက တစ်ယောက်ကိုကျွန်မ သတိထားမိရာကစတာ။ အဲဒီကလေးက စကားပြောရင် အသံဝဲလေးနဲ့ ကျွန်မစားပွဲပေါ်က နေ့စဉ်ထုတ်သတင်းစာတွေ၊ ဂျာနယ်တွေကို စိတ်ဝင်တစားအမြဲကြည့်တယ်။ သူစိတ်ဝင်စားတဲ့ပုံတွေဆိုရင် "ဘာဖြစ်တာလဲ"ဆိုပြီး မေးတတ်တယ်။

ပြီးခဲ့တဲ့ ဆီးဂိမ်းမှာ အင်ဒိုနီးရှားနဲ့ ပွဲအပြီး မြန်မာပရိသတ်ပေါက်ကွဲတဲ့သတင်း 7Day သတင်းစာမျက်နှာဖုံးမှာပါလာတယ်။ အဲဒီကလေးက မြန်မာအသင်းရဲ့ ပိုစတာမီးလောင်နေတဲ့ပုံကို "ဘာလို့မီးရှို့တာလဲ တိုက်ပွဲ ဖြစ်လို့လား" လို့ ကျွန်မကို မေးလိုက်တာ ကျွန်မ အံ့ဩသွားတယ်။ ရန်ကုန်ဆိုတာ တိုက်ပွဲနဲ့ဝေးတဲ့ အရပ်လေ။ "သားကတိုက်ပွဲဖြစ်တာ မြင်ဖူးလို့လား" လို့မေးမိတော့ သူငယ်ငယ်က ရွာမှာတိုက်ပွဲဖြစ်တော့ သူတို့အိမ် အဲဒီလို မီးတွေလောင်တာတဲ့။ အဲဒီကလေးက ကရင်လူမျိုးလေး။ ကရင်ပြည်နယ်ရဲ့ ရွာကလေးတစ်ရွာက။ အခုတော့ မိဘမဲ့လေး။

ကျွန်မကလည်း ကလေးတွေ စာဖတ်တာကို အားပေးတဲ့ သူဆိုတော့ သားဖတ်ချင်ရင်ယူသွား၊ ပြီးရင်တော့ပြန်ပေးဆိုတော့ သူမဖတ်တတ်ဘူးတဲ့။ ဘုန်းကြီးကျောင်းမှာ ပရိတ်ကြီးသင်တုန်း ကတော့ ဖတ်တတ်ပေမယ့် အခုမေ့သွားပြီတဲ့။ ကာတွန်းတော့ ဖတ်နိုင်သတဲ့။ အဲဒါနဲ့ ကျွန်မလည်း ဒီကလေးကို ကာတွန်းစာအုပ်လေး တစ်အုပ်ဝယ်ပေးချင်တဲ့ စိတ်ကူးဖြစ်မိတယ်။ တကယ်ဝယ်ပေးဖြစ်တဲ့နေ့မှာစိတ်မကောင်းဖြစ်ရပါတော့တယ်။ ဝယ်လာတဲ့ စာအုပ်ပေါ်ကလေးနာမည်ရေးပေးချင်တာနဲ့ "သားနာမည်ဘယ်လို ခေါ်သလဲ"ဆိုတော့ ခေါင်းလေးကုတ်ပြီး စဉ်းစားနေတယ်"ဘာကိုပြောတာလဲ"တဲ့။ ကျွန်မကလည်း အလိုက်မသိ "သားကို မွေးတဲ့ အဖေ၊ အမေက နာမည်ပေးမထားဘူးလား" ဆိုတော့မှ ဘာမှမစဉ်းစားတော့ဘဲ ဘဘုန်းကြီးကတော့ "ဖိုးသား"လို့ ခေါ်တယ်တဲ့။ ကျွန်မ ဆက်မမေးရက်တော့ဘူး။ အခု မြန်မာနိုင်ငံအနှံ့အပြား"ဘက"ကျောင်းတွေမှာတွေ့ရလေ့ရှိတဲ့မိဘမဲ့တိုင်းရင်းသားတစ်ယောက်ဆိုတာ သေချာသွားပြီ။

အဲဒါနဲ့ပဲ ကရင်လူမျိုးဖြစ်တဲ့ သူ့ကို "ဖိုးခွား"လို့ ကာတွန်းစာအုပ်ပေါ်မှာရေးပြီး ကင်ပွန်းတပ်ပေးလိုက်ပါတယ်။ သူများက နာမည်မေးရင်လည်း သားနာမည် "ဖိုးခွား"လို့ ပြောဆိုပြီး သင်ပေးလိုက်ပါတယ်။ သူ့အကြောင်း တွေးနေရာက "ဒီနှစ်နဲ့ဆို ခရစ္စမတ်ပွဲ မကျင်းပရတာသုံးနှစ်ရှိပြီ" ဆိုတဲ့ ကချင်စစ်ဘေးဒုက္ခသည်စခန်းက ကချင်မကြီးပြောစကားကို သွားသတိရမိတယ်။ တကယ်တော့ အေးအတူ၊ ပူအမျှ အတူတကွ နေလာခဲ့ကြတဲ့ ညီရင်းအစ်ကိုမောင်ရင်းနှမ တောင်ပေါ်မြေပြန့်က တိုင်းရင်းသားတွေပါ။ ဘာကြောင့်များ မငြိမ်းချမ်းနိုင်တာပါလဲ။ လှပတဲ့ ပန်းတွေ ပွင့်တဲ့ အရပ်ဒေသတွေမှာ စစ်တလင်းတွေ ရှိနေတာ အကျည်းတန်လိုက်တာ။

မိဘမဲ့ကလေးအတော်များများကို လေ့လာကြည့်ရင် မကျွေးနိုင်လို့ မိဘက စွန့်ပစ်ထားတာထက်၊ စစ်ပွဲတွေကြောင့် မိဘနဲ့သေကွဲကွဲကြရတဲ့ကလေးတွေက ပိုများပါတယ်။ ဆရာမောင်သာချိုရဲ့ ဆောင်းပါးတစ်ပုဒ်ထဲကလို ပြည်တွင်းစစ်ဆိုတာ ကိုယ့်ဘယ်ဘက်လက်ကို ကိုယ့်ညာဘက်လက်နဲ့ အပြန်အလှန်ခုတ်နေကြတဲ့ သဘောမို့ ကိုယ်ပဲ ဆုံးရှုံးတာပါတဲ့။ ဘယ်သူမှ အနိုင်မရတဲ့ ပွဲမို့ ရပ်လိုက်သင့်ပါပြီ။ တော်ကြဖို့ကောင်းပါပြီ။ စစ်ကြောင့်ထုတ်သုံးရတဲ့ နှမြောစရာနိုင်ငံတော်ဘဏ္ဍာငွေတွေ။ စစ်တွေကြောင့် တိုးပွားနေတဲ့ ဒုက္ခသည်စခန်းတွေ။ စစ်ပွဲတွေကြောင့် အနာဂတ်ပျောက်ရတဲ့ ဖိုးခွားတို့လို မိဘမဲ့မျိုးဆက်သစ်တွေ။ နာတာရှည်ပြည်တွင်းစစ်ကြီးကြောင့် အိမ်နီးချင်းတိုင်းပြည်တွေနဲ့ ယှဉ်လိုက်ရင် ဖွံ့ဖြိုးတိုးတက်မှု လုံးဝမရှိဘဲ နောက်ကျကျန်နေတဲ့ တိုင်းပြည်ကြီး ထောင်းလမောင်းကြေနေတာကို ကြည့်ပြီး စစ်တွေ မလွဲမသွေ ရပ်သင့်ပါပြီ။

ငြိမ်းချမ်းရေးစကားပြောတယ်၊ ဆွေးနွေးတယ်ဆိုတာ ရင်ထဲမှာ တကယ်ငြိမ်းချမ်းချင်တဲ့ စိတ်ရှိမှ အောင်မြင်နိုင်တာ။ အခုတော့ မီဒီယာတွေရှေ့၊ ပြည်သူတွေရှေ့မှာတော့ အယောင်ပြငြိမ်းချမ်းရေးဆွေးနွေးမှုနောက်ကွယ်မှာတော့ တစ်ယောက်မှ အလျှော့မပေး။ အပစ်အခတ်ရပ်လို့မရကြသေး။ ဒုက္ခသည်စခန်းတွေ ဖျက်သိမ်းနိုင်ဖို့၊ ဒုက္ခသည်တွေ ကိုယ့်ရပ်ကိုယ့်ရွာပြန်ပြီး မိရိုးဖလာလုပ်ကိုင်စားသောက်နိုင်ဖို့ ဝေးလို့၊ လူဦးရေတောင် ထပ်တိုးလာနေသေးတယ်။ တကယ်တော့ အခုချိန်ဟာ မြန်မာ့တပ်မတော်ကြီးအတွက် အချိန်အခါကောင်းပါ။ ၁၉၈၈ နောက်ပိုင်းပြည်သူနဲ့စည်းခြားသွားတဲ့ တပ်မတော်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေနဲ့ ယုံကြည်မှုတည်ဆောက်ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးရခဲ့မယ်ဆိုရင် မြန်မာ့တပ်မတော်၊ ပြည်သူချစ်တဲ့ တပ်မတော် ပြန်ဖြစ်လာရမှာ ကေန်ပါ။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အယုံအကြည်မဲ့အောင်တော့ လုပ်ရက်ကြမယ်မထင်ပါ။ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီတိုင်းပြည်ကိုအမှန်တကယ်တည်ဆောက်ချင်စိတ်ရှိကြရင်ဖြင့် စစ်မှန်တဲ့ ငြိမ်းချမ်းရေးအရင်လုပ်ပါ။ စစ်တွေ အခုရပ်ပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုဝင်မယ့်ခေါင်းဆောင်များ အားလုံးကိုယ်စီရဲ့ရင်ထဲမှာ တကယ်ငြိမ်းချမ်းစေချင်တဲ့ စေတနာထည့်ခဲ့ပါ။ တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမယ်လို့ဆိုထားတယ် မဟုတ်လား။

စစ်ပွဲတွေမရှိတော့မှ စစ်တလင်းတွေနေရာမှာ လှပတဲ့ ရောင်စုံပန်းတွေပွင့်နိုင်မှာပေါ့။ အနာဂတ်ရဲ့မျိုးဆက်သစ်တွေကို မိမရှိ၊ ဖမရှိ အတန်းပညာမသိတဲ့ ဘဝတွေကနေ အမြန်ဆုံးကယ်တင်ကြရအောင်ပါ။ ခရစ္စမတ်ပွဲတွေ နိုင်ငံအနှံ့ပျော်ရွှင်စွာ ကျင်းပနိုင်အောင်၊ ကရင်နှစ်သစ်ကူးမှာ ကရင်လူမျိုးအားလုံး အပူအပင်ကင်းကင်း ပျော်မြူးနိုင်အောင် စစ်ပွဲတွေ ရပ်လိုက်ကြပါစို့။ ဝါဒမတူတိုက်ပွဲတွေကြောင့် အသက်သွေးတွေနဲ့စစ်တလင်းဖြစ်နေတဲ့ မြန်မာ့မြေပေါ်မှာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေမယ့် ရောင်စုံပန်းခင်းတွေ အစားထိုးကြရအောင်လို့ တိုက်တွန်းလိုက်ပါရစေ။

7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

မျက်နှာဖုံးမှ

# ဖက်ဒရယ်တပ်မတော်ဆိုတာ

**အောင်ခိုင်၊ ရန်မျိုးနိုင်၊ ရဲနောင်**

သမ္မတဦးသိန်းစိန်၏ အစိုးရသစ်လက်ထက်တွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားမှုများကျယ်ပြန့်စွာထွက်ပေါ်လာခဲ့သည်။

တိုင်းရင်းသားပြည်သူအားလုံးက လိုလားခဲ့ကြသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ယခင်အာဏာရှင်အစိုးရအဆက်ဆက်လက်ထက်တွင် ပွင့်လင်းစွာ ဖော်ထုတ်ခွင့်မရဘဲ ယခုနှစ်ပိုင်းတွင်မှ လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ရရှိလာခြင်းဖြစ်သည်။

ထို့အပြင် ၂၀၁၃ ဒီဇင်ဘာလဆန်းက ကျင်းပပြီးစီးခဲ့သော လိုင်ဇာညီလာခံအပြီး ဖက်ဒရယ်တပ်မတော် (ပြည်ထောင်စုတပ်မတော်)နှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးမှု ခပ်စိပ်စိပ်ဖြစ်လာသည်။

တိုင်းရင်းသားအဖွဲ့အစည်းများအစဉ်တစိုက်တောင်းဆိုခဲ့ကြသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖွဲ့စည်းရေးနှင့် အတူအရေးကြီးသော အကြောင်းအရာတစ်ခု ဒွန်တွဲပါဝင်လာခဲ့သည်။ ယင်းအကြောင်းအရာမှာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားအချိန်ယူညှိနှိုင်းရမည်ဟု သုံးသပ်နေကြသော ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးပင် ဖြစ်သည်။

ပြည်ထောင်စုစနစ် (Federation)ဆိုသည်မှာ သီးခြားလွတ်လပ်ခွင့်ရှိသည့် အမျိုးသားပြည်နယ်များ (သို့)ပြည်ထောင်များက သီးခြားစီဖြင့် အမျိုးသားနိုင်ငံတော်မထူထောင်ဘဲမိမိတို့ နယ်မြေဒေသများကို လွတ်လပ်သောဆန္ဒသဘောထားအတိုင်း ပူးပေါင်းစုစည်း၍ ပြည်ထောင်စုနိုင်ငံတော်တစ်ခုကို အတူတကွ တည်ထောင်သည့် စနစ်ပင်ဖြစ်သည်။

ဖက်ဒရယ်စနစ်အရဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်တွင် တိုင်းရင်းသားလူမျိုးအားလုံးစုပေါင်းတာဝန်ယူထမ်းဆောင်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုတပ်မတော်တွင်တိုင်းရင်းသားလူမျိုးများ၏ တပ်ရင်း၊ တပ်ဖွဲ့များ အလိုက်စုပေါင်း တာဝန်ယူထမ်းဆောင်ခြင်းသည်သာ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံပါဝင်သည့် နိုင်ငံတစ်ခုအတွက် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ဖက်ဒရယ်စနစ်လေ့လာသူများက သုံးသပ်သည်။

“တိုင်းပြည်ရဲ့ ကာကွယ်ရေးတပ်မတော်ဖြစ်တာကြောင့် တိုင်းပြည်ကို ကာကွယ်တဲ့နေရာမှာ တိုင်းရင်းသားတွေက ပါဝင်ချင်တယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ ကာကွယ်ရေးစနစ်ကို လိုလားတယ်”ဟု ဖက်ဒရယ်တပ်မတော်တွင် ပါဝင်လိုသော တိုင်းရင်းသားများ၏ရည်ရွယ်ချက်ကို ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးခွန်ထွန်းဦးကပြောသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း UNFC ခေါင်းဆောင်များနှင့် နိုဝင်ဘာလနှောင်းပိုင်းက ရန်ကုန်မြို့၌ တွေ့ဆုံခဲ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလိုလားနေသော ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးကိုလက်ခံကြောင်း ပြောကြားထားသည်။

လက်ရှိတပ်မတော်မှာ ဖက်ဒရယ်မဖြစ်သေးဟုဆိုနေချိန်တွင် တပ်မတော်မှ တာဝန်ရှိသူများကမူ လက်ရှိတပ်မတော်မှာ ဖက်ဒရယ်တပ်မတော်ဖြစ်နေပြီဟုဆိုသည်။

မြန်မာ့တပ်မတော်မှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စစ်ဆင်ရေးထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက လက်ရှိတပ်မတော်သည် ပြည်သူလူထုထဲမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်ပြီး တပ်မတော်အဆင့်မြင့်အရာရှိများတွင် မွန်၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားပေါင်းစုံပါဝင်ကြောင်း 7Day Daily နှင့် သီးသန့်အင်တာဗျူးတွင် ဖြေကြားသည်။

လက်ရှိမြန်မာ့တပ်မတော်သည် တိုင်းရင်းသားလူမျိုးအားလုံးပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာလဆန်းက သွားရောက်ခဲ့သည့် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်းပြောကြားထားသည်။

အင်အားငါးသိန်းခန့်ရှိသော မြန်မာ့တပ်မတော်တွင်မူတိုင်းရင်းသားများပါဝင်ထမ်းဆောင်ခွင့်မှာ အလွန်နည်းပါးပြီး ကန့်သတ်မှုများကိုသာ အမြဲကြုံတွေ့နေရသည်။ တပ်မတော်အရာရှိများကို မွေးထုတ်ပေးနေသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းတွင် ဗိုလ်လောင်းအရေအတွက်ကို ၂၀၀၃-၂၀၀၄ ခုနှစ်ခန့်မှစတင်ပြီး ၂၅၀၀ နှင့် ၃၀၀၀ ကြားခေါ်ယူခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ်မှစ၍ အရေအတွက်ကို လျှော့ချကာ ဗိုလ်လောင်းအရေအတွက် ၅၀၀ ခန့်သာခေါ်ယူခဲ့သည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းတွင် တိုင်းရင်းသားအရေအတွက်ခွဲခြားလက်ခံမှုများမရှိဘဲ မြန်မာနိုင်ငံသား မည်သူမဆိုလက်ခံလျက်ရှိသည်ဟုဆိုသည်။ သို့ရာတွင် ဘာသာရေးနှင့် ပတ်သက်ပြီးကန့်သတ်မှုမျိုးတော့ရှိကြောင်း တပ်မတော်အသိုင်းအဝိုင်းနှင့် နီးစပ်သူများက ဆိုသည်။

“တပ်မတော်အရာရှိကြီးတွေထဲမှာတော့ တိုင်းရင်းသားသိပ်မရှိဘူးဗျ။ မရှိဘူးဆိုတာက ဗိုလ်လောင်းမှာလည်း လျှောက်တဲ့တိုင်းရင်းသားတွေနည်းတော့ အပေါ်ရောက်လာတဲ့ အခါနည်းသွားတဲ့သဘောပါ”ဟု အငြိမ်းစားတပ်မတော်အရာရှိတစ်ဦးက သူ၏ အတွေ့အကြုံကိုပြောပြသည်။

လက်ရှိပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်တွင် တပ်မတော်သားကိုယ်စားလှယ်အဖြစ်တာဝန်ထမ်းဆောင်နေသော အရာရှိများကို လေ့လာကြည့်ပါကလည်း ဆယ်ပုံတစ်ပုံခန့်သာ တိုင်းရင်းသားများဖြစ်ကြောင်း တွေ့ရှိရသည်။

လက်ရှိမြန်မာ့တပ်မတော်၌ တာဝန်ထမ်းဆောင်နေသောဗိုလ်မှူးကြီးနှင့် အထက်အရာရှိကြီးအဆင့်တွင်တိုင်းရင်းသားစစ်စစ်များ ပါဝင်နေသော်လည်း ရာခိုင်နှုန်းဖြင့် အချိုးချကြည့်ပါက နည်းပါးလွန်းကြောင်း တပ်မတော်နှင့် နီး စပ်သည့် အသိုင်းအဝိုင်းမှဆိုသည်။

နိုင်ငံတကာတွင် ဖက်ဒရယ်တပ်မတော်စနစ်ကို အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီပြည်ထောင်စုသမ္မတနိုင်ငံ (Fedral Republic of Germany)တို့တွင် တွေ့ရှိနိုင်သည်။

အမေရိကန်ပြည်ထောင်စုတွင် စစ်တပ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များမှ Volunteer စနစ်ဖြင့် အမှုထမ်းသည့် စနစ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်တပ်မတော်ကို အမြဲတမ်းတပ်ဖွဲ့၊ အရန်တပ်ဖွဲ့၊ နိုင်ငံတော်လုံခြုံရေးတပ်ပုံစံသုံးမျိုးဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံတော်လုံခြုံရေးမှလွဲ၍ အမြဲတမ်းစစ်တပ်နှင့် အရန်စစ်တပ်တို့ကို ဖက်ဒရယ်စနစ်ဖြင့် ကျင့်သုံးထားခြင်းဖြစ်သည်။

ကွဲပြားခြားနားသည့် တပ်မတော်ဖွဲ့စည်းပုံ ပုံစံမျိုးကို လေ့လာလိုသူများအတွက် အိန္ဒိယတပ်မတော်သည် အကောင်းဆုံးပုံစံတစ်ခုဖြစ်ကြောင်း မြန်မာ့အရေးကျွမ်းကျင်သူသတင်းစာပညာရှင် ဘာတေးလ်လင့်တနာက သုံးသပ်သည်။

“အိန္ဒိယပုံမှန်တပ်မတော်မှာ တိုင်းရင်းသားတပ်ရင်းကြီးတွေရှိတယ်။ ဒါပေမဲ့ သူတို့ဟာ လက်နက်ကိုင်တပ်ဖွဲ့တွေပေါင်းစည်းထားတဲ့ အုပ်ချုပ်မှုအောက်မှာပဲရှိတယ်”ဟု ဘာတေးလ်လင့်တနာကပြောသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ် (BGF)အဖြစ်ဖွဲ့စည်းစေခြင်းသည်မှားယွင်းပြီး ဖက်ဒရယ်စနစ်ကျင့်သုံးသည်ဖြစ်စေ၊ မကျင့်သုံးသည်ဖြစ်စေ မည်သည့်တိုင်းပြည်မဆို နယ်စပ်လုံခြုံရေးသည် ဗဟိုအစိုးရတာဝန်သာဖြစ်သည်ဟု ဘာတေးလ်လင့်တနာကဆက်လက်သုံးသပ်သည်။

ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ပေါ်ပေါက်ရေးအတွက်အဓိကအချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးပင်ဖြစ်ကြောင်း တိုင်းရင်းသားခေါင်းဆောင်များ ကထောက်ပြပြောဆိုကြသည်။

“အခြေခံဥပဒေအရ တိုင်းပြည်ဖက်ဒရယ်ဖြစ်မှ တပ်ကလည်း ဖက်ဒရယ်တပ်မတော်ဖြစ်လာမှာ”ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးခွန်ဥက္ကာကဆိုသည်။

တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအင်အားစုများ စုပေါင်းဖွဲ့စည်းခဲ့သော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC)မှပြုစုခဲ့သော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)တွင် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် မည်သည့်အချိန်အခါမဆို အရပ်ဘက်အုပ်ချုပ်ရေးအောက်တွင်ရှိရမည်၊ ကာကွယ်ရေးဝန်ကြီးသည် အရပ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်ဖြစ်ရမည်၊ ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များအတွင်း လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမရှိစေရဆိုသည့်အချက်များ ပါဝင်သည်။

ဖက်ဒရယ်စနစ်ရေးဆွဲရာတွင် စစ်တပ်မှ နိုင်ငံတော်ကို သိမ်းယူခဲ့သော အကြောင်းပြချက်ဖြစ်သည့် ခွဲထွက်ခွင့်အပိုဒ်ကိုမူ ယခုအချိန်ကာလမျိုးတွင် ချန်လှပ်ထားသည်။ ယခုအခါ ခွဲထွက်ခွင့်ထက် ခွဲထွက်ခွင့်၏ အနှစ်သာရဖြစ်သော ဒီမိုကရေစီရေး၊တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ရှိစေမည့် အခြေခံဥပဒေရေးဆွဲခြင်းသည်သာ ပြည်သူများအတွက် အကောင်းဆုံးဖြစ်သည်ဟု ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းရေးသားသော တိုင်းရင်းသားလူမျိုးလိုလားသော ဖက်ဒရယ်ပြည်ထောင်စုစနစ်စာအုပ်တွင် ဖော်ပြထားသည်။

အစိုးရခွင့်ပြုချက်ဖြင့် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သော လိုင်ဇာညီလာခံတွင်လည်း လက်ရှိတပ်မတော်ကို အရပ်ဘက်အုပ်ချုပ်ရေးအောက်တွင်ထားရှိရန်၊ ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းသွားရန်တို့ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက သဘောတူညီခဲ့ကြသည်။

၂၀၁၃ ခုနှစ်ကုန်နီးပါးက ထိုင်းနိုင်ငံချင်းမိုင်မြို့တွင်ပြုလုပ်သော အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်များအလွတ်သဘောဆွေးနွေးပွဲတွင်လည်း ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းရေးကို နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးသွားကြရန် သဘောတူညီမှုရရှိခဲ့ကြသည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစု ရည်မှန်းနေသည်ကဦးစွာတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးမည်။ ထို့နောက်နိုင်ငံရေးဆွေးနွေးပွဲများတွင်မှ ပြည်ထောင်စုတပ်မတော်ကိစ္စဆွေးနွေးရန်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်တပ်မတော်က တစ်နေ့တွင် အဓိကဆွေးနွေးရမည့် အကြောင်းအရာဖြစ်လာမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးပြည်တွင်းစစ်အဖြစ်သမိုင်းမှတ်တမ်းဝင်နေသောမြန်မာနိုင်ငံရှိလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖွဲ့စည်းခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု တိုင်းရင်းသားခေါင်းဆောင်များက ဆိုသည်။

“ချက်ချင်းဝုန်းဒိုင်းနဲ့တော့ မရသေးပါဘူး။ နှစ်ဖက်ညှိနှိုင်းတိုင်ပင်ပြီး ဆက်လုပ်ရမှာပါ”ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာကဆိုသည်။

သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကလည်း နိုဝင်ဘာ ၂၄ ရက်တွင် 7 Day News နှင့်အင်တာဗျူး၌ ဖက်ဒရယ်တပ်မတော်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောသည်။

“ဖက်ဒရယ်တပ်မတော်ဆိုတာ အဓိပ္ပာယ်မဖွင့်ရသေးဘူး။ အဓိပ္ပာယ်မဖွင့်ရသေးဘဲနဲ့ ပြောတဲ့အခါကြတော့ တပ်မတော်ပိုင်းကလည်း လုံခြုံရေးကို အဓိကထားတဲ့အတွက် ဒါကိုစိုးရိမ်တယ်။ ဟိုတစ်နေ့ကချင်းမိုင်မှာ ဦးဇော်အေးမောင်အင်တာဗျူးမှာပြောသွားတဲ့ စကားလေးကြားလိုက်ရတော့ တော်တော်ဝမ်းသာသွားတယ်။ သူတို့ပြောတဲ့ ဖက်ဒရယ်တပ်မတော်ဆိုတာ အရင်တုန်းက ဗမာ့တပ်မတော်မှာရှိတဲ့ တိုင်းရင်းသားတပ်ရင်းတွေရှိတယ်။ ကချင် (၁)၊ ကချင်(၂)၊ ကချင် (၃)၊ ချင်း(၁)၊ ချင်း (၂)၊ ကယား(၁) ဒီလိုတပ်ရင်းတွေကို ပြောတာပါဆိုတော့ အရင်တုန်းကလည်း ရှိခဲ့ပြီးသား။ ဒါဘာမှခက်တာမဟုတ်ပါဘူး။ ဒါဖက်ဒရယ်တပ်မတော်ပဲလေ။ တစ်ယောက်နဲ့ တစ်ယောက်အဓိပ္ပာယ်မဖွင့်ဘဲနဲ့ ကြောက်နေကြတာ”

ဒါနဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာ့သဓမ္မ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 950 USD + ၅၀၀၀ဝိ/-
သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် 850 USD + ၅၀၀၀ဝိ/-
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ် ပုံမှန် ထွက်ခွါနေပြီ ဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။)
■ ဖေဖော်ဝါရီ - ၂၊၉၊၁၆၊၂၃၊ ■ မတ် - ၂၊၉၊၁၆၊၂၃၊၃၀၊ ■ ဧပြီ - ၆၊၁၃
တပေါင်းလပြည့်နေ့ သက်သနဂိုရ် အစလစေတီတော် အထက်ဌာပနာပိတ်ပွဲအခမ်းအနား တက်ရောက်လိုသူများ မတ်လ (၉) ရက်ခရီးစဉ်ဖြင့် လိုက်ပါနိုင်ပါသည်။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဝမ္ဗစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဝမ္ဗဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို - အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်ပြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၀-B)၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း - 09 402 64 8989, 09 5300305

# Health

7 DAY NEWS JOURNAL

Vol.12, No.44 • JANUARY 8 , 2014


# တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရမှု အများဆုံး နိုင်ငံမှာ မြန်မာဖြစ်နေ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၄**

တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရသည့် လူဦးရေ ၉ဝရာခိုင်နှုန်းခန့်သည် အရှေ့တောင်အာရှနိုင်ငံအတွင်းမှဖြစ်ပြီး ထိုအထဲတွင်မြန်မာနိုင်ငံသည် ဆေးလိပ်သောက်သူထံမှ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရမှု အများဆုံးနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံရှိ အမျိုးသားထက်ဝက်ကျော်နှင့် အမျိုးသမီး ၁၆ရာခိုင်နှုန်းကျော်သည်တစ်ဆင့်ခံဆေးလိပ်ငွေ့များရှူနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းက ၂ဝ၁၃စက်တင်ဘာလအတွင်းက ထုတ်ပြန်လိုက်သည်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရသည့် အမျိုးသားဦးရေ ၁ ရာခိုင်နှုန်းကျော်သာရှိနေသည်။ ပြီးခဲ့သည့်နှစ်များတွင် ထိုင်းနိုင်ငံသည် ဆေးလိပ်ဘူးများ၌ ဆေးလိပ်ကြောင့် ရလာနိုင်သည့် သတိပေးဓာတ်ပုံများအား အရွယ်အစားတိုးမြှင့် ထည့်သွင်းထားရာ ၂၂ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်တင်သွင်းမှုဆိုင်ရာအခွန်များတိုးမြှင့်ရန် မီဒီယာများတွင်ကြော်ငြာခြင်းအား တင်းကျပ်ရန်၊ ဆေးလိပ်ဘူးများတွင် သတိပေးစာတန်းများသာမက ရုပ်ပုံများပါ ထည့်သွင်းရန်စသည့်အချက်အလက်များပါဝင်သည့် နည်းဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရန် ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးတိုက်ဖျက်ရေးစီမံချက်မှ သိရသည်။

"အရှေ့တောင်အာရှမှာတစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရတာနေရာအနှံ့အပြားဖြစ်နေတယ်။ လူထုအသိပညာနည်းပါးခြင်းနဲ့ ဆေးလိပ်ငွေ့ကြောင့် တစ်ပါးသူအနှောင့်အယှက်ဖြစ်စေတဲ့ ဗဟုသုတမပြည့်စုံခြင်းတို့က အောင်မြင်မှုတွေရဖို့အတားအဆီးတွေဖြစ်နေတယ်"ဟု အရှေ့တောင်အာရှဆိုင်ရာ WHO ၏ ဒေသတွင်းဒါရိုက်တာက ပြောသည်။

ဆေးလိပ်ကြောင့်ဖြစ်သည့် ခံတွင်းရောဂါမှာ တစ်နှစ်ထက်တစ်နှစ် နှစ်ဆကျော်တိုးလာသည့် အပြင် သွားနှင့်ခံတွင်းရောဂါများ၏ ၉ဝရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်သည့်ရောဂါများဖြစ်ကြောင်းဆေးလိပ်နှင့်ဆေးရွက်ကြီးကျန်းမာရေး ဗဟုသုတဟောပြောပွဲတစ်ခုတွင် သွားဆေးတက္ကသိုလ်မှ ပါမောက္ခဒေါ်ဆွေဆွေဝင်းကပြောသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရသည့် အများဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများလည်း များပြားကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။



*လူအများသွားလာသည့်နေရာတွင် ဆေးလိပ်သောက်နေသူတစ်ဦး*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဆေးယဉ်တီဘီကုသဆေးများ ဖေဖော်ဝါရီတွင် ထပ်မံရောက်ရှိမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁**

ဆေးယဉ်ပါးတီဘီရောဂါကုသသည့် ဆေးဝါးများ လာမည့်ဖေဖော်ဝါရီလအတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ သတင်းရရှိသည်။

ပြည်ပနိုင်ငံတစ်ခုမှ ထုတ်လုပ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများက လှူဒါန်းသည့်အဆိုပါဆေးဝါးများမှာ နိုဝင်ဘာလအတွင်းရောက်ရှိခဲ့ပြီး ယခုထပ်မံရောက်ရှိလာမည်ဖြစ်ကာ လူနာသစ်များကိုတိုးချဲ့ကုသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆေးယဉ်ပါးတီဘီရောဂါကုသည့် ဆေးဝါးများသည် ရိုးရိုးတီဘီဆေးများကဲ့သို့ ကြာရှည်စွာသိမ်းဆည်း၍ မရနိုင်သည့်အတွက် ဆေးဝါးတွက်ချက်မှာယူရပြီး တစ်ခါတစ်ရံဆေးဝါးမှာယူသည့်အချိန်တွင် ဆေးယဉ်တီဘီလူနာသစ်များ ဆေးကုသမှုရရှိရန်စောင့်ဆိုင်းရမည့်အခြေအနေများလည်းရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တီဘီအထူးကုဆရာဝန်ကြီးကပြောသည်။

"ဆေးရောက်တာနဲ့ လူနာသစ်တွေကို ကုသမယ်။ ဒါပေမဲ့ ဆေးယဉ် တီဘီလူနာတွေကလည်း ဆက်ထွက်နေတုန်းပဲဆိုတော့ နောက်ပိုင်းတော့ အလျဉ်မီနိုင်မှာပါ"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တီဘီဆရာဝန်ကြီးကပြောသည်။

ဆေးယဉ်ပါးတီဘီရောဂါသည် ပုံမှန်တီဘီရောဂါ ကုသနေသည့် ဆေးများထဲမှအစွမ်းအထက်ဆုံးဆေးနှစ်မျိုးကိုသာမန်တီဘီပိုးများယဉ်သွားခြင်းဖြစ်သည့်အတွက် ဆေးယဉ်ပါးတီဘီရောဂါကုသည့် ဆေးဝါးများဖြင့်ပြောင်းလဲကုသရခြင်းဖြစ်သည်။

ထိုဆေးဝါးများမှာ ဆေးကုသချိန်ကြာမြင့်ပြီး ဆေး၏ဘေးထွက်ဆိုးကျိုးလည်းပြင်းထန်ကာ ထိုဆေးအားထပ်မံယဉ်သွားပါကဆက်လက်ကုသရမည့် ဆေးဝါးမပေါ်ပေါက်သေးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်နှစ်စဉ်ဆေးယဉ်ပါး တီဘီရောဂါလူနာ ကိုးထောင်ခန့်တွေ့ရှိနေရသည်ဟုကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပြီး Global Fund အကူအညီဖြင့် ကုသပေးနေသည့် ဆေးယဉ်တီဘီလူနာတစ်ထောင်ကျော်ရှိနေကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။




7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

## ဗီတာမင်အီးသည် အယ်လ်ဇိုင်းမားရောဂါ လူနာများ မှတ်ဉာဏ်ကျဆင်းမှုကို နှေးကွေးစေ

**မင်နီယာပိုးလစ်၊ ဇန်နဝါရီ-၄**

စိတ်ယိုယွင်းမှု ရောဂါတစ်မျိုးဖြစ်သော အယ်လ်ဇိုင်းမားရောဂါအစောပိုင်းအဆင့်၌ လူနာများအနေဖြင့် ဗီတာမင်အီးနေ့စဉ်ပုံမှန်သောက်ပေးလျှင် ဦးနှောက်မှတ်ဉာဏ်အား ကျဆင်းမှုနှုန်းနှေးကွေးစေပြီး ပြုစုစောင့်ရှောက်သူများအပေါ် မှီခိုရမှုလည်းလျော့ကျစေကြောင်း အမေရိကန်သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။

အမေရိကန်အစိုးရဝန်ထမ်းဟောင်းများ ကျန်းမာရေးဌာနမှ သုတေသန ပညာရှင်များသည် ကျန်းမာရေးဌာန ၁၄ ခုရှိ အယ်လ်ဇိုင်းမားရောဂါအစောပိုင်းအဆင့် လူနာ ၆၁၃ ဦးကို အဖွဲ့လေးဖွဲ့ခွဲ၍ လေ့လာခဲ့သည်။ သုတေသနပညာရှင်များသည် အဖွဲ့တစ်အား ဗီတာမင်အီးပေးခြင်း၊ အဖွဲ့နှစ်အား အယ်လ်ဇိုင်းမားရောဂါသောက်ဆေး (memantine) ပေးခြင်း၊ အဖွဲ့သုံးအား ဗီတာမင်အီးနှင့် memantine တို့ကို ပေါင်းစပ်၍ပေးခြင်းနှင့် အဖွဲ့လေးအား ဆေးအစစ်နှင့် အသွင်တူသော်လည်း အာနိသင်မရှိသော ဆေးများ (placebo) ပေးခြင်းတို့ကို ၂ နှစ်ကျော်ကြာ ပြုလုပ်၍ လေ့လာခဲ့ကြသည်။

ဗီတာမင်အီးတစ်မျိုးတည်းသောက်သော အဖွဲ့(၁)လူနာများသည် အခြားအဖွဲ့မှ လူနာများထက် မှတ်ဉာဏ်ကျဆင်းမှုနှုန်းနှေးကွေးပြီး တစ်ပါးသူအပေါ် မှီခိုမှုလျော့ကျသည်ကို လေ့လာတွေ့ရှိခဲ့သည်။ အယ်လ်ဇိုင်းမားရောဂါအစောပိုင်းအဆင့် လူနာများသည် ဗီတာမင်အီး နေ့စဉ်သောက်ပြီးနောက် ၆ လခန့် အကြာတွင် နေ့စဉ်လုပ်ငန်း ဆောင်တာများလုပ်ဆောင်နိုင်စွမ်းကျဆင်းမှု ၁၉ ရာခိုင်နှုန်း လျော့နည်းပြီး သူတစ်ပါးအကူအညီရယူမှုမှာလည်း တစ်နေ့လျှင် နှစ်နာရီခန့်လျော့ကျသွားကြောင်း သုတေသနပညာရှင်များ လေ့လာတွေ့ရှိခဲ့သည်။

ယခုလေ့လာတွေ့ရှိချက် အရ ဗီတာမင်အီးသည် အယ်လ်ဇိုင်းမားရောဂါကြိုတင်ကာကွယ်ခြင်း (သို့မဟုတ်) ရပ်တန့်စေခြင်းကို မရည်ရွယ်ကြောင်းနှင့် ဗီတာမင်အီးသည် ရောဂါစတင်ဖြစ်သူများအတွက် အကျိုးရှိသည်ကိုဖော်ပြလိုခြင်းသာဖြစ်ကြောင်း သုတေသနခေါင်းဆောင်ဒေါက်တာဒစ်ကန်ကပြောကြားသည်။

*—Ref: UPI*

## မြန်မာအပါအဝင် အရှေ့တောင်အာရှ ဒေသကို ယခုနှစ်ဆန်းတွင် ပိုလီယို ကင်းစင်ဒေသအဖြစ် ကြေညာမည်



**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဇန်နဝါရီ-၄**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများကို ယခုနှစ်လဆန်းတွင် ပိုလီယိုကင်းစင်ဒေသအဖြစ် ကြေညာနိုင်ရန် ရည်ရွယ်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတင်းရရှိသည်။

ယခုနှစ်ဖေဖော်ဝါရီတွင် အရှေ့တောင်အာရှနိုင်ငံ ခုနစ်နိုင်ငံ ပိုလီယိုကင်းစင်ပါက ပိုလီယိုကင်းစင်ဒေသအဖြစ် ကြေညာနိုင်ရန် ရည်ရွယ်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။


ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ကြေညာနိုင်ရန် ၂၀၁၃ ခုနှစ် အောက်တိုဘာအတွင်းက ပဋိပက္ခဖြစ်ပွားနေသဖြင့် ပိုလီယိုဆေးတိုက်လုပ်ငန်းများ ရပ်ဆိုင်းထားခဲ့သည့် ရခိုင်ပြည်နယ်တွင် ပိုလီယိုဆေးတိုက်လုပ် ငန်းများ ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း တိုးချဲ့ကာကွယ်လုပ်ငန်း စီမံချက်မှ သိရသည်။

ပဋိပက္ခဖြစ်ပွားနေသည့် ပြည်နယ်များနှင့် စစ်ပွဲများဖြစ်ပွားနေသည့် ပြည်နယ်များရှိသော်လည်း ယခင်က ကလေးစုစုပေါင်း ၈၀ ရာခိုင်နှုန်းကျော်ကို ပိုလီယိုဆေးတိုက်ကျွေးခဲ့သဖြင့် မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ကြေညာနိုင်သည့် အခြေအနေရှိကြောင်း ဒေသဆိုင်ရာ ပိုလီယိုကင်းစင်ရေးအသိအမှတ်ပြုကော်မရှင်က ခန့်မှန်းထားကြောင်းစီမံချက်တာဝန်ခံက ပြောသည်။

ဒေသတွင်း နိုင်ငံများတွင် အိန္ဒိယနိုင်ငံတွင် ၂၀၁၁ ခုနှစ်က ပိုလီယိုအရိုင်းပိုးနောက်ဆုံးတွေ့ရှိခဲ့ပြီး ၂၀၁၂ခုနှစ်တွင်ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ကြောင်း WHO ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်တွင် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ပိုလီယိုအရိုင်းပိုး ပြန်လည်တွေ့ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ပြန်လည်သတ်မှတ်ခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

သို့သော် အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံများမှာ ပိုလီယိုကူးစက်ဖြစ်ပွားမှုများပြားနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။




## မြန်မာနိုင်ငံတွင် အထူးကုဆေးရုံတစ်ရုံဖွင့်နိုင်ရန် အိန္ဒိယဆေးတက္ကသိုလ်ကြိုးပမ်းနေ

**အင်ဖာ၊ ဇန်နဝါရီ-၄**

မြန်မာနိုင်ငံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မျက်စိဝေဒနာရှင်များကို နှစ်ကြိမ်တိုင် အောင်မြင်စွာ လာရောက်ကုသပေးနိုင်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ်မြို့တော် အင်ဖာမှ ရှီဂျာဆေးရုံများနှင့် သုတေသန အင်စတီကျုဒ်က မြန်မာနိုင်ငံတွင် အထူးကုဆေးရုံဖွင့်လှစ်ရန် တင်ပြရန်ပြင်ဆင်နေသည်။

မြန်မာနိုင်ငံတွင် ဆေးရုံဆောက်ရေးအစီအစဉ်ကို မြန်မာနိုင်ငံရှိအာဏာပိုင်းရားထံ တင်ပြသွားမည်ဟု ရှီဂျာအင်စတီကျုဒ်မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာပါလင်းက ဒေသခံသတင်းစာတစ် စောင်အားပြောသည်။ မစ္စတာပါလင်းမှာ မြန်မာနိုင်ငံသို့ လာရောက်သော ဆေးကုသရေးအဖွဲ့ကို ဦးဆောင်ခဲ့သူလည်းဖြစ်သည်။

၎င်းကိုတင်ပြသော အစီအစဉ်ကို မြန်မာအာဏာပိုင်များနှင့် မဏိပူရပြည်နယ်ဝန်ကြီးချုပ်ကလည်း စိတ်ဝင်စားသည်ဟု မစ္စတာပါလင်းကပြောသည်။ ရှီဂျာဆေးရုံဆရာဝန်များအဖွဲ့သည် ပြီးခဲ့သည့်နှစ်မေလက မုံရွာမြို့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ကုသပေးခဲ့ပြီး ဒီဇင်ဘာလတွင် မျက်စိရေတိမ်စွဲသူများကို အခမဲ့ လာရောက်ကုသပေးခဲ့သည်။ ယခုနှစ် ဧပြီလတွင်လည်း ထပ်မံလာရောက်ရန်ရှိသည်။

မဏိပူရမှာ မြန်မာနိုင်ငံနှင့် နီးကပ်ပြီး အကယ်၍ မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုက ဆေးရုံဖွင့်လှစ်နိုင်မည်ဆိုပါက လိုအပ်သော အကူအညီများပေးအပ်ရန် အဆင်သင့်ရှိသည်ဟု မစ္စတာပါလင်းက ဆက်လက်ပြောသည်။

*—Ref: The Telegraph*

Regional
7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# ဦးသိန်းဖေမြင့်နှစ်တစ်ရာပြည့်အထိမ်းအမှတ် စာကြည့်တိုက် မွေးရပ်မြေဘုတလင်တွင်ဖွင့်မည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ-၄**

စာရေးဆရာ၊ နိုင်ငံရေးသမား ဦးသိန်းဖေမြင့်၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ်စာကြည့်တိုက်ကို ၎င်း၏မွေးရပ်မြေဖြစ်သည့် မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မဟာဗန္ဓုလရပ်ကွက်၊ ရန်အောင်မြင်ဘုရားလမ်းရှိ မြတ်သဒ္ဓါလူမှုကူညီရေးအသင်းရုံးခြံဝင်းအတွင်း ဆောက်လုပ်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"စာရေးဆရာကြီး သိန်းဖေမြင့်ရဲ့ ဇနီးဒေါ်ခင်ကြည်ကြည်က စာကြည့်တိုက်အဆောက်အအုံဖြစ်မြောက်ရေးအတွက် ကျပ်သိန်းတစ်ရာမတည်လှူဒါန်းခဲ့ပါတယ်။ ဆရာကြီးသိန်းဖေမြင့်ရဲ့သားသမီးတွေကလည်း စာကြည့်တိုက်အတွက်လိုအပ်တဲ့စာအုပ်တွေနဲ့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းဖို့ စီစဉ်နေပါတယ်"ဟု သိန်းဖေမြင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးအုန်းခင်ကြည်(ကဗျာဆရာဉာဏ်နီ)က ပြောသည်။

"ရန်အောင်မြင်ဘုရားကြီးဂေါပကအဖွဲ့က ဖွင့်ထားတဲ့စာကြည့်တိုက်က စာအုပ် ၁၅၀၀ ဝန်းကျင်နဲ့ ဗီရိုသုံးလုံးကို သိန်းဖေမြင့်စာကြည့်တိုက်ကို အကုန်လွှဲပြောင်းလှူဒါန်းမှာဖြစ်ပါတယ်။ ရန်အောင်မြင်ဘုရားကြီးဂေါပကအပိုင်ဖြစ်တဲ့မြေနေရာကို မြတ်သဒ္ဓါလူမှုကူညီရေးအသင်းကို လွှဲပြောင်းလှူဒါန်းခဲ့တာ။ မြတ်သဒ္ဓါလူမှုကူညီရေးအသင်းကလည်း သိန်းဖေမြင့် စာကြည့်တိုက်အတွက် မြေနေရာကိုပြန်လည်လှူဒါန်းပါတယ်။ သိန်းဖေမြင့်ရဲ့ထုတ်ဝေခဲ့သမျှ စာအုပ်တွေအားလုံးစုစည်းပြသသွားဖို့ စီစဉ်ထားသလို သိန်းဖေမြင့်ရဲ့ အသုံးအဆောင်တွေ၊ လက်ရေးစာမူတွေ၊ ဆုတံဆိပ်တွေနဲ့ သိန်းဖေမြင့်ရုပ်တုကိုလည်းထားရှိပြသဖို့ စီစဉ်ထားပါတယ်"ဟုမြတ်သဒ္ဓါလူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးမြတ်မင်းကျော်ကပြောသည်။



*ဆောက်လုပ်နေသော ဦးသိန်းဖေမြင့်စာကြည့်တိုက်*

ဓာတ်ပုံ-မျိုးမင်းဦး

သိန်းဖေမြင့်နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာကြည့်တိုက်ကို ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ရက်က ပန္နက်ရိုက်၍စတင်တည်ထောင်ခဲ့ရာ လက်ရှိတွင် ၅၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

စာရေးဆရာသိန်းဖေမြင့်ကို မုံရွာခရိုင်ဘုတလင်မြို့နယ်တွင် အဖမြေတိုင်းစာရေး ဦးဘ၊ အမိဒေါ်မြင့်တို့က ၁၉၁၄ခုနှစ် ဇူလိုင် ၁၀ ရက်၌ဖွားမြင်ခဲ့သည်။ ငယ်အမည်မှာ မောင်မြမောင်ဖြစ်ပြီးအင်္ဂလိပ်မြန်မာကျောင်းတွင် မောင်သိန်းဖေအမည်တွင်ခဲ့သည်။

စာရေးဆရာသိန်းဖေမြင့်သည် ၁၉၇၈ခုနှစ်ဇန်နဝါရီ ၁၅ ရက်တွင်ကွယ်လွန်ခဲ့ကြောင်းမှတ်တမ်းများအရ သိရသည်။ သိန်းဖေမြင့်နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၄ ဇွန် ၁၀ ရက်တွင်ဘုတလင်မြို့၌ အထိမ်းအမှတ်ရုပ်တုနှင့်အတူ စာကြည့်တိုက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

# နေပြည်တော်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြိုင်ပွဲ ကျင်းပမည်

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ-၄**

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုခြင်းအားဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ၈က ၅၀ အော်ဂဲနစ်စိုက်ခင်းတည်ရှိရာစက်စက်ယိုအဆင့်မြင့်လယ်ယာစခန်း၌မတ်လ ၂ရက်တွင်ကျင်းပမည်ဖြစ်ပြီး ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆုခုနစ်သောင်းနှင့် တတိယဆုငါးသောင်း ချီးမြှင့်သွားရန်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

"ပြိုင်ပွဲအတွက် ဒီလထဲမှာ အစည်းအဝေးလုပ်ဦးမယ်။ အဲဒီကျရင်တော့ ပိုပြီး အသေးစိတ် သိရပါမယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်ဒေသခံတောင်သူလယ်သမားများ ကိုယ်တိုင်စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်နှင့် သီးနှံအမယ်အလိုက်ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။



7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# ဝေးလံခက်ခဲသောဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျောင်းသားများအတွက် တက္ကသိုလ်ဝင်ခွင့် သီးခြားစဉ်းစားခွင့်ပြုမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃**

ဝေးလံခက်ခဲသော ဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိကျောင်းသားများအတွက် ဒေသလိုအပ်ချက်နှင့်အညီ သီးခြားစဉ်းစား၍ တက္ကသိုလ်အလိုက် ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာရေးဆိုင်ရာ မူဝါဒကြမ်းတွင် ဖော်ပြထားသည်။

ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနအရာရှိများ၊ ပါမောက္ခချုပ်များ၊ ပညာရှင်များဖြင့် အဆင့်မြင့်ပညာရေးဆိုင်ရာ မူဝါဒမူကြမ်းကို ရေးဆွဲထားခြင်းဖြစ်ပြီး အပိုဒ် ၁၀ တွင် ဝေးလံခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကျောင်းသားများအတွက် တက္ကသိုလ်ဝင်ခွင့် သီးခြားစဉ်းစားရန် မူဝါဒချမှတ်ထားသည်။

**အဆင့်မြင့်ပညာရေးဆိုင်ရာ မူဝါဒမူကြမ်းကို ရေးဆွဲထားခြင်းဖြစ်ပြီး အပိုဒ် ၁၀ တွင် ဝေးလံခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကျောင်းသားများအတွက် တက္ကသိုလ်ဝင်ခွင့် သီးခြားစဉ်းစားရန် မူဝါဒချမှတ်ထားသည်။**

အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သော ဆေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင် ဝေးလံခက်ခဲသော ဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှကျောင်းသားများအတွက် သီးခြားအစီအစဉ်ဖြင့် ဝင်ခွင့်လက်ခံသော စနစ်ကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သည်။

ဝေးလံခက်ခဲသောဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ကျောင်းဆရာ၊ ဆရာဝန်၊ အင်ဂျင်နီယာစသည့်ပညာရှင်များ ရှားပါးနေခြင်းကြောင့် တက္ကသိုလ်များ၌ သီးခြားစဉ်းစား၍ ဝင်ခွင့်ပြုပြီး မိမိဒေသတွင်ပြန်လည်တာဝန်ထမ်းဆောင်စေသောစနစ်ကို အစိုးရသစ်က စတင်ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည်။

# တရုတ်သို့ လူကုန်ကူးခံရသူချင်း အကူအညီဖြင့် တစ်ဦးကို ကယ်တင်နိုင်

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇန်နဝါရီ-၄**

တရုတ်နိုင်ငံ၌လူကုန်ကူးခံရသော အသက် (၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးအား အခြားလူကုန်ကူးခံရသူအကူအညီဖြင့် တရုတ်ရဲတပ်ဖွဲ့က ကယ်တင်ထားပြီး ဒီဇင်ဘာ ၃၀ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ လွယ်ဂျန်တပ်ဖွဲ့စိတ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

လူကုန်ကူးခံရသူမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိကျေးရွာတစ်ရွာမှဖြစ်ပြီး ၎င်းနှင့် အခြားအမျိုးသမီးတို့သည် ၂၀၁၃ မေ ၅ ရက်က ကျောက်စိမ်းအရောင်းအဝယ်လုပ်ရန် တရုတ်နိုင်ငံ ရင်ကျန်းမြို့သို့ သွားရောက်ခဲ့သည်။ ရင်ကျန်းမြို့၊ ရီမောင်ဟိုတယ်၌ တည်းခိုနေထိုင်ပြီး ပါလာသောကျောက်များကို ကျောက်ပွဲစားများနှင့် ပြသရောင်းချရန် ပြုလုပ်နေစဉ် လွန်ခဲ့သော သုံးနှစ်ခန့်က ၎င်းတို့ရွာတွင် နေထိုင်ခဲ့ပြီး အနှိပ်ခန်းဖွင့်ခဲ့ဖူးသူ မငြိမ်းငြိမ်း(ခ)အား လွယ်နှင့် တွေ့ဆုံပြီး မငြိမ်းငြိမ်းက ကျောက်များအား ကူညီရောင်းချပေးမည်၊ ဟိုတယ်တွင် နေထိုင်ပါက ကုန်ကျစရိတ်များမည်ဖြစ်သဖြင့် ၎င်းငှားရမ်းနေထိုင်သည့်ရင်ကျန်းမြို့ရှိနေအိမ်၌ လာရောက်တည်းခိုနေထိုင် စားသောက်နိုင်ကြောင်း ပြောဆိုသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦး ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုသို့ နေထိုင်စဉ် မေ ၁၃ ရက်တွင် မငြိမ်းငြိမ်းက လူကုန်ကူးခံရသော အမျိုးသမီးနှင့် အတူပါလာသူအား စည်းရုံးသိမ်းသွင်းပြီး တရုတ်အမျိုးသားတစ်ဦးနှင့် ပေးစားသည်။ ထို့ကြောင့်တစ်ဦးတည်းဖြစ်နေ၍ ဆက်လက်နေထိုင်လိုခြင်းမရှိတော့သဖြင့် နေရပ်ပြန်ရန်အတွက် မငြိမ်းငြိမ်းထံ လမ်းစရိတ်တောင်းရာ မပေးနိုင်ကြောင်း၊ ထမင်းလည်း မကျွေးနိုင်ကြောင်း၊ သူ၏သူငယ်ချင်းကဲ့သို့ တရုတ်ယောကျ်ားယူရန်နှင့် တရုတ်ယောကျ်ားယူပါက အဆင်ပြေမည်။ အိမ်သို့လည်း ငွေပို့နိုင်မည်ဟု ပြောဆိုစည်းရုံးပြီး ၎င်း၏ မှတ်ပုံတင်နှင့် နယ်စပ်ဝင်ထွက်သွားလာခွင့်သိမ်းယူသွားသည်။ မေ ၁၈ ရက်တွင် ၎င်းအား ဟူနန်မြို့ရှိတရုတ်အမျိုးသားဖူယုန်ဆိုသူထံ တရုတ်ယွမ် (၃၁၀၀၀)ဖြင့် ရောင်းပြီး ယွမ် (၂၅၀၀) တန်ဖိုးရှိ ရွှေနားကပ်တစ်ရံနှင့် ရွှေဆွဲကြိုးတစ်ကုံး ဝယ်ပေးကာ ယွမ်၈၀၀၀ ပေးသည်ဆိုသည်။

ကျန်ငွေယွမ် ၂၀,၅၀၀ ကို မငြိမ်းငြိမ်းက ယူသည်။ ဟူနန်မြို့ရှိ ရွာတစ်ရွာတွင် တရုတ်အမျိုးသား ဖူယုန်နှင့် ပေါင်းသင်းနေထိုင်ရပြီး တရုတ်ယောကျ်ားက ၎င်းအား ရိုက်နှက်နှိပ်စက်ပြီး ယွမ် (၃၁,၀၀၀)ပြန်လျော်ပေးမှပြန်လို့ရမည်ဟု ပြောသည်။ ထို့နောက် လေးလခန့်အကြာတွင် ရွာမှ ကျောက်အတူတူလာရောင်းပြီး အရင်ရောင်းစားခံရသူနှင့် ဖုန်းအဆက်အသွယ်ရခဲ့သည်။ ၎င်းလည်း ယွမ် (၃၁,၀၀၀) ပေးလျော်ပြီး နေအိမ်သို့ ပြန်ရောက်နေကာ မြစ်ကြီးနားရှိ မိတ်ဆွေများမှ တစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ အကူအညီတောင်းခံပေးမည်ဖြစ်ကြောင်း ပြောသည်။ ထို့နောက်လွယ်ဂျန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရုံး၏ ဖုန်းနံပါတ်ကို ဆက်သွယ်အကူအညီတောင်းခံခဲ့ပြီး၊ ဒီဇင်ဘာ ၃၀ ရက်တွင် တရုတ်-မြန်မာနယ်စပ်ဂိတ်မှတစ်ဆင့်မြန်မာနိုင်ငံ၊လွယ်ဂျယ်မြို့ရှိလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့၍ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း ရဲမှတ်တမ်းတွင်ဖော်ပြထားသည်။

ထို့ကြောင့် ဇန်နဝါရီ ၁ ရက်တွင် လူကုန်ကူးခံရသူကိုယ်တိုင် တရားလိုပြုလုပ်ပြီး မငြိမ်းငြိမ်း(ခ) အားလွယ်အားဥပဒေအရအရေးယူပေးရန် တိုင်တန်းသဖြင့် လွယ်ဂျန်ရဲစခန်းလူကုန်ကူးမှုကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့်အမှုဖွင့်အရေးယူထားသည်။

အဆိုပါလူကုန်ကူးခံရသော အမျိုးသမီးကို မူဆယ်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ လူကုန်ကူးခံရသူများယာယီစောင့်ရှောက်ရေးဂေဟာ၌ အပ်နှံထားသည်။



*အလောင်းတော်ကဿပ ဘုရားဖူးလမ်း ကို ပြင်နေစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

# အလောင်းတော်ကဿပ ဘုရားဖူးကားလမ်းအချို့ ကတ္တရာခင်း

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၄**

ယင်းမာပင်မြို့မှ ကပိုင်ကျေးရွာအကြား အလောင်းတော်ကဿပဘုရားဖူးကားလမ်းပေါ်ရှိ လမ်းပိုင်းအချို့တွင် သက်ဆိုင်ရာက ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ယခုနှစ်ဆန်းမှ စတင်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

"အလောင်းတော်ကဿပ ဘုရားဖူးပင်မလမ်းဖြစ်တဲ့ ယင်းမာပင်-လည်ငေါက်-ပုထိုးသာ လမ်းပိုင်းမှာ ရွှေဆံပင်ဆရာတော်က ဦးဆောင်ပြီး ကတ္တရာလမ်းခင်းတဲ့ လုပ်ငန်းတွေလုပ်နေတယ်။ ယင်းမာပင်-ဇီးတောကားလမ်းမှာ ပေ ၉၄၀ ကို မြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူပြီး ကတ္တရာလမ်းခင်းနေပြီ။ အဲဒီကတ္တရာလမ်းအဆုံးကနေ စားတော်ပြင်ကျေးရွာအထိ အမေရေယာဉ်ပွဲတော်ကျင်းပရေးကော်မတီက တာဝန်ယူပြုပြင်နေပါပြီ။ ယင်းမာပင်ကနေ အလောင်းတော်ကဿပကိုသွားတဲ့ လမ်းပိုင်းမှာ ဒီနှစ်ကတ္တရာလမ်းအဆင့်တွေတိုးမြှင့်ဖောက်လုပ်နေပြီဆိုတော့ နောက်ပိုင်းသွားလာရေးပိုအဆင်ပြေတော့မယ်" ဟု ယင်းမာပင်မြို့နယ် မြို့မိမြို့ဖတစ်ဦးက ပြောသည်။

"ယင်းမာပင်-ကပိုင်လမ်းမှာ အရင်တုန်းက ယင်းမာပင်-ပုထိုးသာ-ရင်ပေါင်တိုင်-ဆင်စွယ်-ကပိုင် ပင်မလမ်းရှိတယ်။ ယင်းမာပင်-ဇီးတော-ရင်ပေါင်တိုင်-ဆင်စွယ်-ကပိုင် လမ်းရှိတယ်။ ဒီနှစ်အသစ်ဖောက်တဲ့လမ်းက ယင်းမာပင်-စားတော်ပြင်-ကုန်းရွာ-ဆင်စွယ်-ကပိုင်လမ်းက အရင်လမ်းတွေထက် ၁၀ မိုင်နီးပါးသွားလာရတာသက်သာတယ်။ အရင်လမ်းတွေကလည်း ကျေးလက်ကျောက်ချောလမ်းကနေ ကတ္တရာလမ်းအဖြစ် ဖောက်နေပြီဆိုတော့ သွားလာရေးပိုအဆင်ပြေပါတယ်"ဟု ယင်းမာပင်-အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်ပြေးဆွဲနေသော စိန်သရဖူမော်တော်ယာဉ်အတွင်းရေးမှူးဦးကောင်းတင်က ပြောသည်။

ယင်းမာပင်မြို့မှ အလောင်းတော်ကဿပသို့ ဘုရားဖူးသွားရောက်ရာတွင် ယင်းမာပင်-ကပိုင်မြေပြန့် လမ်းမိုင် ၂၀ ရှိပြီး ကပိုင်-အလောင်းတော်ကဿပ ရင်ပြင်တော် ၂၁ မိုင်မှာ တောင်တက်၊ တောင်ဆင်းလမ်းပိုင်းဖြစ်သည်။ မုံရွာမြို့တွင် ညအိပ်ရပ်နား၍ အလောင်းတော်ကဿပသို့ သွားရောက်သူများရှိသကဲ့သို့ ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်သာသနာ့မြေတွင် ညအိပ်ရပ်နား၍ ဘုရားဖူးသွားရောက်သူများလည်းရှိသည်။

# တနင်္သာရီတိုင်းအတွင်း မြို့နယ်သုံးမြို့နယ်တွင် မြန်မာနှင့်အမေရိကန်ကြက်ခြေနီအသင်း ပူးပေါင်းလုပ်ကိုင်မည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဖွံ့ဖြိုးမှုအားနည်းသည့်မြို့နယ်သုံးမြို့နယ်တွင် သဘာဝဘေးအန္တရာယ်တုံ့ပြန်မှု လုပ်ငန်းများနှင့် ကြက်ခြေနီလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို ယခုလအတွင်းမြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

“ဒီလ ၁ ရက်မှာကတည်းကစပြီး လုပ်ဆောင်ဖို့အစီအစဉ်တွေဆွဲနေပါပြီ။ တနင်္သာရီတိုင်းဒေသကြီးထဲမှာရှိတဲ့ မြို့နယ်တွေထဲက ဖွံ့ဖြိုးမှုအားအနည်းဆုံးမြို့နယ် ၃ ခုမှာ စတင်လုပ်ဆောင်ဖို့ ရွေးချယ်ထားပါတယ်”ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဌာနမှူး ဒေါ်ခင်မျိုးသိန်းကပြောသည်။

အထက်ပါ လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိတနင်္သာရီမြို့၊လောင်းလုံးမြို့နှင့် ဘုတ်ပြင်းမြို့တို့ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းရုံးခွဲများမှ တစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“လက်ရှိမှာ လိုအပ်တဲ့ အချက်အလက်လေးတွေ ကောက်ယူနေပါတယ်။ အဲဒါပြီးရင် လုပ်ငန်းတွေကို အကောင်အထည်ဖော်သွားဖို့ စီစဉ်နေပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်ပေါ်မှာမူတည်ပြီး အမေရိကန်ကြက်ခြေနီအသင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့လုပ်ဆောင်သွားဖို့လည်းစီစဉ်နေပါတယ်”ဟု ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန ဌာနမှူး ဦးမောင်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းသည် အမေရိကန် ကြက်ခြေနီအသင်းနှင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လက သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး သဘာဝဘေးအန္တရာယ် တုံ့ပြန်မှု လုပ်ငန်းစဉ်များကို ၁၈ လကြာ ပူးပေါင်းအကောင်အထည်ဖော်သွားရန် စီစဉ်ထားသည်။ ယခုလအတွင်း မြို့နယ်သုံးမြို့နယ်တွင် အကောင်အထည်ဖော်ပြီးပါက အခြားသောမြို့နယ်များတွင်လည်း လိုအပ်ချက်ပေါ်မူတည်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်းရှိ အမြန်ရေယာဉ်အချို့ ခရီးသည်နှင့် ကုန်ပစ္စည်း အဆမတန် တင်ဆောင်မှုများရှိနေ

**မောင်ကံ**

**ဘူးသီးတောင်၊**

**ဇန်နဝါရီ-၅**

ရခိုင်ပြည်နယ်အတွင်းရေကြောင်းခရီးစဉ်များပြေးဆွဲနေသည့်အမြန်ရေယာဉ်အချို့မှာ ခရီးသည်နှင့် ကုန်ပစ္စည်းအဆမတန်တင်ဆောင်နေမှုကြောင့် ခရီးသွားများ အတွက်စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း သတင်းရရှိသည်။

“အမြန်ရေယာဉ်သာ ပြောတာ ခရီးသည်နဲ့ ကုန်ပစ္စည်းတွေတင်တာက အစိုးရသင်္ဘောထက်တောင် ဆိုးတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ရေယာဉ်ပေါ်မှာပါတဲ့ ထိုင်ခုံတင်မက ကြားခုံဆိုပြီးတင်ပါတယ်။ အဲဒါပြီးတော့ ခေါင်မိုးပေါ်မှာလည်း တင်ပါတယ်။ ကုန်ပစ္စည်းတွေကလည်း အောက်မှာရော၊ခေါင်မိုးပေါ်မှာရောပြွတ်သိပ်နေပါတယ်။ အောက်မှာ ဆိုရင် ခြေချမယ့် နေရာတောင် မရပါဘူး။ အမှန်ဆိုရင် အမြန်ရေယာဉ်မှာ အမြန်ရေယာဉ်အတိုင်း စည်းကမ်းတကျတင်သင့်ပါတယ်”ဟု ဘူးသီးတောင်မှ စစ်တွေမြို့သို့လာသည့်ခရီးသည်တစ်ဦးကပြောကြားသည်။



*ဘူးသီးတောင်နှင့် စစ်တွေသို့ ပြေးဆွဲနေသည့် အမြန်ရေယာဉ်တစ်စီး*

ဓာတ်ပုံ- မောင်ကံ

အမြန်ရေယာဉ်များတွင် ခရီးသည်နှင့် ပစ္စည်းများ အဆမတန်တင်ဆောင်နေခြင်းမှာ အလုညီ့ကျ ပြေးဆွဲနေရသည့် အတွက်ကြောင့် ဖြစ်နိုင်သည်ဟု ခရီးသွားသူတစ်ဦးက ဆိုသည်။

“အမြန် ရေယာဉ်တွေက ကိုယ့်အလှည့်နဲ့ကိုယ် ပြေးဆွဲရတာဖြစ်တာကြောင့် ကိုယ်ပြေးဆွဲရမယ့်နေ့မှာ ခရီးသည် ဘယ်လောက်များပါစေ အကုန်တင်သွားကြပါတယ်။ ဒီနေ့မတင်လိုက်လို့ရှိရင်နောက်နေ့အမြန်ရေယာဉ်နောက်တစ်စီးက ခရီးသည်ရသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကိုယ့်ဆီကိုဝင်လာတဲ့ငွေကို သူများဆီကို ရောက်မသွားအောင် စည်းမရှိ၊ ကမ်းမရှိ တင်သွားတာ”ဟု ဘူးသီးတောင်မြို့ခံတစ်ဦးက ပြောသည်။

# အလှမွေးငှက် မွေးမြူသူများ၏ ငှက်စာအတွက် လူး၊ ဆတ် သီးနှံစိုက်ပျိုးမှုများလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ-၅**

မုံရွာနှင့် မန္တလေးမြို့များတွင် အိမ်တွင်း အလှမွေးငှက်များ မွေးမြူလာသည့်နောက် ဘုတလင်မြို့နယ်အတွင်း လူး၊ ဆတ် သီးနှံဝယ်လိုအားမြင့်တက်လာ၍ ဂျုံ၊ကုလားပဲ၊နေကြာ၊ငရုတ်စိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးသူပိုမိုများပြားလာကြောင်း ဘုတလင်မြို့နယ် လူး၊ ဆတ် သီးနှံစိုက်ပျိုးသောဒေသခံများက ပြောသည်။

“လူးနဲ့ဆတ်က ပြောင်းပင်လိုအနှံကို ခြွေလှေ့ပြီး နှမ်းစေ့လိုအစေ့လေးတွေကို အရင်တုန်းက လူတွေစားသောက်ကုန်အဖြစ်စားကြတယ်။ အခု နောက်ပိုင်း မုံရွာ၊ မန္တလေးက သီးနှံပွဲစားတွေကိုယ်တိုင် ရွာတွေဆင်းပြီး ဝယ်ကြလို့ လူးနဲ့ဆတ်ပြောင်းကို သီးညှပ်အနေနဲ့ စိုက်ကြတယ်။ အနှံကိုငှက်စာအဖြစ်ရောင်း၊အပင်ကိုလည်း နွားစာရတယ်”ဟု တရော်တောကျေးရွာ ဆတ်ပြောင်းစိုက်ပျိုးသော တောင်သူ တစ်ဦးက ပြောသည်။

“ဆတ်၊ လူး စတဲ့ပြောင်းသီးနှံတွေက အနှံတွေကို ဖွတ်ပြီး ဆန်အဖြစ်လည်း စားတဲ့သူတွေရှိတယ်။ အရမ်းနူးညံ့တဲ့ ဆန်လို့ပြောလို့ရတယ်။ ဒီဒေသမှာ အရင်တုန်းက စိုက်တဲ့သူ နည်းတယ်။ အခု လူစားဖို့ထက် အိမ်မွေးငှက်မွေးမြူတဲ့သူတွေက တောင်သူတွေဆီ တိုက်ရိုက်ဆင်းဝယ်တော့ အခင်းထဲမှာ နည်းနည်းပက်တာနဲ့ တောင်သူစရိတ်ကာမိတယ်”ဟု လူးသီးနှံစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ဘုတလင်မြို့နယ် အတွင်း စိုက်ပျိုးသော လူး၊ ဆတ်ပြောင်းသီးနှံတစ်ပြည်လျှင် ကျပ် ၁,၅၀၀ နှုန်းဖြင့် အိမ်မွေး ငှက်မွေးမြူသူများက လာရောက်ဝယ်ယူကြသည်။ ဘုတလင်မြို့နယ်အတွင်း တရော်တော၊ သီးပင်အိုင်၊ မန်ကျည်းစု၊ ကျောက်အိုး၊ ညောင်ကန်၊ အုတ်အိုင်၊ အုတ်ဖို စသည့်ကျေးရွာများတွင် ငရုတ်၊ နေကြာ၊ နှမ်း၊ ပြောင်း၊ ကုလားပဲ စသည့် စိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးခြင်းဖြစ်သည်။

ကောင်းလေသာဘက်စိ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ
Licence No.14/2013
စင်္ကာပူနိုင်ငံ သင်္ဘောကျင်း/ရေနံဓာတုတွင် လုပ်ရန်
1. Pipe Fitter (၄၅)ဦး S$ 500~600 + (အချိန်ပို)
2 Signal Rigger Man (၄)ဦး S$ 500~600 + (အချိန်ပို)
အင်တာဗျူးရက်မှာ (၁၁.၁.၂၀၁၄ မှ ၁၃.၁.၂၀၁၄)အထိ ဖြစ်သည်။
Pipe Fitter လုပ်ငန်းအတွေ့အကြုံမရှိသူများအတွက်လေ့ကျင့်မှုနှင့်ဘာသာစကားသင်တန်းပေးနေပါသည်။
အမှတ်(၁၈၅/၁၈၉)၊ (၃)လွှာ(ညာ)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်း(ထောင့်)၊
Global(Tower)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
01-398299, 01-391561, 09-5173979, 09-8610464, : agencykls@gmail.com
Singapore Contact - HP 65-90019420, 91078784 : : sseagency@gmail.com

အမှတ်(၂၀-A) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၅၈၄၅၉၊ ၅၅၈၄၀၁၊ ၅၅၂၉၀၆
၁။ MO (M.B.,B.S) ဘွဲ့ရ - မ (၄) ဦး၊ ၂။ Cashier ဘွဲ့ရ -မ (၄) ဦး
(ကွန်ပျူတာ အသင့်အတင့်တတ်လျှင် ပိုကောင်းပါသည်။)
၃။ B Pham ဘွဲ့ရ-မ (၄) ဦး၊ ၄။ ယာဉ်မောင်း-(၂) ဦး
၅။ Staff (ward) (၃)ဦး၊ လျှောက်ထားလိုသူများသည်မိမိကိုယ်ရေးရာဇဝင်၊ သန်ခေါင်စာရင်းမိတ္တူ၊မှတ်ပုံတင်မိတ္တူနှင့်အတူ (၁၀)ရက်အတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ (၁)လအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# အဆင့်မြင့်ပုဂ္ဂလိကဆေးရုံဆောက်မည့် မြေနေရာကိုကန့်ကွက်

**စိုးမိုးအောင်**

**ထားဝယ်၊ ဇန်နဝါရီ- ၆**

ပုဂ္ဂလိကအဆင့်မြင့် ဆေးရုံတည်ဆောက်မည့်မြေနေရာအတွက် မြေငှားဂရန် ချထားပေးမည်ကို လယ်ပိုင်ရှင်မိသားစုကကန့်ကွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထားဝယ်မြို့၊ ကမြောကင်လမ်းရှိ အကွက်မှတ် ၂၄၊ မြေရေိယာနှစ်ဧကပေါ်တွင် Fourty Star Network ကုမ္ပဏီကအဆင့်မြင့် ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် မြေငှားဂရန်ချ ထားပေးရန် လျှောက်ထားသည်ကို တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၁၀နှစ်သက်တမ်းရှိမြေငှားဂရန် ချထားပေးမည်ဖြစ်၍ကန့်ကွက်နိုင်ကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းကြောင့် လယ်မြေပိုင်ရှင် မိသားစုက ကန့်ကွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေနေရာသည် လယ်မြေနေရာကို အခြားနည်းလမ်းဖြင့် အသုံးချနိုင်ရန်အတွက် လန ၃၉ ချပေးထားပြီးဖြစ်သောကြောင့် မြေငှားဂရန်ချထားပေးသွားမည်ဖြစ်သည်။

“ကျွန်တော်တို့က ဒီနေရာကို စီမံကိန်းဧရိယာအဖြစ်သတ်မှတ်ကတည်းက ကန့်ကွက်နေတာပါ။ အခုလို တရားဝင်ကန့်ကွက်နိုင်တယ်ဆိုတော့ ပိုကောင်းတာပေ့ါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရင်ဆိုင်သွားမှာပါ”ဟု လယ်ပိုင်ရှင် ဦးစိန်ဝင်း၏သားဦးထွန်းထွန်းဝင်းကပြောသည်။

ယင်းဆေးရုံ ဆောက်လုပ်ရန် သွပ်ပြားများဖြင့် ခြံစည်းရိုးစတင်ကာရံစဉ်က ‘မတရားသိမ်းယူထားသော လယ်ယာမြေ’ ဟု ရေးသား ကန့်ကွက်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ လယ်မြေနေရာတွင် စိုက်ပျိုးရရှိသော အကျိုးအမြတ်များကို ဆန်းချီရပ်ကွက်အတွင်းရှိဘုရားသိမ်ကိုပဒေသာပင်လှူဒါန်းထားပြီး လယ်ပိုင်ရှင်မှာ ကွယ်လွန်သွားပြီဖြစ်၍ ကျန်ရှိသည့် ဇနီးနှင့်သားသမီးသုံးဦးက ကန့်ကွက်သွားမည်ဆိုသည်။

အဆိုပါပုဂ္ဂလိကအဆင့်မြင့် ဆေးရုံဆောက်လုပ်ရန်အတွက် ဖောင်ဒေးရှင်းများ ချထားပြီးဖြစ်သည်။

လန ၃၉ချထားပြီးသောမြေနေရာများတွင် ကန့်ကွက်သူများရှိနေပါက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရပ်နားထားရမည်ဖြစ်သည်။ ကန့်ကွက်သူများတွင် ၎င်းမြေနေရာများနှင့် ပတ်သက်၍ပိုင်ဆိုင်မှုအထောက်အထားပြည့်စုံနေပါက စီမံကိန်း အကောင်အထည်ဖော်မှုများကို တားမြစ်နိုင်သည်။

မြေငှားဂရန်ချထားပေးပြီးပါက အဆိုပါမြေနေရာကို မူလပိုင်ရှင်များပိုင်ဆိုင်ခွင့်မရှိတော့ဘဲ သတ်မှတ်မြေငှားဂရန်သက်တမ်းပြည့်ပါက ပိုင်ရှင်များအနေဖြင့် ပြန်လည်ကန့်ကွက်နိုင်သည်ဟု ဆိုသည်။

အဆိုပါ မြေနေရာနှင့်ပတ်သက်၍ ကန့်ကွက်မည့် သူများသည် ၂၀၁၄ ဇန်နဝါရီ ၁၄ ရက်နောက်ဆုံးထား၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း သိရသည်။



ဇန်နဝါရီလ ၄ ရက်တွင် ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၌ ရှင်ဥပဂုတ္တမထေရ်မြတ် ပင့်ဆောင်ပူဇော်ပွဲနှင့် ဆီးမီး ၅၀၀၀ မီးမျှောပူဇော်ပွဲကျင်းပခဲ့သည်။ အဆိုပါမီးမျှောပူဇော်ပွဲသို့ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် ဇနီးတို့ တက်ရောက်ခဲ့သည်။ ဆီးမီး ၅၀၀၀ မီးမျှောပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် ပင့်ဆောင်ပူဇော်ပွဲ ကျင်းပနေစဉ်။ ဓာတ်ပုံ- ရဲနောင်

# လက်ရှိ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့များ စစ်တွေတွင် ဆွေးနွေး

**မောင်မိုးသက်**

**စစ်တွေ၊ ဇန်နဝါရီ- ၆**

ရခိုင်ပြည်နယ် အခြေအနေနှင့် ပတ်သက်၍ အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက်တွင် Gender Development Initiative (GDI) ကကမကထပြုလုပ်ကာ စစ်တွေမြို့၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

လတ်တလော ရခိုင်အရေးအခင်း၏နောက်ကွယ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေ၊ တည်ငြိမ်အေးချမ်းမည့် အရာများကို ဟန့်တားနေသည့် နိုင်ငံရေးပါတီများ၊ လက်နက်ကိုင် အဖွဲ့များ၊ ဘာသာရေး ခေါင်းဆောင်များနှင့်မွတ်ဆလင်လူ့အဖွဲ့အစည်းအတွင်း လူဦးရေးတိုးပွားမှု၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများ စသဖြင့် GDI မှ အမှုဆောင် ဒါရိုက်တာ ဦးဆလိုင်းအိုက်ဇက်ခင်က ဦးဆောင်ဆွေးနွေးခဲ့သည်။

“ဒီနေရာမှာ ဒေသတွင်း အခြေအနေတွေအပြင် နိုင်ငံကြီးတွေရဲ့ စူပါပါဝါနေရာချဲ့မှုတွေကိုလည်း နောက်ကွယ်မှာရှိနေတာကို ထည့်သွင်းစဉ်းစားရမှာပါ” ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။

# ပုဂ္ဂလိကလေကြောင်းလိုင်းများ စစ်တွေ–ရန်ကုန် ခရီးစဉ် တစ်ရက်နှစ်ကြိမ် ပြေးဆွဲနေရ

**မောင်ကံ**

**စစ်တွေ၊ ဇန်နဝါရီ- ၆**

ဇန်နဝါရီလဆန်းပိုင်းမှစတင်ကာ စစ်တွေ-ရန်ကုန် လေကြောင်းခရီးစဉ် သွားလာသည့်ခရီးသည်များပြားနေသဖြင့် ပုဂ္ဂလိကလေကြောင်းလိုင်းများ တစ်ရက်လျှင် နှစ်ကြိမ်ပြေးဆွဲနေရကြောင်းလက်မှတ်အရောင်းဌာနများမှ သတင်းရရှိသည်။

“ရန်ကုန်ကနေ စစ်တွေကိုလာတဲ့ခရီးစဉ်တွေ ဒီလောက်မကျပ်ပေမယ့် စစ်တွေကနေ ရန်ကုန်ကိုသွားတဲ့ ခရီးစဉ်တွေကတော်တော်ကျပ်နေပါတယ်။လက်မှတ်တွေက နောက်နှစ်ရက် အတွက် ကြိုရောင်းထားပြီး ဖြစ်နေပါတယ်။အရင်တုန်းကဆိုရင်လက်မှတ်ကို လေယာဉ်ကွင်းရောက်မှ ဖြတ်လို့ရပေမယ့် ဒီလမှာတော့ မလွယ်ဘူးဖြစ်နေတယ်။ အဲဒီအတွက်ကြောင့် အဲမန္တလေး၊ အဲပုဂံနှင့်အဲကမ္ဘောဇလေကြောင်းလိုင်းတွေက တစ်ရက်ကို လေယာဉ်နှစ်စင်းစီဆင်းပေးနေပါတယ်”ဟုစစ်တွေမှ ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် သွားလာခဲ့သူတစ်ဦးက ပြောသည်။

ပုဂ္ဂလိကလေကြောင်းလိုင်းခရီးစဉ်များ ပိုမိုပြေးဆွဲလာရခြင်းနှင့်အတူ မြန်မာ့လေကြောင်းဖြင့်စီးနင်းလိုက်ပါသည့် ခရီးသည်မှာလည်း များလာကြောင်း မြန်မာ့လေကြောင်း လေယာဉ်လက်မှတ်အရောင်းဌာနမှ သိရသည်။

ပွင့်လင်းရာသီ ရောက်လာပြီဖြစ်၍ နိုင်ငံခြားခရီးသွား ဧည့်သည်များလည်း ရန်ကုန်-သံတွဲ-စစ်တွေခရီးစဉ်အတိုင်းဝင်ရောက်လာကြပြီး စစ်တွေမှ ပြန်သွားသည့် နိုင်ငံခြား ခရီးသွား ဧည့်သည်များလည်း များပြားနေသည်ဟု ဆိုသည်။

# လယ်တီပဏ္ဍိတ ဦးမောင်ကြီး ဒုတိယအကြိမ် ဂုဏ်ပြုပွဲအခမ်းအနား မေလတွင် ကျင်းပမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၆**

မြန်မာ့စာဆိုပညာရှင် လယ်တီပဏ္ဍိတဦးမောင်ကြီး ဒုတိယအကြိမ်မြောက်ဂုဏ်ပြုပွဲ အဖြစ်လာမည့် မေလဆန်းတွင် စာပေဟောပြောပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ပြီးခဲ့တဲ့နှစ် ဩဂုတ်လ ပထမအကြိမ် ကျင်းပတုန်းက မိုးတွင်းလည်းဖြစ်ပြီး နယ်ဝေးကို ရောက်နေတဲ့သူတွေ ပြန်မလာနိုင်ဘူးဖြစ်သွားတယ်။ ဒီနှစ်နယ်ဝေးကိုရောက်နေတဲ့သူတွေအားလုံး ပြန်ဆုံမယ့် ကပ်ကျော်ဘုရားပွဲတော်ရက်မတိုင်မီမှာ ကျင်းပသွားဖို့စီစဉ်ထားပါတယ်။ ညောင်ဖြူပင်ဒေသဖွား စာဆိုပညာရှင်ဦးမောင်ကြီးကို အမှတ်တရဂုဏ်ပြုတဲ့ စာပေဟောပြောပွဲ အခမ်းအနား ထည့်သွင်းကျင်းပသွားမယ်”ဟုလယ်တီပဏ္ဍိတဦးမောင်ကြီးဂုဏ်ပြုပွဲကျင်းပရေးကော်မတီနာယက ဆရာတော် အရှင်သီရိန္ဒက မိန့်ကြားသည်။

ပထမအကြိမ် လယ်တီပဏ္ဍိတဦးမောင်ကြီးဂုဏ်ပြုပွဲအခမ်းအနားကို ၂၀၁၃ ဩဂုတ်လ ၁၀ ရက်နှင့် ၁၁ ရက်များတွင် မုံရွာမြို့နယ်၊ ညောင်ဖြူပင်ကျေးရွာ၊ ဓမ္မိကာရုံကျောင်းတိုက်အတွင်း ဓမ္မာရုံကြီး၌ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ဂုဏ်ပြုပွဲကို မောင်ကြီးတို့ရွာ စာကြည့်တိုက်တည်ရှိရာ မုံရွာမြို့နယ်၊ ညောင်ဖြူပင်ကျေးရွာ၊ ကပ်ကျော်ကျောင်းတိုက် ဇာတ်ရုံ၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။

အဆိုပါဂုဏ်ပြုစာပေဟောပြောပွဲတွင် မေလ ၇ ရက်၌ ဦးဘုန်း(ဓာတု)၊ ဇော်ခိုင်ဦး (မန္တလေး)။ မေလ ၈ ရက်၌ ဗေလုဝ၊ ချောအိမာန်(မန္တလေး)တို့က သုတရသ စာပေရေးရာများ ဟောပြောမည် ဖြစ်သည်။

# Education

7 DAY NEWS JOURNAL

Vol.12, No.44 • JANUARY 8 , 2014


# မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု ဆန့်ကျင်ဘက်ပြုသူများရှိနေဟု ပညာရေးအကြံပေးအဖွဲ့ တာဝန်ရှိသူပြောကြား

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃**

နိုင်ငံတော်သမ္မတဦးသိန်းစိန်လမ်းညွှန်မှုဖြင့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးမှုများ ဆောင်ရွက်နေချိန်တွင် မြန်မာ့ပညာရေး မြှင့်တင်မှုအတွက် ဆန့်ကျင်ဘက်ပြုသူအများအပြားရှိနေကြောင်း သမ္မတ၏ ပညာရေးမြှင့်တင်မှုဆိုင်ရာ အကြံပေးအဖွဲ့ တာဝန်ရှိသူက ပြောသည်။

စစ်အစိုးရလက်ထက်က အရေအတွက် ဦးတည်သော ပညာရေးမြှင့်တင်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာ့ပညာရေးအရည်အသွေး နိမ့်ကျသွားခြင်းဖြစ်ပြီး ယခုအချိန်တွင် အရည်အသွေးဦးတည်သော ပညာရေး မြှင့်တင်မှုများ ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပညာရေးဆွေးနွေးပွဲများတွင် အကြံပေးပညာရှင်အဖြစ် ပါဝင်နေသူက ဆိုသည်။

“အခုပြဿနာက အရေအတွက်နဲ့ အရည်အချင်းပြဿနာပဲ။ အရေအတွက် ဆရာကြီးတွေက ကျွန်တော်တို့အရည်အချင်း ဦးတည်နေတာကို ဆန့်ကျင်နေတယ်။ ဘာကြောင့် ဆန့်ကျင်လဲဆိုတော့ ကျောင်းတွေမှာ လူနည်းသွားမယ်ပေါ့။ ကျွန်တော်တို့ အမြင်အရတော့ လူနည်းနည်းနဲ့ ကောင်းကောင်းသင်ရမယ်လေ” ဟု ၎င်းက ပြောသည်။

ပညာရေးပြုပြင်ပြောင်းလဲရန် အရေးတကြီး လိုအပ်နေချိန်တွင်စစ်အစိုးရလက်ထက်အကြွင်းအကျန်များနှင့် ၎င်းတို့မွေးထုတ်ထားသူများက ဆန့်ကျင်ဘက်ပြုလုပ်နေကြခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

“ဒီပြုပြင်ပြောင်းလဲရေးဟာ အရေးကြီးတယ်။ လုပ်ကြစို့ဆိုပြီး ကြိုးစားကြည့်နေတာပေါ့။ အဲဒီအခါမှာ ဆန့်ကျင်ဘက်လူတွေက အများကြီးပဲ။ အရင်တုန်းက မွေးထုတ်ပေးခြင်း ခံရတဲ့သူတွေ အနည်းအကျဉ်းပါသလို၊ အဲဒီလိုမွေးထုတ်ပေးလိုက်တဲ့ လူကြီးတွေလည်းအများကြီးပါတာတွေ့ရတယ်”ဟု သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

လက်ရှိကာလသည် ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် အခွင့်အလမ်းကောင်းများ ရှိနေချိန် ဖြစ်သော်လည်း စိန်ခေါ်မှုများကို မကျော်လွှားနိုင်ပါက မြန်မာ့ပညာရေးစနစ်ဆိုးဝါးနေမှုမှကယ်တင်နိုင်ခွင့် ဆုံးရှုံးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“ဒီအချိန်က ပြန်ပြီးတည့်မတ်အောင် လုပ်ဖို့အတွက် တကယ့်အခွင့်အရေး တစ်ရပ်ပဲ။ အဲဒါကိုမှ ကျွန်တော်တို့က ဆုပ်မကိုင်နိုင်ဘူးဆိုရင်သွားပြီ။ မြန်မာ့ပညာရေးက မရတော့ပါဘူး။ သမ္မတကြီးကို ကျေးဇူးတင်ပါတယ်။ အခုလို ပြုပြင်ပြောင်းလဲရမယ်ဆိုတာ သိရှိနားလည်တဲ့အတွက် လုပ်ခွင့်ပြုတဲ့အတွက်ပါ” ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။



*အခြေခံကျောင်းသား၊ကျောင်းသူများကို တွေ့ရစဉ်* — ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဆွီဒင်မဟာဘွဲ့ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

ဆွီဒင်နိုင်ငံတွင်မဟာဘွဲ့ပညာသွားရောက်သင်ယူခွင့်ရရှိမည့် ပညာသင်ဆုအစီအစဉ်အတွက် မြန်မာကျောင်းသားများ ဖေဖော်ဝါရီ ၁၁ ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံအပါအဝင် ဆူဒန်၊ ဆိုမာလီယာ၊ ဇင်ဘာဘွေ၊ ကင်ညာ၊ ရဝမ်ဒါ၊ မာလီ၊ ကွန်ဂို၊ အီသီယိုးပီးယား၊ အာဖဂန်နစ္စတန်စသည့် နိုင်ငံတို့မှ ကျောင်းသားစုစုပေါင်း၄၅၀ဦးကို ၂၀၁၄-၂၀၁၅အခုနှစ်တွက် ရွေးချယ်သွားမည်ဖြစ်သည်။

ဉာဏ်ပညာကြီးမားသူ၊ ခေါင်းဆောင်မှုစွမ်းရည်ရှိသူတို့အတွက် ပေးအပ်နေသော ပညာသင်ဆုအစီအစဉ်တွင် အသက်အရွယ်၊ ကျား၊ မနှင့် ဘာသာရေးယုံကြည်မှုတို့ ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

ပညာသင်ဆုအစီအစဉ်အတွက် ဆွီဒင်နိုင်ငံရှိ တက္ကသိုလ်များတွင် ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်လျှောက်ထားနိုင်မည်ဖြစ်ပြီး ပညာသင်စရိတ်၊ နေထိုင်စားသောက်စရိတ်နှင့်လေယာဉ်ခကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အရှေ့ဥရောပနိုင်ငံတစ်ခုဖြစ်သည့် ဆွီဒင်နိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော မြန်မာကျောင်းသားများအနေဖြင့် www.studyinsweren.se တွင် ဝင်ရောက် ကြည့်ရှုလေ့လာ လျှောက်ထားနိုင်မည်ဖြစ်သည်။

# အခြေခံပညာဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးရန် အခြေခံပညာကဏ္ဍဆိုင်ရာမူဝါဒကြမ်းတွင် ထည့်သွင်းရေးဆွဲထား

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

အခြေခံပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးခြင်းဖြင့် အခြေခံပညာအဆင့်အရည်အသွေးမြှင့်တင်ရေးဆောင်ရွက်ရန် အခြေခံပညာကဏ္ဍဆိုင်ရာမူဝါဒများမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားသည်။

အခြေခံပညာဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများသည် အခြေခံပညာရေးတွင် နှစ်ရှည်လများ ပင်ပန်းဆင်းရဲစွာ တာဝန်ထမ်းဆောင်ခဲ့မှုကို အသိအမှတ်ပြုထောက်ပံ့ပေးရေးဆောင်ရွက်ရန် ၎င်းမူကြမ်းတွင် သတ်မှတ်ထားသည်။

“ဆရာ၊ ဆရာမတွေကို အရည်အသွေးမြှင့်တင်ပေးဖို့လိုအပ်သလို သူတို့ရဲ့ လူမှုစီးပွားဘဝမြှင့်တင်ပေးဖို့အတွက် အရေးကြီးပါတယ်။ ဒါကြောင့်ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ မူလတန်းပြဆရာ၊ ဆရာမတွေကို လုပ်သက်ပေါ် အခြေခံပြီးတော့ အလယ်တန်းပြလစာ ခံစားခွင့်ပြုပါတယ်။ မူလတန်းကျောင်းအုပ်တွေကိုလည်း ပုံမှန်ဆိုအလယ်တန်းပြလစာပဲ ခံစားခွင့်ရှိပါတယ်။ လုပ်သက်ပေါ် အခြေခံပြီးတော့ အထက်တန်းပြလစာခံစားခွင့်ပြုပါတယ်။ အလယ်တန်းကျောင်းအုပ်တွေကိုလည်း လုပ်သက်ပေါ် အခြေခံပြီးပြန်တမ်းဝင်အရာရှိလစာ ခံစားခွင့်ပြုပါတယ်”ဟုမြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်မျိုးသိမ်းကြီးက ပညာရေးမြှင့်တင်မှုဆိုင်ရာဒေသန္တရဆွေးနွေးပွဲတွင် ပြောသည်။

လက်ရှိကာလတွင် အခြေခံပညာဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက မိမိတို့ဘဝကို ကျေနပ်မြတ်နိုးဂုဏ်ယူစိတ်မြှင့်တင်ရန် အထောက်အပံ့ပေးရေးဆောင်ရွက်မည့် အစီအစဉ်များရှိကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ်များသည် ဆရာ၊ဆရာမအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုစိတ် လျော့နည်းလာသလို အများပြည်သူ၏ လေးစားကြည်ညိုခံရမှုယုတ်လျော့လာနေကြောင်း နိုင်ငံတကာ ပညာရေး(EI)အဖွဲ့အစည်း၏ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အရာရှိမစ္စတာဘာလာဆိုင်းက ရန်ကုန်မြို့တွင် ကျင်းပသော ဆရာ၊ ဆရာမများ တွေ့ဆုံပွဲတွင်ပြောခဲ့သည်။

7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# ရန်ကုန်နည်းပညာတက္ကသိုလ်ပြည်တွင်း၊ ပြည်ပအလှူငွေတန်ဖိုး ကျပ်သိန်းတစ်သောင်းကျော် ရရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃**

ပြန်လည်ဖွင့်လှစ်လိုက်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် ပြည်တွင်း၊ပြည်ပ အလှူရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းငွေမှာ ကျပ်သိန်းတစ်သောင်းကျော် ရှိခဲ့ကြောင်း အဆင့်မြင့်နည်းပညာတက္ကသိုလ်များဦးစီးကော်မတီ ဥက္ကဋ္ဌဦးညီလှငယ်က ပြောသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်ပြန်လည်ဖွင့်လှစ်ချိန်တွင် အစိုးရအသုံးစရိတ်ကြိုတင်တောင်းခံထားမှုမရှိခြင်းကြောင့် ကျောင်းသားဟောင်းများ၊ စေတနာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

“ဒီကျောင်းပြီးပြန်ဖွင့်တော့မယ်ဆိုတော့ အားလုံးကဝမ်းပန်းတသာနဲ့ အထူးသဖြင့် ကျောင်းသားဟောင်းတွေက ဝမ်းသာပြီး လှူကြတယ်။ ငွေကြေးအနေထက် ဒီအပိုင်းဆိုရင်တော့ သူကတာဝန်ယူဆောင်ရွက်ပေးတာပေါ့။ လုပ်ငန်းတွေ အသီးသီးတာဝန်ယူ လုပ်ကိုင်ပေးကြတယ်။ ငွေလည်း လှူတဲ့သူရှိတယ်ပေါ့။ သူတို့ပံ့ပိုးမှုကို အားလုံးပေါင်းလိုက်ရင် ကျပ်သိန်းပေါင်းတစ်သောင်းမကပါဘူး။ အခုချိန်ထိပေါ့”ဟု ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသည့် ဦးညီလှငယ်က ပြောသည်။

လက်ရှိအချိန်တွင်ရန်ကုန်နည်းပညာတက္ကသိုလ်သည် အစိုးရအသုံးစရိတ်အပြင် ပြင်ပအလှူရှင်များ၏ ရန်ပုံငွေကို ဘဏ်စာရင်းအပ်နှံ၍ တက္ကသိုလ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“အခုလည်း ငွေနည်းနည်းရှိတယ်။ ဒါပေမဲ့ အဲဒီငွေကို ချွေချွေတာတာ သုံးရတယ်။ အစိုးရအသုံးစရိတ်ကလည်း လွယ်လွယ်ကူကူမရဘဲ အရေးပေါ်တဲ့အချိန်၊ အစိုးရအသုံးစရိတ်နဲ့ သုံးလို့မရတဲ့နေရာမှာ ကျွန်တော်တို့သုံးတယ်။ သုံးယောက်လက်မှတ်ထိုးပြီးဘဏ်မှာ အပ်ထားတယ်” ဟု တက္ကသိုလ်ပြန်လည်ဖွင့်လှစ်နိုင်ရန် ဦးဆောင်ကြိုးပမ်းခဲ့သည့် အထက်ပါပုဂ္ဂိုလ်က ဆိုသည်။




တစ်ချိန်က ရန်ကုန်စက်မှုတက္ကသိုလ် အမည်ဖြင့် အိမ်နီးချင်းနိုင်ငံများက လေးစားအားကျခဲ့ရသော၊ အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးခဲ့သော တက္ကသိုလ်ကို စစ်အစိုးရကနှစ်ပေါင်းများစွာပိတ်ထားပြီးနောက် ဦးသိန်းစိန် အစိုးရက ရန်ကုန်နည်းပညာတက္ကသိုလ်အမည်ဖြင့် လွန်ခဲ့သည့် ပညာသင်နှစ်တွင် ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။






ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းစနစ် အပြောင်းအလဲမရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃**

၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် မေးခွန်းထုတ်ဝေမည့်ပုံစံသည်အပြောင်းအလဲမရှိဘဲ ယခင်နှစ်များအတိုင်း ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနတို့အတွက် တက္ကသိုလ် ၁၀ ခုမှ မေးခွန်း ၁၀ စုံထုတ်ဝေစစ်ဆေးလျက်ရှိနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအတွက် မေးခွန်းတစ်စုံသာထုတ်ဝေရန် တောင်းဆိုမှုများရှိနေသည်။

“ကျွန်တော်တို့ကို အပြောင်းအလဲအတွက် ညွှန်ကြားထားတာမရှိပါဘူး။ အရင်နှစ်တွေအတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာပါ”ဟုမြန်မာနိုင်ငံစာစစ်အဖွဲ့ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်တွင် ရာထူးတာဝန်မှ အနားယူခဲ့သော ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအေးကြူက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအတွက် မေးခွန်းတစ်စုံနှင့် နိုင်ငံခြားစာစစ်ဌာနအတွက် မေးခွန်းတစ်စုံပြုစုစစ်ဆေးရန် စီစဉ်ထားကြောင်း ၂၀၁၃ခုနှစ် မေလကပြောကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ကျောင်းသားများအတွက် မေးခွန်းတူညီမှုမရှိခြင်းကြောင့် ကျောင်းသားများတက္ကသိုလ်ဝင်ခွင့်ရရှိရာတွင် အားနည်းမှု၊ အားသာမှုတို့ ဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်တို့က ဝေဖန်ထောက်ပြနေကြသည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် တက္ကသိုလ်ဝင်ခွင့်ရရှိရန် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရလဒ်ပေါ် အခြေခံနေခြင်းကိုပြောင်းလဲပြီး သက်ဆိုင်ရာတက္ကသိုလ်အလိုက် ကျောင်းသားများ၏ ဝါသနာနှင့် စိတ်ဝင်စားမှုပေါ်မူတည်၍ ဝင်ခွင့်များစစ်ဆေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပြင်ပပညာရှင်များက ဆွေးနွေးတိုင်ပင်နေကြသည်။

# တရုတ်သို့ တရားမဝင်သွားရောက်လုပ်ကိုင်သူ ၃၀,၀၀၀ ခန့်ရှိဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

တရုတ်နိုင်ငံသို့ တရားဝင်လုပ်သားစေလွှတ်ခွင့် ပြုမထားသော်လည်း သွားရောက်လုပ်ကိုင်သည့် မြန်မာအလုပ်သမား သုံးသောင်းခန့်ရှိကြောင်း Treasure Land Development Association မှ စီမံကိန်းမန်နေဂျာ ဦးဇော်မြင့်ထွန်းက ပြောသည်။

တရုတ်နိုင်ငံသို့ မြန်မာအလုပ်သမားများ သွားရောက်လုပ်ကိုင်မှုကို မြန်မာအစိုးရက တရားဝင်ခွင့်ပြုထားခြင်းမရှိသော်လည်း သွားရောက် လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား သုံးသောင်းခန့်ရှိသည်။ တရုတ်နိုင်ငံတွင် လစာကောင်းကောင်းရမည်ဟုဆိုကာ စည်းရုံးဆွဲဆောင်၍ မြန်မာအလုပ်သမားများကို တရားမဝင်ပို့ဆောင်လျက်ရှိသည့်အပြင် မြန်မာအလုပ်သမားများ လူကုန်ကူးခံရမှု အများဆုံးနိုင်ငံများတွင် တစ်ခုပါဝင်လျက်ရှိသည်။

“အများစုက နယ်စပ်ဖြတ်ကျော်တဲ့အခါ တရားဝင် လုပ်သွားပြီး ဟိုရောက်မှ တရားမဝင်လုပ်ပြီး အလုပ်လုပ်ကြတာ။ အများစုက အလုပ်ကြမ်းနဲ့ သွားတာများတယ်” ဟု ဦးဇော်မြင့်ထွန်းက ပြောသည်။




*မြန်မာနိုင်ငံမှ အလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်သော တရုတ်နယ်စပ်ရှိ ရွှေလီမြို့တစ်နေရာကို တွေ့ရစဉ်* ဓာတ်ပုံ-အောင်သူရ

တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများသည် ရာသီအလိုက်ရွှေ့ပြောင်းကာ သွားရောက်လုပ်ကိုင်လျက်ရှိပြီး တစ်လလျှင် လစာငွေကျပ် တစ်သိန်းခွဲမှ နှစ်သိန်းအထိ ရရှိကြသည်။ တရုတ်နိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင် တရားမဝင်ပွဲစားများက လူမှောင်ခိုထားခြင်းဖြင့် တရားမဝင် လူကုန် ကူးမှုသဖွယ်ဆောင်ရွက်လျက်ရှိသည်။

“တရုတ်နိုင်ငံကိုတော့ ငါတို့ဘက်က တရားဝင် အလုပ်လုပ်ကိုင်ဖို့ ခွင့်မပြုထားပါဘူး” ဟု နေပြည်တော်အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ နန့်ခမ်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံထဲသို့ အများဆုံးသွားရောက်ကြပြီး တရုတ်နိုင်ငံထဲတွင် ဟိုတယ်နှင့်လောင်းကစားရုံများ၊ စားသောက်ဆိုင်များ၊ စိုက်ပျိုးရေးနှင့် ပန်းရန် အလုပ်နေရာများတွင် သွားရောက် လုပ်ကိုင်လျက်ရှိသည်။ သွားရောက်အလုပ်လုပ်ကိုင်သူ အများစုသည်အမျိုးသမီးများဖြစ်ကြသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဆရာ၊ ဆရာမ အလိုရှိသည်**
ထိုင်းဘာသာစကား 4 Skills(2) Posts
ပြင်သစ်ဘာသာစကား 4 Skills(2) Posts
ဂျာမန်ဘာသာစကား 4 Skills(2) Posts
ရုရှားဘာသာစကား 4 Skills(2) Posts
ကိုရီးယားဘာသာစကား 4 Skill (2) Posts
SUPER TOP ဖုန်း-၀၉ ၅၀၅၈၉၃၄

---

**ဝန်ထမ်းအလိုရှိသည်**
Marketing ဝန်ထမ်း
အမှတ် (၈၄)၊ ၂၂ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁၄၆၃၉၃

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Superviser F (2) Posts
Marketing Staff M/F (6) Posts
Computer Operator F (1) Post
email:wathancenter@gmail.com
PH:09 5060376

---

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး အရောင်းဝန်ထမ်း (၂) ဦး
Direct Sale အတွေ့အကြုံရှိသူ။
D10 Diamond & Jewellery
ဖုန်း-၀၉ ၇၃၀၅၂၁၁၅

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာစာရင်းကိုင်ကျွမ်းကျင်၊ အမျိုးသမီးဝန်ထမ်းအလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။လစာကောင်းကောင်းပေးမည်။
ဖုန်း-၀၉ ၂၅၀၅၀၅၆၃၉

---

**ဝန်ထမ်းအလိုရှိသည်**
အလုပ်ကြမ်း ကျား (၄) ဦး
အသက် (၂၀)အထက်။ (နယ်ဦးစားပေး၊ နေရေး၊ စားရေး စီစဉ်ပေးမည်)
ဖုန်း-၀၉ ၈၆၁၂၆၈၁

---

**ဝန်ထမ်းအလိုရှိသည်**
စာစီစာရိုက် Pagemaker+ Indesign
ကျွမ်းကျင်သူ (၃) ဦး
အလုပ်သင်(ပညာသင်) (၂) ဦး
Dream City Computer
ဖုန်း-၀၉ ၇၃၀၅၂၄၃၃

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းအလိုရှိသည်။
အမျိုးသမီးယာဉ်မောင်းကျွမ်းကျင်(၁)ဦး
ဖုန်း-၀၉ ၄၉၇၇၀၉၈

---

**ဝန်ထမ်းအလိုရှိသည်**
ရောင်းမောင်းဝန်ထမ်း (၂) ဦး
အရောင်းဝန်ထမ်း (၅) ဦး
နေရေး၊ စားရေးစီစဉ်ပေးမည်။
ဖုန်း-၀၉ ၅၁၀ ၂၁၉၄

---

**ဝန်ထမ်းအလိုရှိသည်**
သန့်ရှင်းရေးဝန်ထမ်း ကျား (၁) ဦး
အသက် (၂၅-၃၅) နှစ်ကြား။
အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်ရမည်။ လစာရှစ်သောင်း။
ဖုန်း-၀၉ ၇၃၀၅၈၅၇၃

---

**ဝန်ထမ်းအလိုရှိသည်**
ဘဏ္ဍာရေးမှူး ကျား/မ (၁) ဦး
အဆောင်မှူး ကျား/မ (၂) ဦး
ရုံးဝန်ထမ်း ကျား/မ (၁) ဦး
ဥယျာဉ်မှူး ကျား (၁) ဦး
သန့်ရှင်းရေး မ (၁) ဦး
ဖုန်း-၀၉ ၄၂၀၄၉၀၇၅

---

**ဝန်ထမ်းအလိုရှိသည်**
Marketing အရောင်းဝန်ထမ်း
ကျား/မ (၃) ဦး
စာရင်းကိုင်ဝန်ထမ်း ကျား/မ (၂) ဦး
Superviser ကျား (၁) ဦး
Computer Desgin ကျား (၁) ဦး
ဖုန်း-၀၉ ၄၂၀၀၉၆၂၄၆

---

**ဝန်ထမ်းအလိုရှိသည်**
Medical Imaging Technologist
(Radiographer) ကျား/မ (၂) ဦး
Pharmacist မ (၃) ဦး
Pharmacy Sales မ (၅) ဦး
Receptionist မ (၃) ဦး
Cashier မ (၃) ဦး
Nurse-Aid မ (၅) ဦး
ဖုန်း-၀၁ ၃၈၄၀၄၂

---

**အလိုရှိသည်**
ပညာသင်ဝန်ထမ်း မ (၁၀) ဦး
အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် မ (၁) ဦး
စီးကွင့် မ (၁) ဦး
နန်းထိပ်တင်ဖက်ရှင်
သံလမ်း၊ လှိုင်မြို့နယ်။
ဖုန်း-၀၉ ၅၀၀၉၃၃၂

---

**အလိုရှိသည်**
ဗီဒီယိုဇာတ်ကားနှင့် တေးသီချင်း VCD တို့ ရိုက်ကူးရန်အတွက် သရုပ်ဆောင် သစ် ကျား (၁၀) ဦး၊ မ (၁၀) ဦး။
ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**
လက်ချုပ် မ (၁) ဦး
စီးကွမ့်စ် မ (၁) ဦး
အမှတ် (၇၃)၊ ရေဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၅၁၅၄၉၈၅

---

**အလိုရှိသည်**
မော်လမြိုင်မြို့ပေါ်ရှိ အလှပြင်ဆိုင်အတွက် (ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ လျှော်၊ ဆေးဆိုး၊ ပေါင်းတင်)၊ ဘက်စုံကျွမ်းကျင် မ (၂) ဦး အလိုရှိသည်။
ဖုန်း-၀၉ ၇၃၇၉၀၀၃၃

---

**ဝန်ထမ်းအလိုရှိသည်**
Assistant Auditor M/F (5) Posts
Admin Staff F (2) Posts
ကျွမ်းကျင်ယာဉ်မောင်း M (2) Posts
31/12/ 2013 မတိုင်မီလျှောက်ထားရန်။
ဖုန်း-၀၁ ၆၅၇၈၃၀

---

**အလိုရှိသည်**
Auto CAD 2D,3D Max မ (၂) ဦး
DTP မ (၂) ဦး
Sales Staff ကျား/မ (၂) ဦး
Marketing Staff ကျား/မ (၂) ဦး
Marketing Staff ကျား/မ (၂) ဦး
လျှပ်စစ်ကျွမ်းကျင် ကျား (၁) ဦး
Driver ကျား (၂) ဦး
ဖုန်း-၀၁ ၂၀၆၃၄၁

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း အမျိုးသားဝန်ထမ်း (၂) ဦး
အသက် ၂၅ မှ ၃၅ နှစ်၊ Tour အတွေ့အကြုံနှင့် အင်္ဂလိပ်စကားပြောအနည်းငယ်ကျွမ်းကျင်။ ဖုန်း-၀၉ ၄၃၁၅၅၅၇၇

---

**ဝန်ထမ်းအလိုရှိသည်**
မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား/မ (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး
ဖုန်း-၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**
လက်မနည်း/စင်တီမီတာနည်းဖြင့် စက်ချုပ်ကျွမ်းကျင် အမြန်အလိုရှိသည်။
ဖုန်း-၀၉ ၅၀၄၉၁၁၀

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာစာရင်းကိုင်ကျွမ်းကျင် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။လစာကောင်းမည်။
ဖုန်း-၀၉ ၂၅၀၅၀၅၆၃၉

---

**ဝန်ထမ်းအလိုရှိသည်**
အလုပ်ကြမ်း ကျား (၄) ဦး
အသက် (၂၀)အထက်။
(နယ်ဦးစားပေး၊ နေရေး၊ စားရေး စီစဉ်ပေးမည်)
ဖုန်း-၀၉ ၈၆၁၂၆၈၁

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
ကောက်၊ဖြောင့်၊ညှပ်ကျွမ်းကျင် မ (၅) ဦး
ခေါင်းလျှော်၊ လက်သည်းအလှပုံဖော် ကျွမ်းကျင် မ (၅) ဦး
PRETTY FAIRY BEAUTY AND SPA
ဖုန်း-၀၉ ၇၃၀၂၇၂၉၃

---

**ဝန်ထမ်းအလိုရှိသည်**
စာစီစာရိုက် Pagemaker+ Indesign
ကျွမ်းကျင်သူ (၃) ဦး
အလုပ်သင်(ပညာသင်) (၂) ဦး
Dream City Computer
ဖုန်း-၀၉ ၇၃၀၅၂၄၃၃

---

**ဝန်ထမ်းအလိုရှိသည်**
Medical Imaging Technologist
(Radiographer) ကျား/မ (၂) ဦး
Pharmacist မ (၃) ဦး
Pharmacy Sales မ (၅) ဦး
Receptionist မ (၃) ဦး
Cashier မ (၃) ဦး
Nurse-Aid မ (၅) ဦး
ဖုန်း-၀၁ ၃၈၄၀၄၂

---

**ဝန်ထမ်းအလိုရှိသည်**
လက်ချုပ် မ (၁) ဦး
စီးကွင့် မ (၁) ဦး
အမှတ် (၇၃)၊ ရေဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၅၄၉၈၅

---

**ဝန်ထမ်းအလိုရှိသည်**
သန့်ရှင်းရေးဝန်ထမ်း ကျား (၁) ဦး
အသက် (၂၅-၃၅) နှစ်ကြား။
အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်ရမည်။ လစာရှစ်သောင်း။
ဖုန်း-၀၉ ၇၃၀၅၈၅၇၃

---

**အလိုရှိသည်**
ပညာသင်ဝန်ထမ်း မ (၁၀) ဦး
အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**
Marketing အရောင်းဝန်ထမ်း
ကျား/မ (၃) ဦး
စာရင်းကိုင်ဝန်ထမ်း
ကျား (၁) ဦး၊ မ (၁) ဦး
Supervior ကျား (၁) ဦး
Computer Desgin ကျား (၁) ဦး
ဖုန်း-၀၉ ၄၂၀၀၉၆၂၄၆

---

**ဝန်ထမ်းအလိုရှိသည်**
Receptionist F (2) Posts
Supervisor F (2) Posts
No(660-A),Myakanthar (1) Street, Kamaryut Township.

---

**ဝန်ထမ်းအလိုရှိသည်**
Assistant Auditor M/F (5) Posts
Admin Staff F (2) Posts
ကျွမ်းကျင်ယာဉ်မောင်း M (2) Posts
31/12/ 2013 မတိုင်မီလျှောက်ထားရန်။
ဖုန်း-၀၁ ၆၅၇၈၃၀

---

**ဝန်ထမ်းအလိုရှိသည်**
ဆရာ၊ ဆရာမများအမြန်အလိုရှိပါသည်။ AutoCAD Fulltime ပြသနိုင်သူ ဆရာမ (၂) ဦး ဖုန်း-၀၉ ၄၂၀၁၁၆၂၂၁

---

**အလိုရှိပါသည်**
ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း (ကျား)၊ ကိုယ်တိုင် ဦးဆောင်စိုက်ပျိုးနိုင်သူ၊ မင်္ဂလာဒုံ/မှော်ဘီတွင် လုပ်ရမည်။ ကျွမ်းကျင်မှုအလိုက် အခြေခံလစာ၊ ရေ ထင်းမီး၊ နေစရာအဆင်သင့်။
ဖုန်း-၀၁ ၅၃၈၀ ၂၀၊ ၀၉ ၅၀၅၀၀၅၈

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# အာဆီယံဥက္ကဋ္ဌကြီး ဖြေဆိုရမည့်စာမေးပွဲ

■ အေးသူစံ

**အာဆီယံ** ဥက္ကဋ္ဌ မြန်မာက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တစ်ထောင်နီးပါးသို့ တက်ရောက်ကြမည့် ဧည့်သည်ပေါင်း နှစ်သောင်းခွဲကျော်အတွက် မြန်မာနိုင်ငံက အခြေခံပြင်ဆင်မှုအားလုံး ပြည့်စုံသွားပြီဖြစ်ကြောင်း အာဆီယံရေးရာတာဝန်ရှိသူများက ပြောကြားသည်။

မြန်မာတွင် ကျင်းပမည့် အစည်းအဝေးများတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီများဖြစ်သော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဂျပန်အစိုးရနှင့် JICA က အများဆုံးကူညီထားပြီး အစည်းအဝေးများ လစ်ဟာချက်မရှိအောင်မြင်စေရန် အထောက်အကူပြုသင်တန်းများကို သြစတြေးလျ၊ စင်ကာပူ၊ မလေးရှားတို့က ကူညီပေးခဲ့သည်။

ကြိုတင်အသိပေးမှုမရှိဘဲ မကြာခဏ လျှပ်စစ်မီးပြတ်တတ်ခြင်း၊ အင်တာနက်လိုင်းများ နှေးကွေးလွန်းခြင်း၊ အဓိကအစည်းအဝေးများကျင်းပမည့်နေပြည်တော်သို့ နိုင်ငံတကာမှ တိုက်ရိုက်လေကြောင်းလိုင်းများဆင်းသက်နိုင်မှု မရှိသေးခြင်း၊ တည်းခိုနေထိုင်စရာ ဟိုတယ်ခန်းများ အလုံအလောက်မရှိခြင်းစသည့်အခြေခံအဆောက်အအုံလိုအပ်ချက်များကြောင့်မြန်မာတွင်ကျင်းပမည့်အစည်းအဝေးများကို နိုင်ငံတကာက သံသယရှိသည်။

ဆီးဂိမ်းမတိုင်မီက ကျင်းပခဲ့သည့်ကမ္ဘာ့စီးပွားရေးဖိုရမ်တွင်အခြေခံအဆောက်အအုံ မပြည့်စုံမှုတို့ကြောင့်ပြည်ပနိုင်ငံသားများ၏ ကန့်ကွက်ခြင်းအချို့ကိုခံခဲ့ရသည်။

သို့သော်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ဆီးဂိမ်းအားကစားပွဲအပြီးတွင် မြန်မာအပေါ် စိုးရိမ်မှုများ လျော့ကျသွားခဲ့သလို မြန်မာဘက်ကလည်း အချိန်မီပြီးစီးရန် လိုနေသေးသည့် ဟိုတယ် ၇၇ လုံးနှင့် ဧည့်ဂေဟာ အလုံး ၂၀ ကို ဇန်နဝါရီပထမပတ်တွင်ပင် ပြီးစီးအောင် ဆောက်လုပ်နိုင်ခဲ့သည်။ ထို့ပြင် ထိပ်သီးအစည်းအဝေးကြီးနှစ်ခုအတွက် အဓိကကျသည့်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကြီး (MICC-2) ကို ဖွင့်လှစ်လိုက်သည်။

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသည် ပေ ၁၀၀၀ × ၄၀၀ ကျော် ကျယ်ဝန်းသောသုံးထပ်အဆောက်အအုံဖြစ်သည်။ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်မည့် ခန်းမကြီး ခုနစ်ခုနှင့် အရေးကြီး ပုဂ္ဂိုလ်နားနေခန်း၊ လုံခြုံရေးကင်မရာအလုံး ၂၀၀တပ်ဆင်ထားပြီး နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပမည့် ခန်းမငယ်နှင့် နိုင်ငံအလိုက် ရုံးခန်းပေါင်း ၂၀ပါဝင်တည်ဆောက်ထားသည်။ မြန်မာဗိသုကာပညာရှင်များက အစအဆုံး ဒီဇိုင်းထုတ်တည်ဆောက်ထားပြီး အသံလုံစနစ်နှင့် အခန်းနံရံဒီဇိုင်းများကို စင်ကာပူ၊ မလေးရှားစသည့် အာဆီယံနိုင်ငံများမှ ကျွမ်းကျင်အင်ဂျင်နီယာများ၏ အကူအညီကို သာယူခဲ့သည်။

ရဟတ်ယာဉ်ဆင်းသက်မည့်ကွင်းကိုပါထည့်သွင်းတည်ဆောက်ထားပြီး တက်ရောက်လာသည့် ဧည့်သည်များ ဘာသာရေးအလိုက် ဝတ်ပြုခန်းများကိုပါထည့်သွင်းစီစဉ်ပေးထားသည်။

"MICC မှာ ဘာသာရေးအရ ဘုရားရှိခိုးဝတ်ပြုခန်းတွေ၊ ဥပမာ အစ္စလာမ်ဘာသာဝင်တွေအတွက်ဆို သူတို့ဘာသာရေးအရ ခြေထောက်ဆေးဖို့ကအစ အားလုံး အသေးစိတ်ပြင်ဆင်ထားတယ်။ ဒါ MICC တစ်ခုတည်းမှာ မဟုတ်ဘူး၊ အာဆီယံအစည်းအဝေးကျင်းပမယ့်နေရာတိုင်းမှာပြင်ဆင်ထားပေးထားတာပါ" ဟု အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ပြောကြားသည်။

ပြီးခဲ့သည့် ဆီးဂိမ်းနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ဝေဖန်မှုများထွက်ပေါ်ခဲ့သောသယ်ယူပို့ဆောင်ရေးကိစ္စ အဆင်ပြေစေရန် အထူးလေယာဉ်လိုင်းများကို အစည်းအဝေးရက်အတွင်း ပြေးဆွဲမည်ဟု မြန်မာနိုင်ငံဆိုင်ရာအာဆီယံပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြောသည်။

"သယ်ယူပို့ဆောင်ရေးကော်မတီက ဒုဝန်ကြီး ဦးဇင်ယော်တို့အဖွဲ့က နေပြည်တော်မှာ သွားလာမှုအဆင်ပြေစေဖို့ လွှတ်တော်ဘတ်ဂျက်နဲ့ ဝယ်ထားတဲ့ကားတွေနဲ့ ဆီးဂိမ်းတုန်းက သုံးထားတဲ့ကားတွေအားလုံး ပြင်ဆင်ထားတယ်။ နေပြည်တော်ကို တိုက်ရိုက်မလာဘဲ ရန်ကုန်ကနေလာမယ့် ပြည်ပဧည့်သည်တွေလည်း အဆင်ပြေရအောင် MAI က Special Flight တွေ စီစဉ်ထားတယ်။ ခေါင်းဆောင်အများစုကတော့ ကိုယ်ပိုင်လေယာဉ်နဲ့လာမှာမို့ တစ်ဆင့်ခံလာတာ နည်းပါလိမ့်မယ်" ဟု ၎င်းကပြောသည်။

ပြီးစီးသွားသည့် နိုင်ငံတော်ဧည့်ဂေဟာ အလုံး ၂၀ တွင် နိုင်ငံခေါင်းဆောင်အကြီးအကဲများနှင့် ရာထူးကြီးသူများကို နေရာချထားမည်ဖြစ်ပြီး စုစုပေါင်း လူ ၃၀၀၀ ကျော် တည်းခိုနိုင်သည်။ နေပြည်တော်ဟိုတယ်ဇုန်နှစ်ခုရှိ ဟိုတယ်ပေါင်း ၇၇ လုံးတွင် ဟိုတယ်ခန်းပေါင်း ၄၀၀၀ ကျော်ကို အသင့်ပြင်ပြီးဖြစ်ပြီး အခြားကိုယ်စားလှယ်များနှင့် နိုင်ငံတကာဧည့်သည်များ တည်းခိုနေထိုင်နိုင်မည်ဖြစ်သည်။

"ထိပ်သီးအစည်းအဝေးတွေက လူနှစ်သောင်းခွဲကျော်လောက်တက်မှာဖြစ်ပေမယ့် ပြည်တွင်းကဌာနဆိုင်ရာကပဲ ငါးထောင်လောက်ပါမှာဆိုတော့ ဒီလူအရေအတွက်က နေပြည်တော်မှာ ကောင်းကောင်း လုံလောက်ပါတယ်။ ဒါပေမဲ့ ထပ်တော့ အသေးစိတ်ညှိနှိုင်းရဦးမှာပဲ။ ထပ်ဆောက်ဖို့တော့ လိုကောင်းလိုပါဦးမယ်" ဟု ဦးအောင်လင်းက ဆိုသည်။

မြန်မာသည် ၂၀၁၄ တစ်နှစ်လုံးတွင် အာဆီယံထိပ်သီးအစည်းအဝေးနှစ်ခု၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၊ စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးစသည့် အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်ရော အစည်းအဝေးဥက္ကဋ္ဌအဖြစ်ပါ ကျင်းပရမည်ဖြစ်သည်။

အစည်းအဝေးများ အဆင်ပြေစေရန်အတွက် နိုင်ငံခေါင်းဆောင်များကို တည်းခိုစားသောက်နေထိုင်သွားလာရေး၊ မိမိတွေ့ဆုံလိုသည့် ခေါင်းဆောင်အချင်းချင်း ညှိနှိုင်းတွေ့ဆုံရေး စသည့် အသေးစိတ်ဝေယျာဝစ္စများကို ကူညီပေးရန် ဝန်ကြီးဌာန ၃၆ခုမှ ဆက်ဆံရေးအရာရှိ ၃၅၀ ကိုလည်း အသင့်ပြင်ဆင်ပြီးဖြစ်သည်ဟု သိရသည်။

"နေပြည်တော်တစ်ဝိုက်က စားသောက်ဆိုင်တွေ၊ ဘုရားတွေ၊ လည်ပတ်စရာနေရာတွေကို သေချာလေ့လာထားတယ်။ ခေါင်းဆောင်တွေ မေးရင် မသိတာမရှိအောင်လို့။ ဥပမာ-ရာသီဥတုက မကောင်းလို့မိုးရွာနိုင်တယ်ဆိုတာက အစ ကိုယ်ကအသေးစိတ် ဂရုတစိုက်နဲ့ သူတို့ကိုပြောပေးရမယ်" ဟု ဆက်ဆံရေးအရာရှိတစ်ဦးဖြစ်သူ မရွှေလဝါက ပြောကြားသည်။

အာဆီယံဆက်စပ်အစည်းအဝေးများကို နေပြည်တော်အပြင် ပုဂံ၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ရာ ယင်းမြို့များတွင်လည်း အခြေခံလိုအပ်ချက်များအားလုံး ပြီးစီးလုနီးပါးဖြစ်နေကြောင်း ဦးအောင်လင်းက ပြောသည်။

ပထမဆုံးကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ပုဂံမြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘရူနိုင်းတွင် ကျင်းပထားသည့် ထိပ်သီးအစည်းအဝေးတွင် သမ္မတဦးသိန်းစိန် ပြောကြားထားသည့် ဦးစားပေးအစီအစဉ်ကိုးချက်ကို အကောင်အထည်ဖော်မည့် အခြေအနေများကို ဝန်ကြီးများက ညှိနှိုင်းကြရမည်ဖြစ်သည်။ ယင်းညှိနှိုင်းချက်များသည် မြန်မာက မေလ ၁၀ ရက်တွင်ကျင်းပမည့် ထိပ်သီးအစည်းအဝေးကြီးတွင် အာဆီယံခေါင်းဆောင်များ ဆွေးနွေးရမည့် အခြေခံလိုအပ်ချက်များဖြစ်လာမည်ဖြစ်ကြောင်း ဦးရဲထွဋ်က ပြောကြားသည်။




**အာဆီယံထိပ်သီးအစည်းအဝေးကျင်းပမည့်** MICC **အဆောက်အအုံသစ်ကို သမ္မတမှ ဇန်နဝါရီ၄ရက်က ဖွင့်လှစ်စဉ်** m.president-office.gov.mm

**(၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး(ဘရူနိုင်း)တွင် သမ္မတဦးသိန်းစိန် ပြောကြားထားသည့် ဦးစားပေးလုပ်ငန်း(၉)ချက်**

၁။ ၂၀၁၅ ခုနှစ်လွန် ကုလသမဂ္ဂဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မီရေး။

၂။ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး။

၃။ ဒေသတွင်းဖွံ့ဖြိုးမှု ကွာဟချက်လျော့ချရေး။

၄။ ဒေသတွင်းနိုင်ငံများကြားသာမက မိတ်ဖက်နိုင်ငံများနှင့် ပေါင်းစည်းဆက်သွယ်မှုပိုမိုလွယ်ကူချောမွေ့စေရေး။

၅။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု မြှင့်တင်ရေး။

၆။ သက်ကြီးလူထုကိစ္စ ဖြေရှင်းရေး။

၇။ ပဋိပက္ခနှင့် သဘာဝဘေးတို့ ပြန်နိုင်ရေး စွမ်းရည်မြှင့်တင်ရေး။

၈။ ဆွေးနွေးဖက်များနှင့် ဆက်ဆံမှုမြှင့်တင်ရေး။

၉။ လက်တွေ့ကျသော ၂၀၁၅ နှစ်လွန်မျှော်မှန်းချက်ချမှတ်နိုင်ရေး။

7 DAY NEWS JOURNAL
Vol.12, No.44 ▪ JANUARY 8 , 2014

မျက်နှာဖုံးမှအဆက်

# ပြည်ပပန်းချီပညာရှင်များ မြန်မာကို အာရုံကျလာ



ဓာတ်ပုံ-ကျော်ဇင်သန်း

*ရန်ကုန်မြို့ လောကနတ်ပန်းချီပြခန်း၌ ပြုလုပ်သော ပြပွဲတစ်ခုတွင် ပြသထားသည့် ပန်းချီကားများကို ကြည့်ရှုနေသည့် ဧည့်သည်များ*

စင်ကာပူနိုင်ငံသားနှစ်ဦးဖြစ်သည့် ပန်းချီဆရာ Jay Koh နှင့် ပန်းချီဆရာမ Chu Chu Yuan တို့က ပန်းချီလက်ရာများအပါအဝင် အင်စတော်လေးရှင်းလက်ရာများကို လောကနတ်ပန်းချီပြခန်းတွင် လာရောက်ပြသခဲ့ကြသည်။

ဘယ်လ်ဂျီယံနိုင်ငံသား သုံးဦးကလည်း Three Colours of Belgium အမည်ရှိ ပန်းချီပြပွဲကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် လာရောက်ပြသခဲ့ကြသည်။ ၎င်းတို့မှာ ၁၉၉၆ ခုနှစ်ကတည်းက ပန်းချီလက်ရာများကို ကမ္ဘာတစ်ဝန်းရှိ ထိပ်တန်းပန်းချီပညာပြခန်းတွင် ပြသခဲ့သည့် ပန်းချီဆရာ ခရစ္စတီယန်ဒဲဗယ်တာ၊ ဂရပ်ဖစ်ပန်းချီပညာရှင်၊ အက်ချာပါမောက္ခ ဟျူဂိုအာဘိန်းဘီဆာဒ်၊ စက္ကူပန်းချီ ဆရာမ နီကီကိုကီနော့စ်တို့ဖြစ်ကြသည်။

၎င်းတို့ သုံးဦးစလုံးသည် တီထွင်ဆန်းသစ်မှုအားကောင်းသည့် ကမ္ဘာကျော်ပန်းချီပညာရှင်များဖြစ်ကြပြီး အက်ချာအနုပညာနှင့် နီကီကိုကီနော့စ်၏ ဂျပန်စက္ကူချပ်ကြီးပေါ်တွင် ခေါက်သည့်နည်းသုံး၍ ရေးဆွဲခြင်း၊ အပ်ချုပ်စက်ကို ပုံဆွဲသည့် ကိရိယာအဖြစ် အသုံးပြုခြင်းပညာရပ်များမှာ အမည်ကျော်ကြားသည်။

ကမ္ဘာကျော်ပြခန်းတစ်ခုဖြစ်သည့် Gajah Gallery မှ မြန်မာနိုင်ငံရှိ လောကနတ် Gallery သို့ ပူးပေါင်းပန်းချီပညာရှင်ခုနစ်ဦး ဖြင့်လာရောက်ပြသခဲ့ပြီး အရွယ်အစားကြီးမားသည့် ပန်းချီကားချပ်များကို ချိတ်ဆွဲခဲ့သည်။ အဆိုပါပန်းချီပညာရှင်များတွင် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှလည်း ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)တွင်လည်း မြန်မာ-ဂျပန်ရေဆေးပန်းချီဆရာများ ညှိနှိုင်းပန်းချီပြပွဲကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့ရေဆေးပညာရှင်များအဖွဲ့ကလည်း ပါဝင်လာခဲ့သည်။ ထို့ကြောင့် အဆိုပါရေဆေးပန်းချီပြပွဲတွင် ပြည်ပပန်းချီလက်ရာများကို အနီးကပ်ထိတွေ့ခံစားခွင့်ရရှိခဲ့သည်။ ပညာရပ်ပိုင်းဆိုင်ရာဆွေးနွေးဖလှယ်ခွင့်များ ရရှိခဲ့သည်။

ပြည်ပမှပန်းချီပညာရှင်များသည် မြန်မာနိုင်ငံတွင် ပြင်သစ်ယဉ်ကျေးမှုဌာန၌သာ လာရောက်ပြသလေ့ရှိကြပြီး အပြင်ပန်းချီပြခန်းများနှင့် ချိတ်ဆက်ပြသခဲ့မှုမှာ ၂၀၁၃ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖြစ်လာသည်ဟု ပြော၍ရပါသည်။

မြန်မာနိုင်ငံ၏ ပန်းချီအနုပညာနယ်ပယ်ကြီးကို နိုင်ငံတော်မှ အားပေးမှုအလွန်နည်းပါးလျက်ရှိပါသည်။ ပြည်တွင်းပန်းချီဆရာများနှင့် ပြည်ပပန်းချီဆရာများကို ပူးပေါင်းပွဲထုတ်ပြသခြင်းများ လိုအပ်နေပါသည်။ မြန်မာ့ပန်းချီလောက တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်အတွက် နိုင်ငံတော်နှင့်တကွ စီးပွားရေးလုပ်ငန်းရှင်များကပါ စိတ်ဝင်တစားချီးမြှင့်အားပေးမှုများပြုလုပ်လာသင့်သည်။

"ပွင့်လင်းလာပေမယ့် အားပေးမြှင့်တင်မှုနည်းတယ်။ စီးပွားရေးသမားတွေကလည်း အနုပညာကို အားပေးအားမြှောက်ပြုဖို့ သိပ်နားမလည်ကြသေးဘူး"ဟု ပန်းချီအနုပညာဆောင်းပါးများရေးသားသည့် ကိုနိုင်စွမ်းက သုံးသပ်သည်။

ပန်းချီ အနုပညာအတွက် ကြားခံမီဒီယာများစွာရှိသည့်အနက် မြန်မာနိုင်ငံတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲသူက ပိုမိုများပြားလျက်ရှိသည်။ မီးသွေးအသုံးပြု၍ ရေးဆွဲခြင်းမျိုးရှိသော်လည်း Pastel ကဲ့သို့သော ရေးဆွဲနည်းမျိုးကို သုံးစွဲသူအင်မတန်နည်းနေသေးပါသည်။

**စာမျက်နှာ (၂၀)သို့**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 109,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 367,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 395,000 |
| Galaxy Note II | 470,000 |
| Galaxy Tab3 7" | 309,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 450,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 915,000 |
| iPhone 5s(16GB) | 805,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 144,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 116,000 |
| G 610c (CDMA) | 159,000 |
| Y 300c (CDMA) | 102,000 |

**ဇန်နဝါရီ(၄) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 680,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 268,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 248,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W$_9$ | 195,000 |
| Panasonic | 72B2 | 205,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

**အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၄)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၂၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၂၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"-1½") | ၁ ပိဿာ | ၁,၅၅၀ |
| အိမ်ရိုက်သံ (2"-4") | ၁ ပိဿာ | ၁,၂၅၀ |

**အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၄)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**ဇန်နဝါရီ(၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan (8) | 815 | 920 | 940 | 960 |
| Jan (9) | 815 | 920 | 940 | 960 |
| Jan (10) | 815 | 920 | 940 | 960 |
| Jan (11) | 815 | 920 | 940 | 960 |
| Jan (12) | 815 | 920 | 940 | 960 |
| Jan (13) | 815 | 920 | 940 | 960 |
| Jan (14) | 815 | 920 | 940 | 960 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| Model | Price |
|---|---|
| **HP** | |
| Intel Core i3 1.5 GHz, 4 GB DDR3, 500GB HDD, HD, 14" | 567,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 500 GB HDD, HD, 14" | 651,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 710,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 1 TB HDD ,14" | 832,000 |
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500GB HDD, HD, 14" | 465,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD,15.6" | 562,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 822,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD ,14" | 979,000 |
| **DELL** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, 14" | 567,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD,14" | 675,000 |
| Intel Core i5 1.7 GHz, 8 GB DDR3, 500GB HDD+SSD, 14" | 841,000 |
| Intel Core i7 2.2 GHz, 8 GB DDR3,750 GB HDD, HD, 15.6" | 960,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

စာမျက်နှာ(၁၉) မှ

## ပြည်ပပန်းချီပညာရှင်များ မြန်မာကို အာရုံကျလာ

ထို့အပြင် မြန်မာ့ပန်းချီလောကတွင်ကိုယ်ပိုင်ဟန်လည်းပျောက်လာကြောင်း စာရေးဆရာမသွေး(စစ်ကိုင်း)က သုံးသပ်ခဲ့သည်။

“Landscape ဆွဲလို့အောင်မြင်တယ်ဆိုရင်အဲဒါမျိုးတွေလိုက်ဆွဲကြတယ်။ ရေရှည်မှာ ပန်းချီဆရာတစ်ဦးအတွက် မကောင်းဘူး”ဟု သူကဆိုသည်။

ပြီးခဲ့သည့်နှစ်အတွင်းပန်းချီပြပွဲက ပိုမိုများပြားခဲ့ပြီး ပါဖောင့်မန့်နှင့် အင်စတော်လေးရှင်းပြပွဲများ လျော့နည်းခဲ့သည်ဟုလောကနတ်ပန်းချီပြခန်း မန်နေဂျာ ကိုအောင်မြင့်ထွန်းက ဆိုသည်။New Zero ပြခန်းမှာတော့အဆိုပါပြပွဲများကို အမြဲပြုလုပ်နေသည်။

နောက်ထပ် ထူးခြားချက်တစ်ခုမှာ မြန်မာ့ပန်းချီပြခန်းများသို့ နိုင်ငံခြားသားဧည့်သည်များလာရောက်လေ့လာကြည့်ရှုမှုယခင်ထက် ပိုမိုများပြားလာခြင်းဖြစ်သည်။ ဒေါ်လာသုံးရာမှ ငါးရာအကြား ပန်းချီကားချပ်များကို အမှတ်တရ အဖြစ် ဝယ်ယူမှုများလည်း ရှိလာသည်။ နာမည်ကျော်ပန်းချီပြခန်းများမှာလည်း တစ်နှစ်စာ ပြပွဲများဖြင့် ရက်ပြည့်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင်ပန်းချီပြခန်းနှင့် ပန်းချီစတူဒီယိုပေါင်း ၈၈ ခုရှိပြီး ရန်ကုန်တွင် ၆၀ ခန့်ရှိသည်ဟု သိရသည်။ ၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် ပန်းချီပြခန်းငါးခုထပ်မံပေါ်ပေါက်လာခဲ့သည်။ ယခင်က ပြည်ပဝယ်ယူမှုကို အားကိုးခဲ့ရသည့်မြန်မာ့ပန်းချီလောကသည် ယခုနှစ်ပိုင်းများတွင် ပြည်တွင်းဝယ်ယူစုဆောင်းမှုများကြောင့် ဈေးကွက်အနေအထားကျယ်ပြန့်လာသည်ကိုတွေ့ရသည်။

၂၀၁၃ ခုနှစ်တွင် နာမည်ကျော်ပန်းချီဆရာအချို့ ပြည်ပသို့ သွားရောက်ပြသမှုအချို့ရှိခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်တွင် ပြည်ပနိုင်ငံအချို့သို့ မြန်မာပန်းချီလက်ရာများကို သွားရောက်ပြသရန် စီစဉ်နေမှုများရှိနေကြောင်း ပန်းချီဆရာ၊ ကဗျာဆရာ ငအိမ်ထက်မြက်ကပြောသည်။

ယခင်အစိုးရလက်ထက်က ပန်းချီအနုပညာလောကကို အစိုးရက ထိန်းချုပ်မှုများပြုလုပ်ခဲ့၍ လွတ်လပ်စွာရေးဆွဲခွင့်မရခဲ့ပေ။ ယခုဒီမိုကရေစီအစိုးရသစ်လက်ထက်မှာတော့ပန်းချီဆင်ဆာဖြတ်တောက်မှုကို ဖြေလျှော့ပေးလိုက်သည့်အတွက် လွတ်လပ်စွာ ရေးဆွဲခွင့်ရရှိနေကြပြီဖြစ်သည်။

ပြည်တွင်းပြည်ပဈေးကွက်လည်းပိုမိုကျယ်ပြန့်လာသလိုပြည်ပမှ ပညာရှင်များ စိတ်ဝင်စားလာကြသည့် မြန်မာ့ပန်းချီအနုပညာလောကကြီး ယခုထက်ပိုမို အားကောင်းလာစေရန် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များက မြေတောင်မြှောက်၍ အားပေးသည့် ကာလပင်ဖြစ်ပါသည်။



ပန်းချီပြခန်းကိုကြည့်ရှုနေသော ကမ္ဘာလှည့်ခရီးသွားတစ်ဦး

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
(**Open 7:00 am To 7:00 pm**) ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**- ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

“**အောင်**” ပြီး “**ချမ်းမြေ့**” မှုတွေရရှိရန် “**အောင်ချမ်းမြေ့**” ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၂၁၉) ၁၄. ၁. ၁၄ စဉ် (၃၂၂၀) ၂၁. ၁. ၁၄ စမည်။

ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ

| | | | |
|---|---|---|---|
| (I) | 07:00 am to 09:00 am | (III) | 01:00 pm to 04:00 pm |
| (II) | 09:00 am to 12:00 pm | (IV) | 05:30 pm to 07:30 pm |

သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၂၁) ၁၈. ၁. ၁၄ (SAT & SUN) စဉ် (၃၂၂၂) ၂၅. ၁. ၁၄ (SAT & SUN)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၂၃) ၁၈. ၁. ၁၄ (Sat Only) စဉ် (၃၂၂၄) ၁၉. ၁. ၁၄ (Sun Only)
စဉ် (၃၂၂၅) ၂၅. ၁. ၁၄ (Sat Only) စဉ် (၃၂၂၆) ၂၆. ၁. ၁၄ (Sun Only)

ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၂၂၇) ၁၆. ၁. ၁၄ စမည်။ စဉ် (၃၂၂၈) ၂၃. ၁. ၁၄ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့သက်ခိုင်(၂)

“နယ်စပ်ရေပိုင်နက်မှာ အနေကြာလာတဲ့ ဗမာ့ရေတပ်ကလည်း တဖြည်းဖြည်းလူရည်လည်လာတယ်ဆိုရမယ်။ ဗမာဘက်ခြမ်းက ပုစွန်ထုပ်တွေဟာ အရည်အသွေးလည်းမြင့်၊ ဈေးနှုန်းလည်း ချိုတာကြောင့် တနင်္သာရီတိုင်းထဲက မြိတ်၊ ထားဝယ်အရပ်ဒေသတွေဆီကနေ ပုစွန်တွေဝယ်ပြီး ထိုင်းဘက်ကို ခိုးသွင်းကြတဲ့ကိစ္စမျိုးဆိုပါတော့။ ခိုးသွင်းတဲ့လှေတွေဟာ လှေဝမ်းထဲမှာ ပုစွန်တွေထည့် အပေါ်ကနေ မီးသွေးတွေဖုံးပြီး မီးသွေးလှေယောင်ဆောင်ကြသတဲ့။ အစပိုင်းမှာတော့ မီးသွေးလှေလို့ပြောရင် လှေအပေါ်ပိုင်းကို လှန်လှောကြည့်တယ်။ မီးသွေးတွေတွေ့တယ်။ လွတ်စေပေါ့ဗျာ။ ဒါပေမဲ့ နောက်ပိုင်းမှာ မီးသွေးလှေပါလို့ပြောတဲ့ လှေရဲ့ဝမ်းဗိုက်ထဲကရေကို လက်နဲ့ဆင်းစမ်းလိုက်လို့ ရေခဲရေလို အေးနေပြီဆိုရင် မီးသွေးလှေသမားကို နားရင်းရိုက်ပြီး “ပုစွန်ကီလို ဘယ်လောက်ပါသလဲပြောစမ်း” ဆိုပြီး အမိဖမ်းနိုင်ကြသတဲ့။ အေးလေ၊ လှေအောက်ပိုင်းမှာ ပုစွန်တွေကိုရေခဲရိုက်ပြီးတင်လာတာမို့ ဘယ်ပြေးလွတ်ပါ့မလဲ။ ခင်ဗျား တစ်ခု သတိပြုရမှာက ဗမာဘက်ခြမ်းကို ငါးလာခိုးတဲ့ လှေသားအားလုံးဟာ မွန်၊ ဗမာ၊ ထားဝယ်ဆိုတဲ့ မြန်မာနိုင်ငံသားချည်းပဲတဲ့ဗျာ။ ဒါကြောင့် ဗမာ့ရေတပ်အနေနဲ့ ကိုင်တွယ်တဲ့နေရာမှာ အတော်ကို ကသိကအောက်ဖြစ်မှာအမှန်ပဲ။ ထိုင်းငါးဖမ်းလှေပိုင်ရှင်တွေကလည်း ဒီအကွက်ကို အပိုင်နင်းပြီး အချိုးကြီးအပွကြံကြတာပါပဲ။ တစ်ခါတလေ ပုံစံတူငါးဖမ်းလှေပိုင်ရှင်တွေ စက်လှေတစ်စီးတိုက်ငါး ပြည့်ပြီဆိုရင် နောက်ထပ် အရောင်တူ၊ ပုံစံတူ ငါးဖမ်းစက်လှေတစ်စီး အစားထိုးပြီး ဝင်ဖမ်းတတ်ကြသေးသတဲ့။ မအူမလည် ဗမာရေတပ်က နောက်ထပ်ဝင်လာတဲ့ စက်လှေကို လာကြည့်မိတဲ့အခါ “သူတို့ခမျာ ခုထက်ထိ ငါးဖမ်းမရသေးပဲကိုး”ဆိုပြီး သူခိုးကို ပြန်သနားနေတတ်တာမျိုးလည်း ရှိသေးသတဲ့။

ကိုသက်ခိုင်၏ ထိုင်း-မြန်မာနယ်စပ် ငါးခိုးဇာတ်လမ်း ဤနေရာသို့အရောက်တွင် ဆာရက်ဆင်တံတားကြီးရှိ ရဲဂိတ်ကို လှမ်းမြင်နေရချေပြီ။ ဆာရက်ဆင်တံတားကြီးသည် ဖန်ငကုန်းမြေနှင့် ဖူးခက်ကျွန်းကို ဆက်သွယ်ထားသည့် တစ်ခုတည်းသော ကုန်းလမ်းဝင်ပေါက်ဖြစ်သည်။ ဖူးခက်မြို့သို့ ဝင်ရောက်လာမည့် တရားမဝင်ရွှေ့ပြောင်းလုပ်သားများနှင့် တရားမဝင်ကုန်ပစ္စည်းမျိုးစုံကို တင်းကျပ်စွာစစ်ဆေးသည့် ရဲဂိတ်သည် ဆာရက်ဆင်တံတားကြီးအဆင်း ဖူးခက်ကျွန်းဘက်မှာ တည်ရှိပြီး ခေတ်မီစစ်ဆေးရေးကိရိယာများ ပြည့်စုံစွာ တပ်ဆင်ထားသည့် ဂိတ်ပေတည်း။

ကိုသက်ခိုင်သည် ဆာရက်ဆင်ရဲဂိတ်ရှိရာသို့ ကွန်ခြေရရပင်ကားကိုမောင်းဝင်သွားသည်။ ထိုစဉ်မှာပင် တာဝန်ကျ ထိုင်းအရာရှိတစ်ဦး ကျွန်တော်တို့ကားရှိရာသို့ ခတ်သုတ်သုတ်လျှောက်လာပြီး ကိုသက်ခိုင်ကို လက်အုပ်ချီလျက် လှိုက်လှဲပျူငှာစွာနှုတ်ဆက်သည်။

“ဟား အစ်ကိုကြီးဂျွန် မတွေ့တာကြာပြီနော်”

“အေး။ ဟုတ်ပ့ါ ထုံချိုင်းရေ။ ဘာလိုလိုနဲ့ တို့နှစ်ယောက်မတွေ့တာ ၂နှစ်ကျော်ရော့မယ်”

သူတို့နှစ်ဦး အပြန်အလှန်နှုတ်ဆက်နေကြသည်မှာ ထိုင်းဘာသာစကားဖြင့်ဖြစ်ပါသည်။ ကိုသက်ခိုင်သည် အဆင့်မြင့်ထိုင်းစကားကို ရေလည်ရည်မွန်စွာ ပြောဆိုနိုင်ရုံမက ထိုင်းစာကိုပါကောင်းစွာဖတ်ရှုနိုင်သူဖြစ်၏။ အဆိုပါနှုတ်ဆက်စကားအဆုံးတွင် ထိုင်းရဲအရာရှိထုံချိုင်းသည် ဖမ်းဆီးထားသော မြန်မာပစ္စည်းအိတ်များကို ကျွန်တော်တို့ကားပေါ်သို့ သူကိုယ်တိုင်ဝိုင်းတင်ပေးနေလေသည်။ တံတားဂိတ်က မြန်မာပစ္စည်းအဖမ်းခံရသည့် ပြဿနာသည် ငါးမိနစ်အတွင်း ပြီးဆုံးသွားသည့်အဖြစ်ကြောင့် အပြန်လမ်းမှာ ကိုသက်ခိုင်ကို ကျွန်တော်စပ်စုမိပြန်သည်။

“ခင်ဗျား ဥစ္စာပိုင်လှချည်လားဗျ။ ဘာတစ်ခွန်းမှတောင် ပြောစရာမလိုဘဲ ပြီးသွားတာ အတော့်ကို အံ့သြစရာပါပဲ”

“ဘာမှ ထွေထူးပြီး အထင်ကြီးစရာ မရှိပါဘူးဗျာ။ ဒီလိုအဖြစ်မျိုး၊ အခက်အခဲမျိုးတွေကို ကြိမ်ဖန်များစွာ ကြုံခဲ့ရတဲ့ ကျွန်တော်ဟာ ထွက်ပေါက်တစ်ခုကို အသည်းအသန်ရှာဖွေရာကနေ ခုလို ချိတ်ဆက်မိကြတာဆိုပါတော့”

“အင်း၊ ဒါဆို ခင်ဗျားရဲ့ထွက်ပေါက်ရှာပုံလေးကိုနောက်ကြောင်းပြန်ပါဦးဗျ။ ပစ္စည်းတွေလည်းပြန်ရနေပြီပဲ။ အေးအေးဆေးဆေးပေါ့”

“အေးပေါ့ဗျာ။ အခုနေ ခင်ဗျားအမြင်မှာတော့ကျွန်တော်ဟာ လူစွမ်းကောင်းကြီးဖြစ်နေမှာပေါ့။ တကယ်တမ်းကျတော့ ဒီဘဝဒီအခြေအနေကိုရောက်ဖို့ ခါးသီးစပ်ဖျဉ်းတဲ့ အတွေ့အကြုံခပ်ကြမ်းကြမ်းတွေကို ဖြတ်ခဲ့ရတာပါပဲ။ ခဏလေးဗျာ။ ရာမန်စိတ်ပူနေမယ်။ သူ့ကို ဖုန်းဆက်လိုက်ဦးမယ်”

ဤသို့လျှင် ကိုသက်ခိုင်ထံမှ ရာမန်(ခေါ်)ဘိုင်ကြီးထံသို့ “ဟော့ကောင်၊ ရာမန်၊ မင်းချာတိတ်မ ပစ္စည်းတွေပြန်ရပြီ။ ငါ့အိမ်ကိုလာယူခိုင်းလိုက်တော့”ဟူသော ဖုန်းဆက်သည့်စကားအဆုံးတွင် သူ၏ ထိုင်းနိုင်ငံသို့ အခြေချခါစ ခါးသီးလှသော အတွေ့အကြုံတို့ကို ဇာတ်လမ်းဆက်ပြန်ပါသည်။

“ကျွန်တော်ထိုင်းကို ရောက်ခါစမှာ ပထမဆုံးကြုံရတဲ့ ရောမအခက်အခဲကတော့ ဘာသာစကားပြဿနာပါပဲ။ ထိုင်းလို တစ်နှစ်သုံးလေးတောင် ကျွန်တော်မရေးတတ်ဘဲကိုး။ ပိုဆိုးတာက ကျွန်တော့်စိတ်ထဲမှာ ဘယ်ကာလက ခိုအောင်းနေမှန်းမသိတဲ့ လူမျိုးကြီး စိတ်အစွဲပဲဗျာ။ ကျွန်တော့်ဘဝတစ်လျှောက်လုံး ဖတ်ခဲ့မှတ်ခဲ့တဲ့ ထိုင်း၊ မြန်မာရာဇဝင်ဇာတ်လမ်းတွေဟာ ထိုင်းလူမျိုးတွေကို ကျွန်တော်အထင်မကြီးအောင် တားဆီးပိတ်ဆို့ထားခဲ့တယ်ထင်ပါရဲ့။ ဒါကြောင့် ထိုင်းစကားကို သင်စရာမလိုတဲ့ ဘာသာစကားအဖြစ် ကျွန်တော့်မသိစိတ်မှာ စွဲနေပုံရတယ်ဗျ။ ငါမပြောတတ်လည်း စကားပြန်ရှိရင်ပြီးတာပဲလို့ တွေးခဲ့တာကိုး။ ဒါပေမဲ့ဗျာ။ တကယ်တမ်း ထိုင်းမှာ အခြေတကျနေပြီး စီးပွားရေးလုပ်တော့မယ်လည်းဆိုရော ဘာသာပြန်ပြဿနာဟာ ရောမပြဿနာကြီးတစ်ခုဖြစ်လာပါတော့တယ်။

စကားဖြတ်ပြောရရင် မွန်၊ ထားဝယ်လူမျိုးတွေဟာ ဗမာဘုရင်တွေခေတ်ကတည်းက ယိုးဒယားနဲ့ ကူးလူးဆက်ဆံမှုရှိခဲ့တာကတစ်ကြောင်း၊ မွန်စာဆိုရင် ထိုင်းစာနဲ့ အတော်နီးစပ်တာကတစ်ကြောင်းတို့ကြောင့် မွန်၊ ထားဝယ်တွေအတွက် ထိုင်းစကားကို တတ်လွယ်၊ သိလွယ်နေကြတယ်ဗျ။ ကျွန်တော့်လို အညာသားအတွက်ကတော့ အရမ်းစိမ်းလွန်းနေတယ်။ တကယ်လို့များ ခင်ဗျားကြီးကျယ်တဲ့ ကိစ္စရပ်ပြဿနာတစ်ခုခုမှာ ထိုင်းစကားပြောတတ်လှချည်ရဲ့ဆိုတဲ့ မွန်၊ ထားဝယ်တစ်ယောက်ယောက်ကို စကားပြန်အဖြစ်မသုံးပါလေနဲ့။ သူတို့ကို အထင်သေးလို့ပြောတာမဟုတ်ဘူး။ အကြောင်းရှိတယ်ဗျ။ လွန်ခဲ့တဲ့ ဆယ်နှစ် ဗမာပစ္စည်းတွေချည်းအပြည့်တင်ပြီး ကျွန်တော်ကိုယ်တိုင်မောင်းလာတဲ့ ကုန်တင်ကားတစ်စီး ဒီတံတားကြီးဂိတ်မှာ အဖမ်းခံခဲ့ရတုန်းကပေါ့ဗျာ”

(ဆက်လက်ဖော်ပြပါမည်။)

## ပုဂ္ဂိုလ်ရေးမက်ဆေ့ချ်များစောင့်ကြည့်သည်ဆိုပြီး ဖေ့စ်ဘွတ်ခ်တရားစွဲခံရ

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၃**

အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးမက်ဆေ့ချ်များကို ဖေ့စ်ဘွတ်ခ်က စောင့်ကြည့်သည်ဆိုသော စွပ်စွဲချက်များဖြင့် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ တရားစွဲခံထားရသည်။

အသုံးပြုသူများအနေဖြင့် အခြားသောဝက်ဘ်ဆိုက်တစ်ခု၏ လင့်ခ်ကိုပုဂ္ဂိုလ်ရေးမက်ဆေ့ချ်မှ တစ်ဆင့်ဝေမျှလိုက်စဉ်ပေးပို့လိုက်သူ၏ ဝက်ဘ်ဆိုက်လုပ်ဆောင်ချက်များကို သိရှိမှတ်သားနိုင်ရန် ဖေ့စ်ဘွတ်ကစောင့်ကြည့်သည်ဟု ယင်းတရားစွဲဆိုမှုတွင် ဖော်ပြထားသည်။




အသုံးပြုသူများ၏ အချက်အလက်များကိုသိရှိနိုင်ရန် ကြားဖြတ်စောင့်ကြည့်၍ ယင်းအချက်အလက်များကို ကြော်ငြာသူများနှင့် ဈေးကွက်ချဲ့ထွင်သူများထံ မျှဝေတိုက်ခိုက်ခြင်းဖြင့် အကျိုးအမြတ်ထွက်ခဲ့သည်ဟု တရားစွဲဆိုမှုကဖော်ပြသည်။

ယင်းစွပ်စွဲချက်များမှာ အထောက်အထားမရှိဟုဖေ့စ်ဘွတ်ခ်ကပြောသည်။ အသုံးပြုသူတစ်ဦးချင်းစီအတွက် ကန်ဒေါ်လာ ၁၀,၀၀၀ (သို့မဟုတ်) ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် တစ်နေ့စီချိုးဖောက်မှုများအတွက် တစ်နေ့လျှင် ကန်ဒေါ်လာ ၁၀၀ လျော်ကြေးပေးရန် ယင်းတရားစွဲဆိုမှုက တောင်းဆိုထားသည်။

မက်ဆေ့ချ်ပို့ဆောင်ပေးခြင်းနှင့်ဆက်စပ်မှုမရှိသော အခြားရည်ရွယ်ချက်များဖြင့် အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးမက်ဆေ့ချ်များကို ဖေ့စ်ဘွတ်ခ်က ပြန်လည်သုံးသပ်ခဲ့ကြောင်း တွေ့ရှိရသည်ဟုအမှီအခိုကင်းသော သုတေသနပြုချက်ကို ကိုးကား၍ ယခုသီတင်းပတ်စောစောပိုင်းက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

စောင့်ကြည့်ထောက်လှမ်းမှုကင်းသော လူမှုဆက်သွယ်ရေးဝန်ဆောင်မှုဝက်ဘ်ဆိုက်တစ်ခုကို အသုံးပြုနေသည်ဟုယုံကြည်ထားသည့်အသုံးပြုသူများမှာ မိမိတို့ဝေမျှလိုက်သောအချက်အလက်များ စောင့်ကြည့်ခံနေရကြောင်း မသိဘဲ မိမိတို့၏ ကိုယ်ပိုင်အချက်အလက်များစွာကို ဖော်ပြကြဖွယ်ရှိနေသည်ဟုယင်းတရားစွဲဆိုမှုက ဖော်ပြသည်။

ဖေ့စ်ဘွတ်ခ်အသုံးပြုသူများ၏အမည်နှင့် ဓာတ်ပုံများအသုံးပြုဖန်တီးကာ ကြော်ငြာခွင့်ပြုသည့် ဖေ့စ်ဘွတ်ခ်၏ ပုဂ္ဂိုလ်ရေးမူဝါဒများနှင့်ပတ်သက်၍လည်း ပြီးခဲ့သည့်နှစ် စက်တင်ဘာအတွင်းက ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ ဝေဖန်ခံခဲ့ရသည်။ *—Ref: BBC*



*၂၀၁၁ ခုနှစ်အတွင်းပြုလုပ်ခဲ့သည့် ဘားကမ့်ပွဲတွင် အင်တာနက် အသုံးပြုနေသူများ* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## တစ်နိုင်ငံလုံးအင်တာနက်ပေးရန် ကုမ္ပဏီရွေးချယ်မှု နှစ်လယ်မတိုင်မီ စတင်မည်

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

တစ်နိုင်ငံလုံးအင်တာနက် ဝန်ဆောင်မှုပေးရန်အတွက် ကုမ္ပဏီများကို အဆင့်ဆင့်ရွေးချယ်ပြီး ယခုနှစ်လယ်မတိုင်မီ လုပ်ကိုင်ခွင့် စတင်ပေးနိုင်ရန် ခန့်မှန်းထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

အင်တာနက် WiFi ဝန်ဆောင်မှုစနစ်ကို တစ်နိုင်ငံလုံးပေးနိုင်ရန် သုတေသနပြုလျှောက်ထားသည့် ကုမ္ပဏီ ၂၇ ခုရှိခဲ့ပြီး လက်ရှိတွင် ထိုကုမ္ပဏီများကို စိစစ်နေကာ အဆင့်ဆင့်ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်းအချက်အလက်နည်းပညာဌာနမှ အင်ဂျင်နီယာတစ်ဦးကပြောသည်။

"အခုက ကုမ္ပဏီ Profileတွေ စိစစ်နေတုန်းပဲ။ ၂၇ ခုမှာ ထပ်ရွေးတာက ၁၅ ခုဖြစ်ချင်လည်းဖြစ်မယ်။ လုပ်မယ့်ကုမ္ပဏီတွေအပေါ် မူတည်ပြီး သူတို့စတင်မယ့်အချိန်ကလည်း အပြောင်းအလဲတွေရှိနိုင်တယ်"ဟု အဆိုပါအင်ဂျင်နီယာက ပြောသည်။

လာရောက်လျှောက်ထားသည့်နေရာများမှာ ရန်ကုန်၊ မန္တလေး အစရှိသည့်မြို့ကြီးများအပါအဝင် အခြားသောမြို့များလည်း ပါဝင်ပြီး ကုမ္ပဏီအရေအတွက်ကန့်သတ်ရွေးချယ်မည်မဟုတ်ဘဲ ဒေသအလိုက် လိုအပ်သည့် ကုမ္ပဏီများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရရှိသည့်ကုမ္ပဏီများအနေဖြင့် ယခုနှစ် မေလအတွင်း စတင်လုပ်ကိုင်နိုင်ရန်ခန့်မှန်းထားပြီး အခြေခံ အဆောက်အအုံများကိုလည်းယခုနှစ်ဝက်မတိုင်မီဆောက်လုပ်သွားရန် စီစဉ်ထားကြောင်း သတင်းအချက်အလက်နည်းပညာဌာနမှ သတင်းရရှိသည်။

အဆိုပါဝန်ဆောင်မှုအတွက် လာရောက်လျှောက်ထားသည့် ကုမ္ပဏီ ၁၀၀ နီးပါးရှိခဲ့ပြီး ၂၇ ခုကို ရွေးချယ်ခြင်းဖြစ်ရာ လာရောက်လျှောက်ထားသည့်ကုမ္ပဏီများတွင် ပြည်တွင်းမှ Redlink ကုမ္ပဏီအပါအဝင် အင်တာနက် WiFi ဝန်ဆောင်မှုအတွေ့ အကြုံရှိသည့် ကုမ္ပဏီများပါဝင်ကြောင်း စုံစမ်းသိရသည်။

အင်တာနက် ဆက်သွယ်ရရှိနိုင်သည့် နေရာအများစုတွင်သာ ကနဦးစတင်လုပ်ကိုင်ရန် အဆင်ပြေမည်ဖြစ်ပြီး ထိုဒေသရှိအင်တာနက်အသုံးပြုမှုပမာဏပေါ် မူတည်၍ Wifi စနစ်လာရောက်လျှောက်ထားသည့်ကုမ္ပဏီများကို စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# Tech

## တရားမဝင်ထွက်ပေါ်လာသည့် သတင်း Application များ ဥပဒေဖြင့်သာ ကာကွယ်နိုင်

**ဆွေမွန်၊ ဇော်မျိုးလှိုင်**
**ရန်ကုန်၊ ဇန်နဝါရီ-၅**

သတင်းများအလွယ်တကူ ဖတ်ရှုနိုင်ရန် မိုဘိုင်းဖုန်းအတွင်း ထည့်သွင်းထားသည့် သတင်း Application များ များပြားလာပြီး သတင်းဌာနများမှ သတင်းများကို ကူးယူဖော်ပြ၍ စီးပွားဖြစ်လုပ်ကိုင်နေခြင်းများပေါ်ပေါက်လာရာ ယင်းလုပ်ငန်းများကို ဥပဒေဖြင့်ကာကွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းဌာနများမှ သတင်းများနှင့် အခြားသောသတင်းများကိုစုပေါင်းဖော်ပြသော မိုဘိုင်းဖုန်းတွင် အသုံးပြုကြည့်ရှုနိုင်သည့် သတင်း Application အများအပြားပေါ်ပေါက်လာပြီး မိုဘိုင်းဖုန်းဆိုင်များ၌ အများအပြားထည့်သွင်းပေးရကြောင်း စုံစမ်းသိရသည်။

"ဖုန်းလာဝယ်တဲ့သူတွေ Application ထည့်ပေးရင်း သတင်း Application တွေလည်း တော်တော်များများထည့်ပေးတယ်။ BBCတို့ရော 'တခြားသတင်း App တွေရောအခုနောက်ပိုင်းပေါ်တဲ့ App တွေလည်း တော်တော်များများထည့်ပေးတယ်။ အခုနောက်ပိုင်း HWH (၃၂) ဆိုရင် အကုန်ပါလို့ ထည့်ပေးတယ်"ဟု အင်းစိန်မြို့နယ်ရှိဖုန်းဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။

သတင်းဌာနများမှတရားဝင်ပြုလုပ်ထားသည့် App အနည်းငယ်သာရှိသော်လည်း သတင်းဌာနများမှ သတင်းများသာမက ဖေ့စ်ဘွတ်ခ်တွင်ပြုလုပ်ထားကြသည့် အပျော်တမ်းသတင်းများကိုလည်း ကူးယူဖော်ပြထားသည့် App များပိုမိုများပြားလာသည်။

အဆိုပါသတင်း App နှင့် ဝက်ဘ်ဆိုက်များတွင် သတင်းဌာနများမှ သတင်းများကိုကူးယူတင်ထားခြင်း၊ သတင်းဌာနမှ ဖော်ပြထားခြင်းမရှိသည့်သတင်းများ၊ ကျန်းမာရေးသတင်းများနှင့် အခြားသောသတင်းများကို ဖော်ပြမှုများလည်းရှိနေခြင်းဖြစ်သည်။

အချို့သတင်းဝက်ဘ်ဆိုက်များနှင့် Application များတွင် သတင်းမှန်ကန်မှုနှင့် ခိုင်လုံမှုတာဝန်ယူမှုအားနည်းပြီး အချို့ဝက်ဘ်ဆိုက်များတွင် သတင်းဌာနမှ သတင်းများကိုသာ ရွေးချယ်ပြီး တိုက်ရိုက်ပေးပို့သည့်သတင်းများ ရှိပါကစိစစ်ပြီးမှသာဖော်ပြကြောင်း သစ်ထူးလွင် ဝက်ဘ်ဆိုက်ဖန်တီးသူက အင်တာနက်ဂျာနယ်တွင် ဖြေကြားခဲ့သည်။

"ခက်တာက ကျွန်တော်တို့ဆီမှာ ဒါကိုပြန်ပြီးတော့ ဘယ်လိုလုပ်လို့ရမယ်မှန်းမသိတဲ့ တရားဥပဒေက မရှိသေးဘူးဖြစ်နေတယ်။ နည်းပညာဆိုင်ရာအားနည်းသလိုပဲ Law In Structure အားနည်းလို့ ဒီလိုမျိုးတွေဖြစ်နေတာ။ ဥပဒေမရှိဘဲ အဲဒါကိုသွားကိုင်လို့မရဘူး။ အခုက ဘာမှလုပ်လို့မရဘူးဖြစ်နေတာ"ဟု ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူကပြောသည်။

ထို့ပြင် မူပိုင်ခွင့်ဥပဒေများလည်းမရှိသေးခြင်းကြောင့် ထိုသို့သတင်းကူးယူဖော်ပြမှုများကိုကာကွယ်ပေးနိုင်ခြင်းမရှိသေးသော်လည်း မီဒီယာများနှင့် ပညာရှင်များအနေဖြင့် ရှုတ်ချဆောင်ရွက်ပါကယုံကြည်မှုနည်းပါး၍ပျောက်ကွယ်သွားနိုင်ကြောင်း ဦးရဲမြတ်သူကဆက်လက်ပြောသည်။

လက်ရှိတွင် အဆိုပါသတင်းဝက်ဘ်ဆိုက်များနှင့် Application များမှာ စျေးကွက်တွင်လူကြိုက်များနေပြီး ကြော်ငြာများလည်း လက်ခံဆောင်ရွက်လျက်ရှိရာ ကြော်ငြာထည့်သွင်းမှုလည်းများပြားကြောင်း စုံစမ်းသိရသည်။

## ၂၀၁၄ အတွင်း ထုတ်ဖော်ပြသဖွယ်ရှိသည့် Apple အဓိကထုတ်ကုန်များ

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၃**



၂၀၁၄ ခုနှစ်သည် Apple ထုတ်ကုန်သစ်များအတွက် ရင်ခုန်စရာနှစ်တစ်နှစ်ဖြစ်မည်ဟု Apple ကုမ္ပဏီအမှုဆောင်အရာရှိချုပ် တင်မ်ကွတ်က ပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ်အတွင်း Apple ကုမ္ပဏီက မည်သည့်ထုတ်ကုန်သစ်များရောင်းချလာနိုင်သည်ကို လေ့လာသူများက ကြိုတင်ခန့်မှန်းထားကြသည်။ ၎င်းတို့ခန့်မှန်းထားသော ထုတ်ကုန်သစ်များမှာ မျက်နှာပြင်ပိုကျယ်သော iPhone, Apple စမတ်နာရီ၊ Apple တီဗီတို့ဖြစ်သည်။

ဆမ်ဆောင်းကုမ္ပဏီကထုတ်လုပ်ထားသည့် Galaxy S4 ၏မျက်နှာပြင်အကျယ်ကို အမှီလိုက်၍ Apple ကုမ္ပဏီက ၅ လက်မ အကျယ်ရှိ iPhone 6 ကိုထုတ်လုပ်မည်ဟုလတ်တလော သတင်းများထွက်ပေါ်နေသည်။ Appleကုမ္ပဏီ၏ လက်ရှိထုတ်လုပ်ထားပြီးသော iPhone 5 အမျိုးအစားများမှာ မျက်နှာပြင် အကျယ် ၄ လက်မသာရှိပြီး ယခင် iPhone 4S မှာ မျက်နှာပြင်အကျယ် ၃ ဒသမ ၅ လက်မသာရှိသည်။

ယခုနှစ်အတွင်း Apple က iPhone မျက်နှာပြင်အကျယ်သုံးမျိုးထုတ်လုပ်နိုင်ပြီးအရွယ်ကြီးမားသော iPhone အမျိုးအစားတစ်မျိုးပါဝင်လာနိုင်သည်ဟု သုတေသီဘရိုင်ယန်ဝှိုက် ကပြောသည်။

Apple ကုမ္ပဏီက iwatch ဟုခေါ်သော စမတ်နာရီတစ်မျိုးကို မတ်လအတွင်း ထုတ်လုပ်ရောင်းချဖွယ်ရှိသည်ဟု သုတေသီအချို့ကပြောသည်။ စမတ်ဖုန်းများဖြင့် ချိတ်ဆက်အသုံးပြုရန် ဆမ်ဆောင်းနှင့်ဆိုနီကုမ္ပဏီတို့က စမတ်နာရီများထုတ်လုပ်ထားပြီးဖြစ်သည်။ ဝတ်ဆင်နိုင်သော စမတ်ထုတ်ကုန်ပစ္စည်းမှာ မယုံနိုင်စရာကောင်းလောက်အောင် စိတ်ဝင်စားစရာကောင်းသည်ဟု Apple ကုမ္ပဏီစီအီးအိုတင်မ်ကွတ်က မေလအတွင်းပြောကြားခဲ့သည်။ Apple ကုမ္ပဏီက ၎င်း၏ iwatch ကို ကိုယ်ကာယနှင့်ကျန်းမာရေးလိုက်စားသူများ အတွက် ရည်ရွယ် ထုတ်လုပ်ဖွယ်ရှိသည်။

Apple ကုမ္ပဏီက ယခုနှစ်အတွင်း iTV ဟုခေါ်သော တီဗီများကို ထုတ်လုပ်လာနိုင်သည်။ ယနေ့ခေတ် HD တီဗီများကို Apple က ယခုနှစ်အတွင်း ထုတ်လုပ်မည်ဟု လေ့လာသူဘရိုင်ယန်ဘလဲယားကပြောသည်။

ထိုအတောအတွင်း iPhone အသုံးပြုသူများကို ထောက်လှမ်းရန် Apple ကုမ္ပဏီက အမေရိကန်အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (NSA)ကိုလျှို့ဝှက်ခွင့်ပြုပေးခဲ့သည် ဆိုခြင်းနှင့်ပတ်သက်၍ Apple ကုမ္ပဏီကငြင်းဆိုလိုက်ပြီး Apple ကုမ္ပဏီထုတ်ကုန်ပစ္စည်းများကိုပစ်မှတ်ထားထောက်လှမ်းသည့်မည်သည့်အစီအစဉ်ကိုမှ သတိမထားမိဟု Apple ကပြောသည်။ —*Ref: Internet*




7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# “တောင်သူတွေအတွက် သီးနှံအထွက်ကောင်းပြီး လက်ဖက်ထက်ဈေးနှုန်းပိုရတဲ့ သီးနှံမျိုးစိုက်ရရင် ကျွန်တော်တို့ ဘိန်းမစိုက်ဘူးလို့ အာမခံပါတယ်”

## ဘိန်းစိုက်တောင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း

**မောင်တာ**

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၆ ခုနှစ်မှစ၍ ပြန်လည်မြင့်တက်လာခဲ့ပြီး ၂၀၁၃ ခုနှစ်သည် ဆယ်စုနှစ်တစ်စုအတွင်း ဘိန်းစိုက်ပျိုးမှု စံချိန်တင်ခဲ့သည်ဟု ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC)၏ ၂၀၁၃ စစ်တမ်းတွင်ဖော်ပြထားသည်။

၂၀၁၃ ခုနှစ်တွင်မြန်မာနိုင်ငံတွင် ဘိန်း ၅၇၈,၀၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ဘိန်း ၈၇၀ တန်ထုတ်လုပ်ခဲ့သည်ဟု စစ်တမ်းက ဆိုသည်။ ၎င်းမှာပြီးခဲ့သည့်နှစ်ထက် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၂၆ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်သည်။မြန်မာအစိုးရအနေဖြင့်လာမည့် ၂၀၁၉ ခုနှစ်တွင် နိုင်ငံတွင်း ဘိန်းစိုက်ပျိုးမှု အလုံးစုံပပျောက်ရေးစီမံချက်ချဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်ရေး ဘိန်းစိုက်ခင်းများအား ရှာဖွေဖျက်ဆီးလျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှု၏ ၉၂ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးနေခြင်းဖြစ်သည်။ တောင်သူများ အနေဖြင့် မည်သည့်အတွက်ကြောင့် ဘိန်းစိုက်ပျိုးသည်၊ အစိုးရက ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆောင်ရွက်နေမှုများနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရန် မည်သို့လုပ်ဆောင်ပေးရန်လိုအပ်မည်စသည့် အကြောင်းအရာများသိရှိနိုင်ရန် ရှမ်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုအများဆုံးမြို့နယ်များထဲတွင် ပါဝင်သည့် ပင်လောင်းမြို့နယ်မှ ဘိန်းစိုက်ပျိုးတောင်သူတစ်ဦးဖြစ်သော ကိုခွန်လှနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။ ကိုခွန်လှမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ ထီပေါင်းကျေးရွာအုပ်စု၊ ထာဠကျေးရွာဇာတိဖြစ်သည်။

**■ ဒီဒေသမှာ ဘိန်းမစိုက်ခင်ဘာသီးနှံတွေ စိုက်ပျိုးပါသလဲ။**

လက်ဖက်၊ လိမ္မော်၊ ထောပတ်စတဲ့ သီးနှံမျိုးစုံ စိုက်တယ်။ အာလူး၊ ပန်းဂေါ်ဖီတွေလည်း စိုက်တယ်။

**■ အဲဒီလို သီးနှံတွေ စိုက်ပျိုးရေးလုပ်နေတာကနေ ဘာကြောင့် ဘိန်းကိုပြောင်းစိုက်တာလဲ။**

ဘိန်းစိုက်မယ်ဆိုရင် ပိုက်ဆံနည်းနည်း ပိုရတယ်။ စားဝတ်နေရေးအဆင်ပြေအောင်လို့ စိုက်ကြတာပါ။

**■ ဘိန်းပြောင်းလဲစိုက်ပျိုးတာ ဘယ်နှနှစ် ရှိပြီလဲ။**

ဘိန်းပြောင်းစိုက်တာ နှစ်နည်းနည်းကြာသွားပြီ။ ကျွန်တော်တို့ ဟိုးလွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်ကတည်းက စိုက်ခဲ့တာ။

**■ အစ်ကို့အနေနဲ့ရော ဘယ်နှကေစိုက်ထားလဲ။**

ဒီနှစ်ဆိုရင်စိုက်တဲ့ကေနည်းတယ်။ ပြီးခဲ့တဲ့နှစ်ကထက် သုံးပုံတစ်ပုံလောက် လျှော့လျှော့ပြီးတော့စိုက်တယ်။ ဒီနှစ်ဆိုရင် ကျွန်တော်တို့အုပ်စုမှာကေတစ်ထောင်လောက်စိုက်တယ်။ ဖျက်တယ်ဆိုရင် အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ ကေ ၇၀၀ လောက် ဖျက်တယ်။

**■ အစ်ကိုတစ်ယောက်တည်း အနေနဲ့ဆိုရင်ရော ဘယ်နှကေစိုက်သလဲ။**

ကျွန်တော်တို့ တောင်သူအနေနဲ့က တစ်ဦးကို အများဆုံးမှ တစ်ကေ၊ နှစ်ကေပဲစိုက်နိုင်တယ်။ ဘာလို့လည်းဆိုတော့ မြေဩဇာဖိုးနဲ့ မြေဩဇာမထည့်နိုင်လို့၊ မြေမရှိလို့ များများစိုက်ဖို့ မလွယ်ဘူး။ တစ်ကေ၊ နှစ်ကေပဲစိုက်နိုင်တယ်။

**■ ဘိန်းကို ဘယ်လိုနေရာတွေမှာ စိုက်သလဲ။**

သူတို့က မြေပြန့်မှ စိုက်လို့ရတယ်လေ။ မြေသားကောင်းပြီး အစိုဓာတ်ရှိမှ ရတယ်။ ကျောက်ကြားတွေထဲဆိုရင် စိုက်လို့သိပ်အဆင်မပြေဘူး။

**■ ဘိန်းစိုက်ရာသီ တစ်ခုမှာ တစ်ကေစိုက်ရင် ဘိန်းဘယ်နှပိဿာလောက်ထွက်လဲ။**

အဓိကတော့ မြေကောင်းဖို့ပဲဗျ။ မြေကောင်းရင်ပိုရတယ်။ မြေမကောင်းဘူးဆိုရင်တော့ ဘိန်းနည်းနည်းပဲရတယ်။ မြေကောင်းရင် တစ်ကေနှစ်ပိဿာလောက်ရတယ်။ မြေမကောင်းရင်တော့ တစ်ကေတစ်ပိဿာပဲ ရတယ်။

**■ ဒီဒေသမှာ ဘိန်းစိမ်းတစ်ပိဿာကိုလက်ရှိပေါက်ဈေးဘယ်လောက်ရှိလဲဗျ။**

အခုလောလောဆယ် တစ်ပိဿာကို လေးသိန်းလောက်တော့ ရတယ်။

**■ စိုက်ပျိုးပြီးတော့ ထွက်လာတဲ့ဘိန်းတွေကိုဘယ်လိုရောင်းလဲ။**



ဓာတ်ပုံ - မောင်တာ

သူတို့က တောထဲမှာ ချိန်းပြီးတော့ ရောင်းတယ်လို့ပဲ သိတယ်။

သူတို့က တောကနေမှ ချိန်းပြီးတော့ အရောင်းအဝယ်လုပ်ကြတာ။ အခြားတောကနေ လာဝယ်ကြတာပါ။ ဒီဒေသမှာတော့ အဝယ်သမားမရှိဘူး။

**■ ဘိန်းစိုက်တဲ့ တောင်သူတွေမှာ ဘိန်းကိုပြန်ပြီး သုံးစွဲတဲ့သူတွေရှိလား။**

တချို့လူလည်း သုံးစွဲတဲ့သူရှိတယ်။ တချို့လည်း မရှိဘူး။ သုံးစွဲတဲ့သူတွေ အဖမ်းခံရတာ များတယ်။ အဖမ်းခံရတာမျိုး ရှိတယ်။

**■ ဘိန်းစိုက်ခင်းတွေ ဖျက်တာကရော ရဲတပ်ဖွဲ့အနေနဲ့ပဲ ဖျက်တာလား။ တခြား PNO တို့လို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေက လာဖျက်တာမျိုးရော ရှိလား။**

ပူးပေါင်းအဖွဲ့တွေက လာဖျက်တာတော့ ရှိတယ်။ ခုလောလောဆယ်ဆိုရင်၁၅ကြိမ်လောက် လာဖျက်တာရှိတယ်။

**■ ဘိန်းစိုက်ခင်းတွေကို ရဲတပ်ဖွဲ့တွေက လာရောက်ဖျက်ဆီးတဲ့အခါ တောင်သူတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရလဲ။**

နှမြောတာပေါ့။ မိသားစုအနေနဲ့လည်း စီးပွားရေးသိပ်အဆင်မပြေဘူး။ တခြားသီးနှံတွေကလည်း ဈေးနှုန်းမကောင်းဘူးဆိုတော့ နည်းနည်းတော့ နှမြောတာပေါ့။ အဲဒီလို ခံစားရတာပေါ့။ ကျွန်တော်တို့ တောင်သူအနေနဲ့ဆို ဘိန်းစိုက်တယ်ဆိုရင် ပိုက်ဆံနည်းနည်းပိုရတယ်။ ပိုက်ဆံပိုရရင် စားဝတ်နေရေး ပိုပြီးအဆင်ပြေတာပေါ့။ ခုလိုမျိုး ဖျက်ဆီးတယ်ဆိုရင်နှမြောတော့နှမြောတာပေါ့။ ဒါပေမဲ့ ဥပဒေနဲ့ မလွတ်ကင်းတာဆိုတာ ဂရုမစိုက်လို့ မရဘူးပေါ့။

**■ ဘိန်းစိုက်တာနဲ့ပတ်သက်လို့ လက်နက်ကိုင်အဖွဲ့တွေကို အခွန်ပေးရတယ်ဆိုတာ ဟုတ်လား။**

အဲဒါကတော့ အတိအကျမဟုတ်ဘူးဗျ။ အဲဒါဟာဆိုရင် ကောလာဟလလိုပဲပေါ့။

**■ ဒီဒေသ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုတော့ ခုလို မျိုး ဘိန်းစိုက်တဲ့အခါ သူတို့ကို အခွန်ဆောင်ရတာတို့၊ ပေးရတာတို့ ရှိလား။**

အဲလိုမျိုးပေးရတာ မရှိဘူးဗျ။ မရှိဘူး။ ဒါပေမဲ့ သူတို့လာပြီး ဟောပြောတာတော့ ရှိတယ်။ မစိုက်နဲ့မစိုက်နဲ့ဆိုပြီး ဌာနဆိုင်ရာတွေရော ပူးပေါင်းအဖွဲ့က လာဟောပြောတာတော့ ရှိတယ်။ ကျွန်တော်တို့တောင်သူတွေကလည်း လမ်းပန်းဆက်သွယ်ရေး မကောင်းလို့၊ စားဝတ်နေရေး မလောက်လို့ စိုက်နေတာ။

**■ ဘိန်းစိုက်တောင်သူတွေအနေနဲ့ ဘိန်းသီးနှံတစ်မျိုးတည်း စိုက်ပျိုးပြီး မိသားစုစားဝတ်နေရေး ရပ်တည်လို့ရလား။ မိသားစုစားဝတ်နေရေးအတွက် ဘိန်းစိုက်ပျိုးမှုအပေါ် ဘယ်လောက်အထိ မှီခိုနေရလဲ။**

ဘိန်းစိုက်ပျိုးလို့ ရလာတဲ့ ဝင်ငွေ သုံးလ၊ လေးလလောက် မှီခိုလို့ရတယ်။ ဘာလို့လည်းဆိုတော့ မြေဩဇာဖိုးတွေ၊ လုပ်အားခတွေ ပြန်နုတ်လိုက်ရင် အမြတ်သိပ်မကျန်ဘူး။ သုံးပုံတစ်ပုံလောက်ပဲ အမြတ်ကျန်တယ်။

**■ အဲဒီလို သုံးလလောက်ပဲ အဆင်ပြေတယ်ဆိုတော့ ကျန်တဲ့အချိန်တွေဆိုရင် ဘာလုပ်ငန်းတွေ လုပ်ကြလဲ။**

နွေဘက်ဆိုရင် လက်ဖက်လုပ်ငန်းစလုပ်ကြတယ်။ တောင်သူသီးနှံတွေပဲ ပြန်လုပ်ကြတာပေါ့။ အဓိကတော့ လက်ဖက်ပေါ့။ လက်ဖက်က ဒီတစ်လ၊ နှစ်လောက်ပဲပြတ်တယ်။ တန်ခူးလဆိုရင်ပြန်နုလာတယ်။ ဒီဘိန်းပြီးရင်တော့ လက်ဖက်နဲ့ပဲ ပြန်လည်လုပ်ကိုင်ရတယ်။

**■ ဒီဒေသမှာရှိတဲ့ ဘိန်းစိုက်တောင်သူတွေ ဘိန်းစိုက်စရာမလိုဘဲနဲ့ စားဝတ်နေရေး ပြေလည်ဖို့ အစိုးရအပါအဝင် ကုလသမဂ္ဂ၊ အင်န်ဂျီအိုတွေ၊ အိုင်အင်န်ဂျီတွေ စသဖြင့်ပေါ့လေ။ အဖွဲ့အစည်းတွေက ထောက်ပံ့ပေးတာမျိုး ရှိလား။**

ထောက်ပံ့ပေးတာ မရှိဘူး။ ခုလက်ရှိတော့ ထောက်ပံ့ပေးတာဘာမှမရှိသေးဘူး။ လာမယ်လို့တော့ကြားတယ်။ ထောက်ပံ့စရိတ်တွေ လာပေးမယ်လို့တော့ ကြားတယ်။ ခုတော့ မလာသေးဘူး။

**■ အခုလို ဘိန်းခင်းတွေတော့ လာဖျက်သွားတယ်။ အစားထိုးသီးနှံစိုက်ပျိုးပေးတာတို့၊ ကူညီထောက်ပံ့တာတို့ မရှိဘူးဆိုတော့ အစ်ကိုတို့အတွက် စားဝတ်နေရေးကို ဘယ်လိုဖြေရှင်းသလဲ။**

ဘိန်းအစားထိုးသီးနှံ မရှိတော့ လက်ဖက်လောက်ပဲ ရတယ်။ လက်ဖက်နဲ့ဆိုတော့ စားဝတ်နေရေး နည်းနည်းပဲ အဆင်ပြေပြီး နည်းနည်းတော့ ခက်ခဲတာပေါ့။ အစားထိုးဆိုရင် ဒီတောင်ပေါ်မှာဆိုရင် သီးနှံဆိုလည်း အကုန်ထွက်လို့ ရတယ်။ ဘိန်းမရှိလည်း သီးနှံရှိတော့ စားဝတ်နေရေးနည်းနည်းတော့ ခက်ခဲတယ်။ အားလုံးတော့ မခက်ခဲဘူးပေါ့။

**■ ဘိန်းစိုက် တောင်သူတစ်ယောက်အနေနဲ့ သူ့ရဲ့ ဘိန်းစိုက်ပျိုးမှုတွေကို စွန့်လွှတ်ဖို့ဆိုရင် ဘယ်လို အခြေအနေမျိုးတွေ လိုအပ်မလဲ။**

ဘယ်လိုအခြေအနေမျိုး လိုအပ်မလဲဆိုရင်ထောက်ပံ့စရိတ်လေးတစ်ခု ရတာနဲ့ ဒေသတောင်ပေါ်သီးနှံတွေ ဈေးနှုန်းကောင်းရတယ်ဆိုရင် ဘိန်းစိုက်တာ စွန့်လွှတ်ဖို့ သေချာပါတယ်။

**■ ဘိန်းမစိုက်ဘဲနဲ့ စားဝတ်နေရေး အဆင်ပြေဖို့အတွက်ဆိုရင် အစိုးရအနေနဲ့ ဒေသခံတောင်သူတွေကို ဘာတွေကူညီပေးဖို့ လိုမလဲ။**

တကယ်အကူအညီပေးမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လုပ်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့တောင်သူအတွက် သီးနှံအထွက်ကောင်းပြီး လက်ဖက်ထက် ဈေးနှုန်းပိုရတဲ့ သီးနှံမျိုးစိုက်ရရင် ကျွန်တော်တို့ ဘိန်းမစိုက်ဘူးလို့အာမခံပါတယ်။

**■ ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာဆိုရင် ဒီအစ်ကိုတို့ဒေသတွေပေါ့လေ။ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ဘိန်းစိုက်ပျိုးခွင့်ရမှ မဲပေးမယ်ဆိုပြီး တောင်သူတွေကပြန်လည်တောင်းဆိုတာမျိုး ရှိတယ်လို့ PNO ကပြောပြလို့ သိထားရပါတယ်။ အဲဒီတော့လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာရော အစ်ကိုတို့တောင်သူတွေက ဘိန်းစိုက်ခွင့်ရမှ မဲပေးမယ်ဆိုတာမျိုး တောင်းဆိုကြဦးမလား။**

အဲလိုမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ သူတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကာလအတွင်းမှာ ဘိန်းစိုက်ပျိုးမှု ပပျောက်အောင်လုပ်မယ်လို့တော့ ရွေးကောက်ပွဲလုပ်တဲ့ အချိန်တုန်းက ပြောထားတယ်။

**■ ဘိန်းလုံးဝ မစိုက်တော့ဘူးဆိုရင် နောက်ဆုံးဘာတွေ စိုက်ဖြစ်မလဲ။**

တောင်သူတွေအနေနဲ့တော့ တခြားပြောင်းလဲစိုက်ပျိုးစရာက အာလူးတို့၊ ပန်းဂေါ်ဖီတို့၊ ပဲတို့၊ ပြောင်းတို့ပဲစိုက်စရာရှိတယ်။ ဘိန်းအစား အဲဒီသီးနှံတွေပဲ ပြောင်းလဲစိုက်ကြမှာပါ။

**■ အဲဒါတွေစိုက်ဖို့ ဘာတွေ အခက်အခဲရှိသလဲ။**

အဲဒါတွေကို စိုက်မယ်ဆိုရင် ဝင်ငွေနည်းနည်းပဲ ရမယ်။ ဝင်ငွေနည်းရင် မိသားစုစားဝတ်နေရေး ခက်ခဲမယ်ပေါ့။ သူတို့မိသားစုတွေအတွက် ပညာရေး၊ ကျန်းမာရေးကို မထောက်ပံ့ပေးနိုင်ဘူးဆိုရင်တော့ ဆင်းရဲမှာပေါ့။

**■ အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။**

7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014




# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**အခန်း(၁၁)**
**အတ္တခါးခါး၊ ဘဝဟာ ကော်ဖီခါး။**

"သေချာစဉ်းစားကြည့်တော့ ဒီလို ကမ်းမမြင်လမ်းမမြင် ပင်လယ်ကြီးထဲက ရုန်းရင်းဆန်ခတ်ကိစ္စကြီးမှာ ရာမန်လို ဆယ့်လေးနှစ်သားကလေးငယ်က ဘာမှဝင်စွက်လို့ မရနိုင်ပါဘူး။ အနေမတတ်၊ အပြောအဆိုမတတ်ရင် ရေထဲကန်ချပြီး လက်စဖျောက်တာတောင် ခံရဦးမယ်။ လှိုင်ဆော့ဖ်ရဲ့ ပင်လယ်ဓားပြမှုဟာ ရာဇဝတ်ဘေးပြေးမလွတ်ဆိုတဲ့ ဆိုရိုးနဲ့တော့ အံဝင်နေတယ်ဗျ။ ဒီအမှုနဲ့ လှိုင်ဆော့ဖ်အပါအဝင် နဖူးစာစက်လှေရဲ့ လှေသားအားလုံးအဖမ်းခံရပြီး နှစ်ရှည်ထောင်နန်းစံကြရတယ်။

"တကယ်တော့ လှိုင်ဆော့ဖ်လက်စွမ်းပြလိုက်တဲ့ ကြယ်နီစက်လှေရဲ့ပိုင်ရှင်ဟာ ဦးကင်းတဲ့ဗျ။ ဦးကင်းကလည်း ခေသူမဟုတ်ဆိုတဲ့ အထဲကလို့ဆိုရမယ်။ သူ့နောက်မှာ ထိုင်းမာဖီးယားတွေ ရှိနေသတဲ့။ သူ့လှေလက်စဖျောက်ခံရတဲ့အမှုကို နှစ်နိုင်ငံအာဏာပိုင်တွေနဲ့ရော၊ ထိုင်းမာဖီးယားတွေနဲ့ပါ တောနင်းပြီးသတင်းအစအနရှာတယ်။ ဖြစ်ချင်တော့ ကြယ်နီစက်လှေရဲ့ ပဲ့နင်းက ရေထဲကန်ချခံရရာကနေ ဘေးမသီရန်မခဘဲ ဦးကင်းဆီပြန်ရောက်လာပြီး ဖြစ်ပျက်ပုံအလုံးစုံကို ပြန်သံတော်ဦးတင်နိုင်တာကြောင့် လှိုင်ဆော့ဖ်တို့တစ်ဖွဲ့လုံး ရုံးတင်ခံကြရရောပေါ့ဗျာ။ ဦးကင်းဆိုတာ ထိုင်းလူမျိုးဗျ။ ထိုင်းတချို့ရဲ့နာမည်တွေရဲ့ ရှေ့မှာ ဗမာနာမည်တွေလိုပဲ "ဦး" "ကို"တပ်ခေါ်လေ့ရှိကြတယ်။ ထောင်နန်းစံရတဲ့ လှိုင်ဆော့ဖ်ရဲ့ တပည့်လက်သား အတော်များများဟာ ထောင်ထဲမှာ သေကုန်ကြသတဲ့။ အမယ် . . လှိုင်ဆော့ဖ်ကတော့ ဆယ်နှစ်နီးပါးထောင်ထဲမှာ နေခဲ့ရပြီး အခုအချိန်အထိ ရနောင်းမြို့မှာ ကျန်းမာပကတိချမ်းသာစွာရှိနေတုန်းဗျ။ အတော်တော့ အိုစာသွားပြီပေါ့ဗျာ။

"နေဦးဗျ။ ရာမန်ပြောပြတဲ့ ထိုင်းမြန်မာနယ်စပ်က ငါးဖမ်းစက်လှေတွေနဲ့ပတ်သက်တဲ့ အကြောင်းအရာတချို့ဟာ စိတ်ဝင်စားစရာတော့ အကောင်းသားဗျ။ ဆိုနာဆိုတဲ့ ပင်လယ်ထဲက ငါးတွေကို ကြည့်နိုင်တဲ့ ကိရိယာဟာ ဝါးတန်းလှေတွေမှာသာ အသုံးများသတဲ့။ အကြမ်းဖျင်းသဘောကတော့ ငါးအုပ်ရှိတဲ့ နေရာ၊ ပင်လယ်ပြင်ရဲ့ကောင်းကင်မှာ ငှက်အုပ်တွေ ပျံဝဲနေတတ်သတဲ့။ နောက်တော့ ငါးအုပ်တွေဟာ အထူးသဖြင့် ပင်လယ်ထဲက ကျွန်းတွေအနားတစ်ဝိုက်မှာလှည့်ပြီး အုပ်စုဖွဲ့ကျက်စားတတ်ကြတယ်။ ငါးတွေဟာကျွန်းခိုတတ်ကြတယ်ဆိုပါတော့။ မိုးရွာတဲ့အခါ ကျွန်းတွေပေါ်က စီးကျလာတဲ့ မြေဆီမြေနှစ်တွေ၊ ပိုးဖလံတွေ၊ သစ်ရွက်ခြောက်တွေဟာ ငါးတွေသိပ်ကြိုက်တဲ့အစာပဲတဲ့ဗျ။ အမယ် . . ငါး မှာလည်း အသိဉာဏ်ရှိတယ် ပြောရမလားပဲ။ ငါးတွေဟာ ဗမာရေတပ်စစ်သင်္ဘောကြီးတွေနားမှာလည်း ခိုအောင်းနေတတ်ကြသတဲ့။ ဒီသင်္ဘောကြီးတွေဟာ သူတို့ကိုဖမ်းမယ့် သင်္ဘောတွေမဟုတ်ဘူးဆိုတာ ငါးတွေအလိုလိုသိကြတယ်ထင်ပ့ါ။ အေးပေါ့ဗျာ။ သဘာဝတရားကြီးက ငါးသတ္တဝါတွေကိုပေးအပ်ထားတဲ့ အသိတရားပေါ့။ ဗမာရေတပ်သင်္ဘောကြီးတွေဆီက စွန့်ပစ်လိုက်တဲ့ စားကြွင်းစားကျန်တွေကြောင့်လည်း တစ်ကြောင်းပါမယ်ထင်ပါရဲ့။

"စကားမစပ် ငချွတ်ကလေးရာမန်ဟာ ထိုင်းငါးဖမ်းစက်လှေလောကမှာ ဖုကျတ်ကန်ဖြစ်လာသေးသတဲ့ဗျ။ ဖုကျတ်ကန်ဆိုတာ အလုပ်ကြပ်၊ မန်နေဂျာဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကျွန်တော်တို့နိုင်ငံသား မွန်ထားဝယ်တွေကတော့ ဖိုးကြက်ကန်းလို့ ခေါ်ကြသဗျ။ ရာမန်ဖိုးကြက်ကန်းဖြစ်လာပုံကလည်း တစ်မျိုးဆန်းတယ်ဆိုရမယ်။ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ကပေါ့။ ရာမန်ဟာ ငါးဖမ်းလှေတစ်စီးနဲ့အတူ ဗမာ့ပင်လယ်ပြင်ထဲကနေ ငါးကဲ့ပြီး ထိုင်းဘက်ကိုပြန်အလာ၊ ကော့သောင်းနားကမပုတေးကျွန်းနားရောက်တော့ ထိုင်းငါးဖမ်းလှေ အစီးသုံးဆယ်လောက်ကို ဗမာရေတပ်သင်္ဘော ၄၀၂ က ဖမ်းထားတာတွေ့ရသတဲ့ဗျ။ ရာမန်တို့လှေလည်း အဖမ်းခံရတာပါပဲ။ ဒါပေမဲ့ ပထမလှေအစီးသုံးဆယ်ကို မနက်အစောကြီးကဖမ်းထားတာတဲ့ဗျ။ စက်လှေပိုင်ရှင်က ထိုင်းလူမျိုးဖြစ်ပေမယ့် လှေပေါ်ပါလာတဲ့ လှေသားအားလုံးဟာ ထားဝယ်တွေချည်းပဲဖြစ်နေတာကြောင့် ဖမ်းထားတဲ့ ရေတပ်က ထားဝယ်စကားကို နားမလည်ကြဘူးတဲ့။ ဒီအချက်ကလည်း တော်တော်သဘာဝကျတယ်ဆိုရမယ်။ ကျွန်တော်ထိုင်းကိုရောက်စက ထားဝယ်တွေ၊ မွန်တွေပြောတဲ့ စကားကို လုံးလုံးကို နားမလည်ဘူးဗျာ။ ထားဝယ်လူမျိုးတွေဟာ အလန့်တကြားရေရွတ်တဲ့အခါ "မိ ဝေ၊ မိဝေ"လို့ ထထအော်တတ်သဗျ။ ကျွန်တော်ဆိုတဲ့ ခပ်တုံးတုံးကောင်ကလည်း "မိဝေ"ဆိုတဲ့အမျိုးသမီးဟာ ဘယ်က ပါလိမ့်။ သူတို့နဲ့ ဘာတော်ပါလိမ့်ပေ့ါ။ အနေကြာလာလို့ စပ်စုပြီး သေချာမေးကြည့်မှ လက်စသတ်တော့ "မိဝေ"ဆိုတာ အမေကို တတာကိုး။ ခလုတ်ထိမှအမိတဆိုတဲ့စကားအတိုင်း အခက်အခဲကြုံတော့ အမေကို တတာပေ့ါဗျာ။

"ဗမာရေတပ်က မင်းတို့ဘယ်ကလာတာလဲ မေးလိုက်တိုင်း ထားဝယ်လှေသားတွေက "ခယန့်ခယန့်"လို့ချည်းဖြေသတဲ့။ အမှန်က "ခယန့်"ဆိုတာ "ခင်ဗျခင်ဗျ"လို့ ပြောတာဗျ။ ဗမာရေတပ်က မေးတာကို ထားဝယ်သားတွေက နားမလည်၊ ထားဝယ်သားတွေပြောတာကို ဗမာရေတပ်သားတွေက နားမလည်၊ ဂျာအေးသူ့အမေရိုက်ပြီး ရေတပ်သားတွေဟာ အရက်သောက်လိုက်၊ ထားဝယ်လှေသားတွေကို ထရိုက်လိုက်၊ လုပ်နေလိုက်တာ ညနေစောင်းလည်းရောက်လာရော အဲဒီဇာတ်လမ်းထဲကို ရာမန်ဝင်လာရောဆိုပါတော့။

"ဟုတ်တယ်လေ။ ရာမန်တို့ငါးဖမ်းလှေကို ဖမ်းမိလို့ ရာမန်ကိုစစ်တဲ့အလှည့်လည်းရောက်ရော မန္တလေးသားရာမန်ရဲ့ ဗမာစကားကို ဗမာရေတပ်သားတွေအားလုံး နားလည်တော်မူကြသကိုး။

"ဒီမှာတင် ဗမာရေတပ်အရာရှိက ဟော့ကောင်၊ ကုလားလေး၊ ဒီကောင်တွေပြောတာကို မင်းဘာသာပြန်စမ်းကွာဆိုပြီး စကားပြန်လုပ်ခိုင်းရာကနေ ဗမာအချင်းချင်းကြော(ဂျော)သိနေတဲ့ ရာမန်က အဲဒီပြဿနာကို ကြားဝင်ဖြေရှင်းပေးနိုင်ခဲ့ရောဆိုပါတော့။ ရာမန်လူရည်လည်တာလည်း ပါသပေ့ါ။ ရှင်းနည်းကတော့ မခက်လှပါဘူး။ စက်လှေအစီးသုံးဆယ်မှာ ဘာတွေပါသလဲ၊ ငွေဘယ်လောက်ပေးနိုင်သလဲဆိုတဲ့ ခေါင်းစဉ်ပါပဲ။ ရာမန်ရှင်းပုံရှင်းနည်းကတော့ သင်းတယ်ဆိုရမယ်။ ဗမာရေတပ်သင်္ဘောဆီက ပုဆိုးတစ်ထည်တောင်း၊ ပုဆိုးရဲ့တစ်ဖက်ကို ကြိုးနဲ့စည်းပြီး အလှူခံခွက်လုပ်လိုက်ရောတဲ့။ နောက်စက်လှေအစီးသုံးဆယ်ပေါ်က ထားဝယ်လှေသားတွေဆီမှာပါတဲ့ ထိုင်းဘတ်ငွေမှန်သမျှ အလှူခံထည့်ကြပေရော့ပေ့ါ။ ရေတပ်က လွှတ်ပေးမယ်ဆိုတာနားလည်တဲ့ ကိုရွှေထားဝယ်သားများကလည်း ရှိသမျှငွေတွေပုံအောပြီးထည့်လိုက်ကြတာ ပုဆိုးတစ်ကွင်းစာ အပြည့်ရသတဲ့ဗျ။ ဒီမှာတင် စက်လှေအစီးသုံးဆယ်ဟာ ရနောင်းဘက်ကမ်းကို ဘေးမသီရန်မခပြန်ရောက်လာရောဆိုပါတော့"

"နောက်တစ်နေ့ မနက်လည်းကျရော ထိုင်းငါးဖမ်းစက်လှေပိုင်ရှင်တွေဟာ ရာမန်ကို အသည်းအသန်တောနင်းရှာကြပါတော့တယ်။ ရာမန်ခမျာ "ငါလုပ်ပေးမိတာ ဒုက္ခရောက်ကိန်းတော့ဆိုက်ပြီ"ဆိုပြီး စက်လှေပိုင်ရှင်တွေစုနေတဲ့ ရနောင်းစဖန်ဖလားဆိပ်ကမ်းကို မျက်နှာငယ်လေးနဲ့လိုက်သွားရှာသတဲ့။ ဆိပ်ကမ်းမှာ အဆင်သင့်ရှိနေတဲ့ ထားဝယ်လှေသားတွေဟာ ရာမန့်ကိုလည်းမြင်ရော . . "ဟာ။ ဟုတ်တယ်၊ ဟုတ်တယ်။ သူပဲ။ သူပဲ။ ဗမာရေတပ်က ဖမ်းထားတဲ့ ကျွန်တော်တို့ စက်လှေတွေကိုလွှတ်အောင် ဝင်ညှိပေးတာ သူပဲ။ ဒီလူက ဗမာရေတပ်နဲ့ သိပ်ပိုင်တယ်"ဆိုပြီး ဝိုင်းအော်ကြမှ ရာမန်အသက်ရှူမှန်တော့သတဲ့။ နောက်ဆုံးတော့ ရနောင်းမြို့ခံငါးဖမ်းစက်လှေပိုင်ရှင်တွေဟာ ရာမန့်ကို ဧရာမကျေးဇူးရှင်စာရင်းသွင်းကြပြီး သူတို့ငါးဖမ်းစက်လှေတွေ ဗမာရေတပ်အဖမ်းမခံရလေအောင် စောင့်ရှောက်ဖို့လစာကောင်းကောင်းနဲ့ အလုပ်ခန့်လိုက်ရောပေ့ါဗျာ။ ဒီမှာတင် ရာမန်ဟာ ဖိုးကြက်ကန်းဘဝကို ကြက်ကန်းဆန်အိုးတိုးပြီး ရောက်လာတော့တာပါပဲ။

"ဖိုးကြက်ကန်းဖြစ်လာတဲ့ ရာမန်ဟာ ထိုင်းမြန်မာနယ်စပ်ပင်လယ်ပြင်မှာ ငါးခိုးဖမ်းတာ၊ ထိုင်းငါးဖမ်းစက်လှေပိုင်ရှင်တွေနဲ့ ဗမာရေတပ်အပေးအယူလုပ်ကြတဲ့ဇာတ်လမ်းတော်တော်များများကို သိနေတယ်ဗျ။ မှတ်သားစရာကောင်းတဲ့အချက်ကတော့ တစ်ကမ္ဘာလုံးမှာ ငါးအခိုးဆုံးနိုင်ငံဟာ ထိုင်းနိုင်ငံပါပဲလို့ ရာမန်ကဆိုလေရဲ့။ သူ့အတွေ့အကြုံအရ ထိုင်းငါးခိုးစက်လှေတွေဟာ တောင်ကိုရီးယားရေပြင်ပိုင်နက်အထိဝင်ပြီး ငါးခိုးဖမ်းကြသတဲ့။

"ဗမာရေပိုင်နက်ထဲက မြောက်မြားလှစွာသော ကျွန်းတွေရဲ့အနီးတစ်ဝိုက် အုပ်စုဖွဲ့ရှိနေတဲ့ ငါးတွေကို ဖမ်းခွင့်ရနိုင်ဖို့ ထိုင်းငါးဖမ်းစက်လှေတွေဟာ ဗမာရေတပ်နဲ့ အပေးအယူလုပ်တဲ့ ကိစ္စဟာ ဘယ်လောက်ကြီးကျယ်သလဲဆိုရင် ဆာဒက်ကြီးကျွန်းမှာ ခြောက်လလောက်တာဝန်ကျတဲ့ ဗမာရေတပ်သားတစ်ဦးဟာ ကုန်းပေါ်ပြန်တက်တဲ့အချိန်မှာ ထိုင်းရွှေဘတ်ကြိုးတွေ ဟိုခေတ်ကလက်တိုဂျင်နီ့မှန့်ဘူးနဲ့ တစ်ဘူးအပြည့်ဝေစုရကြသတဲ့။ ကျွန်တော်တို့ လူပျိုပေါက်တုန်းက ခေတ်စားခဲ့တဲ့ လေးထောင့် ရွှေတုံးလေးတွေနဲ့ ဒီဇိုင်းဖော်ထားတဲ့ ဘတ်ကြိုးလို့ တစ်ပြည်လုံးလူသိများခဲ့တဲ့ရွှေဆွဲကြိုးတွေပေ့ါဗျာ။ ဆိုလိုတာက ထိုင်းငါးဖမ်းစက်လှေတွေဟာ ဗမာရေတပ်ကို ထိုင်းဘတ်ကြိုးတွေ လာဘ်ထိုးပြီး ငါးခိုးခွင့်ရကြသပေ့ါ။ ဗမာ့ရေတပ်ဟာ အပေးအယူလုပ်ပြီးရင် စိတ်အေးချမ်းသာစွာ ငါးဖမ်းနိုင်ပြီဖြစ်ကြောင်း ထိုင်းငါးဖမ်းစက်လှေတွေပေါ်မှာ အလံတင်ပြီး အချက်ပြဖို့ လိမ္မော်ရောင်အလံလေးတွေ ထုတ်ပေးထားသတဲ့။

အဲဒီလာဘ်ပေးလာဘ်ယူအရှုပ်တော်ပုံတစ်ခုကြောင့် ၁၉၈၈ မတိုင်မီ ဆာဒက်ကြီးကျွန်းမှာ တာဝန်ကျဖူးတဲ့ ဆာဒက်ကြီးကျွန်းစီအိုဒုတိယ ဗိုလ်မှူးကြီး ဉာဏ်ထွန်းဟာ သူ့ကိုယ်သူ သတ်သေသွားဖူးသတဲ့ဗျ။ သူကတော့ လူရိုးလူကောင်းလို့ဆိုပါတယ်။ သူ့တပည့်တွေလုပ်တာကို သူခေါင်းခံသွားတဲ့သဘောတဲ့ဗျ။ သူ့တပည့်လက်ထောက်စီအို ဗိုလ်မှူးအောင်မြင့်ကတော့ ဝါသနာတစ်မျိုးတဲ့။ ဗိုလ်မှူးအောင်မြင့်ဟာ ထိုင်းငါးဖမ်းစက်လှေတွေပေးတဲ့ ဘတ်ကြိုးကုံးတွေမှာပါတဲ့ ချိတ်(ဂိုတ်)ကလေးတွေကိုချည်းရွေးပြီးစုဆောင်းသတဲ့။ သူ့တပည့်တွေ ဝေစုရတဲ့ ရွှေဆွဲကြိုးကုံးတွေတိုင်းရဲ့ ချိတ်(ဂိုတ်)တွေကို ဖြုတ်ဖြုတ်ပြီး အမှတ်တရယူထားလေ့ရှိသတဲ့ဗျ။

စာမျက်နှာ(၂၀) သို့

# မူဆယ်ကြယ်ဂေါင်ရွှေလီမန်စီစိနရဋ္ဌခရီးသည်

**မောင်သာချို**



ဓာတ်ပုံ- စိုးဝင်းငြိမ်း

(တစ်)

ယခုခေတ်က ခရီးသွားရလာရတာ တော်တော့်ကို လွယ်ကူချောမွေ့လာသော ခေတ်ပဲဖြစ်ပါသည်။ ကိုယ့်ပြည်တွင်းမှာရှိသည့် မြို့များရွာများကို အသာထား၊ အိမ်နီးနားချင်းဒေသများသို့ပါ ဥဒဟိုသွားလာဝင်ထွက်ရောင်းဝယ်ဖောက်ကား ခရီးကို ဆန့်ချင်သလောက်ဆန့်ထား၍ ရသည့်နေ့ရက်များဟု ဆိုရမည့် ခေတ်ကြီး ဖြစ်ပါသည်။

ထိုင်းနိုင်ငံထဲကိုမြဝတီကနေကူးမလား၊ ဘုရားသုံးဆူက နေကူးမလား၊ တာချီလိတ်ကနေ ကူးမလား၊မြန်မာငွေထောင်ဂဏန်းဝန်းကျင်ခန့်နှင့် ညီမျှသည့် ဘတ်ငွေလည်း ပေးဆောင်လိုက်ရုံမျှဖြင့် ကျွန်တော်တို့ ရောက်သွားနိုင်ကြပါသည်။

အိန္ဒိယနိုင်ငံကလည်း သည်အတိုင်းပဲဖြစ်ပါသည်။ ကလေးကတစ်ဆင့် တမူးသို့ ရောက်သွားပြီးနောက် နန့်ဖာလုံဈေးအနီး ဝင်ပေါက်မှတစ်ဆင့် မည်သည့် ငွေကြေးမှ ပေးစရာမလိုဘဲ မဏိပူရပြည်နယ်ထဲသို့ဝင်ရောက်သွားနိုင်ပါသည်။

စိနရဋ္ဌခေါ် ဂန္ဓာလရာဇ်ခေါ် တရုတ်ပြည်ကြီးကတဲ့ရော။ ဗန်းမော်ဘက်အပေါက်က ဝင်မလား။ လိုင်ဇာဘက်က ဝင်မလား၊ မူဆယ်ဘက်က ဝင်မလား။ ကြိုဆိုပါ၏ ဆိုသည့်နေ့ရက်များ။

ကျွန်တော်မူဆယ်ကတစ်ဆင့် တရုတ်ပြည်ထဲသို့ဝင်ရောက်သွားခဲ့ဖူးပါသည်။ တရုတ်ပြည်နယ်စပ် ကြယ်ဂေါင်ဒေသရောက် မြန်မာလူငယ်တစ်စုက ဖိတ်ကြားလာသဖြင့် ကျောက်မဲ၊ လားရှိုး၊ မူဆယ်မြို့များ၌ ခရီးတစ်ထောက်စီနား၍နား၍ ဟောပြောပွဲများ ကျင်းပပေးသွားပြီးသည့်နောက် ကြယ်ဂေါင်သို့ ရောက်ရှိသွားခဲ့ရခြင်းဖြစ်ပါသည်။

မူဆယ်ဘက်က လူဝင်မှုကြီးကြပ်ရေးတွင် ဓာတ်ပုံအရိုက်ခံကာ ငွေတစ်ထောင်ပေးသွင်းလိုက်ရုံမျှနှင့် ယာယီနယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ကို ရနိုင်ပါသည်။ လူ အဝင်အထွက်များလျှင် နည်းနည်းကလေးတန်းစီရပြီး မိနစ်ပိုင်းကလေးမျှနှင့် သွက်သွက်လက်လက်ဆောင်ရွက်ပေးသော လူဝင်မှုကြီးကြပ်ရေးကိုကျေးဇူးတင်ရပါသည်။ သို့ဖြင့် မလှမ်းမကမ်းရှိ နန်းတော်ဂိတ်ဟု ခေါ်သော တရုတ်ပြည်နယ်စပ် ဝင်ပေါက်ကြီး ရှိရာဆီသို့ လျှောက်သွားလိုက်သောအခါ တရုတ်အရာရှိများက ဆီးကြို၍နေပါသည်။ သူတို့ကို ယာယီနယ်စပ်ဖြတ်ကျော်ခွင့် လက်မှတ်ပြ၊ ဓာတ်ပုံနှင့်လူနှင့် တိုက်ဆိုင်စစ်ဆေး၊ ပြီးလျှင် တံဆိပ်တုံးထု၊ အဲသည့်နောက်မှာတော့ တရုတ်ပြည်၏ နယ်စပ်မြို့ ကြယ်ဂေါင်က ဆီးကြို၍ နေပါလေသည်။

ချက်ချင်းလက်ငင်းဆိုသလိုတိုက်တာအဆောက်အအုံတွေက ပြောင်းလဲသွား၊ လမ်းတွေက ပြောင်းလဲသွား၊ လူတွေက ပြောင်းလဲသွား။ သစ်လွင်၊ သပ်ရပ်၊ တောက်ပြောင်၊ သန့်ရှင်း၊ ခံ့ညား။ ကိုယ့်ဘက်ကမ်းနဲ့ အကွာကြီးကွာခြားသွားပါပေ့လား။

ဩော်. . . . ဂန္ဓာလရာဇ်။ ဩော်. . . ရဋ္ဌ။ ဩော်. . . စိန့်တိုင်း။

(နှစ်)

မူဆယ်၊ ကြယ်ဂေါင်၊ ရွှေလီ၊ မန်စီခရီးစဉ်တစ်လျှောက် အကြိုက်ဆုံးတွေကို လျှောက်ပြောစမ်းပါဟု ဆိုလျှင် ကျွန်တော် ပထမဦးဆုံးကြိုက်တာက လမ်းတွေပဲဖြစ်ပါသည်။ လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းတွေကို ကျကျနန သပ်သပ်ရပ်ရပ် ခိုင်ခိုင်ခံ့ခံ့ လုပ်ပေးထားလေရာ မည်သည့်နေရာတွင်မှ ခုံးသောလမ်း၊ ခွက်သောလမ်း၊ ပေါက်သောလမ်း၊ ပဲ့သောလမ်း၊ ရွံ့သောလမ်းဆိုတာကို ရှာလို့မတွေ့။ အုတ်ကျောက်များကို ပါကေးခင်းသကဲ့သို့ အကွက်ဖော်ပြီး ခင်းထားသည့်လမ်းများကပင်လျှင် မိုင်သုံးလေးငါးဆယ်မောင်းသွားလို့မှ အပဲ့တစ်ချက်မတွေ့။

နောက်တစ်ခု ကြိုက်တာက သစ်ပင်တွေ။ ကြယ်ဂေါင်မြို့ထဲမှာရော ကြယ်ဂေါင်ကအထွက် ရွှေလီမန်စီ လမ်းတစ်လျှောက်မှာပါ သစ်ပင်တွေကို အမျိုးအစားတူ စီတန်းပြီး စိုက်ထားသည်ကို တွေ့နိုင်ပါသည်။ တစ်လမ်းက ခရေပင်တွေချည်း။ တစ်လမ်းက ညောင်ပင်တွေချည်း။ တစ်လမ်းက တမာပင်တွေချည်း။ တစ်လမ်းက ထနောင်းပင်တွေချည်း။ သစ်ပင်တိုင်းလိုလိုက ကျွန်တော်တို့နိုင်ငံတွင်းက အပင်တွေ။ တစ်ပင်ကို ဆယ်သိန်း၊ ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ် အစိတ်ပေးကာ အပင်လိုက်တူးယူပြီး ဝယ်သွားသည့်အပင်များ။ သူတို့က အပင်များများကားပေါ် ကိုတင်လို့ရအောင် ကိုင်းတွေကို ခုတ်ကာယူဆောင်သွားကြခြင်း ဖြစ်ပါသည်။ သစ်ပင်တစ်ပင် အပင်လားမြောက်လာဖို့ရာအတွက် အခုမှစစိုက်ပြီး နောက်နှစ် နှစ်ဆယ်၊ သုံးဆယ် စောင့်မနေနိုင်လို့ အပင်လိုက်တူးပြီး ဝယ်တာပါတဲ့။ အထက်အညာက ကျွန်တော်တို့လူတွေကတော့ ရတနာသိုက်တူးမိသည့်လူလို စီးကရက်ကလေးခဲ၊ တရုတ်ဟန်းဆက်ကလေး ခါးမှာတွဲလဲနှင့်တရုတ်ဆိုင်ကယ်ကလေးပေါ် ကိုယ်ကို လွှဲ၍ ပစ်တင်လိုက်ကာ ဖုန်လုံးကြီးတွေ ကြားထဲမှာ ပြောင်းဆန်အောင် စီးလို့။

ကြယ်ဂေါင်ထဲမှာ အံ့ဩစရာကောင်းသည်က နာမည်ကျော်မြန်မာ့ကျောက်စိမ်းဈေးကွက်ကြီးနှင့်အတူ အင်ကြင်းကျောက်တွေပဲဖြစ်ပါသည်။ မြန်မာနိုင်ငံထဲမှာ အင်ကြင်းကျောက်တော်တော်များများကိုနွားထိုးကြီးဒေသတစ်ဝိုက်ကရပါသည်။ ဒေသခံတို့က အရိုးစင်းဆုံးနည်းလမ်းဖြင့် မြေကြီးကို တူးဆွကာ အင်ကြင်းကျောက်ရှာဖွေခဲ့ကြခြင်းဖြစ်ပါသည်။ စစ်ကိုင်းတိုင်းမြောင်ဘက်ကို ရောက်စဉ်က ကျွန်စစ်သားဇာတိဟုဆိုသော ပရိမ္မရွာတစ်ဝိုက်တွင်လည်း အံ့ဩဖွယ်ရာရောမအင်ကြင်းကျောက်ကြီးများကို နဂါးသဏ္ဌာန်လုပ်၍ ပြထားသည်ကိုပင် တွေ့ခဲ့ဖူးပါသည်။

ကြယ်ဂေါင်ရှိ အင်ကြင်းကျောက်ဆိုင်ကြီးများကမူ အင်ကြင်းကျောက်ကို ခေတ်မီ နည်းပညာဖြင့် ပြုပြင်မွမ်းမံ၍ ဈေးကွက်ထဲထည့်သွင်းထားခဲ့လေရာ အံ့ဩစရာ အင်ကြင်းကျောက်အလှအပများပင် ဖြစ်ပါသည်။

(သုံး)

ကြယ်ဂေါင်မှသည် ရွှေလီသို့ အသွားလမ်းတစ်နေရာ၌ သဘာဝလိုဏ်ဂူကြီးတစ်ခုရှိရာသို့ လိုက်ပို့ကြရာ နတ်သမီးသုံးပါးဂူဟု ဒေသခံတစ်ယောက်က ဆိုပါသည်။ တကယ့်သဘာဝအတိုင်းမပြုမပြင်ဘဲထားသည့် ဂူဖြစ်ရာ ကျောက်ခက်ပန်းဆွဲများ၏အလှကို ရင်သပ်ရှုမောမြင်တွေ့ရသည့် ကျောက်ဂူကြီးပဲဖြစ်ပါသည်။ ကျောက်တောင်ကြီးတစ်ခု၏ နံရံမှ တစ်ဆင့် ဝင်ရောက်သွားရသည့် ရှေးဟောင်းဂူကြီးဖြစ်ပြီး တရုတ်မြန်မာနှစ်ဘာသာဖြင့် ညှော့်လမ်းညွှန်နေသော အမျိုးသမီးကလေးတစ်ယောက်စ နှစ်ယောက်စတို့ကို သတိထားမိပါ၏။

မြန်မာ့မြေပေါ်မှာလည်း ဂူ တွေ တော်တော်များများ ရှိပါသည်။ ပင်းတယနားက ပင်းတယဂူ၊ ရှမ်းကနေ လွိုင်ကော်အသွားလမ်းဘေးတစ်နေရာက မြင်းမထိဂူ၊ မေမြို့ကနေ လားရှိုးဘက်အထက်က ပိတ်ချင်းမြောင်ဂူ၊ တောင်ကြီးကနေ ဟိုပုံးဘက်အထွက် ကျော်ကျော်က ထမ့်ဆန်းဂူစသည်စသည်။ တချို့ဂူတွေက သဘာဝတရားကို မျက်ကွယ်ပြုပြီး အလွန်အကျူး မွမ်းမံပြင်ဆင်ထားလေရာ မြန်မာ ခရီးသွားများပင်လျှင် နှာခေါင်းရှုံ့သူ ရှုံ့ကြလေရာ ကမ္ဘာလှည့် ခရီးသွားများအနေနှင့်မူ ဘယ်လောက်စိတ်ပျက်ကြမလဲဆိုသည်ကို မေးပင်မနေပါနှင့်တော့။

ကိုယ့်အိမ်နီးချင်းက ကိုယ့်သစ်ပင်ကိုဝယ်စိုက်၊ ကျောက်မျက်ရတနာကို ဝယ်ပြီး ပြုပြင်မွမ်းမံ၊ သဘာဝတောတောင်လျှိုမြောင် ဂူလိုဏ်တွေက အစ မူလအတိုင်း ထိန်းသိမ်းစောင့်ရှောက်စသည်ဖြင့် လုပ်ဆောင်နေပုံများကိုကြည့်ကာ ကျွန်တော့်စိတ်ထဲ ဘယ်ကစလို့ ဘာကိုနှမြောရမှန်းကို မသိနိုင်ပါလေတော့။ ။

7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ကောင်းကင်ဘုံကို မျှော်၍ ငရဲသို့ ရောက်ရှိခြင်း

မြင့်မိုရ်ဆွေ



ယခုအခါ စာရေးသူတို့နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းရှင် အများအပြားသည် အထပ်မြင့်တိုက်များ ဆောက်လုပ်ရန် အပြိုင်အဆိုင် ကြိုးပမ်းမှုများ ရှိလာ၏။

၎င်းသည်ကို "အထပ်မြင့်ရောဂါ" ဟု အချို့က ဆိုကြ၏။ ရန်ကုန်မြို့၏ ပုဂ္ဂလိကကဏ္ဍအိမ်ရာ ဆောက်လုပ်ရေး လုပ်ငန်းစဉ်သမိုင်းကိုပြန်လည်လေ့လာကြည့်ပါက တစ်ဦးတစ်ယောက်က တစ်နေရာတွင် အိမ်ရာပုံစံတစ်မျိုးဖြင့် အောင်မြင်ကြီးပွားလာပြီဆိုလျှင် ကျန်လူများက အပြိုင်အဆိုင် ဆောက်လုပ်လေ့ရှိသည်ကို တွေ့မြင်နိုင်ပေသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က ရန်ကုန်မြို့တွင် ဟောင်ကောင်ပုံစံ ကန်ထရိုက် တိုက်များ စတင်အောင်မြင်မှုရှိလာ၏။ အိမ်ခန်း တစ်ခန်းတွင် အပေါ်လွှာ၊ အောက်လွှာ နှစ်လွှာဟူ၍ ပါဝင်၏။ အလွှာတိုင်း၌ ရေချိုးခန်း၊ အိမ်သာနှင့် မီးဖိုပါဝင်၏။ ထိုပုံစံကို လူကြိုက်များလာသော အခါ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း စသည့် မြို့နယ်များနှင့် မြို့လယ်ဒေသများတွင် ပုံစံတူ အိမ်ခန်းများ အလုအယက် အပြိုင်အဆိုင် ဆောက်လုပ်ခဲ့ကြလေ၏။

သို့သော် ဆယ်စုနှစ်တစ်စုအကြာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် ဟောင်ကောင်ပုံစံသည် စင်မြင့်ထက်မှ ဆင်းပေးလိုက်ရ၏။ အိမ်ခန်း နှစ်ခန်း၊ သုံးခန်းစသည် ပါဝင်သော အခန်းများဖြင့် ဖွဲ့စည်း၍ ရှစ်ထပ်၊ ဆယ်ထပ်ရှိ "ကွန်ဒို" အဆောက်အအုံများ ခေတ်စားလာပြန်၏။ ဟိုနေရာကြည့် ကွန်ဒို၊ သည်နေရာကြည့် ကွန်ဒိုနှင့် အလွန်ပေါ်ပြူလာဖြစ်ခဲ့၏။ တစ်ဖန် ကွန်ဒိုချင်းယှဉ်လျှင် သူ့ထက်သူလူစွမ်းကောင်း ဖြစ်စေရန်အတွက် ပလာဇာနှင့် Tower ဟူသော အဆောက်အအုံများကိုပါ အပြိုင်အဆိုင် ဆောက်လုပ်လာကြပြန်၏။ ရွှေဂုံပလာဇာ၊ ယုဇနပလာဇာ၊ သုမင်္ဂလာတာဝါ၊ Excel တာဝါ၊ Asia Express တာဝါ စသည်ဖြင့် အပြိုင်အဆိုင်ဆောက်လုပ်လာကြပြန်၏။ ယခု နောက်ဆုံး အပြိုင်အဆိုင် ဆောက်လုပ်ရန် တာစူနေကြသည့် အဆောက်အအုံ အမျိုးအစားမှာ High Rise (ခေါ်) အထပ်မြင့်တိုက်ကြီးများ ဖြစ်လာပေသည်။

ထပ်မြင့်တိုက်များ တည်ဆောက်ရေးကို စတင်ကြိုးပမ်းခဲ့သည်မှာ ယခင်တပ်မတော် အစိုးရလက်ထက်ကာလတွင် ဖြစ်၏။ ၂၀၀၀ ပြည့်နှစ် အလွန်နှစ်များတွင် အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်သော အိမ်ရာ စီမံကိန်းများကို ကြီးကြပ်ရန် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့၏။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။ အဆိုပါ ကော်မတီမှ အထပ်မြင့်တိုက်များ ဆောက်လုပ်ရန်အတွက် အစိုးရက မြေစိုက်၊ ပုဂ္ဂလိက ဆောက်လုပ်ရေး ကုမ္ပဏီများက ငွေအရင်းအနှီးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုစိုက်ထုတ်သည့်စနစ်ဖြင့် ဆောက်လုပ်စေခဲ့ပြီး အကျိုးအမြတ်ဝေစုအဖြစ် အခန်းများခွဲဝေရာတွင် အစိုးရက ၂၀ ရာခိုင်နှုန်း၊ ဆောက်လုပ်သူက ၈၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့၏။

ထို့နောက် ဥက္ကဋ္ဌဖြစ်သူအား ဝန်ကြီးချုပ်နေရာမှ ဖယ်ရှားပြီး ဖမ်းဆီး အရေးယူခံရသောအခါ မြို့တော်အိမ်ရာစီမံကိန်း ကော်မတီလည်း ချုပ်ငြိမ်းသွားခဲ့လေ၏။ ထို့နောက် အာဏာဆက်လက်ချုပ်ကိုင်ထားသူများက အခန်းခွဲဝေမှုအချိုးကို မမျှတဟုဆိုကာ အစိုးရက ၄၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိက ၆၀ ရာခိုင်နှုန်း ပြင်ဆင်သတ်မှတ်ခဲ့၏။

ထိုအခါ ဆောက်လက်စ အထပ်မြင့်တိုက် အားလုံးနီးပါး ရှစ်ထပ်တိုက်အဖြစ်သို့ ပြောင်းလဲသွားကြလေ၏။ အကြောင်းရင်းမှာ ထိုစဉ်ကာလက အိမ်ခန်းများ ဝယ်လိုအားသည် ယခုအချိန်ကဲ့သို့ မြင့်မားမှု မရှိ။ ဝယ်သူကြိုက်ဈေးဖြစ်နေရာ အထပ်မြင့်ဆောက်ခြင်းဖြင့် အရှုံးမခံလို၍ အမြင့်မှ အနိမ့်သို့ ဆင်းကြခြင်းဖြစ်၏။ အချို့မှာ အထပ် ၂၀ အုတ်မြစ်ဆောက်ပြီးသော်လည်း အရှုံးခံလိုက်ကြ၏။ မည်သည့်တိုင်းပြည်တွင်မျှ မကြုံဖူးသော မြန်မာနိုင်ငံ၏ အထပ်မြင့်သမိုင်းအတွေ့အကြုံသစ်အဖြစ် မှတ်တမ်းတင်အပ်ပေသည်။

အထက်ပါ ဖြစ်ရပ်များနောက် ဆယ်စုနှစ် တစ်ခုနီးပါးအကြာတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖြစ်လာ၏။ စီးပွားရေးပိတ်ဆို့မှုများ လွတ်ကင်းလာ၏။ အိမ်ဈေး၊ မြေဈေးများက ကြီးမြင့်လာ၏။ အခွန်ငွေများ တိုးပင်တိုးငြား လုံးဝမကျဆင်းဘဲ ပို၍တက်လာ၏။ ရာဖြတ် ဈေးနှုန်းများမြှင့်တင်သတ်မှတ်သော်လည်း တက်မြဲတက်နေ၏။ အထူးသဖြင့် ကွန်ဒိုများတွင် ကြိုပွဲ့င်အရောင်းအဝယ်အလွန်သွက်လာ၏။ ငွေမည်းများကို ငွေဖြူဖြစ်အောင် အိမ်၊ ခြံ၊ မြေဝယ်ပြီး အခွန်ဆောင်လျှင် အမြတ်က အဆင်သင့်ဆီးကြိုနေ၏။ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေအဆင့်မြင့်သူတို့၏ ဝယ်လိုအားကလည်း အလွန်မြင့်မားနေ၏။ နိုင်ငံတော်အစိုးရအပိုင်းကလည်း ယခင်အစိုးရလက်ထက် အလွဲလွဲဖြစ်ခဲ့သည့် အထပ်မြင့်ကို စိတ်မကျေပွဲ ပြန်နွှဲလိုစိတ်များ ပေါ်ပေါက်လာဟန်ရှိ၏။ စင်ကာပူခရေဇီဖြစ်သည့် လူကြီး အချို့လည်း ရှိ၏။ ဒဂုံ(ဆိပ်ကမ်း)ကဲ့သို့သော နေရာ၌ပင် ရှိစုမဲ့စုထုတ်၍ ၁၈ ထပ်တိုက်များကို Quick Win ကွဟု ကြွေးကြော်နိုင်ရန် အမြန်တည် ဆောက်လျက်ရှိ၏။ ထိုအခါ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း ထပ်မြင့်တိုက်များ အပြိုင်အဆိုင် ဆောက်လုပ်ရန် အထူးဝါယမ စိုက်ထုတ်ပြင်ဆင်လာကြပေသည်။ ဟောင်ကောင်၊ ကွန်ဒို၊ ပလာဇာ၊ တာဝါပြီးတော့ ထပ်မြင့်တစ်ကျော့ပြန်ဟု မှတ်တမ်းပြုရပေတော့မည်။

စာမျက်နှာ(၃၂)သို့

# Business

7DAY NEWS JOURNAL

Vol.12, No.44 • JANUARY 8 , 2014




ပွဲရုံတစ်ခုတွင် နမူနာပြထားသည့် ပဲလွန်းဖြူများ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်ဖြစ်၍ ပဲအရောင်းအဝယ် ထက်ဝက်ခန့် ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ပဲအရောင်းအဝယ်ပြုလုပ်ရာတွင် ယခု ၂၀၁၄ ခုနှစ်မှစ၍ လက်ငင်းငွေချေစနစ်ဖြင့်သာ ရောင်းချရန် ဘုရင့်နောင် ကုန်စည်ဒိုင်ပဲအသင်းမှ ကြေညာချက်ထုတ်ပြန်လိုက်သောကြောင့် ပဲအရောင်းအဝယ် ကျဆင်းသွားကြောင်း သတင်းရရှိသည်။

ယခင်ကဲ့သို့ လေရောင်းလေဝယ်စနစ်ဖြင့် ပြုလုပ်ရတော့မည်မဟုတ်ဘဲ လက်ငင်းငွေချေပြီး ချက်ချင်း ပစ္စည်းသိမ်းသည့် စနစ်ဖြင့် ရောင်းဝယ်ရတော့မည်ဖြစ်ပြီး ရောင်းဝယ်မှုတိုင်းကို စာချုပ်ပြုလုပ်ပြီး ကုန်စည်ဒိုင်သို့ တင်ပြရမည်ဖြစ်သည်။

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ယခင်က ပဲရောင်းဝယ်ပြုလုပ်ရာ၌ လက်ငင်းငွေထုတ်ရန် မလိုသည့်အတွက် ကုန်စည်ဒိုင်တွင် နေ့စဉ်ရောင်းဝယ်သည့် ကွန်တိန်နာပုံး အရေအတွက် များသော်လည်း ယခုရက်ပိုင်းတွင် ယခင်က ထက်ဝက်ကျော် ကျဆင်းသွားကြောင်း ပဲကုန်သည်များက ပြောသည်။

“ဒီစနစ် လုပ်လိုက်တော့ ကုန်စည်ဒိုင်လာတဲ့ ကုန်သည်အရေအတွက်လည်း တော်တော်နည်းသွားတယ်။ လာတာနည်းတဲ့ အပြင် လက်ငင်းငွေချေပစ္စည်း သိမ်းဆိုတော့ အရောင်းအဝယ်တွေက အရင်တစ်ဝက်လောက်တောင် မရှိတော့ဘူး”ဟု ကုန်စည်ဒိုင်တွင် နေ့စဉ် အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးက ပြောသည်။

ထိုသို့ လက်ငင်းစနစ်ကို ပြောင်းလဲသတ်မှတ်လိုက်ခြင်းမှာ ကြိုရောင်းကြိုဝယ်စနစ်ဖြင့် ပြုလုပ်ကြပြီး နောက်ပိုင်းတွင် ငွေကြေးလိမ်လည်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသောကြောင့် ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ယခင်က နေ့စဉ်ကွန်တိန်နာ ပုံး ၃၀နှင့် ၄၀ ကြားအရောင်းအဝယ်ရှိသော်လည်း ယခုလက်ငင်းစနစ်တွင် ကွန်တိန်နာ ဆယ်ပုံးခန့်သာ အရောင်းအဝယ်ဖြစ်တော့ကြောင်း ပဲကုန်သည်များက ပြောသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ၂၀၁၃ နှစ်လယ်ပိုင်းကရောင်းဝယ်ရာတွင် တစ်လတွင်းပစ္စည်းအပ် ငွေချေစာချုပ်စနစ်ဖြင့် ရောင်းဝယ်ရန် သတ်မှတ်ခဲ့ဖူးသော်လည်း စည်းကမ်းချိုးဖောက်

စာမျက်နှာ ၂၈ ››

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၃ | ၉၉၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၂ | ၇၈၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၉ | ၁၃၅၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၈ | ၃၀. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၈ | ၁၆၁ | ကျပ် |

၂၀၁၄ ဇန်နဝါရီ ၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း


| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၉၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၅၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၄. ၇၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၅၀၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၁၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၅. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၉၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၂,၀၉၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၆၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၁၇၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၈၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၆၃၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၁၉၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၃၆. ၂၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၄၁ |
| ငွေ | အောင်စ | ၂၀. ၀၉ |
| ကြေးနီ | ပေါင် | ၃. ၄၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇန်နဝါရီ ၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# Business

7 ရက် ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014



ဒဂုံမြို့သစ်မြောက်ပိုင်းရှိ လူနေအိမ်အချို့

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်မြို့စွန်အိမ်ခြံမြေ အရောင်းအဝယ် ပုံမှန်ဖြစ်

**မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်အတွင်းမြို့စွန်နေရာအချို့တွင် စီးပွားရေးအရအမှန်တကယ်ရင်းနှီးမြှုပ်နှံသူများ လာရောက်ဝယ်ယူမှုများကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းရရှိသည်။

"မြို့စွန်တွေက လမ်းမမေးတင်လေးတွေ နည်းနည်းအဝယ်လိုက်နေတယ်။ တကယ်ရင်းနှီးမြှုပ်နှံမယ့်သူတွေက လိုက်ဝယ်နေတာ"ဟု ရွှေမြေအိမ်ခြံမြေအကျိုးဆောင်ဦးသန်းစိုးကပြောသည်။

အထူးသဖြင့် စီမံကိန်းဧရိယာများတွင် ပါဝင်သည့် သီလဝါစီမံကိန်းနယ်မြေနှင့်အနီးစပ်ဆုံးနေရာများတွင် အလုပ်ဖြစ်နေကြောင်း သိရသည်။

သန်လျင်ဘုရားကုန်းအနီးတစ်ဝိုက်နှင့်ရေကြောင်းတက္ကသိုလ်အနီးတစ်ဝိုက်တွင် နေ့စဉ်မြေဝယ်ယူရန် လာရောက်ကြည့်ရှုသူများနှင့် ပြန်လည်စည်ကားနေပြီး အောင်ချမ်းသာအနီးတွင်မူ ဈေးကစားသူများသာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သန်လျင်မြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကဆိုသည်။

ယခုနှစ်အတွင်း စီမံကိန်းအရပျက်ပြယ်နေပြီဖြစ်သည့် ရန်ကုန်-ဒလ တံတားစီမံကိန်းအရ ဒလမြို့နယ်တွင် အိမ်ခြံမြေအရောင်းအဝယ်မှာ သိသိသာသာကောင်းလာခြင်းမရှိဘဲ ဈေးနှုန်းများပင်ကျဆင်းသွားကြောင်းသိရသည်။ "အရင်ဈေးကောင်းရခဲ့တဲ့ ကျန်စစ်သားရပ်ကွက်ထဲကနေရာတွေမှာ အရောင်းအဝယ်လည်းမရှိတော့ဘူး ဈေးတွေလည်းကျသွားတယ်"ဟု ဒလမြို့နယ်အိမ်ခြံမြေအကျိုးဆောင်ကဆိုသည်။

သို့သော်ဒလမြို့နယ်အလွန်တောကြီးတန်းနှင့်ကော့မှူးလမ်းမမေးတင်နေရာများတွင်မူအရောင်းအဝယ်အချို့ဖြစ်ကြောင်း အထက်ပါအကျိုးဆောင်ကဆိုသည်။

ရန်ကုန်မြို့တွင်းနေရာအများစုတွင်မူ စည်ပင်သာယာရေးကော်မတီက မကြာမီသတ်မှတ်မည့် မြို့ပြမြေအသုံးချမှုဇုန်နယ်မြေများ သတ်မှတ်မည်ဆိုခြင်းကြောင့် ရင်းနှီးမြှုပ်နှံလိုသူများက စောင့်ကြည့်နေကြဆဲဖြစ်သည်။

သို့သော် ၂၀၁၄ ခုနှစ်အတွင်း အများပိုင် အဆောက်အအုံ ဥပဒေထွက်ပေါ်လာမည်ဖြစ်သောကြောင့် ရန်ကုန်မြို့တွင်းပိုင်းမှ ကွန်ဒိုတိုက်ခန်းအချို့ကြိုပွဲင့်စနစ်ဖြင့်အဓိက အရောင်းအဝယ်ဖြစ်နေကြောင်း Capital Development ကုမ္ပဏီမန်နေဂျာက ပြောပြသည်။

## ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာဈေးကျနေခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ စိုးရိမ်လာ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

တရုတ်နိုင်ငံမှ ဝယ်လိုအားများစွာ လျော့ချသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာဈေးကျဆင်းလာပြီး ပြည်တွင်းခြံရှင်များအတွက် စိုးရိမ်စရာဖြစ်လာကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။

"စိုက်ချိန်မှာ အထွက်ကောင်းမျိုးတွေ စိုက်ထားရင်တော့ ဈေးကျလည်းခုသာခံသာရှိတယ်။ အခု ပြည်တွင်းမှာ အများဆုံးစိုက်နေကြတာက အထွက်ကောင်းမျိုးတွေမဟုတ်သေးဘူး"ဟု အသင်းအထွေထွေအတွင်းရေးမှူးဦးခိုင်မြင့်ကပြောကြားသည်။

ကမ္ဘာ့ဈေးကွက်တွင် လက်ရှိအချိန်ရော်ဘာဈေးမှာတစ်တန်လျှင် ကန်ဒေါ်လာငါးရာနီးပါးကျဆင်းလာခဲ့သည်။ ပြည်တွင်း၌ ရော်ဘာအစေးစတင်ခြစ်ချိန်က တစ်တန်လျှင် ကန်ဒေါ်လာသုံးထောင်ရှိခဲ့သော်လည်း ယနေ့တွင် ကန်ဒေါ်လာ ၂၅၀၀အောက် ကျဆင်းလာသည်။

ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းကျဆင်းမှုမှာသိုလှောင်ထားသည့် ရော်ဘာများပြီး ကမ္ဘာ့စီးပွားရေးအခြေအနေကြောင့် ကုန်ချောထုတ်လုပ်မှုလျော့နည်းလာခြင်းကြောင့်ဟုပြည်ပသို့ရော်ဘာတင်ပို့နေသော လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကမ္ဘာ့ရော်ဘာဈေးတစ်တန်လျှင် ကန်ဒေါ်လာ သုံးထောင်ဝန်းကျင်ရှိနေချိန်တွင် ပြည်တွင်းဈေးကွက်၌တစ်ပေါင်လျှင်RSS3 အမျိုးအစား တစ်ထောင်ကျပ်မှ ယနေ့တွင် ၈၅၀ကျပ်ထိ ဈေးကျဆင်းလာသည်။

စာမျက်နှာ ၂၇ မှ

## လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်ဖြစ်၍ ပွဲအရောင်းအဝယ် ထက်ဝက်ခန့် ကျဆင်း

မှုများ ရှိခဲ့သည်။

လက်ငင်းငွေချေပစ္စည်းအပ်စနစ်ကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင်း ပြုလုပ်သော ရောင်းဝယ်မှုများသာမက ပြင်ပနေရာများတွင် ပြုလုပ်သော ရောင်းဝယ်မှုတိုင်းပါ လိုက်နာရမည်ဖြစ်ပြီး လိုက်နာမှုမရှိဘဲ ရောင်းဝယ်ထားသည်များကို သိရှိပါက ရောင်းသူဝယ်သူနှစ်ဦးလုံးအား ကုန်စည်ဒိုင်ပဲအသင်းဝင်အဖြစ်မှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။







7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014



# မျိုးဆက်သစ် ကိုယ်ပိုင်လုပ်ငန်းရှင်များ မွေးထုတ်ရန် ကြိုးစားနေသော အီသီယိုးပီးယား

**ကြည်နေဝင်းမင်း**



အဒစ်အဘာဘာမြို့ရှိ များပြားသော အလုပ်ရှင်များအတွက် အတွင်းရေးမှူးနှင့် စီမံရာထူးများတွင် ၃၃ နှစ်ကြာ အလုပ်လုပ်ပေးခဲ့ပြီးနောက် ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ရန် အချိန်တန်ပြီဟု မစ္စစ်ဒါမီနက်ဇီဂူဒီတစ်ယောက် ဆုံးဖြတ်လိုက်သည်။

ယခုအခါတွင် မစ္စစ်ဒါမီနက်သည် အီသီယိုးပီးယား အိမ်ထောင်စုတိုင်း နေ့စဉ်မဖြစ်မနေစားသုံးသော ချာပါတီကဲ့သို့ ဂျုံပြားအချပ် 'အင်ဂျီရာ'များ ရောင်းချသောလုပ်ငန်းကို ဂုဏ်ယူစွာပိုင်ဆိုင်ထားသည်မှာ နှစ်လရှိပြီဖြစ်သည်။

"စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်ဖို့ကို ကျွန်မ ဘယ်တုန်းကမှ စဉ်းစားလေ့မရှိဘူး။ ဒါနဲ့ ကျွန်မတို့နေတဲ့နေရာမှာ ဘယ်သူမှ 'အင်ဂျီရာ' ရောင်းတာ မတွေ့တော့ အဲဒီ အခွင့်အရေးကို ကျွန်မ ယူလိုက်တယ်"ဟု မစ္စစ်ဒါမီနက်ကပြောသည်။

မစ္စစ်ဒါမီနက်မှာ အီသီယိုးပီးယားအစိုးရက ဖွင့်လှစ်သော လေ့ကျင့်သင်တန်းပေးခြင်းနှင့်ထောက်ပံ့ရေးအစီအစဉ်ဖြစ်သော ကိုယ်ပိုင်လုပ်ငန်း ထူထောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (EDP)တွင် ပါဝင်တက်ရောက်ခဲ့ပြီးနောက် အသက်(၅၀)ကျော်ကြာမှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရေး အောင်မြင်လာသူဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ကုလသမဂ္ဂက ပူးပေါင်း၍ ရန်ပုံငွေထည့်ဝင်သော ကန်ဒေါ်လာ ၂၆ သန်းတန် အစီအစဉ်ကြောင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်ပြီး ၎င်းတို့က အလုပ်အကိုင်များ ဖန်တီးပေးကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ကူညီကြလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ယင်းအစီအစဉ်ကို အခမဲ့ပံ့ပိုးပေးခြင်းဖြစ်ပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့ရန်စီစဉ်ထားသည်။

အစီအစဉ်မှနေ၍ ဘဏ္ဍာရေးထောက်ပံ့မှုမလုပ်သော်လည်း ယခုအချိန်အထိ အီသီယိုးပီးယားနိုင်ငံ၏ ဒေသ ၁၁ ခုအနက် ဒေသ ၄ ခုမှ လူပေါင်း ၁,၀၀၀ ကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့ လုပ်ဆောင်ပေးခဲ့သည်။ EDP အစီအစဉ်၏ ကြီးမားသော ရည်မှန်းချက်မှာ ၂၀၁၅ ခုနှစ်အရောက်တွင် အီသီယိုးပီးယားနိုင်ငံသား နှစ်သိန်း၊ အထူးသဖြင့် လူငယ်လူလတ်ပိုင်းများနှင့် အမျိုးသမီးများကို ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရေး စွမ်းရည်နှင့် ဗဟုသုတများ ရရှိသွားစေရေးဖြစ်သည်။

"လက်ရှိအီသီယိုးပီးယားနိုင်ငံက ကိုယ်ပိုင်လုပ်ငန်းရှင်တွေနဲ့ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ဖို့ကြိုးစားနေသူတွေရဲ့ ရည်မှန်းချက်နဲ့ တီထွင်ဖန်တီးမှုကို စုဆောင်းအသုံးချရင်းနဲ့ အသွင်ကူးပြောင်းသွားမယ့် အပြောင်းအလဲအင်အားတစ်ရပ် ထွက်ပေါ်လာဖို့ ကျွန်တော်တို့ ရည်မှန်းလုပ်ဆောင်နေကြတာပါ"ဟု Entrepreneurship Development Programme (EDP)ကိုကြည့်ရှုစောင့်ရှောက်နိုင်သော အစိုးရအေဂျင်စီအကြီးအကဲ အီတာလမ်အင်ဂျီဒါက ပြောပါသည်။ ကနဦး အလုပ်ရုံဆွေးနွေးပွဲများပြီးနောက်တွင် ကျွမ်းကျင်သူအကြံပေးများက အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ပြီးနောက် ကိုယ်ပိုင်လုပ်ငန်း ထူထောင်ခဲ့သူများ၏ စီးပွားရေးလုပ်ငန်းများ အခြေအနေကို တစ်နှစ်ပတ်လုံးလိုက်လံကြည့်ရှုစစ်ဆေးပေးကြသည်။ ထို့အပြင် မည်သည့်အချိန်တွင်မဆို ကိုယ်ပိုင်လုပ်ငန်းရှင်များမှာ အကြံဉာဏ်နှင့် အကူအညီများ တောင်းဆိုနိုင်ကြသည်။

"တစ်ယောက်ယောက်က မင်းဆီရောက်လာပြီး မင်းရဲ့စီးပွားရေးအပေါ် အလေးအနက်ထားတာကို ပြသရင် ဒါဟာ အားတက်စရာကောင်းပါတယ်"ဟု နိုဝင်ဘာလအတွင်း ပုံနှိပ်ရေးနှင့် အတိုင်ပင်ခံ စီးပွားရေးလုပ်ငန်းတစ်ရပ် မစတင်မီ EDP အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူ ဂီရမ်တာရီကူကပြောပါသည်။

၂၀၁၃ ခုနှစ် မေလတွင် မစ္စစ်ဒါမီနက်တစ်ယောက် အစိုးရအစီအစဉ်၏ အခြေခံအုတ်မြစ်ဖြစ်သော ခြောက်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းသင်တန်းတွင် စီးပွားရေးအစီအစဉ်တစ်ရပ် ရေးဆွဲခြင်း၊ ရောင်းချရန် ဖြစ်နိုင်ခြေရှိသော ပစ္စည်းများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို တွက်ချက်ခြင်း၊ ဈေးကွက်စူးစမ်းလေ့လာခြင်း၊ တိုင်ပင်ညှိနှိုင်းခြင်းနှင့် အခြားလေ့ကျင့်မှုများ လုပ်ဆောင်ရသည်။ တစ်နေကုန်တက်ရသော သင်တန်းအစီအစဉ်ပြီးဆုံးချိန်တွင် ဒါမီနက်မှာ အားအင်ကုန်ခန်းမောပန်းသွားသည်ဟု ခံစားရသည်။ သင်တန်းရက်များအတွင်း တစ်နေကုန် သင်တန်းပြီးချိန်၌ နောက်တစ်နေ့အတွက် ပြင်ဆင်မှုများလည်း လုပ်ခဲ့ရသည်။

"ဒါပေမဲ့ အဲဒါ တကယ်တန်ပါတယ်"ဟု မစ္စစ်ဒါမီနက်ကပြောပြီး ယင်းအလုပ်ရုံဆွေးနွေးပွဲက စီးပွားရေးလုပ်ငန်းသစ်အတွက် စိတ်ကူးထုတ်ရန် လှုံ့ဆော်ပေးခဲ့သည်ဟု ၎င်းကဆက်လက်ပြောသည်။

ပြီးခဲ့သည့်နွေရာသီက မစ္စစ်ဒါမီနက်သည် သူစုဆောင်းထားသော ငွေများ၊ ဆွေမျိုးသားချင်းများဆီက ချေးယူသောငွေများ စုပေါင်း၍ အီသီယိုးပီးယားငွေ ဘီယာတစ်သိန်း (ကန်ဒေါ်လာ ၅,၂၃၀) ရှာဖွေခဲ့ပြီး 'အင်ဂျီရာ' ချာပါတီများ ထုတ်လုပ်ရောင်းချရန် ပစ္စည်းကိရိယာများ ဝယ်ယူတပ်ဆင်ခဲ့သည်။ ၎င်း၏အိမ်တွင် သန့်ရှင်းရေးလာလုပ်ပေးနေသော အိမ်အကူအမျိုးသမီးက အရှေ့အလယ်ပိုင်းတွင် အလုပ်သွားလုပ်တော့မည့်ဆဲဆဲတွင် မစ္စစ်ဒါမီနက်က ၎င်း၏ပျိုးထောင်စလုပ်ငန်းတွင် ပါဝင်ရန်ဆွဲဆောင်ခဲ့သည်။ အိမ်အကူဟောင်းနှင့် အခြားအလုပ်သမားနှစ်ဦးက ယခုအခါတစ်နေ့လျှင် 'အင်ဂျီရာ'ချာပါတီပြား ၅၀၀ ကို ထုတ်လုပ်ပြီး ပို့ဆောင်ရာတွင် ကူညီပေးနေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂,၀၀၀ ကျော်က အက်ဆူမိုက်ဘုရင့်နိုင်ငံမှာ ကုန်သွယ်ရေးအချက်အချာဒေသဖြစ်ခဲ့၍ အီသီယိုးပီးယားနိုင်ငံတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော သမိုင်းအစဉ်အလာရှိခဲ့ပါသည်။ သို့သော် ယင်းအစဉ်အလာကို မကြာသေးမီက ပြန်လည်နိုးကြားလာစေရန် ကြိုးပမ်းရာတွင် ဒေသခံကိုယ်ပိုင်လုပ်ငန်းရှင်များမှာ စိန်ခေါ်မှုအမြောက်အမြားနှင့် ရင်ဆိုင်ကြရသည်။

ဘီယာငွေတစ်သိန်းထက် ပိုပြီးလိုအပ်သော ကိုယ်ပိုင်လုပ်ငန်းရှင်များအနေဖြင့် လုံလောက်သော ဘဏ္ဍာငွေရရှိရန် ခက်ခဲကြောင်း ဂီရမ်ကပြောသည်။

ထို့အပြင် လုပ်ငန်းရှင်တစ်ယောက်အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန် ယခုထက်ပိုမိုလွယ်ကူရေး လိုအပ်နေသည်။ လက်ရှိတွင် လုပ်ငန်းရှင်များမှာ ကုမ္ပဏီမှတ်ပုံတင်ရန် အစိုးရရုံးခြောက်ရုံးသို့ သွားရန်လိုအပ်သည်။ ထိုအတောအတွင်းမှာပင် ကြိုးလိုင်းအင်တာနက်မှာလည်း အလွန်နှေးကွေးပြီး စိတ်မချရပေ။

တစ်ချိန်တည်းမှာပင် နည်းပညာလုပ်ငန်း စတင်မည့်သူများအတွက် အလားအလာကောင်းများလည်း ရှိနေသည်။ ဥပမာအားဖြင့် အီသီယိုးပီးယားနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုသူ ၂၂ သန်းရှိနေပြီး ယင်းအရေအတွက်မှာ ၂၀၁၅ ခုနှစ်တွင် ၆၄ သန်းအထိ တိုးတက်လာမည်ဟု မျှော်လင့်ထားသည်။ ထိုမျှမက EDP အစီအစဉ်ကပေးသော ကူညီထောက်ပံ့မှုအပြင် ပုဂ္ဂလိကအထောက်အပံ့ လုပ်ငန်းသုံးခုလည်း ရှိနေသည်။ ယင်းတို့အနက် တစ်ခုမှာ မြို့တော် အဒစ်အဘာဘာတွင် ပူးပေါင်းလုပ်ကိုင်ရန် နေရာနှင့် နည်းပညာထောက်ပံ့သော IceAdidis လို အဖွဲ့အစည်းလည်း ပါဝင်သည်။


သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်မူ အစိုးရက ကဏ္ဍအများအပြားကို ပိတ်ပင်ထားဆဲဖြစ်သည်။ ယင်းတွင် အလားအလာကောင်းများရှိသော ဖုန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ မီဒီယာနှင့် လက်လီရောင်းဝယ်ရေးကဏ္ဍများ ပါဝင်သည်။ သို့ဖြစ်လင့်ကစား အစိုးရက ယင်းသို့ ပိတ်ပင်ထားခြင်းကို ဂျီရမ်က ကျေနပ်နေသည်။ ထိုသို့မဟုတ်ပါက ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရုန်းကန်နေရလိမ့်မည်ဟု ၎င်းကဆိုပါသည်။ ယင်းခံစားချက်ကို ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) အီသီယိုးပီးယားဌာနေ ဒါရိုက်တာ ဆယ်မြူရယ်ဘီဝယ်ယာကလည်း မျှဝေခံစားပါသည်။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် လက်လီရောင်းဝယ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သူများမှာ ဒေသခံများနှင့် ယှဉ်ပြိုင်ကြခြင်းသာဖြစ်သည်ဟု ဆယ်မြူရယ်ကပြောပါသည်။

*—Ref: Ethiopia aims to create new generation of entrepreneurs*

7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# 7DAY BOOK REVIEW




## မေတ္တာဥ္စလီဝတ္ထုတိုများ

**လူမျိုးနော်**

လွန်ခဲ့သည့် ၂၅ နှစ်ကျော်ကျော် ကာလ(၁၉၈၃-၁၉၈၈) တွင် သဘင်မဂ္ဂဇင်း လစဉ်ထွက်ရှိခဲ့ဖူးသည်။ ထိုမဂ္ဂဇင်းတွင် ဆရာဦးအောင်သင်း၏ "ကျွန်တော်အကြိုက်ဆုံးဝတ္ထုတို" ကဏ္ဍပါဝင်သည်။ ထိုကဏ္ဍကို စာဖတ်သူများ၊ ကလောင်သွေးစဝါသနာရှင်များ တခုတ်တရ စောင့်ဖတ်ရသည်။ ဆရာဦးအောင်သင်းက တစ်လ တစ်လ ထွက်ရှိသော မဂ္ဂဇင်းများမှ ဝတ္ထုတို အပုဒ် ၇၀၊ ၈၀ ခန့်ကို ဖတ်ရှုပြီးမှ သူ့အကြိုက် ဝတ္ထုတို တစ်ပုဒ်ကိုရွေးကာ "ကျွန်တော် အကြိုက်ဆုံးဝတ္ထု" အဖြစ် ဖော်ပြခဲ့ရာ ဝတ္ထုတိုရွေးချယ်ဖော်ပြခြင်း ခံရသော စာရေးဆရာမှာ စာဖတ်သူပရိသတ်များကြား ကလောင်နာမည်တစ်ခုမှတ်တမ်းတင်ခံရသည်အထိ ထိုကဏ္ဍက ဩဇာကြီးမားခဲ့သည်။

လူမျိုးနော်သည် ဆရာဦးအောင်သင်း၏ "ကျွန်တော်အကြိုက်ဆုံးဝတ္ထုတို"ကဏ္ဍတွင် နှစ်ကြိမ်တိုင်တိုင် ဖော်ပြခြင်းခံရသော ကလောင်ဖြစ်သည်။ ၎င်း၏ ပထမဆုံးလက်ရာ "မအိုမီ၊ မနာမီ၊ မသေမီ"ဆိုသော ဝတ္ထုတိုသည်ပင် ယင်းကဏ္ဍ၌ ဖော်ပြခြင်းခံရသော ဝတ္ထုတို ဖြစ်သည်။ ၁၉၈၃ ခုနှစ်မှစတင်၍ရေးသားခဲ့သော ဝတ္ထုတိုများကို စုစည်း၍ မေတ္တာဥ္စလီဝတ္ထုတိုများအမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။ စုစုပေါင်း ဝတ္ထု တို ၂၆ ပုဒ်ပါဝင်ပြီး စာရေးသူ၏ ဆေးကျောင်းသား၊ အလုပ်သင် ဆရာဝန်၊ ဆရာဝန်စသည့် ဘဝကာလများကို ဖြတ်သန်းရင်း ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်သည်။ ကြည်ဇော်ဝင်းစာပေက တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ဖြောင့်ဖြောင့်စင်းစင်း ဝတ္ထုတိုများ(၁)

**ကိုရိုးကွန့်**

၁၉၈၀ ခုနှစ်နောက်ပိုင်း ဝတ္ထုတိုဆရာများက ရသမြောက်ဝတ္ထုတို အမြောက်အမြားရေးဖွဲ့ခဲ့ကြသည်။ ထိုနှစ်ကာလများကို ဝတ္ထုတို ရွှေခေတ်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ စာရေးသူကိုရိုးကွန့်သည်လည်းဝတ္ထုတိုရွှေခေတ်၏ စာရေးဆရာများအနက် တစ်ဦးဖြစ်သည်။

"ကျွန်တော်ကဲ့သို့ ခံစားချက်ကို အလေးပေးတတ်သူများသာမက၊ ခံစားချက်ကို ခပ်ပေ့ါပေ့ါထားသူများပင် ဤကဲ့သို့ရသမြောက်သော အလင်္ကာဂုဏ်ရှိသည့် ဝတ္ထုတိုလေးများကို ဖတ်မိပါက ရင်ထဲ နှလုံးသားထဲက ခံစားချက်များ အလွန်အရသာ အာဟာရနှင့်ပြည့်စုံသည့် ထမင်း၊ ဟင်းဝိုင်းကြီးကို သုံးဆောင်မှီဝဲလိုက်ရသကဲ့သို့ စာပေ၏အနှစ်ကိုထိတွေ့ အာရုံခံစားရပေမည်"ဟု စာရေးသူ အောင်ချိန်ဘွားဆိုခဲ့သည့် အမှာစကားအတိုင်းပင် ကိုရိုးကွန့်၏ ဝတ္ထုတိုများမှာ နှလုံးသားဖြင့် ရေးဖွဲ့ထားသော ရသဝတ္ထုတိုများဖြစ်သည်။ ထိုဝတ္ထုတိုများက လူ့စရိုက်၊ လူ့သဘာဝနှင့် လူတို့၏ မေတ္တာကရုဏာကိုဖွဲ့ပြသည်။ လူ့စာရိတ္တကို အမွှမ်းတင်သည်။ မိဘမေတ္တာကို နက်နက်ရှိုင်းရှိုင်းဖွင့် သည်။ ရသဝတ္ထုတို ကြိုက်နှစ်သက်သူများအတွက် အေးအေးလူလူ ဖတ်ရှုရသခံနိုင်သော ဝတ္ထုတိုများ ဖြစ်သည်။

ကိုရိုးကွန့်၏ ဖြောင့်ဖြောင့်စင်းစင်း ဝတ္ထုတိုများ အတွဲ(၁)တွင် ဝတ္ထုတို ၁၄ ပုဒ်ကို စုစည်း ဖော်ပြထားခြင်းဖြစ်ပြီး စရိုက် သဘာဝဖွဲ့ ဝတ္ထုတို ၁၂ ပုဒ်နှင့် မိဘမေတ္တာဖွဲ့ ဝတ္ထုတိုနှစ်ပုဒ်ကို သီးခြားဖော်ပြထားသည်။ အောင်ပင် လယ်စာပေက တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## မိုးထိတိုက်တွေကို ဘယ်ချိန်ကစပြီး ဆောက်ခဲ့တာလဲ

အစောပိုင်းကာလအထပ်မြင့်တိုက်တည်ဆောက်မှုမှာ ၁၈၈၄ နှင့် ၁၉၃၉ ခုနှစ်ကြားကာလက အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်နှင့်ချီကာဂိုမြို့များတွင် ဖွံ့ဖြိုးလာခဲ့သည်။ အမေရိကရှိမြို့များတွင် ပုံမှန်အားဖြင့် အထပ်နိမ့်အဆောက်အအုံများသာ တည်ဆောက်ခဲ့ကြရာမှ အဆောက်အအုံအမြင့်များကို မြို့ပြများတွင်၁၈၇၀ ခုနှစ်များမှစတင်ကာ တည်ဆောက်ခဲ့ကြသည်။ နည်းပညာပိုင်းဖွံ့ဖြိုးမှုများအဖြစ် မီးခံသံဖရိန်များအသုံးပြုလာခြင်း၊ ဓာတ်လှေကားများ တပ်ဆင်လာကြခြင်းနှင့် လျှပ်စစ်မီးအသုံးပြုလာခြင်း စသည်များဆောင်ရွက်လာကြသည်။

ထင်ရှားသည့်အထပ်မြင့်အဆောက်အအုံအဖြစ် ချီကာဂိုမြို့ရှိ၁၃၈ ပေအမြင့်ရှိနေအိမ်အာမခံရုံး အဆောက်အအုံကို ၁၈၈၄ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ မိုးထိတိုက်များ၏သမိုင်းကြောင်း အပြည့်အစုံ လေ့လာလိုသူများအတွက် နယူးယောက်မြို့တွင် မိုးထိတိုက်ပြတိုက်ကို ၁၉၉၇ ခုနှစ်ကဖွင့်လှစ်ထားခဲ့သည်။

Ref: Wikipedia

# တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြီးစီးအောင် လုပ်နိုင်ရက်နှင့် မလုပ်ဘဲ အကြွေးချန်ထားသည့်ကိစ္စများမှပြဿနာဖြစ်တတ်သည်။ ကြီးကြီးမားမားပြဿနာမဟုတ်သည်ကို အကျယ်ချဲ့၍ အမျိုးမျိုးအဖုံဖုံ အပြစ်တင်ဝေဖန်သူနှင့် တွေ့တတ်သည်။ အရာရာစနစ်တကျ သေသေချာချာပြင်ဆင်ထားပြီးမှ အဆုံးသတ်ဆောင်ရွက်ချိန်တွင် အနီးမှသူများ၏ စကားကိုယုံစားပြီး အစီအစဉ်ပြောင်းလဲလိုက်၍ အောင်မြင်သင့်သလောက်မအောင်မမြင်ဖြစ်တတ်သည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မမျှော်မှန်းထားသည့်ပြဿနာများ တစ်မျိုးပြီးတစ်မျိုးရင်ဆိုင်ဖြေရှင်းရမည်။ လမ်းကြောင်းမှန်ပေါ် ရှိလင့်ကစား တိုးတက်မှုနှေးကွေးနေမည်။ ဆောင်ရွက်နေရသော အနေအထားထက် ပိုမိုမြင့်သော အလုပ်တာဝန်များ ကိုင်တွယ်ရမည်။ တစ်ပါးသူမှ မိမိအပေါ် မနာလိုခြင်းများဖြစ်လိမ့်မည်။ ဆက်ဆံနေသော ဝန်းကျင် အားပြန်လည်စိစစ်သင့်သည်။ အမည်အတွင်း (အ၊ ဥ၊ ရ၊ လ၊ ဝ)ပါသူက မိမိအားဒုက္ခပေးမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လုပ်နေသည့်လုပ်ငန်းများ၊ ဆောင်ရွက်နေသည့်ကိစ္စများအားလုံးကို အောင်မြင်စွာအဆုံးသတ်နိုင်မည်။ သူတစ်ပါးထက်သာသော အရည်အသွေးထွန်းတောက်နေသည်။ မူလရည်မှန်းထားသည်များကို ရဲရဲတင်းတင်း ပြတ်ပြတ်သားသားဆောင်ရွက်ရန်ဖြစ်သည်။ တွေဝေဒွိဟဖြစ်ခြင်းမပြုသင့်။ ဝေဖန်မှုများ၊ စကားတင်းဆိုမှုများ မည်မျှရှိစေ အားလုံးကိုကျော်လွှား၍ စနစ်တကျဆောင်ရွက်ပါ။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဦးတည်လိုက်တိုင်း၊ နေရာတိုင်းအနှောင့်အယှက်တွေ့မည်။ လုပ်ကိုင်နေသည့်လုပ်ငန်းမည်မျှအဆင်ပြေစေ အလုပ်သစ်များဆောင်ရွက်လိုနေမည်။ မူလတစ်ကြိမ်တစ်ခါမှ မလုပ်ဖူးသေးသည့်လုပ်ငန်းများ လုပ်ကိုင်ရမည်။ ဘဝတွင်တစ်ကြိမ်မှမရဖူးသေးသည့် အောင်မြင်မှုများရရှိမည်။ အကြံသစ်များ အကောင်အထည်ဖော်အောင်မြင်မည်။ ပတ်ဝန်းကျင်တွင် အပြောင်းအလဲများတစ်မျိုးပြီးတစ်မျိုးဖြစ်ပေါ်လာမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကြန့်ကြာနေသည်များ လက်ဝယ်ပြန်ရမည်။ အခါတိုင်းနှင့်မတူ၊ ဆတ်ဆတ်ထိမခံ ကိုယ်ကလည်းသူတစ်ပါးကို ဒုက္ခမပေး။ ကိုယ့်လမ်းကြောင်းတွင် အနှောင့်အယှက်သဖွယ်တားဆီးနေသူများအပေါ် လည်း တိုက်ခိုက်ဖယ်ရှားမည်။ ကိုယ်လုပ်နေသည့်ကိစ္စအပေါ် တစ်ပါးသူက စွက်ဖက်လျှင် မည်မျှခရီးရောက်နေစေ ရပ်တန့်ပစ်လိုက်မည်။ စိတ်တိုဒေါသထွက်လွယ်နေမည်။ စကားအပြောအဆိုဂရုစိုက်ပါ။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဆောင်ရွက်သည့်ကိစ္စအလုံးစုံ၊ ရည်မှန်းထားသည့် ရည်ရွယ်ချက်အားလုံးပေါင်း၍ တိုးတက်မည်။ ကိုယ်ပိုင်အစွမ်းအစထက်မြက်မည်။ ငွေကြေးဥစ္စာတိုးပွားမည်။ ခက်ခဲသည့်ပြဿနာဖြေရှင်းနိုင်မည်။ ကိုယ်ဆောင်ရွက်ထားသည့်ကိစ္စများမှ ထူးခြားသောအကျိုးအမြတ်ရရှိသည်။ ပညာရေးကောင်းမည်။ မိတ်ဆွေကောင်းအကူအညီရမည်။ မနာလိုရန် အပြိုင်ပေါ်မည်။ သူတစ်ပါးပြဿနာများ မိမိပါဝင်ပတ်သက်ဖြေရှင်းရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကျန်းမာရေးပိုင်းကို အထူးဂရုစိုက်ရမည်။ ခံနိုင်ရည်စွမ်းအားနည်းနေသည်။ စိတ်ပင်ပန်းမှုကြောင့် ချူချာတတ်သည်။ အလုပ်ပေါင်းစုံ၊ ကိစ္စမျိုးစုံကို တစ်မျိုးပြီးတစ်မျိုး စိတ်ပင်ပန်း၊ လူပင်ပန်းဆောင်ရွက်နေရမည်။ အလုပ်များသယောင်ရှိသော်လည်း ဦးတည်ချက်ကွယ်ပျောက်နေမည်။ လုပ်လိုက်သည့်ကိစ္စများမှ ရှေ့ဆက်ဆောင်ရွက်ရန် အခြေအနေတွင် လမ်းပိတ်နေသလိုဖြစ်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြဿနာများတစ်မျိုးပြီးတစ်မျိုး ဖြေရှင်းရမည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိသည်။ စိတ်ပင်ပန်းစရာများ စိတ်အနှောင့်အယှက်များဖြစ်ပေါ်မည်။ အငြင်းပွားရခြင်းများ အချင်းများရသည်များကြုံမည်။ သူတစ်ပါးပြဿနာ မိမိခေါင်းစာခံသဖွယ်ဖြေရှင်းရမည်။ မှန်ကန်သော အကြောင်းအရာအချို့အပေါ် အခြေတည်ပြီး စကားထည့်လုပ်ဇာတ်ထွင်ကာ မိမိအားတိုက်ခိုက်ဒုက္ခပေးသူနှင့် တွေ့တတ်သည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အဆိုးမှလွတ်မြောက်မည်။ အဆင်ပြေခြင်း၊ ကံကောင်းခြင်း ဆက်တိုက်ဖြစ်ပေါ်မည်။ စိတ်ချမ်းသာမည်။ ကာလအတန်ကြာ မိမိထံမှ ပျောက်ကွယ်နေသည့် ပျော်ရွှင်ရယ်မောမှုများနှင့် စိတ်အေးချမ်းမှုများပြန်လည်ရရှိမည်။ မိသားစုနှင့်ပတ်သက်သည့် ကောင်းသတင်း၊ စိတ်ချမ်းမြေ့စရာ သတင်းကြုံမည်။ လုပ်ငန်းအဆင့်၊ ဘဝအဆင့်တိုးတက်မှုများ အခိုင်အမာပေါ်ထွန်းမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အိမ်တွင်လုပ်ငန်းမရှိသူ၊ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ အပြောင်းအလဲများဖြစ်ပေါ်မည်။ လက်လွှတ်ထားသည်များ ပြန်ရမည်။ ခြံ၊ ကား၊ အခန်းနေရာထိုင်ခင်းကိစ္စများ ပြောဆို၍ အကျိုးရှိသည်။ ကာလအတန်ကြာ လုပ်ကိုင်လိုလျက် လက်တွေ့ပူးပေါင်းဆောင်ရွက်မည့်သူမရှိ၍ ဆိုင်းငံ့ထားသည့်စိတ်ကူးများကို မိတ်ဆွေကောင်းနှင့် ပူးပေါင်းလုပ်နိုင်သောအခြေအနေရောက်ရှိမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အဘက်ဘက်မှကောင်းသည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ အလုပ်လျှောက်၊ အလုပ်ရှာ၊ အလုပ်ရ၊ အလုပ်တိုး၊ လူမှန်၊ နေရာမှန်ရ၊ ကံပွင့်၊ အလိုပြည့်၊ ငွေဝင်၊ အဆင်ပြေ၊ တိုးတက်ခြင်းများ တစ်ပြိုင်နက်တည်း ဇယ်စက်သလို ဖြစ်ပေါ်မည်။ ပညာအတတ်နှင့်လည်း အောင်မြင်ခြင်းများ ဖြစ်ထွန်းမည်။ မေတ္တာရေးကံ ကောင်းမည်။ စီးပွားဥစ္စာတိုးပွားမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မှန်းသည်တစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်မည်။ လုပ်သမျှအံချော်မည်။ ပြဿနာတစ်မျိုးပြီးတစ်မျိုးရင်ဆိုင် ဖြေရှင်းရမည်။ မှန်းထားသည်နှင့် လက်တွေ့တခြားစီဖြစ်မည်။ မတော်တဆထိရှမည်။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။ အပျောက်အရှုအကုန်အကျများမည်။ ကိုယ်လုပ်လျှင် ဖြစ်သည်ဟူသော မာန်မာနကြောင့် အမှားတွေ့တတ်သည်။ ထင်ရာစိုင်းခြင်း၊ ခေါင်းမာခြင်း၊ တစ်ပါးသူအပေါ် အထင်သေးခြင်းများလျှော့သင့်သည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၆၆)

## အလျားလိုက်

၃။ ချစ်သူရှိကြောင်း ထုတ်ပြောသူတစ်ဦး
၆။ အိန္ဒိယကျောင်းများတွင် ဝေငှသောအရာများ
၈။ အင်္ဂလန်နှင့် အာဆင်နယ် ဂန္တဝင်ကစားသမားတစ်ဦး
၁၀။ ၂၀၁၃ တွင် မြန်မာက ဂုဏ်ယူနိုင်သောပွဲတော်
၁၁။ မြန်မာနိုင်ငံရေး အပြောင်းအလဲအတွက် အရေးပါသူတစ်ဦး
၁၂။ တာဝန်ယူ၊ တာဝန်ခံနိုင်မှု


## ဒေါင်လိုက်

၁။ လသားကလေးငယ်များအတွက် အရေးကြီးသောကိစ္စ
၂။ ဖိလစ်ပိုင်တွင် မုန်တိုင်းကြောင့် ပြားပြားဝပ်သွားသောမြို့
၄။ ဘာသာရေး ပဋိပက္ခ ဖြစ်ခဲ့သော နေရာတစ်ခု
၅။ မြန်မာပြည်မှ အသည်းပုံရေကန်
၇။ အသက်ကိုးဆယ်အထိ ကိုယ်ယုံကြည်ရာ တိုက်ပွဲဝင်သူ
၉။ ပြည်ပသွားအလုပ်လုပ်မည့်သူများ လုပ်ရမည့်ကတ်



ပဟေဠိအမှတ်စဉ်(၂၆၅) အတွက် အဖြေမှန်သူမရှိပါ။

### ပဟေဠိ အမှတ်စဉ်(၂၆၅)အဖြေမှန်



အမည် .................................... မှတ်ပုံတင်အမှတ် ....................................
နေရပ်လိပ်စာ ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၀-၁-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**Annawa Engineering**

**Car Wash & Car Spa**

Car wash, Engine cleaning, Head Light Restoration, အတွင်းခန်းအခြောက်လျှော်ခြင်း၊ စက်ပေါ်လစ်တိုက်ခြင်းတို့ကို ပြုလုပ်ပေးနေပါသည်။
ဖုန်း-၀၉-၇၃၀၁၁၅၈၅

**ရောင်းမည်**

ပေ (၂၀×၅၀)၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဘုရားလမ်းမှတ်တိုင်၊ အနောက်ခြမ်း၊ လေးလွှာ-သိန်း၃၀၀၊ သုံးလွှာ-သိန်း၃၅၀၊ မြေညီ-သိန်း၆၀၀။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

ဘုရားလမ်းသွယ် မြေညီ ပေ (၂၀×၅၅)၊ Hall ဘိုထိုင်အိမ်သာ၊ ရေချိုးခန်း ကြွေပြားကပ်။ သိန်း (၆၆၀)။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

ဘုရားလမ်း၊ လမ်းသွယ် ပေ (၁၈×၆၀)၊ လေးလွှာ၊ အိပ်ခန်း နှစ်ခန်း၊ ဘိုထိုင်အိမ်သာ၊ ရေချိုးခန်း ကြွေပြားကပ်။ သိန်း (၄၇၀)။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

သဃ်န်းကျွန်း၊ ဘုရားလမ်း၊ ပေ(၁၆×၆၀)၊ ၅ လွှာ၊ ဂရပ်ကြီး၊ အိပ်ခန်း တစ်ခန်း၊ ရေချိုးခန်းအိမ်သာ ကြွေကပ်။ သိန်း (၃၅၀)။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

အမှတ် (၁၈)၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ပေ(၂၅×၅၅)၊ နှစ်ထပ်ခွဲလုံးချင်းတိုက်။ သိန်း (၅၇၀၀)ညှိနှိုင်း။
ဖုန်း-၀၉ ၅၀၁၁၃၅၉

**ငှားမည်**

ကျောက်ကုန်း၊ မဂ္ဂင်လမ်း ပေ (၅၀×၇၀)၊ မြေညီထပ်၊ နှစ်ထပ်၊ အောက် Hall၊ ပေါ် MBR(၁)၊ အဲကွန်း၊ ရုံးခန်းဖွင့်ရန်သင့်။ ဈေးတစ်လ-ကိုးသိန်း။ ငှားမည်။
ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ငှားမည်**

သံသုမာလမ်းမပေါ် ပေ (၈၀×၉၀)၊ မြေကွက်သီးသန့်ရေမီး၊ ပါဝါမီတာ။ ဈေးတစ်လ-သိန်း ၄၀ညှိနှိုင်း။
ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ငှားမည်**

ရန်ကင်း၊ သစ္စာလမ်းပေါ် ပေ (၃၀×၆၅)၊ 2BN၊နှစ်ခန်းတွဲ၊ ရေမီးစုံ၊ ဈေးတစ်လ-၁၃သိန်း။ ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

ပြင်ဦးလွင်၊ အနီးစခန်း ရွာမြေ ပေ (၆၀×၅၅)၊ အရှုပ်အရှင်းမရှိ။ ဈေးနှုန်း-120IKH။
ဖုန်း-၀၉ ၃၃၂၉၆၂၂၉

**ရောင်းမည်**

၄၀ ရပ်ကွက်၊ ဝန်သိုလမ်းမကြီး၊ ကျောကပ်၊ အိမ်ပါ၊ မြစ်ဝလမ်း၊ မီးပါ။ ပေ (၂၀×၆၀) ဂရန်။ 400L။
ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

မှော်ဘီမြို့၊ ဝါးနက်ချောင်းကျေးရွာ၊ ကျောက်ပြားစက်ရုံအနီး၊ မြေလေးဧက။ သိန်း (၁၅၀၀)(ညှိနှိုင်း)။
ဖုန်း-၀၉ ၅၃၂၂၁၆၆

**ရောင်းမည်**

တ/ဒဂုံ၊ လေးထောင့်ကန်(စိုက်မွေး) ရပ်ကွက်၊ ပေ (၆၀×၆၀)၊ (1BN,ပါမစ်၊ ရေမီးစုံ) ရပ်ကွက်လမ်းမတန်းထောင့်ကွက်။ ရောင်းဈေး-295L။
ဖုန်း-၀၉ ၂၅၀၂၈၉၆၀၂

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ် (၃) ပေ၊ ပေ (၄၀× ၁၀၀) အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း၊ Million Coins ဘေးလမ်းမှလည်းဝင်နိုင်၊ ပြည်လမ်းမမှလည်းဝင်နိုင်။(သိန်း ၅၀၀၀)။
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ကျိုက္ကဆံလမ်းမပေါ်၊ ကျောက်မြောင်းဈေးနှင့် ကပ်လျက် တိုက် ပေ (၂၅×၆၀) လေးလွှာ၊ အခန်း နှစ်ခန်း၊ အဲကွန်း နှစ်လုံး၊ Digital လိုင်းဖုန်းပါ အသင့်နေထိုင်နိုင်သော တိုက်ခန်းရောင်းမည်။
ဖုန်း-၀၉ ၂၂၂၈၃၈၀

**ဆရာဝန်ကိုယ်တိုင်သင်တဲ့ Guide**

တက္ကသိုလ်ဝင်တန်း ၁၀တန်းကျောင်းသား/သူများအတွက် ငါးဘာသာဂုဏ်ထူးရှင်ဆရာဝန်ကိုယ်တိုင်၊ နည်းစနစ်မှန်စွာ Guide လုပ်ပေးသည်။
ဖုန်း- ၀၉၇၃၀၈၈၉၂၇

**သင်ကြားပေးသည်**

၈၊ ၉၊ ၁၀တန်း အင်္ဂလိပ် Essay & Letter (သီးသန့်)ကိုယ်တိုင်ရေးတတ်အောင် လေ့ကျင့်သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၀၃၁၇၉၅၄

**သင်ကြားပေးသည်**

Chemistry Classes for Int'l School (sec -Levels),IGCSE. Cambridge Int'l AS & A Level & SAT-2
PH: 09 5005470

**သင်ကြားပေးသည်**

English literature & Language arts for middle school in touch with SAT. French class & Spanish can be inquired.
PH: 09 5035350

**သင်ကြားပေးသည်**

-General English Course (Four Skills)
-Grammar+Reading+Writing
-Cambridge Exams
-LCCI Level 1,2,3
PH: 09 5151398

**English One by One Classes**

General English from Basic (4 Skills & Grammar).IELTS (Foundation/Preparation)
PH: 09 450001079

**သင်ကြားပေးသည်**

အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် International ကျောင်းများမှ Pre School, Young Learners ကျောင်းသား/ သူများကို English စာသီးသန့် သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၁၀၄၈၂၆၉

**ရောင်းမည်**

မန္တလေး၊ တောင်ကြီးလမ်းမကြီး ပျော်ဘွယ်မြို့ပေါ်၌ရှိသော ခြံရောင်းမည်။ အဆောက်အအုံပါ၊ ပါဝါမီတာပါ၊ ဘဏ်ဖွင့်ရန် သင့်တော်ဆုံးနေရာ။
ဖုန်း-၀၉ ၅၄၁၇၆၅၈

**ရောင်းမည်**

ဘုရားလမ်းသွယ် မြေညီ ပေ (၂၀×၅၅)၊ Hall ဘိုထိုင်အိမ်သာ၊ ရေချိုးခန်း ကြွေပြားကပ်။ သိန်း (၆၆၀)။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ဘာသာပြန်သည်**

အင်္ဂလိပ်စာတန်းထိုး နိုင်ငံခြားဗီဒီယိုကားများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ပေးသည်။ ဆက်သွယ်ရန် -
ဖုန်း-၀၉ ၄၉၂၀၆၃၉၅

**ရောင်းမည်**

သဃ်န်းကျွန်း၊ ဘုရားလမ်း၊ ပေ(၁၆×၆၀)၊ ၅ လွှာ၊ ဂရပ်ကြီး၊ အိပ်ခန်း တစ်ခန်း၊ ရေချိုးခန်းအိမ်သာ ကြွေကပ်။ သိန်း (၃၅၀)။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ပညာဒါနသင်တန်းဖွင့်လှစ်မည်**

ညှပ်၊ လျှော်၊ ကောက်၊ ဖြောင့်၊ မိတ်ကပ်+ဆံထုံး၊ Spa ပညာရပ်များကို စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ သင်တန်းကြေး-အခမဲ့
ဖုန်း-၀၉ ၃၁၅၆၅၉၂၀

**ရိုက်ကူးပေးပါသည်**

အလှူ၊ မင်္ဂလာပွဲ၊ မွေးနေ့၊ တရားပွဲ၊ စာပေဟောပြောပွဲစသည်များကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသည်။
ဖုန်း-၀၉ ၄၅၀၀၄၅၆၂၇

**ကုသပေးသည်**

ဗောက်အလွန်ထူခြင်း၊ ဦးရေပြားမှိုစွဲခြင်း၊ ဆံပင်အလွန်ကျွတ်ခြင်းကြောင့် ထိပ်ပြောင်၊ ဆံပင်ပါး၊ ကျဲခြင်းများကို ချို သာသော ဈေးနှုန်းဖြင့် ထိရောက်စွာကုသပေးပါသည်။ဖုန်း-၀၉ ၃၁၅၆၅၉၂၀

**ရောင်းမည်**

တာမွေမြို့နယ်အတွင်း Digital လိုင်းဖုန်းရောင်းမည်။ အရှုပ်အရှင်းကင်းသည်။ ရောင်းဈေး- ကျပ် ငါးသိန်း။
ဖုန်း-၀၉ ၅၄၁၇၆၅၈

**ရောင်းမည်**

ခေတ်ပြိုင်ပန်းချီ (Abstract painting) တားမြစ်ပါသည်။ ကုမ္ပဏီ၊ ရုံးခန်း၊ ဟိုတယ်များ၌ ချိတ်ဆွဲထားရှိရန် ရောင်းချပေးပါမည်။ ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရောင်းမည်**

Samsung Note 3(Korea Copy) origional နှင့် အားလုံးတထရာတည်း တူပါသည်။ လက်လီ၊လက္ကားရောင်းပါ သည်။
ဖုန်း-၀၉ ၄၂၅၀၂၂၆၃၃

**ဝန်ဆောင်မှု**

လူကြီးမင်းတို့၏ အသေးစားဖြန့်ချိရေးလုပ်ငန်းများကို တာဝန်ယူပါစေ။
ဖုန်း-၀၉ ၄၃၁၀၄၆၁၀

**Annawa Car Wash & Car Spa**

Car wash, engine cleaning,Head Light Restoration, အတွင်းခန်းအခြောက်လျှော်ခြင်း၊ စက်ပေါ်လစ်တိုက်ခြင်းတို့ကို ပြုလုပ်ပေးနေပါသည်။
ဖုန်း-၀၉ ၇၃၀၁၁၅၈၅

**ZN Satallite Group**

စလောင်းအမျိုးမျိုး ပြုပြင်တပ်ဆင်ပေးသည်။ ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

**ရေးဆွဲပေးပါသည်**

Professional Website များကို ချိုသာသောဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှုဖြင့် Myanmar Host Web Design မှ ရေးဆွဲပေးနေပါပြီ။
ဖုန်း-၀၉ ၄၅၀၀၅၅၉၂၉

**ရောင်းမည်**

ပေ(၅၀×၁၀၀)၊ ဂရန်မြေ၊ ကလောမြို့။ (ပွဲစားမလို)
ဖုန်း-၀၉-၅၁၉၈၀၇၀

**Study Guide**

၉၊ ၁၀တန်း Mya/Eng/Bioမူကြိုမှ ၈ တန်း ဘာသာစုံ(သို့)ကျက်စာအိမ်အရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၂၀၀၁၉၃၅၆

**Saya Saw Aung (Ex.A.P)**

Chemistry Classes For Int'l Shool (sec -Levels),IGCSE Cambridge Int'l AS & A Level & SAT-2 PH: 09 5005470

7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# ရန်ကုန်မြို့တော်စိမ်းလန်းသန့်ရှင်းရေးအတွက် စည်းကမ်းဖောက် စည်ပင်ဝန်ထမ်းများကို စံပြအရေးယူမည်ဟုဆို

ရဲနောင်

ရန်ကုန်၊ ဇန်နဝါရီ ၅

ရန်ကုန်မြို့တော်စိမ်းလန်းသန့်ရှင်းရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ ဝန်ထမ်းများ စည်းကမ်းဖောက်ဖျက်ပါက စံပြအနေဖြင့် အရေးယူမှုပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

စည်ပင်သာယာဥပဒေနှင့် မညီဘဲ စည်းကမ်းဖောက်ဖျက်သည့် ဝန်ထမ်းများအား တည်ဆဲဥပဒေများဖြင့် အရေးယူမည့်အပြင် ဝန်ထမ်းစည်းမျဉ်းအရထပ်မံအရေးယူမှုပြုလုပ်မည်ဟု မြို့တော်စည်ပင်စီမံရေးရာဌာနက သတိပေးမှုများပြုလုပ်ထားသည်။




*ရန်ကုန်မြို့စည်ပင်ဝန်ထမ်းများကို ရုံးဆင်းချိန်တွင် တွေ့ရစဉ်*　ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စည်ပင်ဝန်ထမ်းအချို့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ကျူးလွန်မှုများရှိကြောင်း လူကူးမျဉ်းကျားမှ ဖြတ်ကူးမှုမရှိခြင်း၊ ယာဉ်မရပ်ရနေရာများတွင် ယာဉ်ရပ်နားထားခြင်း၊ ဆေးလိပ်၊ ကွမ်းတံထွေးနှင့် အမှိုက်များကိုစည်းကမ်းမဲ့စွန့်ပစ်ခြင်းများရှိနေပြီး ရန်ကုန်မြို့နေပြည်သူများ၏ စံပြဖြစ်စေရန် အဆိုပါစည်းကမ်းဖောက်ဖျက်သော ဝန်ထမ်းများကို ထိထိရောက်ရောက်အရေးယူမှုပြုလုပ်မည်ဟု ဆိုသည်။

ရန်ကုန်မြို့တော် စိမ်းလန်းသန့်ရှင်းရေးအတွက် ဝန်ထမ်းများအနေဖြင့် စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေများနှင့်ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာ၍ စံနမူနာဖြစ်စေရန် လိုအပ်သည်ဟုသတိပေးချက်တွင် ဖော်ပြထားသည်။

အဆိုပါသတိပေးချက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဌာနပေါင်း ၂၀ သို့ညွှန်ကြားထားသည်ဟုသိရသည်။

စာမျက်နှာ(၂၆)မှ

## JOKE

### ညအချိန်ဖုန်းဆက်သူ

တစ်ညတွင် မစ္စတာနှင့် မစ္စစ်စမစ်တို့အိပ်ပျော်နေစဉ် ဖုန်းသံမြည်လာသည်။ မစ္စစ် စမစ်က ဖုန်းကို ကောက်ကိုင်လိုက်ပြီး ခဏနားထောင်လိုက်သည်။ ယင်းနောက် "ကျွန်မက ဘယ်လိုလုပ်သိမှာလဲရှင်။ မိုင်တစ်ရာလောက်ဝေးတဲ့ဟာကို"ဟု ပြောကာ ဖုန်းကို စောင့်ချလိုက်သည်။

"ဘယ်သူဆက်တာလဲ"ဟု မစ္စတာစမစ်က ဇနီးသည်အားမေးရာ မစ္စစ်စမစ်က"ရူးနေတဲ့ အမျိုးသမီးတစ်ယောက်လေ။ ကမ်းခြေမှာ မိုးလေကင်းစင်ရဲ့လားလို့ လာမေးနေတယ်"ဟု ပြန်ဖြေပါသည်။

### တောင်းပန်ပါတယ်

မစ္စတာဘရောင်းတစ်ယောက်သေလုမြောပါးဖြစ်နေပြီး ဇနီးသည်ကလည်း အနီးတွင်ပြုစုနေသည်။ ထိုအချိန်မှာပင် ဘရောင်းက မိန်းမဖြစ်သူကို မော့ကြည့်ရင်း လေသံပျော့ပျော့ဖြင့် "ကိုလေမင်းကို ဝန်ခံစရာရှိတယ်"ဟုပြောရာဇနီးသည်က "မလိုတော့ပါဘူးရှင်"ဟုပြောရာ"မဟုတ် ဘူး။ ကိုယ်စိတ်ရှင်းရှင်းလင်းလင်းနဲ့အသက်ထွက်ချင်တယ်။ ကိုယ်ဟာ မင်းရဲ့ ညီမနဲ့ ဖောက်ပြန်ခဲ့တယ်။ နောက်ပြီးမင်းရဲ့ အချစ်ဆုံးသူငယ်ချင်း၊ သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းနဲ့လည်း ဖောက်ပြန်ခဲ့မိတယ်"ဟု ဘရောင်းက ဆက်ပြောသည်။ ဇနီးသည်က "ကျွန်မသိတယ်၊ ကျွန်မသိတယ်။ ကဲ အခု ကောင်းကောင်းအနားယူပါ။ ဒါမှ ရှင့်ခန္ဓာကိုယ်ထဲက အဆိပ်တွေ အစွမ်းပြမှာ"ဟု မိန်းမကပြန်ပြောသည်။

## ကောင်းကင်ဘုံကို မျှော်မှန်း၍ ငရဲသို့ ရောက်ရှိခြင်း

ဆက်လက်၍ အာဆီယံနိုင်ငံများ၏ ထပ်မြင့်ဆောက်လုပ်မှုများကို လေ့လာကြည့်မိပါသည်။ စင်ကာပူနိုင်ငံတွင် ၁၉၅၈ ခုနှစ်က Shaw Centre က မီတာ ၁၀၀ အမြင့်ဖြင့် စံချိန်တင်ခဲ့၏။ ၂၀၁၀ ပြည့်နှစ်တွင် ထပ်မြင့် ၁၉၉ လုံးတိတိ ရှိပြီး ၎င်းတို့အနက် အလုံး ၃၀ မှာ အနည်းဆုံးမီတာ ၁၄၀ အမြင့် ရှိ ၏။ ယနေ့စင်ကာပူ၏ OUB Centre , UOB Plaza နှင့် Republic Plaza တို့သည် မီတာ ၂၈၀ အထိရှိကြောင်း သိရှိရ၏။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် လက်ရှိအားဖြင့် အထပ် ၆၀ နှင့် အထက်အဆောက်အအုံ ၁၃၂လုံးရှိ၏။ ဘန်ကောက်၏ အမြင့်ဆုံး အဆောက်အအုံအဖြစ် ၂၂ထပ်ပါဝင်ပြီး ၃၁၀ မီတာမြင့်သော Mahanakhon အဆောက်အအုံဆောက်လုပ်မှုစတင်နေပြီဖြစ်ကြောင်း သိရှိရ၏။

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် အထပ် ၃၀ ပါ အဆောက်အအုံ ၁၀၉ လုံးရှိ၏။ ထို့အပြင် အမြင့်အားဖြင့် ၁၄၀ မီတာ အထပ်ရှိသော အဆောက်အအုံမှာလည်း ၂၄ လုံးရှိ၏။ ၁၉၉၆ ခုနှစ်တွင် အထပ် ၄၈ ထပ်ပါဝင်ပြီး ၂၆၂ မီတာမြင့်သော Wisma 46 အဆောက်အအုံကို ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရှိရ၏။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အထပ် ၃၀ ရှိအဆောက်အအုံ ၁၀၉ လုံးရှိ၏။ Petronas Twin Towers သည် အထပ်ပေါင်း ၈၈ ထပ်ပါဝင်ပြီး ၄၅၂ မီတာမြင့်၏။ ၁၉၉၈ မှ ၂၀၀၄ ခုနှစ်အထိ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်ခဲ့၏။ ထပ်မံ၍ အထပ် ၁၀၀ ပါဝင်ပြီး ၅၂၅ မီတာမြင့်သည့် Warisan Merdeka အဆောက်အအုံကို ဆောက်လုပ်ဆဲဖြစ်၏။

ဗီယက်နမ်နိုင်ငံ ဟန္ွိုင်းမြို့တွင် ၂၀၀၆ ခုနှစ်က ၂၅ ထပ်ပါဝင်ပြီး ၁၁၀ မီတာမြင့်သော Thanh Comg Tower ကို စတင်ဆောက်လုပ်ခဲ့၏။ ၂၀၁၁ ခုနှစ်တွင် အထပ် ၇၀ ပါဝင်ပြီး ၃၄၅ မီတာမြင့်သော Land Mark 72 နှင့်တကွ ၁၀၀ မီတာအထက် အမြင့်ရှိသော အဆောက်အအုံရှစ်လုံးတိတိ ဆောက်လုပ်ခဲ့၏။ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၁၉၉၀ ပြည့်နှစ်မတိုင်မီ ကာလအထိကမ်းနားလမ်းမှ ခြောက်ထပ်ရုံး အဆောက်အအုံမှာ အမြင့်ဆုံးဖြစ်ခဲ့၏။ ၁၉၉၀ ပြည့်နှစ် အလွန်ကာလများတွင် အထပ် ၂၀ ပါဝင်သော ဆာကူရာတာဝါနှင့် ၂၂ထပ်ပါဝင်သော Traders Hotel တို့မှာ အမြင့်ဆုံး ဖြစ်လာ၏။

အထပ်မြင့်တိုက်များနှင့်ပတ်သက်၍ နေပြည်တော်တွင် ၂၈. ၈. ၂၀၁၁ က ကျင်းပခဲ့သော အရှေ့တောင် အာရှနိုင်ငံများ၏ မြို့ပြအနာဂတ်ဆိုင်ရာဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံမှ ပါမောက္ခ ဒေါက်တာလီဘွန်းသွန်း ဖတ်ကြားခဲ့သော စာတမ်းမှာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှ၏။ စာတမ်းအမည်မှာ "ကောင်းကင်ဘုံသို့ ရောက်ရှိရေး၊ အရှေ့တောင်အာရှဒေသတွင် မိုးမျှော်အထပ်မြင့်ရုပ်တုကြီးများကို အားပြုမှုဝါဒနှင့် မြို့ပြရေရှည်တည်တံ့ခိုင်မြဲမှု" (Reaching for the heaven:Skycrapper Iconism and urban Sustainablity In South East Asia)ဟူ၍ ဖြစ်ပါသည်။

သူ၏ စာတမ်းတွင် အရှေ့တောင်အာရှရှိ စင်ကာပူ၊ ဂျာကာတာ၊ ကွာလာလမ်ပူ၊ ဘန်ကောက်နှင့် မနီလာ စသည့် မြို့ကြီးများသည် လွန်စွာအထင်ကြီးပြီး စိတ်လှုပ်ရှားဖွယ်ကောင်းသော မိုးမျှော်ထပ်မြင့်အဆောက်အအုံဖြင့် ရုပ်ဘဝအသွင်သဏ္ဍာန်ပြောင်းလဲသွားသည့်အချိန်၌ ဟိုချီမင်း၊ ဟန္ွိုင်း၊ ရန်ကုန်၊ ဖနွမ်းပင်၊ ဗီယန်ကျင်း စသော မြို့များက ဖော်ပြပါမြို့ကြီးများကို အမီလိုက်ရန် ပြိုင်ဆိုင်ခြင်း(သို့မဟုတ်)ပြိုင်ဆိုင်ရန်ကြံစည်ခြင်းပြုနေကြကြောင်း၊ ဤကဲ့သို့ မိုးမျှော်ဒူဘိုင်းဝါဒ (Dubaism)အား စွဲမက်ကြခြင်း၏ အဓိကအချက်မှာ မိမိတို့မြို့ကြီးများကို ကြွယ်ဝမှုသင်္ကေတအဖြစ် အထပ်မြင့်အဆောက်အအုံများဖြင့် အလှဆင်၍ နိုင်ငံတကာအရင်းအနှီးများကို ဆွဲဆောင်ကြရန်ဖြစ်ကြောင်း နိဒါန်းပျိုးထား၏။

အထူးမှတ်သားသင့်သော အချက်သုံးချက်ကိုလည်း ထောက်ပြထား၏။ ပထမအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့တော်များ၏ မြို့နယ်ဒေသများသည် ကိုလိုနီအမွေခံအကွက်ချပုံစံနှင့် အခြေခံအဆောက်အအုံများသာ ဖြစ်ကြ၏။ ဤဒေသအတွင်း မိုးမျှော်ထပ်မြင့်တိုက်များ သွတ်သွင်းခြင်းဖြင့် မူလအခြေခံအဆောက်အအုံများအား မနိုင်ဝန်ကို ထမ်းခိုင်းကြ၏။ လူတစ်ဦးအဖို့ ဝန်နှင့်အားမမျှဘဲ ကြာရှည်သယ်ရပိုးရလျှင် အရိုးအဆစ်ရောင်ရမ်းနာကျင်သည့် ရောဂါခံစားရပြီး လူဖြစ်ရှုံးသည့် ဘဝသို့ရောက်ရှိသွားနိုင်၏။ ထိုနည်းတူစွာ ကိုလိုနီခေတ်အကြွင်း အကျန်မြို့လယ်ဒေသများသည် မိုးမျှော်ထပ်မြင့်များ၏ ဒဏ်ကိုမခံနိုင်ဘဲ ဒုက္ခိတမြို့ပြဘဝသို့ရောက်ရှိသွားပြီး လူမှုရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး နယ်ပယ်အားလုံးဖရိုဖရဲအပြိုအကွဲများ ဖြစ်ကုန်ကြ၏။

ဒုတိယအချက်မှာ မြို့ကြီးများတွင် ထပ်မြင့်တိုက်များ အပြိုင်အဆိုင်ဆောက်လုပ်မှုကြောင့် အလွန်အကျွံပုံအောဖြည့်ဆည်းသည့် မြို့ပြဖွံ့ဖြိုးမှု (Superinduced urban Dev:)ဖြစ်ထွန်းလာ၏။ ကာလကြာမြင့်သည်နှင့်အမျှ ဖွံ့ဖြိုးမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရတက်မအေးစရာအတွေ့အကြုံများကြုံတွေ့လာရ၏။ ထို့အခါ "ငွေမျောငွေနဲ့လိုက်"ဆိုသကဲ့သို့ ငွေကုန်ကြေးကျများလှသော အစီအမံများကို အကောင်အထည်ဖော်ရပြန်၏။ ဥပမာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် မိုးပျံကားလမ်းများ၊ တံတားကြီးများ၊ အမြန်လမ်းမကြီးများ၊ လမ်းနယ်အဆင့်ဆင့်ချဲ့ထွင်ရေးလုပ်ငန်းများကို နှစ်စဉ်ထုထည်ကြီးမားစွာ ရင်းနှီး၍ ဖွံ့ဖြိုးမှုတည်တံ့ခိုင်မြဲရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရ၏။ ကွာလာလမ်ပူတွင် နောင်လာမည့် ၁၀ နှစ်ကာလအတွင်း အထက်ပါလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံမြှုပ်နှံရန် လျာထားရ၏။ ထပ်မြင့်တိုက်များကြောင့် လူနေမှုအလွန်အမင်းသိပ်သည်းလာခြင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်အရေအတွက် တိုးပွားလာခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း၊ ယာဉ်ကြောများပိတ်ဆို့မှုကြောင့် သွားလာမှုအခက်အခဲများ ကြုံတွေ့ရခြင်းစသော အနိဋ္ဌာရုံများကိုလည်း တွေ့ကြုံခံစားကြရလေ၏။

တတိယအချက်မှာ ထပ်မြင့်အဆောက်အအုံများကို ဒေါင်လိုက်အမြင့်ပုံစံတည်ထားသကဲ့သို့ မြို့ပြလူမှုဘဝတွင် စီးပွားရေးအရ ငွေအထပ်ထပ်၊ ဂုဏ်အထပ်ထပ် အလွှာပေါင်းဆင့်ထပ်၍ နေနိုင်သူများက "ဒေါင်လိုက်အမြင့်ဂိတ်တံခါးအတွင်းမှ လူ့အဖွဲ့အစည်း"(vertical gated community)ကို ထူထောင်လာကြကုန်၏။ အဆင့်နိမ့်အိမ်ရာများ ကျူးကျော်တဲအိမ်များ၌ နေထိုင်ကြရကုန်သော မြို့ပြ၏ အလျားလိုက်လူ့အဖွဲ့အစည်း (Horizontal Settlement)မှ ပြည်သူများနှင့် ဝင်ငွေကွာဟမှုများအပြင် လူမှုရေးကွဲပြားခြားနားမှု (Social Disparity)ကို ကြီးထွားလာစေကြောင်း တွေ့ရှိရပေသည်။

စာရေးသူတို့နိုင်ငံတွင် "မြင့်လွန်းက ဖင်ချွန်းသည်"ဟူသော စကားတစ်ရပ်ရှိခဲ့၏။ အထပ်မြင့်တွေများမှ မြို့ဂုဏ်တက်မည်ဟု တစ်သမတ်တည်းရှုမြင်၍ မရပေ။ အထူးသဖြင့် ကိုလိုနီအကွက်ချပုံစံဖြစ်သော မြို့လယ်ဒေသ၌ အထပ်မြင့်များ အလွန်များ၍မဖြစ်ဟု ယုံကြည်ပါသည်။ မြို့ပြ၏ လုပ်ငန်းဆောင်တာများနှင့် စီးပွားရေးအရ လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊ မြို့ပြပြန့်ကျဲမှုကို ကယ်တင်ရန်၊ မြေသယံဇာတများကို ထိရောက်စွာသုံးစွဲရန်အတွက် အထပ်မြင့်အဆောက်အအုံများလိုအပ်သည်မှာ မှန်သော်လည်း အလွန်အကျွံမဖြစ်စေရေးကို ယခုအချိန်မှပင်စတင်သတိမူသင့်ကြောင်း အထက်ပါပညာရှင်၏ စာတမ်းက မီးမောင်းထိုးပြလျက်ရှိပေသည်။ သို့မဟုတ်ပါက ပါမောက္ခလီဘွန်းသွန်း၏ ရေးသားချက်အတိုင်း "ကောင်းကင်ကိုမျှော်မှန်း၍ငရဲသို့ ရောက်ရှိခြင်း"(Looking for the Heaven, Reaching to Hell)နှင့် ကြုံတွေ့လာနိုင်ကြောင်း တင်ပြလိုက်ရပါသတည်း။

Environment

7 DAY NEWS JOURNAL

Vol.12, No.44 • JANUARY 8 , 2014

# ပထမဆုံး ဒီရေတောဥယျာဉ် ကျိန္တလီတွင် တည်ထောင်ရန်စီစဉ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

ရခိုင်ပြည်နယ် ကျိန္တလီတွင် ဒီရေတောဥယျာဉ် တည်ထောင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသည့် အင်န်ဂျီအိုနှစ်ခု ပူးပေါင်းဆောင်ရွက်မည်ဟုသတင်းရရှိသည်။

ကျိန္တလီ ဒီရေတောဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဒီရေတောဥယျာဉ်ဖြစ်လာပြီး ဥယျာဉ်တည်ထောင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်နေသည့် ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ပြုစု စောင့်ရှောက်ရေးအသင်း (RCA) နှင့် ရခိုင်ကမ်းရိုးတန်းလူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများ ပြန်လည်တည်ထောင်ရေး (CLEARR) တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဒီရေတောဥယျာဉ် တည်ထောင်ရန် မြေ ၁၀ ဧကကိုဝယ်ယူ၍ လာမည့် ဖေဖော်ဝါရီတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး သံတွဲမြို့မှ ဟိုတယ်ပိုင်ရှင်တစ်ဦးနှင့် ပူးပေါင်း၍ နိုင်ငံခြားသားဧည့်သည်တစ်ဦးလျှင် ဒီရေတော တစ်ပင်စိုက်ပျိုးနိုင်မည့် အစီအစဉ်ကိုပါ ဆောင်ရွက်မည်ဟု CLEARR စီမံချက်မှ မန်နေဂျာဦးဝင်းမောင်က ပြောသည်။



*ရခိုင်ကမ်းရိုးတန်းတစ်နေရာမှ ဒီရေတောကိုတွေ့ရစဉ်* ဓာတ်ပုံ - မောင်ကံ

အဆိုပါ ဒီရေတာဥယျာဉ်တွင် ရှားပါးစာရင်းဝင်မြိုင်ကြီးပင်၊ လဘပင်နှင့် အခြားရှားပါးစာရင်းဝင် ဒီရေတော မျိုးစိတ်များကိုပါ ပြသမည်ဖြစ်ပြီး ဒီရေတောနှင့် ပတ်သက်သည့် ဗဟုသုတအချက်အလက်များ၊ ဓာတ်ပုံများစသည်တို့ကို ပြသထားသည့် ဒီရေတောထိန်းသိမ်းရေးအသိပညာပေးစင်တာနှင့် တွဲဖက်ကြည့်ရှုနိုင်ရန် ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

# ဝါးချစ်သူများ အသင်းဖွဲ့စည်းမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

ဝါးများ ထိန်းသိမ်းရေးနှင့် ဝါးမှ ထုတ်လုပ်နိုင်သည့် အဆင့်မြင့်ထုတ်ကုန်များ၊ နည်းပညာများနှင့် ပတ်သက်၍ ပညာပေးခြင်းများ ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံ ဝါးချစ်သူများ အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်း၌ စိုက်ပျိုးရရှိနိုင်မည့် ဝါးအမျိုးအစားများနှင့် ၎င်းတို့မှပြန်လည်ထုတ်လုပ်နိုင်သော ထုတ်ကုန်အမျိုးအစားများကို အချောထည်အဆင့်အထိ ထုတ်လုပ်နိုင်အောင် အသင်းဖွဲ့စည်းပြီးချိန်တွင် ဝါးလုပ်ငန်းလုပ်ကိုင်သူများ သိရှိအောင် အသင်းက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"အချို့ဆို ဝါးခြံကို ဖြုတ်ပြီး ရော်ဘာစိုက်နေကြတယ်။ သူတို့က ဝါးတန်ဖိုးမှ မသိကြတာ။ ဝါးကတစ်ပင်လုံးဘယ်တစ်ခုမှ လွှင့်ပစ်စရာ မရှိအောင် အသုံးဝင်တယ်"ဟုမြန်မာအစိမ်းရောင်ကွန်ရက်မှ ဒေါ်ဒေဝီသန့်ဇင်က ပြောသည်။ လက်ရှိတွင် ဝါးလုပ်ငန်းလုပ်ကိုင်သူများ ထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်များနှင့် မည်သည့်ထုတ်ကုန်များ ဆက်လက်ထုတ်လုပ်ရန်ရှိသည်တို့ကိုလည်း အသင်းက လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်သွားမည်ဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံက ဝါးစေ့တစ်ပြည်လျှင် ၆၀၀၀ ကျပ်နှင့် ဝယ်ယူမှုများရှိနေပြီး ဧရာဝတီတိုင်း၊ ရခိုင်ရိုးမနှင့် ပဲခူးရိုးမတို့တွင် ဝါးများ အဓိကအများဆုံးထွက်ရှိသည်။

မြန်မာနိုင်ငံ ဝါးချစ်သူများအသင်းဖွဲ့စည်းခြင်း အခမ်းအနားနှင့် ဝါးအကြောင်းသိကောင်းစရာများ ဆွေးနွေးခြင်းကို ဇန်နဝါရီ ၁၁ ရက်က Orchid Hotel(ယခင် City Star Hotel)၌နေ့လယ် ၁နာရီ မှ ၃ နာရီအတွင်းပြုလုပ်သွားမည်ဖြစ်၍ စိတ်ပါဝင်စားသူသို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

# ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက် သုံးချက်ဖြည့်စွက်ရန် တင်ပြ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း (၁)တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အချက်သုံးချက် ဖြည့်စွက်ရန် အခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီထံ တင်ပြထားကြောင်း သတင်းရရှိသည်။

သန့်ရှင်းကျန်းမာသည့်ပတ်ဝန်းကျင်တွင် နိုင်ငံသားများနေထိုင်နိုင်ရန်နှင့် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများသည် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စု အစိုးရနှင့် မျှဝေဆောင်ရွက်နိုင်ရန် စသည့်အချက်များကိုဖြည့်စွက်နိုင်ရန် ကော်မတီထံပေးပို့ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများကပြောသည်။

အဆိုပါအကြံပြုချက်များကို ဒီဇင်ဘာ တတိယပတ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများကသဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စွာ ကာကွယ်ရန်နှင့် ပြည်နယ်တိုင်းဒေသကြီး အဆင့်ဆင့်တွင်သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော တာဝန်ယူမှုများကို မျှဝေနိုင်ရန်ရည်ရွယ်၍ ကော်မတီသို့ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့အစည်း ကိုယ်စားလှယ်ကပြောသည်။

"အခြေခံဥပဒေမှာ ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍပါဝင်ဖို့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေစုပေါင်းပါဝင်တဲ့အဖွဲ့အစည်းကလိုအပ်တာတွေကို အကြံပြုချက်အနေနဲ့ ပေးပို့ထားတာ"ဟု ၎င်းက ဆက်လက်ပြောသည်။ အခြေခံဥပဒေဆိုင်ရာလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည်ပြည်သူများထံမှ အကြံပြုချက်များကို နိုဝင်ဘာ ၈ရက်မှစတင်ကောက်ခံခဲ့ရာ သတ်မှတ်ရက်နောက်ဆုံးအချိန်ဒီဇင်ဘာ၃၁ရက်အထိ အကြံပြုချက်စောင်ရေ စုစုပေါင်း ၂၈,၂၄၇ စောင်ရရှိခဲ့သည်။

# မလေးရှားအခြေစိုက် GEC ရန်ပုံငွေဖြင့် သစ်ဆွေးမြေဒေသလေ့လာမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

သစ်ဆွေးမြေဒေသလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကိုမလေးရှားနိုင်ငံအခြေစိုက်Global Environment Centre(GEC)၏ ရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ်အတွက် ဆက်လက်လုပ်ဆောင်မည်ဟု သတင်းရရှိသည်။

၂၀၁၄ ခုနှစ်အတွက် သစ်ဆွေးမြေဒေသလေ့လာခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး၊ အင်းလေးနှင့် အင်းတော်ကြီးဒေသများတွင် ဆက်လက်လေ့လာသွားမည်ဟု သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးအသင်း FREDA မှ ဦးစန်းလွင်က ပြောကြားသည်။

သစ်ဆွေးမြေဒေသဆန်းစစ်ခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှစတင်၍ (GEC)မှ ပေးအပ်သည့် ရန်ပုံငွေဒေါ်လာကိုးသောင်းဖြင့် လုပ်ဆောင်လာရာ ယခုနှစ် အတွက်လည်းဆက်လက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၎င်းကဆက်လက်ပြောသည်။

"အရင်ဆုံး သစ်ဆွေးမြေ ဘယ်မှာလဲဆိုတာ လေ့လာမယ်။ တွေ့တယ်ဆိုရင် သစ်ဆွေးမြေက ထုထည်၊ ဧရိယာဘယ်လောက်ရှိလဲဆိုတာ လေ့လာမယ်"ဟုဦးစန်းလွင်ကပြောသည်။

ထို့အပြင် ၂၀၁၄ခုနှစ်အတွက် လေ့လာမှု ပြီးဆုံးပါက ၂၀၁၅-၂၀၂၀ အတွက် ဆက်လက်လေ့လာလုပ်ဆောင်ရန် (GEC) နှင့် ဆွေးနွေးလျက်ရှိကြောင်း ၎င်းကဆိုသည်။



# Tourism

7DAY NEWS JOURNAL

Vol.12, No.44 • JANUARY 8 , 2014


## ငပလီကမ်းခြေအဆင့်မြှင့်တင်ရေး ၂ နှစ် စီမံကိန်းစတင်

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

ငပလီကမ်းခြေကို ဘာလီကျွန်းကဲ့သို့ လှပစေရန် ၂ နှစ်အတွင်း အဆင့်မြှင့်တင်ရေး စီမံချက်အရ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီး ရရှိရေး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ငပလီကမ်းခြေ အဆင့်မြှင့်တင်ရေး ၂ နှစ်စီမံကိန်းအရ ငပလီကမ်းခြေ သွားရာလမ်းအသစ်ပြုပြင်ခြင်း၊ ဓာတ်အားခွဲစက်ရုံတည်ဆောက်ခြင်းနှင့် သောက်သုံးရေရရှိရေးအတွက် ရေလှောင်ကန်များ တည်ဆောက်နေပြီဖြစ်ကြောင်း ငပလီဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီနှစ် မိုးမကျခင် ဧပြီလလောက်မှာ ဒီလုပ်ငန်းတွေ အပြီးသတ်လုပ်မယ်လို့ ပြောပါတယ်” ဟု ၎င်းကပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ငပလီဒေသကို အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီကျွန်းကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ၂၀၁၃ အောက်တိုဘာလက ယင်းဒေသသို့ သွားရောက်စဉ် မှာကြားခဲ့ခြင်းဖြစ်သည်။

ငပလီကမ်းခြေအား အဆင့်မြှင့်တင်ရေးများ ဆောင်ရွက်ရာတွင် အခြေခံ အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ အွန်လိုင်းဆက်သွယ်ရေးများ ကောင်းမွန်အောင် အစိုးရက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမ္မတက ကတိပြုခဲ့သည်ဟု ငပလီဟိုတယ်ဇုန်မှ မန်နေဂျာဦးကျော်စွာမောင်မောင်က ပြောသည်။

“ဒီလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အချိန်ဖြစ်တဲ့ ဒီနှစ်မှာတော့ သွားရေး၊ လာရေးက ခက်ဦးမှာပဲ။ ရှေ့လာမယ့်နှစ်ကျရင်တော့ ဒီအကျိုးအမြတ်တွေ ခံစားရတော့မှာပါ”ဟု ၎င်းက သုံးသပ်သည်။

ငပလီကမ်းခြေသို့ ခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၁-၁၂ ခုနှစ်တွင်နှစ်သောင်းကျော်၊ ၂၀၁၂-၁၃ ခုနှစ်တွင် နှစ်သောင်းခွဲကျော်၊ ၂၀၁၃ခုနှစ်နှစ်ကုန်တွင်နှစ်သောင်းခွဲကျော်ရှိနေပြီး ဧပြီလ စာရင်းပိတ်ပါက ယခင်နှစ်ထက်ပိုမိုများပြားနိုင်မည် ဖြစ်သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ငပလီကမ်းခြေသို့ဝင်ရောက်သော ဧည့်သည်များအနက် ၉၀ ရာခိုင်နှုန်းကျော်မှာ နိုင်ငံခြားသားဧည့်သည်များဖြစ်ပြီး ကျန်ဆယ်ရာခိုင်နှုန်းနီးပါးမှာ ပြည်တွင်းမှ လာရောက်သူများဖြစ်ကြသည်။

ပြည်တွင်းမှ လာရောက်သူအများစုသည် ဧပြီလ သင်္ကြန်ကာလအတွင်း လာရောက်ကြခြင်းဖြစ်ကြောင်း ဦးကျော်စွာမောင်မောင်က ပြောသည်။

လက်ရှိတွင် ငပလီကမ်းခြေ၌ တည်ခိုနေထိုင်ရေးအတွက် ဟိုတယ်အလုံးပေါင်း ၂၀ ကျော်ရှိနေပြီး အခန်းပေါင်း ၇၀၀ ဝန်းကျင်ရှိနေကြောင်း ငပလီဟိုတယ်ဇုန်မှ သတင်းရရှိသည်။

## နိုင်ငံတကာ အကြီးအကဲများ တည်းခိုနိုင်ရန် နိုင်ငံတော်ဧည့်ဂေဟာအတွင်း ဟိုတယ်ခြောက်လုံးဖွင့်

**ခန့်ထက်**

**ရန်ကုန်၊ဇန်နဝါရီ- ၄**

နိုင်ငံတော်ဧည့်ဂေဟာအတွင်းအာဆီယံနှင့် နိုင်ငံတကာ အကြီးအကဲများတည်းခိုရန် လေးရက်အတွင်း ဟိုတယ်ခြောက်လုံးထိ ဖွင့်လှစ်ပေးခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော် ဧည့်ဂေဟာ အတွင်း ဖွင့်လှစ်သော ဟိုတယ်များမှာ ဇန်နဝါရီ ၁ ရက်က Royal Presidant Hotel၊ ဇန်နဝါရီ ၂ရက်က Grand Amara နှင့် နွယ်သာကီဟိုတယ်၊ ဇန်နဝါရီ ၃ရက်က သင်္ဟဟိုတယ်နှင့် Imperial Lake Hotel၊ ဇန်နဝါရီ ၄ရက်က Imperial Villa ဟိုတယ်တို့ကို ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်ဧည့်ဂေဟာအတွင်း ဟိုတယ်များဖွင့်လှစ်ရခြင်းမှာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်စဉ်ကာလအတွင်း ပြုလုပ်မည့်အာဆီယံအစည်းအဝေးများတက်ရောက်ကြမည့် နိုင်ငံတကာအကြီးအကဲများ တည်းခိုနေထိုင်နိုင်ရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဟိုတယ်များတွင်တည်းခိုနေထိုင်နိုင်ရေးအတွက် ဟိုတယ်အခန်းများသာမက နိုင်ငံတော်အကြီးအကဲများသီးသန့်တွေ့ဆုံနိုင်ရန် ခန်းမများ၊ အစည်းအဝေးခန်းမများ၊ သံတမန်ခန်းမများ၊ ဧည့်ခန်းဆောင်ပါဟိုတယ်အခန်းများ ပါဝင်သည်။

လက်ရှိတွင်နေပြည်တော်ရှိ စီးပွားရေးလုပ်ကိုင်နေသော ဟိုတယ်များမှာ နိုင်ငံတကာမှအကြီးအကဲများအတွက်လိုအပ်သောအသုံးအဆောင်များမရှိသလောက်နည်းပါးကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူတစ်ဦးကဆိုသည်။

“လုံခြုံရေးအတွက်ကအရေးကြီးတယ်။ ပြီးတော့နိုင်ငံတကာအကြီးအကဲတွေအတွက်လိုအပ်ရင် ရဟတ်ယာဉ်ဆင်းသက်နိုင်တဲ့နေရာတွေပါလိုအပ်တယ်။ ဒီဟိုတယ်တွေက အဲဒီအတွက်ဆောင်ရွက်ထားနိုင်တယ်” ဟု ၎င်းက နိုင်ငံတော်ဧည့်ဂေဟာအတွင်းဟိုတယ်များနှင့်ပတ်သက်၍ သုံးသပ်ပြောသည်။ ယင်းဟိုတယ်များသည် စီးပွားရေးအရတွက်ခြေကိုက်နိုင်မှုမရှိသော်လည်း နိုင်ငံတော်အတွက် လိုအပ်ပြီး ၁၀လုံးခန့်ဆောက်လုပ်ရန်ရှိကြောင်း ၎င်းကဆိုသည်။

လက်ရှိတွင်နေပြည်တော်ဟိုတယ်ဇုန်တွင် စီးပွားရေးလုပ်ကိုင်နေသော ဟိုတယ်အလုံးပေါင်း၅၀ ကျော်ရှိနေပြီး အခန်းပေါင်းလေးထောင်နီးပါးရှိနေပြီဖြစ်ကြောင်း နေပြည်တော်ဟိုတယ်ဇုန်မှသတင်းရရှိသည်။

## ဆီးဂိမ်းကာလအတွင်းနိုင်ငံခြားဧည့်သည် မျှော်မှန်းထားသလောက်မဝင်ခဲ့

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ- ၄**

ဆီးဂိမ်းကာလအတွင်း ပုဂံသို့ပုံမှန်လာရောက်သာ နိုင်ငံခြားသားဧည့်သည်များသာ ရှိခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားသမားများနှင့် ပရိသတ်များ မျှော်မှန်းထားသလောက်လာရောက်လည်ပတ်ခြင်း မရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌဦးဇော်ချိုက ပြောသည်။

“ဆီးဂိမ်းမှာ အာဆီယံက အားကစားသမားတွေက အဖွဲ့လိုက်လာမယ် ထင်ထားတာ။ မတွေ့ရဘူး။ ပုံမှန်လာနေကျ ခရီးသည်တွေပဲ တွေ့ရတယ်”ဟု ဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

ဆီးဂိမ်းပိတ်ပွဲနေ့က ညတွင်း ချင်းလာရောက်သော အဖွဲ့အချို့သာရှိပြီး ယင်းကာလအတွင်း ပြည်တွင်းမှ ဘုရားဖူးများနှင့် ပြည်ပနိုင်ငံမှအဖွဲ့များသာ လာရောက်ခဲ့ကြကြောင်း ၎င်းက ပြောသည်။

ပုဂံဒေသတွင်သာမက ရှမ်းပြည်နယ်တောင်ကြီး၊ အင်းလေးဒေသသို့ပင်၎င်းဧည့်သည်များလာရောက်သည်ကို မတွေ့ရကြောင်း ယင်းဒေသသို့ဧည့်သည်ပို့ဆောင်လေ့ရှိသူ အီတလီဘာသာကစားကျွမ်းကျင်ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

ဆီးဂိမ်းပြိုင်ပွဲ ကျင်းပသော ဒီဇင်ဘာလသည် မြန်မာနိုင်ငံ၏ ခရီးသွား ဝင်ရောက်မှုများသောလဖြစ်ပြီး ပြိုင်ပွဲသို့ လာရောက်သူများအနေဖြင့် အခန်းရရှိနိုင်ရေးအတွက် အခက်အခဲရှိခြင်း၊ လေယာဉ်လက်မှတ် အခက်အခဲရှိနိုင်ခြင်းတို့ကြောင့် ယင်းဒေသများသို့ ဆက်၍ မလည်ပတ်ခြင်းဖြစ်နိုင်ကြောင်း အထက်ပါဧည့်လမ်းညွှန်က သုံးသပ်သည်။

လက်ရှိတွင် ပုဂံသို့ လာရောက်ကြသော ပြည်တွင်းပြည်ပခရီးသွားမှာ မြင့်တက်နေပြီး ပြည်တွင်း ဘုရားဖူးများသာ ပခုက္ကူတံတားဖွင့်လှစ်ပြီးသည့်နောက်ပိုင်းတွင် ပိုမိုတိုးတက်လာကြောင်း ဦးဇော်ဝင်းချိုက ပြောသည်။

ပုဂံသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုမှာ ပြီးခဲ့သော ၂၀၁၂-၁၃ ခုနှစ်တွင် တစ်သိန်းရှစ်သောင်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၃-၁၄ ခုနှစ်တွင် ဒီဇင်ဘာလကုန်အထိ နှစ်သိန်းခွဲကျော်ဝန်းကျင်ဝင်ရောက်နေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။




7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# Cartoon

























7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# “စီးပွားရေးလောကထဲလည်း ပြန်မသွားချင်သလို အာဏာအတွက် တိုက်ခိုက်ရယူဖို့လည်း စိတ်မဝင်စားဘူး”

## မီခေးလ်ခိုဒေါကော့စကီးနှင့် တွေ့ဆုံခြင်း



**ခင်မေဇော်**
**(ဝါရှင်တန်ဒီစီ)**

ရုရှားနိုင်ငံက အချမ်းသာဆုံး စီးပွားရေးလုပ်ငန်းရှင်၊ ထင်ရှားသည့် လူမှုရေးသမား၊ စာရေးဆရာနှင့် အတိုက်အခံ နိုင်ငံရေးသမား မီခေးလ်ခိုဒေါကော့စကီးကို သမ္မတပူတင်က လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးလိုက်သည်။

မီခေးလ် ခိုဒေါကော့စကီးသည် ရုရှားနိုင်ငံ၏ လာဘ်စားမှုများကို တိုက်ဖျက်ရန်နှင့် လူမှုရေးအသင်းအဖွဲ့များထူထောင်ရန် တွန်းအားပေးခဲ့သူဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများနှင့် ၂၁ ရာစုကို ရုရှားက ဦးဆောင်နိုင်မည်ဟု မျှော်လင့်ခဲ့သူဖြစ်သည်။ သူ့ကို ၂၀၀၃ ခုနှစ်က ပူတင်အစိုးရက ဖမ်းဆီးအကျဉ်းချခဲ့သည်။

၂၀၀၅ ခုနှစ်တွင် အခွန်လိမ်လည်မှုဖြင့် စွဲချက်တင်အပြစ်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်တွင် လွတ်ရက်စေ့မည်ဖြစ်သော်လည်း ၂၀၁၃ ဒီဇင်ဘာလ ၂၀ ရက်က သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာခဲ့သည်။ သူ့မိခင်မကျန်းမာ၍ လူသားချင်းစာနာထောက်ထားမှု အခြေခံဖြင့် လွှတ်ပေးကြောင်း တရားဝင်ထုတ်ပြန်ချက်များကဆိုသည်။ သို့သော် လာမည့်ဖေဖော်ဝါရီတွင် ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အတွက် နိုင်ငံ၏ သိက္ခာမြှင့်တင်ရန်အတွက် အကျဉ်းသားအချို့ကို လွှတ်ပေးခြင်းဖြစ်သည်ဟု အများကဝေဖန်ခဲ့သည်။

ရုရှားနိုင်ငံ၏ အချမ်းသာဆုံး ယူကိုရေနံကုမ္ပဏီပိုင်ရှင်ဖြစ်သူ ခိုဒေါကော့စကီးကို ပြုမှုဆက်ဆံပုံနှင့်ပတ်သက်ပြီး ရုရှားကို နိုင်ငံတကာက ဝိုင်းဝန်းပြစ်တင်ဝေဖန်ခဲ့ကြသည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲချိန်တွင် လာဘ်စားမှုများ၊ ခေတ်မမီသည့် နည်းပညာများနှင့် လုပ်ဆောင်နေခဲ့သည့် ရေနံကုမ္ပဏီကိုစီမံအုပ်ချုပ်မှုပြောင်းလဲခြင်းများဖြင့် ဦးဆောင်ခဲ့ပြီးသည့်နောက် ချမ်းသာကြွယ်ဝလာသူဖြစ်သည်။

ခိုဒေါကော့စကီးသည် ရုရှားအတိုက်အခံအဖြစ် နိုင်ငံရေးလောကတွင်း ဝင်ရောက်လာပြီးသည့်နောက် ပူတင်အစိုးရက သူပိုင်ဆိုင်သည့် ရေနံကုမ္ပဏီကို သိမ်းယူပြီး သူ့ကို ဖျက်ဆီးနိုင်ရန်အတွက် အပြစ်ပေးအရေးယူခဲ့သည်ဟု သူကပြောဆိုသည်။

မီခေးလ် ခိုဒေါကော့စကီးအား စီအင်န်အင်န်က တွေ့ဆုံမေးမြန်းထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ခင်ဗျား သမ္မတပူတင်ကို ခွင့်လွှတ်နိုင်သလား။**

ဒါကိုကျွန်တော်ကတော့တစ်မျိုးပြောချင်တယ်။ လက်စားချေတယ်ဆိုတာ ချင့်ချိန်တဲ့လုပ်ရပ်မျိုး မဟုတ်ဘူး။ စဉ်းစားချင့်ချိန်တဲ့ လုပ်ရပ်အပြုအမူမျိုးကိုတော့ကျွန်တော် လုပ်နိုင်ပါလိမ့်မယ်။

**ထောင်ထဲမှာဘယ်လိုနေခဲ့ရသလဲ။ ဘာအစားအစာတွေစားရလဲ။ ဘယ်လိုလူတွေနဲ့ အတူနေရလဲ။**

ပေါင်မုန့်စားရတယ်။ စစ်တန်းလျားလိုနေရာမှာ တစ်ခန်းကို လူ ၅၀ ကနေ ၁၀၀ ရှိတယ်။ ကောင်းတာတော့ တစ်ခုမှမရှိပါဘူး။

**ကမ္ဘာတစ်ဝန်းထောင်တွေမှာအမြဲစိတ်ပူစရာက အကြမ်းဖက်မှုတွေဖြစ်ပါတယ်။ ထောင်ဝါဒါတွေက ရိုက်နှက်တာတွေရှိတယ်လေ။ ခင်ဗျားကတော့ ဓားတောင် အထိုးခံရတယ်ပြောတယ်။ ဟုတ်ပါသလား။**

ဟုတ်တယ်။ ထောင်ထဲမှာ တုန်းက ကျွန်တော် ဓားနဲ့ထိုးခံရတယ်။ အတော်ကံကောင်းတယ်လို့ ဆိုရမယ်။ ကျွန်တော့်မျက်စိကို ဖောက်ထုတ်ဖို့ကြိုးစားတာ။ ကျွန်တော့်နှာခေါင်းကိုပဲ ထိသွားတယ်။ နောက်ဆုံးတော့ အဲဒီရောက်နေတဲ့ သွားဆရာဝန်က ကျွန်တော့်ကို ခွဲစိတ်ပေးတယ်။ သူက ပလတ်စတစ်ဆာဂျင်ခွဲစိတ်ဆရာဝန်လည်း ဖြစ်တယ်။ အခုတော့ကြည့်ရင်မသိသာတော့ဘူး။

**ထောင်ထဲမှာ အသက်ရှင်နေနိုင်အောင် ဘယ်လိုလုပ်ခဲ့သလဲ။**

အတော်ခက်ပါတယ်။ ရှေ့အလားအလာတွေကို မကြည့်နိုင်ရင် အတော်ဆိုးပါတယ်။

**မကြာခင် ရုရှားကို ပြန်သွားဖို့ရှိလား။**

ကျွန်တော့်အမှုတစ်ခု ရှိသေးတယ်။ ဥရောပတရားရုံးက ဒီစွဲဆိုချက်က တရားမဝင်ဘူး ပြောပေမယ့် ရုရှားဥပဒေအရစွဲလို့ရသေးတယ်။ အခုကျွန်တော်ပြန်သွားရင် ပြည်ပကို ပြန်ထွက်ခွင့်ရတော့မှာ မဟုတ်ဘူး။

**နိုင်ငံရေးအရ အနာဂတ်အစီအစဉ် ဘာတွေရှိသလဲ။**

လက်ရှိတော့ အတိအကျမပြောနိုင်သေးပါဘူး။ နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားဖို့ ရည်ရွယ်ချက်တော့ မရှိပါဘူး။ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်ဖို့တော့ ရည်ရွယ်ထားတယ်။ ကျွန်တော်စီးပွားရေးလောကထဲလည်း ပြန်မသွားချင်သလို အာဏာအတွက် တိုက်ခိုက်ရယူဖို့လည်း စိတ်မဝင်စားဘူး။ တစ်ခုတော့ ရှိတယ်။ ကျွန်တော့်ကို တွေ့ရလို့ ရုရှားမှာ နိုင်ငံရေးအကျဉ်းသား မရှိတော့ဘူးလို့တော့ မထင်စေချင်ဘူး။ ကျွန်တော်ဟာ လူမှုအသိုင်းအဝိုင်းက ကြိုးပမ်းမှုရဲ့ သင်္ကေတတစ်ခုပါပဲ။ ပြန်လွတ်လာမယ်လို့ ဘယ်သူကမှ မမျှော်လင့်ထားခဲ့တဲ့သူတွေကိုပြန်လွတ်လာစေတဲ့ လူမှုအသိုင်းအဝိုင်းရဲ့ ကြိုးပမ်းမှု အဲဒါရဲ့ရလဒ်တစ်ခုပါ။

**ဆယ်နှစ်ဆိုတဲ့ အချိန်က အတော်ကြာပါတယ်။ မိသားစုကို ဒီဆယ်နှစ်အတွင်း မတွေ့ခဲ့ရဘူး။ ဒီဖြစ်ရပ်ကမိသားစုအပေါ် ဘယ်လိုရိုက်ခတ်မှုမျိုးတွေ ရှိခဲ့ပါသလဲ။**

ဒီအတွက် ကျွန်တော့်မိသားစုကို ကျွန်တော်အမြဲအကြွေးတင်နေမှာပါပဲ။ ဘယ်တော့မှ ပြန်ဆပ်လို့မရတဲ့ အကြွေးတင်နေပါတယ်။

*—Ref: CNN*



## Leader's Profile

# ဂျီအမ်ကုမ္ပဏီ၏ ပထမဆုံး အမျိုးသမီး အမှုဆောင်အရာရှိချုပ်

# မေရီဘာရာ

ရဲမင်း

မေရီထရီဇာဘာရာသည် အမေရိကန်စီးပွားရေးလုပ်ငန်း အမှုဆောင်အရာရှိချုပ်တစ်ဦးဖြစ်သည်။ မစ္စစ်ဘာရာသည် ဂျင်နရယ်မော်တာကားကုမ္ပဏီ(GM)၏ ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေး၊ ဝယ်ယူရေးနှင့် ပစ္စည်းထောက်ပံ့ရေးကွင်းဆက် အမှုဆောင်ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အမှုဆောင်အရာရှိချုပ်အဖြစ် ဒန်အက်ကာဆင် နေရာဆက်ခံရန် ဂျီအမ်ကုမ္ပဏီက ၎င်းအားရွေးချယ်ခဲ့ပြီး ကမ္ဘာ့အဓိကကားထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခု၏ ပထမဦးဆုံး အမျိုးသမီး အမှုဆောင်အရာရှိချုပ် (CEO)ဖြစ်လာသည်။ မစ္စစ်ဘာရာသည်ဂျီအမ်၏အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်တာဝန်ယူခဲ့သည်။

မေရီဘာရာကို ၁၉၆၁ ခုနှစ် မီချီဂန်ပြည်နယ်၊ ဝါးတားဖို့ဒ်ဒေသတွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ ဂျီအမ်ကုမ္ပဏီက ထုတ်လုပ်သော နာမည်ကျော်အမှတ်တံဆိပ် Pontiac ကားအတွက် ၃၉ နှစ်ကြာ မိုလောင်းပေးခဲ့သူဖြစ်သည်။ မေရီသည် ဂျင်နရယ်မော်တာအင်စတီကျုဒ်တွင် လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်အထူးပြုပြီး သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် စတန်းဖို့ဒ်စီးပွားရေးပညာကျောင်း၌ ဂျီအမ်ပညာတော်သင်ဆုဖြင့် တက်ရောက်ရင်း ၂နှစ်အကြာ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ရရှိခဲ့သည်။

မစ္စစ်မေရီဘာရာသည်၁၉၈၀ ပြည့်နှစ် အသက်(၁၈)နှစ်အရွယ်ကပင် ဂျီအမ်ကုမ္ပဏီတွင် ကျောင်းတက်ရင်းအလုပ်လုပ်ခဲ့ပြီး နောက်ပိုင်း အင်ဂျင်နီယာရာထူးနှင့် စီမံခန့်ခွဲရေးရာထူးအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်များတွင် ဒက်ထရိုက်နှင့် ဟမ်းထရိုက်ကားထုတ်လုပ်ရေးစက်ရုံ မန်နေဂျာရာထူးများလည်း ပါဝင်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် မစ္စစ်မေရီဘာရာသည် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှုအင်ဂျင်နီယာလုပ်ငန်း ဒုဥက္ကဋ္ဌဖြစ်လာသည်။ ၂၀၀၉ ခုနှစ်ဇူလိုင်လတွင်ဂျီအမ်၏ကမ္ဘာလုံးဆိုင်ရာ လူသားအရင်းအမြစ်ဌာန ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအထိ ဆက်လက်တာဝန်ယူခဲ့သည်။ ထိုအချိန်မှာပင် မစ္စစ်မေရီဘာရာသည် ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဌာန အမှုဆောင်ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ ယင်းရာထူးအတွက် တာဝန်ဝတ္တရားများတွင် ကားများကို ဒီဇိုင်းထုတ်ခြင်းလည်း ပါဝင်ခဲ့ရာ မစ္စစ်ဘာရာက ဂျီအမ်၏ ကားအမှတ်တံဆိပ်အချို့ကို လျှော့ချခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် မစ္စစ်ဘာရာ၏ ဒုတိယဥက္ကဋ္ဌတာဝန်တွင် ကမ္ဘာလုံးဆိုင်ရာပစ္စည်းဝယ်ယူရေးနှင့် ထောက်ပံ့ရေးကွင်းဆက်ကိုပါ ချဲ့ထွင်တာဝန်ယူခဲ့ရသည်။

ဖင်လန်လူမျိုးမိဘများမှ ဆင်းသက်လာသူ မစ္စစ်မေရီဘာရာသည် ဂျီအမ်အင်စတီကျုဒ်တွင် ကျောင်းတက်စဉ် ဆုံတွေ့ခဲ့သော အတိုင်ပင်ခံတစ်ဦးဖြစ်သူ တိုနီဘာရာနှင့် လက်ထပ်ခဲ့ပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် Forbes မဂ္ဂဇင်း၏ ၄၁ ဦးမြောက် ကမ္ဘာ့ဩဇာအကြီးဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခံရသူ မစ္စစ်မေရီဘာရာက ၎င်းအကြိုက်ဆုံးကားများအဖြစ် Chevrolet Camaro နှင့် Pontiac Firebird တို့ကို ၎င်းအကြိုက်ဆုံးကားများအဖြစ် သတ်မှတ်ထားသည်။

*—Ref: Wikipedia*

# ဗဟိုအာဖရိကနိုင်ငံတွင် ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း လူတစ်သန်းခန့် ထွက်ပြေးသွားဟု ကုလသမဂ္ဂပြောကြား



ANDREW PEACOCK/AFP

*ဘန်ဂွီးမြို့လေဆိပ်တွင် စစ်ဘေးရှောင်ဒုက္ခသည်များ လေယာဉ်အဟောင်းများကြား ယာယီစခန်းများဆောက်လုပ်နေထိုင်ကြသည်ကို တွေ့ရစဉ်*

**ဘန်ဂွီး၊ ဇန်နဝါရီ-၄**

ဗဟိုအာဖရိကနိုင်ငံတွင် ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း လူပေါင်းတစ်သန်းခန့် ထွက်ပြေးသွားခဲ့ပြီး အကူအညီပေးရေး ကြိုးစားမှုများမှာ အထူးသဖြင့် မြို့တော်ဘန်ဂွီးတွင် ခက်ခဲကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR) က ပြောသည်။

မွတ်ဆလင်တိုက်ခိုက်ရေးသမားများနှင့် ခရစ်ယာန်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကြား အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း လူပေါင်းနှစ်သိန်းကျော် ထွက်ပြေးခဲ့ပြီး စုစုပေါင်း ၉၃၅,၀၀၀ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မတ်လအတွင်း ဆီလီကာ မွတ်ဆလင်သူပုန်အဖွဲ့က အာဏာသိမ်းပြီးနောက် တိုက်ခိုက်သတ်ဖြတ်လုယက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဗဟိုအာဖရိကနိုင်ငံ၏ ဘာသာရေးအသိုင်းအဝိုင်းများကြား လက်စားချေ အကြမ်းဖက်တိုက်ခိုက်မှုများထိန်းသိမ်းရန် အသည်းအသန်ကြိုးစားနေရသည့် အာဖရိကငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၄,၀၀၀ နီးပါးကို ကူညီရန် ကုလသမဂ္ဂ၏ခွင့်ပြုချက်ဖြင့် ပြင်သစ်နိုင်ငံက တပ်သား ၁,၆၀၀ ချထားသည်။

မြို့တော်ဘန်ဂွီးမြို့တစ်မြို့တည်း၌ပင် လူပေါင်း ၅၁၀,၀၀၀ ကျော် ထွက်ပြေးခဲ့ရပြီး ယင်းအရေအတွက်မှာ မြို့နေလူဦးရေ၏ ထက်ဝက်ရှိကြောင်း UNHCR က ပြောသည်။ ၎င်းတို့အနက် ထက်ဝက်ကျော်မှာ ကလေးငယ်များဖြစ်ကြသည်။

နိုင်ငံတကာလေဆိပ်တွင် ယာယီဆောက်လုပ်ထားသော တဲများ၌ ခိုလှုံနေသည့် လူအရေအတွက်မှာ ပြီးခဲ့သည့်သီတင်းပတ်က နှစ်ဆမြင့်တက်လာခဲ့ပြီး လူပေါင်းတစ်သိန်းရှိနေပြီဖြစ်သည်။ အနီးအနား ပတ်ဝန်းကျင်ဒေသများတွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေသဖြင့် လူသားချင်းစာနာထောက်ထားရေးအကူအညီပေးမည့် အစီအစဉ်များ အဟန့်အတားဖြစ်ခဲ့ရသည်။ ယင်းလေဆိပ်အတွင်း ခိုလှုံနေသူများစွာမှာ ၎င်းတို့စွန့်ပယ်ခံရမည်ကို စိုးရိမ်ကြောက်ရွံ့နေကြသည်။

*—Ref: Reuters*

# လမ်ပီဒူဆာကျွန်းကမ်းလွန်တွင် ပြောင်းရွှေ့နေထိုင်သူ တစ်ထောင်ကျော်ကို အီတလီအာဏာပိုင်များကယ်ဆယ်

**ရောမ၊ ဇန်နဝါရီ-၄**

အီတလီရေတပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောများသည် ၂၄ နာရီအတွင်း လမ်ပီဒူဆာကျွန်းကမ်းလွန်ပင်လယ်ပြင်တွင် ရွှေ့ပြောင်းနေထိုင်သူ ၁,၀၀၀ ကျော်ကို ကယ်ဆယ်ခဲ့သည်ဟု အီတလီအရာရှိများက ပြောကြားသည်။ အီတလီတပ်ဖွဲ့များသည် ရွှေ့ပြောင်းနေသူများကို သီးခြားကယ်ဆယ်ရေးအစီအစဉ်နှစ်ရပ်ဖြင့် ကယ်ဆယ်ခဲ့သည်ဟု သိရသည်။

ပါကစ္စတန်နှင့်အာဖရိကရွှေ့ပြောင်းနေထိုင်သူ ၂၃၃ ဦးကို ဇန်နဝါရီ ၁ ရက်တွင် ကယ်ဆယ်ခဲ့ပြီး အီဂျစ်၊ တူနီးရှား၊ အီရတ်နှင့် ပါကစ္စတန်နိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူ ၈၂၃ ဦးကို ဇန်နဝါရီ ၂ ရက်တွင် ကယ်ဆယ်ခဲ့သည်။

အီတလီအာဏာပိုင်များသည် ရွှေ့ပြောင်းနေထိုင်သူများကို ကယ်ဆယ်ရန်အတွက် စစ်သင်္ဘောခြောက်စီးနှင့် ရဟတ်ယာဉ်အချို့စေလွှတ်ခဲ့ကြောင်းနှင့် ကယ်ဆယ်ခဲ့သော ရွှေ့ပြောင်းနေထိုင်သူ ၁,၀၀၀ ကျော်အား စစ္စလီကျွန်းသို့ ပို့ခဲ့ကြောင်း အီတလီအရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင်လမ်ပီဒူဆာကျွန်းကမ်းလွန်ပင်လယ်ပြင်၌ ရွှေ့ပြောင်းနေထိုင်သူများ လိုက်ပါလာသော သင်္ဘောမှောက်ခဲ့ရာမှ လူ ၄၀၀ ကျော် သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ် ဖြစ်ပွားပြီးနောက် အီတလီအစိုးရသည် အလားတူအဖြစ်ဆိုးများ မကြုံစေရန်အတွက် မြေထဲပင်လယ်ဒေသစစ်ဆင်ရေးဆောင်ရွက်ခဲ့သည်။

လမ်ပီဒူဆာကျွန်းသည် မြောက်အာဖရိကနှင့် အနီးဆုံး အီတလီနိုင်ငံပိုင် ကျွန်းတစ်ခုဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဝင်ရောက်ရန် အဓိကဝင်ပေါက်တစ်ခုဖြစ်သည်။

*—Ref: UPI*

7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# အန္တာတိကရေခဲပြင်တွင် ပိတ်မိနေသော ရုရှားသင်္ဘောကို ကယ်တင်ရန် အသုံးပြုခဲ့သည့် တရုတ်ရေခဲခွဲသင်္ဘော ထပ်မံပိတ်မိ

**ဆစ်ဒနီ၊ ဇန်နဝါရီ-၄**



*တရုတ်ရေခဲခွဲသင်္ဘော Xue Long မှ ရဟတ်ယာဉ်က သောင်တင်နေသော ရုရှားသင်္ဘော MV Akademik Shokalskiy မှ ခရီးသည်များ ပထမအသုတ်အဖြစ် ကယ်ဆယ်နေသည်ကို ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်* ANDREW PEACOCK/AFP

အန္တာတိကရေခဲပြင်တွင် ပိတ်မိနေသော ရုရှားသင်္ဘောကို ကယ်တင်ရန် ထွက်ခွာသွားသည့် တရုတ်ရေခဲခွဲသင်္ဘောမှာလည်း ရေခဲပြင်များကြား ပိတ်မိနေသည်ဟု ဩစတြေးလျအာဏာပိုင်များက ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။

ရေခဲပြင်ကြား ပိတ်မိနေသည့် ရုရှားသင်္ဘောပေါ်မှ ခရီးသည်များအား ကယ်တင်ရန် တရုတ်ရေခဲခွဲသင်္ဘောမှ ရဟတ်ယာဉ်ကို အသုံးပြုခဲ့သည်။ ယခုအခါ ယင်း တရုတ်ရေခဲခွဲသင်္ဘောမှာ ရေခဲပြင်ကြား ပိတ်မိနေကာ ရုန်းမထွက်နိုင်ဖြစ်နေသည်ဟု အာဏာပိုင်များက ပြောသည်။

သို့သော် ယင်းသင်္ဘောပေါ်တွင် လိုက်ပါသူများ အန္တရာယ်မရှိပေ။ ထို့အပြင် သင်္ဘောပေါ်တွင် သီတင်းပတ်များစွာအတွက် အစားအသောက်များပါရှိသည်ဟု တရုတ်ရေခဲခွဲသင်္ဘောကပ္ပတိန်က ပြောသည်။

ရုရှားသင်္ဘောမှာပြင်သစ်နိုင်ငံ အန္တာတိကအခြေစိုက်စခန်းမှ အရှေ့ဘက် ရေမိုင် ၁၀၀ အကွာရှိ ရေခဲပြင်ကြားတွင် ပိတ်မိနေဆဲဖြစ်ပြီး သင်္ဘောပေါ်၌ အမှုထမ်း ၂၂ ဦးရှိနေသည်။

ယင်းသင်္ဘောထံ ရောက်ရှိနိုင်ရန် ရေခဲခွဲသင်္ဘောများဖြင့် အကြိမ်များစွာ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ရဟတ်ယာဉ်ဖြင့် သွားရောက်ကယ်တင်မည့် အစီအစဉ်မှာလည်း ရာသီဥတုဆိုးရွားမှုကြောင့် ကြန့်ကြာခဲ့ရသည်။

ယင်းပိတ်မိနေသော ရုရှားသင်္ဘောပေါ်မှ သိပ္ပံပညာရှင်များ၊ ခရီးသည်များနှင့် ဂျာနယ်လစ်များ စုစုပေါင်း ၅၂ ဦးအား ရဟတ်ယာဉ်ဖြင့်ကယ်တင်ကာ ယခုအခါ ဩစတြေးလျ ထောက်ပံ့ရေးသင်္ဘောပေါ်သို့ ပို့ဆောင်ထားပြီးဖြစ်သည်။

ဩစတြေးလျသင်္ဘောမှာ ယခုအခါ ခရီးဆက်ရန် လွတ်လပ်နေပြီဖြစ်သည်။ ရုရှားသင်္ဘောနှင့် တရုတ်သင်္ဘောတို့မှ ကပ္ပတိန်များက ဩစတြေးလျသင်္ဘော၏ အကူအညီကို မလိုတော့ကြောင်း၊ ယင်းသင်္ဘောနှစ်စီး အပြန်အလှန်ကူညီနိုင်သည်ဟု ပြောကြားကြောင်း ဩစတြေးလျရေကြောင်းအာဏာပိုင်အဖွဲ့ကပြောသည်။

*—Ref: AFP*

## ဒေသခံနှစ်သောင်း တိမ်းရှောင်နေစဉ်အတွင်း အင်ဒိုနီးရှားမီးတောင် အကြိမ် ၃၀ ပေါက်ကွဲ

**ကာရို၊ ဇန်နဝါရီ-၄**

အင်ဒိုနီးရှားနိုင်ငံရှိမီးတောင်တစ်လုံးသည် လပေါင်းများစွာကြာ မရပ်မနားပေါက်ကွဲနေပြီး ဇန်နဝါရီ ၄ ရက်တွင်လေထဲသို့မီးတောင်ပြာများ အကြိမ် ၃၀ ထုတ်လွှတ်ခဲ့သဖြင့် လူပေါင်း ၂၀,၀၀၀ ရွှေ့ပြောင်းနေထိုင်နေရစဉ်မှာပင် နောက်ထပ်တိမ်းရှောင်ရဦးမည်ဖြစ်ကြောင်း အာဏာပိုင်တစ်ဦးကပြောသည်။

ဆူမတြားကျွန်းပေါ်ရှိ စီနာဘွန်မီးတောင်မှ ချော်ရည်များ စီးကျကာ မီးတောင်ပြာများ မီတာ ၄,၀၀၀ ခန့်အထိမြင့်တက်နေသည်ဟု အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဆူတိုပိုပါဝူးနူဂရိုဟိုကပြောသည်။

"အဲဒီ မီးတောင်က ချော်ရည်ပူတွေ အကြိမ် ၆၀ လောက် စီးကျခဲ့ပြီး မီးတောင်ကနေ ငါးကီလိုမီတာအထိ ရောက်ရှိခဲ့တယ်"ဟု ၎င်းကပြောသည်။ ယင်းမီးတောင်တစ်ဝိုက် ငါးကီလိုမီတာအကွာရှိဒေသခံများ ဘေးကင်းရာသို့ ပြောင်းရွှေ့ကြရန် အာဏာပိုင်များက ပြောကြားထားခဲ့သည်။

ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ယင်းမီးတောင်စတင်ပေါက်ကွဲချိန်မှစ၍ ထွက်ပြေးသူပေါင်း ၂၀,၃၃၁ ဦးရှိပြီဖြစ်သည်။

စီနာဘွန်မီးတောင်မှာ အင်ဒိုနီးရှားနိုင်ငံ၏ ဒါဇင်ပေါင်း များစွာသော မီးတောင်ရှင်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်စက်ဝန်း (Ring of Fire)ဟုခေါ်သည့် အဓိက ငလျင်ကြောပေါ်တွင် တည်ရှိသည်။

စီနာဘွန်မီးတောင်မှာ နှစ်ပေါင်း ၄၀၀ နီးပါး ငြိမ်သက်နေခဲ့ပြီး ၂၀၁၀ ပြည့်နှစ်အတွင်း ပြန်လည်သက်ဝင်လှုပ်ရှားလာကာပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း တစ်ကြိမ်ပေါက်ကွဲခဲ့သည်။

အရှေ့နူဆာတန်ဂါရာခရိုင် ကျွန်းငယ်လေးတစ်ခုပေါ်ရှိ မီးတောင်တစ်လုံးပေါက်ကွဲမှုကြောင့် ဩဂုတ်လအတွင်း လူငါးဦးသေဆုံးကာ ရာပေါင်းများစွာ ထွက်ပြေးခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ သက်ဝင်လှုပ်ရှားမှုအရှိဆုံးမီရာပီမီးတောင်မှာ ၂၀၁၀ ပြည့်နှစ်အတွင်း ပြင်းထန်စွာအကြိမ်ကြိမ်ပေါက်ကွဲခဲ့သဖြင့် လူ ၃၅၀ ကျော်သေဆုံးခဲ့သည်။ *—Ref: AFP*

## ဟောင်ကောင်တွင် ကလေးနို့မှုန့်များ မှောင်ခိုရောင်းဝယ်မှုဖြင့် လူ ၆၄ ဦးကို ဖမ်းဆီး

**ဟောင်ကောင်၊ ဇန်နဝါရီ-၄**

တရုတ်နှစ်ကူးမတိုင်မီ ကလေးအာဟာရမှုန့် မှောင်ခိုရောင်းဝယ်ခြင်းကိုတားဆီးရန် ရည်ရွယ်သည့်လှုပ်ရှားမှုတစ်ခုအတွင်း ခွင့်ပြုချက်မရှိသော ကလေးနို့မှုန့်တင်ပို့မှုများအတွက် လူ ၆၄ ဦးကို ဟောင်ကောင်အကောက်ခွန်အရာရှိများက ဇန်နဝါရီ ၃ ရက်တွင် ဖမ်းဆီးလိုက်သည်။

ဇန်နဝါရီ ၂ ရက်က စတင်ဆောင်ရွက်ခဲ့သည့် ယင်းအစီအစဉ်အတွင်း စုစုပေါင်းအလေးချိန် ၄၀၀ ကီလိုလေးသော ကလေးနို့မှုန့်များကို တရုတ်ပြည်မကြီးထဲသို့ တင်ပို့ရန် ကြိုးစားသည့် လူ ၆၄ ဦးကို ဖမ်းဆီးထားသည်။

တရုတ်နိုင်ငံတွင် နို့မှုန့်ဝယ်လိုအား မြင့်တက်လာပြီးနောက် ဟောင်ကောင်မြို့အပြင်သို့ လူတစ်ဦးလျှင် ကလေးနို့မှုန့် ၁ ဒသမ ၈ ကီလိုဂရမ်ထက် ပိုမိုမသယ်ရန် ဟောင်ကောင်အာဏာပိုင်များက မတ်လအတွင်း တားမြစ်ခဲ့သည်။

တရုတ်ပြည်မကြီးတွင် မယ်လ်မင်းပါဝင်သော နို့မှုန့်များ သုံးစွဲမိပြီး ကလေးငယ်ခြောက်ဦး သေဆုံးကာ ကလေးငယ်ပေါင်းသုံးသိန်းကျော် နာမကျန်းဖြစ်ခဲ့သည့် သတင်းကြောင့် ပြည်တွင်းထုတ် နို့မှုန့်များကို လူအများအယုံအကြည်မရှိဖြစ်နေသည်။

၎င်းတို့၏ စိုးရိမ်မှုကြောင့် ဝယ်လိုအား မြင့်တက်လာခဲ့ပြီး တရုတ်နှစ်ကူးရန် အချိန်နီးကပ်လာစဉ် နို့မှုန့်မှောင်ခိုရောင်းဝယ်မှုပိုများလာခြင်းကြောင့် အာဏာပိုင်များက အရေးယူဆောင်ရွက်နေခြင်းဖြစ်သည်။

"အသက် (၁၉)နှစ်ကနေ (၈၁)နှစ်အထိရှိတဲ့ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၃၅ ဦးကို ဖမ်းဆီးထားပြီး ကလေးနို့မှုန့် ၄၅၀ ကီလိုဂရမ် သိမ်းဆည်းရမိထားပါတယ်" ဟု ဟောင်ကောင်အကောက်ခွန်ဌာနမှ အကြီးအကဲတစ်ဦးကပြောသည်။

ယင်းပြစ်မှုကို ကျူးလွန်သူများသည် ဒဏ်ငွေ ဟောင်ကောင်ဒေါ်လာငါးသိန်းနှင့် ထောင်ဒဏ် ၂ နှစ် ကျခံရနိုင်သည်။ နို့မှုန့်မှောင်ခိုကူးသူများသည် ကျောပိုးအိတ်များ၊ လက်ဆွဲအိတ် (သို့မဟုတ်) ထရော်လီများတွင် သိုဝှက်၍ သယ်ဆောင်လေ့ရှိပြီး ပမာဏများများထည့်နိုင်ရန် ခရီးဆောင်အိတ်အတွင်း၌ဝှက်၍ သယ်ဆောင်ကြသည်ဟု အဆိုပါအကောက်ခွန်အရာရှိက ပြောသည်။

*—Ref: AFP*

## အဓမ္မပြုခံရပြီး မီးရှို့သတ်ဖြတ်ခံရသူ မိန်းကလေး၏မိဘများက တရားမျှတမှုအတွက် တိုက်ပွဲဝင်မည်ဟုဆို

**နယူးဒေလီ၊ ဇန်နဝါရီ-၄**

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် လူတစ်စု၏ အဓမ္မပြုကျင့်ခြင်းကို ခံရပြီး မီးရှို့အသတ်ခံခဲ့ရသော (၁၆)နှစ်အရွယ် မိန်းကလေး၏ မိဘများက တရားမျှတမှုအတွက် တိုက်ပွဲဝင်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

မိန်းကလေးသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၆ ရက်တွင် လူတစ်စု၏ ပထမဆုံးအကြိမ် အဓမ္မပြုကျင့်ခြင်းကိုခံရပြီးနောက် တစ်နေ့တွင် ရဲစခန်း၌ တိုင်ချက်ဖွင့်ပြီး အပြန်လမ်းကြောင်းတွင် ထပ်မံ၍ အဓမ္မပြုခံခဲ့ရသည်။ ၎င်းအား အဓမ္မပြုကျင့်ခဲ့သည်ဟု စွပ်စွဲခံရသူ အမျိုးသားခြောက်ဦးကို မကြာသေးမီအချိန်အတွင်း ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

သို့ရာတွင် အဓမ္မပြုကျင့်ခံရသူ မိန်းကလေးမှာ ဒီဇင်ဘာ ၂၃ ရက်က မီးလောင်ဒဏ်ရာများဖြင့် ဆေးရုံတက်ခဲ့ရပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ကွယ်လွန်ခဲ့သည်။ အစောပိုင်းတွင် ရဲတပ်ဖွဲ့က ယင်းမိန်းကလေးမှာ ကိုယ့်ကိုယ်ကိုယ် မီးရှို့သတ်သေခဲ့သည်ဟု ယူဆသော်လည်း ပြန်လည်သတိရချိန်၌ ၎င်းကို အဓမ္မပြုကျင့်ခဲ့သူများ၏ ဆွေမျိုးနှစ်ဦးက မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု မိန်းကလေးက ပြောကြားခဲ့သည်။ မိန်းကလေးအပေါ် အဓမ္မပြုကျင့်မှုနှင့် လူသတ်မှုတို့ဖြင့် လူရှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ သို့ရာတွင် ရဲတပ်ဖွဲ့မှာ အမှုကိုင်တွယ်ရာ၌ ညံ့ဖျင်းသည်ဟု စွပ်စွဲခံရပြီး ဆန္ဒပြသူများသည် ယင်းတရားခံများအပေါ် ပြင်းထန်စွာ အရေးယူရန် တောင်းဆိုလျက်ရှိသည်။ အဓမ္မပြုကျင့်ခံရသူ မိန်းကလေးမိဘများနှင့် ရဲတပ်ဖွဲ့ကြား အသုဘကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ရာ မိန်းကလေး၏ဖခင်ဖြစ်သူက "ကျွန်တော့်နောက်ဆုံးထွက်သက်အထိ သမီးအတွက် တရားမျှတမှုရအောင် ကြိုးစားမယ်"ဟု ဘီဘီစီသတင်းအားပြောကြားသည်။*—Ref: BBC*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.44 • JANUARY 8 , 2014

# “ နောက်ဆုံးခရီးကတော့ စာပေပါပဲ စာပေနဲ့ပဲ ဆက်သွားမယ် ဖိတ်တဲ့လူရှိရင် သွားဟောမယ် ကိုယ်မြင်တာတွေရေးမယ်

**ဗေလုဝနှင့်တွေ့ဆုံခြင်း**

**ဖွဲ့ညက်**

မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဟာသသရုပ်ဆောင်များခေါင်းဆောင်ပါဝင်ကာ အောင်မြင်သည့် ရုပ်ရှင်ဇာတ်ကားများစွာရှိခဲ့သည်။ အဆိုပါဇာတ်ကားများတွင်ဘီလူးဇာတ်ကားသည် တစ်ကားအပါအဝင်ဖြစ်သည်။ ယင်းဇာတ်ကားအောင်မြင်မှုနှင့်အတူ အဓိက သရုပ်ဆောင်ဗေလုဝလည်း ပရိသတ်အားပေးမှုရရှိခဲ့သည်။ အနုပညာလောကသို့ စာပေဖြင့် စတင်ဝင်ရောက်ခဲ့သောကြောင့် သရုပ်ဆောင်ဘက်တွင် အောင်မြင်မှုရရှိနေသော်လည်း အနုပညာပန်း တိုင်အဖြစ် စာပေကိုသာရွေးချယ်ထားကာ ဝတ္ထုတစ်အုပ်ထုတ်ဝေနိုင်ခဲ့သလို စာပေဟောပြောပွဲများတွင်လည်းပါဝင်ဟောပြောဖြစ်သည်ဟု ဦးဗေလုဝက ပြောသည်။ ပရိသတ်များက ဟာသသရုပ်ဆောင်အဖြစ် အားပေးခြင်းထက်စာရေးဆရာတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းကို ကျေနပ်သည်ဆိုသော ဦးဗေလုဝကိုလက်ရှိဖြတ်သန်းနေသောအနုပညာနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဓာတ်ပုံ-နစ်ကီ

**ဦးဗေလုဝအနုပညာလောကထဲကို စတင်ဝင်ရောက်ခဲ့တာက စာပေဘက်ကလို့ သိရပါတယ်။ အခုလည်း စာပေဟောပြောပွဲတွေမှာတွေ့ရတော့ အဲဒီအကြောင်းလေးကို ပြောပြပေးပါလား။**

စဝင်တာကတော့ စာပေနဲ့ပေါ့။ ကက်ဆက်ဇာတ်လမ်း၊ ဇာတ်ညွှန်းတွေရေးပြီး စဝင်ခဲ့တာ။ စာပေဘက်ကတော့ ရှိပြီသား။ ဒါပေမဲ့ အဲဒီဘက်ကို မလှည့်နိုင်တာ။ ဒီ ဘက်မှာ မျောသွားတာ အချိန်ကြာသွားတယ်။ အခုမှပြန်ပြီး စာတွေရေးဖြစ်တယ်၊ ပြောဖြစ်တယ်။

**ကက်ဆက်ဇာတ်လမ်း၊ ဇာတ်ညွှန်းတွေရေးခဲ့တာက ဘယ်အချိန်ကတည်းက လုပ်ခဲ့တာလဲ။ အဲဒီဘက်ကနေ သရုပ်ဆောင်စလုပ်ဖြစ်ခဲ့တာရော ဘာကြောင့်စလုပ်ဖြစ်ခဲ့တာလဲ။**

စာမျက်နှာ ၄၁ »

# ရေနံ့သာခင်ခင်ကြီးရဲ့ ငယ်ဘဝပုံရိပ်ကို သရုပ်ဆောင်သွားမယ့် စိုးပြည့်သဇင်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

မတ်လဆန်းတွင် ရိုက်ကူးမည့် ရေနံ့သာခင်ခင်ကြီးဇာတ်လမ်းတွဲတွင် ခင်ခင်ကြီး၏ ငယ်ဘဝနှင့် သမီးအရင်းအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း အကယ်ဒမီ စိုးပြည့်သဇင်က ပြောသည်။

“ခင်ခင်ကြီးရဲ့ ငယ်ဘဝနဲ့ သမီးအရင်းနေရာကနေ နှစ်နေရာမှာ သရုပ်ဆောင်မယ်။ ဒါပေမဲ့ သမီးနေရာကတော့ ပြန်ပေါ်လာတဲ့ ပုံစံမျိုး တစ်ဆင်းနှစ်ဆင်းလောက်ပါပဲ။ အခန်းနည်းပါတယ်။ အဓိကသရုပ်ဆောင်ရမှာက ခင်ခင်ကြီးငယ်ဘဝပါ” ဟု စိုးပြည့်သဇင်က ပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အဆိုပါဇာတ်လမ်းတွဲ အတွက် ဇာတ်ညွှန်းမရရှိသေးသော်လည်း ဝတ္ထုကို သေသေချာချာဖတ်ထားကာ ဆယ်ကျော်သက်အရွယ် ပေါ့ပေါ့ပါးပါးပုံစံနှင့် ရင့်ရင့်ကျက်ကျက်နှင့် မာမာထန်ထန်ပုံစံမျိုးပါ သရုပ်ဆောင်ရမည်ဟု ၎င်းကဆိုသည်။

ဇာတ်လမ်းများရွေးချယ်ရိုက်ကူးရာတွင် မြန်မာ့အနုပညာရေစီးကြောင်းအရ ဒရာမာနှင့် ဟာသပုံစံဇာတ်ကားများကိုမူ၍ ရိုက်ကူးဖြစ်ပြီး ဇာတ်လမ်းပုံစံ ဆန်းဆန်းအနေဖြင့် လူခြောက်ပုံစံသရုပ်ဆောင်ထားသော အိပ်မက်ရစ်သမ်ဇာတ်ကားကိုမူ ကိုယ်တိုင်လည်း ကြိုက်နှစ်သက်ကာ ပရိသတ်များလည်း အကြိုက်တွေ့မည်ဟုထင်ကြောင်း စိုးပြည့်သဇင်က ပြောသည်။

စိုးပြည့်သဇင်၏ ဖက်ရှင်ပိုင်းနှင့်ပတ်သက်၍ အားမရသည့် ပရိသတ်အချို့ရှိရာ အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ “ဒီဇိုင်နာကတော့ မလတ်နဲ့ ချုပ်ဖြစ်တာများတယ်။ စိုးပြည့်က လူတစ်ယောက်မှာ ဖက်ရှင်တစ်မျိုးရှိရမယ်လို့လည်းယူဆထားတယ်။ အဲဒါကြောင့်ကိုယ့်ဘက်ကမြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ လုံလုံခြုံခြုံနဲ့ အဆင်ပြေတာမျိုးကို ရွေးချယ်ပြီး ဝတ်လေ့ရှိတယ်။ ခေတ်ကတော့ ခေတ်ပေါ့။ ဒါပေမဲ့ မြန်မာ့ယဉ်ကျေးမှုပျောက်ကွယ်သွားတဲ့အထိတော့ ဝတ်လေ့မရှိပါဘူး” ဟု စိုးပြည့်သဇင်က ရှင်းပြသည်။

ရေနံ့သာခင်ခင်ကြီး ဇာတ်လမ်းတွဲကို ဒါရိုက်တာ အဏ်ထော်ဏီ (မော်လမြိုင်) က ရိုက်ကူးမည်ဖြစ်ပြီး စိုးမြတ်သူဇာ၊ စန္ဒီမြင့်လွင်တို့လည်း ပါဝင်မည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014

# အစားအသောက်မှုမမှန်တဲ့ ရောဂါကို ကုဖို့ ပြန်လည်ထူထောင်ရေးစခန်းမှာ သွားနေတဲ့ ကီရှာ



**လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ-၄**

အမေရိကန်ပေါ့ပ်အဆိုတော်ကီရှာသည် အစားအသောက်မမှန်သည့် ရောဂါကို ကုသရန် ဇန်နဝါရီ ၃ ရက်နံနက်တွင် ပြန်လည်ထူထောင်ရေးစခန်းသို့သွားရောက်ခဲ့ပြီး တစ်လကြာကုသမှု ခံယူမည်ဖြစ်သည်။

ကီရှာသည် စိတ်ရောဂါ၊ ကိုယ်ပါကုသချင်စိတ်ကြောင့်ပြန်လည်ထူထောင်ရေးစခန်းသို့ သွား၍ ကုသခြင်းဖြစ်သည်ဟု People မဂ္ဂဇင်းကဖော်ပြသည်။

"ကျွန်မရဲ့ အစားအသောက်မှုမမှန်တဲ့ ရောဂါကို ကုသဖို့ အတွက် ပြန်လည်ထူထောင်ရေးစခန်းကို သွားမယ်။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ချစ်မြတ်နိုးလာအောင်ပြုလုပ်ရမယ်"ဟု ကီရှာက People မဂ္ဂဇင်းအား ပြောကြားခဲ့သည်။

အသက် (၂၆)နှစ်အရွယ် တေးရေး၊ တေးဆို ကီရှာသည် အဆိုတော် ဒမ်မီလိုဗက် ကုသခဲ့သည့် ဆေးရုံ၌လည်း အစားအသောက်မှုမမှန်သည့် ရောဂါအတွက် သွားရောက်ကုသခဲ့သေးသည်။

—*Ref: People*

# ချစ်သူကင်တေဟီးကို ချီးကျူးလိုက်တဲ့ ရိန်း



**ဆိုးလ်၊ ဇန်နဝါရီ-၄**

တောင်ကိုရီးယားနာမည်ကျော်အနုပညာရှင်များဖြစ်ကြသော သရုပ်ဆောင်အဆိုတော်ရိန်းနှင့် သရုပ်ဆောင်မင်းသမီး ကင်တေဟီးတို့သည် ၂၀၁၃ နှစ်စတွင် ချစ်သူများဖြစ်နေကြောင်း ဝန်ခံခဲ့ပြီး ယခုအချိန်ထိလည်း တစ်ဦးနှင့် တစ်ဦးချစ်ခင်ဆဲဖြစ်သည်ဟု ရိန်းက ပြောကြားသည်။

သရုပ်ဆောင်အဆိုတော် ရိန်းသည် ၎င်း၏ အယ်လ်ဘမ်သစ်"Rain EFFECT"အတွက် သတင်းစာရှင်းလင်းပွဲတွင် ချစ်သူကင်တေဟီးအကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားပြီးချီးကျူးသည်။

ယခုထွက်ရှိသော အယ်လ်ဘမ်နှင့် ပတ်သက်၍ ကင်တေဟီးထံမှ အကြံဉာဏ်ရယူခြင်းရှိ၊ မရှိ မေးမြန်းရာတွင် ရိန်းက "ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက်အလုပ်ကိစ္စမှာဝင်ရောက်စွက်ဖက်ခြင်းမရှိပါဘူး။ ကျွန်တော်သီချင်းသစ်တွေကိုလည်း သူ့ကိုပေးနားမထောင်ပါဘူး။ အယ်လ်ဘမ်ထွက်မှ နားထောင်လိမ့်မယ်။ ကျွန်တော့်မိသားစုလည်း သီချင်းသစ်တွေ နားမထောင်ရသေးဘူး" ဟုပြောကြားခဲ့သည်။ ၎င်းတို့စုံတွဲသည် အလုပ်များနှင့် မအားလပ်၍ တွေ့ဆုံခွင့်ရရန် ခက်ခဲသော်လည်း အဆက်အသွယ်မပြတ်ဟု ရိန်းက ပြောကြားသည်။

ထို့အပြင်ရိန်းသည် ပြီးခဲ့သည့်နှစ် စစ်မှုထမ်းစဉ်ကာလအတွင်း ပြစ်တင်ဝေဖန်မှုများ ခံရစဉ် ၎င်းဘက်မှရပ်တည်ပေးသော ချစ်သူကင်တေဟီးအား ချီးကျူးစကားပြောကြားသည်။

"သူက တကယ့်ကို တော်တယ်။ ကျွန်တော့်ကိုလည်း တကယ်ဂရုစိုက်တယ်"ဟု ရိန်းက ချီးကျူးခဲ့သည်။ ယခုအချိန်ထိလက်ထပ်ရန်အစီအစဉ်မရှိသေးဟုလည်း ရိန်းကပြောကြားခဲ့သည်။ "အခုအချိန်ထိတော့ အလုပ်က ပထမပါပဲ။ ကျွန်တော်က အလုပ်သရဲလေ"ဟုရိန်းကပြောကြားခဲ့သည်။

ရိန်း၏ဆဋ္ဌမမြောက်အယ်လ်ဘမ်"Rain EFFECT"သည် ဇန်နဝါရီ ၂ ရက်တွင် ထွက်ရှိခဲ့ကြောင်းနှင့် အဆိုပါအယ်လ်ဘမ်မှ သီချင်းများအားလုံးကို ရိန်း ကိုယ်တိုင်ရေးစပ်သီကုံးခဲ့ကြောင်း သိရသည်။

—*Ref: CNA*






7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014



# ဖွေးဖွေးကန်တော့သော အကယ်ဒမီရွှေစင်ရုပ်တုကို ဝိုင်းလက်မခံ

ကြူကြူဟာန်

**ရန်ကုန်၊ဇန်နဝါရီ- ၄**

လက်ပံဇာတ်ကားဖြင့် အကယ်ဒမီရရှိခဲ့သော သရုပ်ဆောင်ဖွေးဖွေးက ဂုဏ်ပြုဆုငွေနှင့် အကယ်ဒမီရွှေစင်ရုပ်တုကို လက်ဦးဆရာဖြစ်သူ ဒါရိုက်တာဝိုင်းအား ကန်တော့ခဲ့သော်လည်း အကယ်ဒမီရွှေစင်ရုပ်ကို လက်မခံဖြစ်ခဲ့ကြောင်း ဒါရိုက်တာဝိုင်းကပြောသည်။

“တစ်သက်မှာတစ်ခါရတဲ့ဆုကို သူ့အိမ်မှာအမှတ်တရသိမ်းထားဖို့အတွက် မယူတာပါ။ အခုလိုကန်တော့ခံရတဲ့အတွက် ပီတိဖြစ်ရပါတယ်”ဟု ဒါရိုက်တာဝိုင်းကပြောသည်။

ဒီဇင်ဘာ ၂ရက်ညက ရုပ်ရှင်အစည်းအရုံးမှ ချီးမြှင့်သောဂုဏ်ပြုဆုငွေ ကျပ် ၁၇သိန်းကို ထိုနေ့ညတွင်းချင်းပင် ဒါရိုက်တာဝိုင်း၏နေအိမ်သို့သွားရောက်ကာ ဖွေးဖွေးက ကန်တော့ခဲ့ခြင်းဖြစ်သည်။

လက်ပံဇာတ်ကားတွင်သရုပ်ဆောင်အသစ်တစ်ယောက်ဖြစ်သော ဖွေးဖွေးကိုဒါရိုက်တာဝိုင်းက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ပြီး ဇာတ်ကားမရိုက်ကူးမီ တစ်လကြိုတင်၍ ဇာတ်ကောင်စရိုက်အတိုင်း စိတ်ကိုသွင်းကာနေထိုင်စေ၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ပရိသတ်များခန့်မှန်းပေးခဲ့သော်လည်း အကယ်ဒမီဆုနှင့်လွဲချော်ခဲ့သော ဒါရိုက်တာဝိုင်းအတွက် ရင်ထဲမှာ အမြဲတမ်းအကယ်ဒမီပေးထားကြောင်းဖွေးဖွေးကပြောသည်။

‘လက်ပံ’ဖြင့် အကယ်ဒမီထူးချွန်ဆုရရှိခဲ့သော ပြေတီဦးနှင့်ဖွေးဖွေးတို့က ပရဟိတအလှူအဖြစ်လိုအပ်မှုများရှိနေသော နေရာ ၁၁ နေရာသို့ တစ်နေရာလျှင် ကျပ် ၁၀ သိန်းစီလှူဒါန်းခဲ့သည်။

စာ(၄၁)မှ

# ဇေလုဝနှင့်တွေ့ဆုံခြင်း

ကက်ဆက်ဇာတ်လမ်းတွေခေတ်ကောင်းတဲ့အချိန် ၁၉၇၅ ကျော်လောက်ကပဲ။ ဒါပေမဲ့ ကိုယ်က ဝင်တာနောက်ကျပါတယ်။ တော်တော်များများလုပ်နေကြတဲ့ အချိန်ပေါ့။ အဲဒီမှာလည်းတော်တော်ရေးဖြစ်ခဲ့တယ်။ ကက်ဆက်ဇာတ်ညွှန်းတွေ ရေးခဲ့တာကတော့ လေ့ကျင့်ကွင်းကြီးပေါ့။ အဲဒီမှာ မြောက်မြားစွာရေးဖြစ်တယ်။ အောင်မြင်တဲ့ ဇာတ်လမ်းကတော့ ဘားလမ်းကမသန်း။ သရုပ်ဆောင်ဖြစ်တာက ဇာတ်ညွှန်းတွေမှာ ဟာသသရုပ်ဆောင်ဖို့ ဝင်ဝင်ပြပေးရင်း ဝိုင်းမြှောက်ပေးကြတာနဲ့ လုပ်ဖြစ်ခဲ့တာ။

**ဦးဇေလုဝရဲ့ အအောင်မြင်ဆုံးဇာတ်ကားလို့ ပြောလို့ရတဲ့ဘီလူးဇာတ်ကားရိုက်ဖြစ်ခဲ့တဲ့အကြောင်းနဲ့ အဲဒီကားရဲ့ အောင်မြင်မှုကဦးအပေါ်မှာ ဘယ်လောက် သက်ရောက်မှုရှိခဲ့လဲ။**

ဘီလူးဇာတ်ကားကရိုက်ဖြစ်၊ မရိုက်ဖြစ်နဲ့ နှစ်တွေ ကြာပြီးမှ စွန့်စွန့်စားစားရိုက်မယ့်ကုမ္ပဏီနဲ့ သွားတွေ့တာ။ အောင်မြင်မယ်၊ မအောင်မြင်ဘူးကတော့ ဘယ်သိမလဲ။ ဇာတ်ပို့၊ ဇာတ်ရံတစ်ဦးကို ခေါင်းဆောင်တင်ရိုက်တာ တော်တော်ရဲရင့်တဲ့ ပုဂ္ဂိုလ်ဆိုပြီး စိတ်ထဲမှာ ကိုယ်ထင်ခဲ့တာ။ ပရိသတ်လက်ခံခဲ့တဲ့ အတွက်ဝင်ငွေရော၊ ဇာတ်ကားရော၊ အတိုင်းအတာတစ်ခုအထိ အောင်မြင်ပါတယ်။ ဒီကားရဲ့ အောင်မြင်မှုကတော့ အများကြီးသက်ရောက်မှု ရှိပါတယ်။ ဒီနေ့ထိ ဘီလူးရှိနေသေးတာကို တီဗီရုပ်သံလိုင်းတွေကလည်း ပြန်ပြတော့ မကြည့်ရသေးတဲ့ နောက်မျိုးဆက်တွေ ကြည့်ဖြစ်သွားတာပေါ့။ အရိုးသားဆုံးပြောရရင် ဘဝတစ်ခုလုံး ချိုးသွားတယ်လို့ ပြောလို့ရတာပေါ့။

**စာပေဟောပြောပွဲတွေ လက်ခံပြီးဟောဖြစ်တာကရော ဘယ်အချိန်မှာစပြီး လုပ်ဖြစ်တာလဲ။**

အဲဒါက မနှစ်က အင်းစိန်မြို့နယ်စာပေလုပ်သားအဖွဲ့က စပြီးကမ်းလှမ်းတာ။ မဖြစ်ဘူးနော်၊ စာပေစင်မြင့်ကို တစ်ခါမှ မတက်ဖူးဘူးဆိုတာကို ဖြစ်တယ် တက်ပါဆိုပြီး လုပ်ခဲ့တာ။ အဲဒီကစပြီး တစ်ဆင့်စကားတစ်ဆင့်နားနဲ့ တော်တော်များများဟောဖြစ်ပါတယ်။ အခုဆို ဟောပြောပွဲပေါင်း နှစ်ဆယ်ကျော်ကျော်၊ သုံးဆယ်လောက်ဖြစ်သွားပြီ။

**စာပေဟောပြောပွဲမှာ ဟောပြောဖို့က သရုပ်ဆောင်အလုပ်လည်းလုပ်နေတာဆိုတော့ ဘယ်လိုပြင်ဆင်ဖြစ်လဲ။**

ပြင်ဆင်ရတာကတော့ အများကြီးပြင်ဆင်ရတယ်။ စာ အများကြီး ဖတ်ဖြစ်တယ်။ စာတော့ တော်တော်ဖတ်ဖြစ်သွားတယ်။ ပိုပြီးတော့လေ့လာဖြစ်တယ်။ ကိုယ်လေးစားရတဲ့ စာရေးဆရာကြီးတွေထဲမှာ ဟောပြောရတာဆိုတော့ ကိုယ့်ဘက်က အများကြီးပြင်ဆင်ရပါတယ်။ ပြင်ဆင်ရတယ်ဆိုတာက ပရိသတ်ကို ပေးချင်တာတွေအတွက်ပါ။

**စာပေဟောပြောပွဲတွေမှာ ဟောပြောဖို့အကြောင်းအရာကိုဘယ်လိုရွေးချယ်ဖြစ်ပါသလဲ။**

များသောအားဖြင့် သရော်စာပုံစံတွေနဲ့ ဟောတာများတယ်။ သိသင့်သိထိုက်တာ တွေ၊ သမိုင်းမှာတစ်ခါတလေ ခြေချော်သွားတာတွေရှိတယ်။ စာမျက်နှာကျော်ဖတ်သွားတာတွေရှိတယ်။ အဲဒါမျိုးတွေကို ထောက်ထောက်ပြောတယ်။ ပရိသတ်စိတ်ဝင်စားမယ့် အကြောင်းအရာတွေပေါ့။ ဒီအချိန်မှာ ဂန္ထဝင်မြောက်ကြီးတွေ ဟောတဲ့၊ ပြောတဲ့ ဆရာကြီးတွေရှိတယ်။ ကိုယ်တို့က အဲဒီလောက်လည်း မနိုင်ဘူးဆိုတော့ ကိုယ်နိုင်သလောက်တစ်နိုင်တစ်ပိုင်ပေါ့။

**ပရိသတ်တွေအနေနဲ့ဦးဇေလုဝကို ဟာသသရုပ်ဆောင်တစ်ယောက်ဆိုတဲ့ အမြင်နဲ့ ကြည့်ခဲ့ကြတာဆိုတော့ အခုစာပေဟောပြောပွဲတွေသွားတဲ့ အချိန်မှာရော ဘယ်လိုပြောင်းလဲမှုမျိုးတွေ ရှိလဲ။**

Taste က အရမ်းကွာပါတယ်။ သရုပ်ဆောင်တစ်ယောက်လို့ မြင်တယ်။ နောက်ပြီး စာရေးဆရာတစ်ယောက်လို့ပါ မြင်သွားတယ်ဆိုတော့ အမြင်နှစ်ခုအပေါ်မှာ ကိုယ်နဲ့ အရမ်းရင်းနှီးသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးဇေတို့ကို တီဗီထဲကနေပဲကြည့်ခွင့်ရတယ်၊ သိခွင့်ရတယ်။ သူတို့ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး ဟောနေတာကို သိပ်သဘောကျတယ်။ အခုပြောတာတွေကဟာသသမားတစ်ယောက်အနေနဲ့ပြက်လုံးတွေ ပြောတာ မဟုတ်ဘူး။ အဲဒီလို အလေ့အထလည်းမလုပ်ဘူး၊ ဗဟုသုတရမယ့်အရာကိုပဲ ပြောတယ်။ ပြည်သူမှာ လိုအပ်ချက်တွေက အများကြီးပဲလေ။ အဲဒီတော့ ပြည်သူအတွက်ပဲ ပြောတယ်။ သူတို့က သာမန်သရုပ်ဆောင်တစ်ယောက်လို့ပဲ မြင်ထားတာဆိုတော့ ပိုပြီးချစ်သွားတယ်၊ လေးစားတယ်။

**ဦးဇေလုဝဖတ်ထားတဲ့ စာတွေကရော စာပေဟောပြောပွဲတွေမှာ ဟောပြောဖို့ဘယ်လောက် အကျိုးသက်ရောက်မှုရှိလဲ။**

အကျိုးအများကြီးရှိတာပေါ့။ ပြည်သူကို ပြောတယ်ဆိုရင် ကိုယ်ကသိမှ ပြောလို့ကောင်းတာပေါ့။ ရမ်းသန်းပြောလို့ မကောင်းဘူး။ စာပေဆိုတာ အရမ်းတန်ဖိုးကြီးတာကိုး။ အင်မတန်သတိထားပြီး ပြောရတယ်။

**ဦးဇေလုဝက ဟာသသရုပ်ဆောင်အနေနဲ့ ဈေးကွက်ဝင်သရုပ်ဆောင်တစ်ယောက်ဆိုတော့ ဟာသဇာတ်ကားတွေကို ပရိသတ်တွေဝေဖန်မှုရှိလာတဲ့အပေါ်မှာရော ဘာပြောချင်ပါသလဲ။**

ဝေဖန်ကြတာကောင်းတယ်။ ဝေဖန်ရေးကို လက်ခံနိုင်တာလည်းကောင်းတယ်။ အရေးကြီးတာ ကိုယ်က လက်ခံနိုင်မှ။ အမှန်တကယ်လည်း ဟုတ်နေတာကိုး။ မိသားစုစားဝတ်နေရေးရှိတာကို ငြင်းလို့လည်းမရဘူးဗျ။ တကယ်ခံရတာတော့ ကိုယ်ခံရတာပေါ့။ ဇာတ်ညွှန်းဖတ်ကြည့်ကတည်းက ပေါမှန်းတော့သိတယ်။ သို့သော် ကိုယ်ကမပေါ်အောင်တော့လုပ်ရတာပေါ့။ ဒီလောကကခက်ခဲပါတယ်။ တကယ်တန်းမြင့်Classicတွေ မရိုက်ရဘူး။ ဦးဇေတို့ကိုဆို ရယ်စရာသတ္တဝါဆိုပြီး ပေါတောတောဇာတ်တွေပဲ သယ်သယ်လာတယ်။ မရိုက်ချင်ဘူးပြောလို့မရတော့ ရိုက်ရတာ။ အဲဒီအတွက် ပရိသတ်ကနားလည်ပေးစေချင်တယ်။ ကိုယ့်စိတ်ထဲက ရိုက်ချင်လို့ ရိုက်ရတာမဟုတ်ဘူး။ မငြင်းသာလို့ ရိုက်ရတာ။ အမှန်တော့ ပေါတောတောကားတွေ မရိုက်ချင်ဘူး။

**ပရိသတ်က ဟာသကားအစစ်ဆိုရင် အားပေးတာဆိုတော့ ဦးဇေလုဝအနေနဲ့ ဘယ်လို ဇာတ်ကားတွေ ရွေးချယ်ရိုက်ကူးချင်လဲ။**

လတ်ဆတ်တဲ့ ဟာသမျိုးတွေ၊ လတ်ဆတ်တယ်ဆိုတာ ပရမ်းပတာလည်း မဟုတ်ဘူး။ ပေါတောတောလည်းမဟုတ်ဘူး။ တကယ်ကို ပြုံးထေ့ထေ့လေးနဲ့ ရယ်စရာမျိုး၊ ဟက်ဟက်ပက်ပက်ကြီး ရယ်စရာမဟုတ်တဲ့ တကယ့်ကို ဝန်းကျင်ဆန်တဲ့ ဇာတ်မျိုးတွေ ရိုက်ချင်တယ်။

**သံချပ်တွေလည်း ပြန်ပြီး ခေတ်ကောင်းလာတာဆိုတော့ ဦးဇေအနေနဲ့ ဘာတွေလုပ်ဖို့ရှိလဲ။**

ဒါကတော့ ကိုယ့်ရဲ့ Master Piece ပဲလေ၊ နှစ်ပေါင်းသုံးဆယ်လုပ်ထားတာဆိုတော့ ဒါကိုမသေသေးသရွေ့လုပ်နေမှာပဲ။ သံချပ်ဆိုတာကို လူတွေ ပြောကြတာက သင်္ကြန်အမြောက်ပါ၊ ကျည်ဆန်မပါဘူးထင်တယ်။တကယ်ပါတယ်။ ပစ်ရင် ရင်ဘတ်ကို တကယ်ထိတယ်။ ခြောက်လက်မရှိတဲ့ လျှာက ခြောက်ပေလောက်ရှိတဲ့ လူကိုသေစေသေးတာပဲ။ ဘယ်သင်္ကြန်သမားမဆို အဆန်နဲ့ ပစ်ကြတာချည်းပဲ။ သူတို့တစ်နှစ်လုံးမှာ မြင်ခဲ့တာတွေကို အကုန်စုစည်းပြီး ဒီအချိန်တိုအတွင်းမှာ ကျစ်ကျစ်လျစ်လျစ်စုစုစည်းစည်း ပြောရတာ။ ဒီပညာရပ်က လူတိုင်းလည်း ပြောလို့မရပါဘူး။ သင်္ကြန်သမားအစစ်မှ လုပ်လို့ရတယ်။

**ဦးဇေလုဝရဲ့ ရှေ့ဆက်မယ့် အနုပညာခရီးရဲ့ ပန်းတိုင်ကိုရော ဘယ်လို ဆက်ဖို့စိတ်ကူးထားလဲ။**

နောက်ဆုံးခရီးကတော့ စာပေပါပဲ။ စာပေနဲ့ပဲ ဆက်သွားမယ့် ဖိတ်တဲ့လူရှိရင် သွားဟောမယ်။ ကိုယ်မြင်တာတွေရေးမယ်။ ကိုယ်ခံစားလို့ရတဲ့အချိန်မှာရေးတယ်။ စာဖတ်တာကတော့ နေ့တိုင်းဖတ်ဖြစ်ပါတယ်။

**ဝတ္ထုတွေရေးပြီး စာရေးဆရာအနေနဲ့ဖြတ်သန်းဖို့ရှိတော့ အကြိုက်ဆုံးစာရေးဆရာအဖြစ် အတုယူနေတဲ့သူမျိုးရော ရှိလား။ဦးဇေလုဝကရောဘယ်လိုစာပေပုံစံမျိုးရေးရတာကိုအားရလဲ။**

အကြိုက်ဆုံးကတော့ နမူနာအနေနဲ့ ကိုမင်းလူကို အရမ်းကြိုက်ခဲ့တာ။ ဒီနေ့အချိန်ထိ သူ့စာအုပ်တွေက ပြန်ဖတ်လေ ပြန်ပြုံးထေ့ထေ့ပဲ။ သူတို့မို့လည်း ရေးတတ်ပါတယ်။ ကိုမင်းလူကို အရမ်းကြိုက်တယ်။ သူတို့ညီအစ်ကိုတွေ ဘာပဲရေးရေး ကောင်းကို ကောင်းတယ်။ လွှင့်ပစ်ချင်စရာတစ်ခုမှမပါဘူး။ သိမ်းထားရမယ့် စာအုပ်တွေချည်းပဲ။ နောက်ဆုံးထွက်တဲ့မင်းလူ မဂ္ဂဇင်းဆို တစ်အုပ်လုံး ကောင်းတယ်။ ကိုယ်ကလည်း အဲဒီလို ပုံစံမျိုးကိုပဲ ကြိုက်တော့ ကြိုးစားနေရတယ်။ ပေါ့ပေါ့လေးနဲ့ စွဲတယ်။ ဦးဇေတို့တောင် စွဲတယ်ဆိုတော့ ကျန်တဲ့ပရိသတ်ဆို ပြောမနေနဲ့တော့။ အဲဒီလိုင်းကိုပဲကြိုက်တယ်။ ဒီလိုင်းမျိုးရေးဖို့ ရွေးချယ်ထားတယ်။

**စာရေးဆရာဇေလုဝအနေနဲ့ ပရိသတ်တွေအတွက် မှတ်သားနိုင်မယ့် စကားလေးပြောပေးပါဦး။**

ပြည်သူတွေ စိတ်ကျန်းမာဖို့ ကြိုးစားကြပါ။ ပြည်သူတွေကစိတ်မကျန်းမာကြဘူး။ ဦးဇေတို့လည်း စိတ်မကျန်းမာဘူး။ စိတ်မကျန်းမာတော့ ရုပ်လည်းကောင်းမယ် မထင်ဘူး။ ခေတ်စကားနဲ့ပြောရရင် ရုပ်တွေ ကျနေတယ်။ အဲဒီတော့ ပရိသတ်ကြီးအနေနဲ့ ၂၀၁၄မှာ မေ့သင့်တာတွေကိုလည်းမေ့၊ မမေ့သင့်တာတွေကိုလည်း မမေ့ပဲ စိတ်ကျန်းမာအောင်နေကြပါ။

**ကျေးဇူးတင်ပါတယ်။**

**Victory Myanmar Group Co. Ltd.** *seeks suitably qualified candidates to fill positions of* **Managers and Executives** *in the following areas:*

| | |
|---|---|
| **Production** | **Product Development** |
| **Purchasing** | **Logistics** |
| **Sales & Distribution** | **Marketing** |
| **Public Relations** | **Human Resource** |
| **General Administration** | **Internal Audit** |
| **Information Technology** | **Finance & Accounting** |

*Applicants should be graduates with relevant* **Bachelor degrees (or higher)**, *with* **keen interest to learn and always questioning.**

**Good command of English language** *will be advantageous.*

**Total remuneration package** *including monthly salary, annual bonus and allowances will commensurate with selected candidate's qualification and experience.*

*All applications should reach us by hand – HR Department, No.216, 6th Floor, Bogyoke Aung San Road, Botahtaung Township, Yangon, or by email – chozinmyint@victorymyanmar.com.*

*Interviews for short-listed candidates will be conducted in Yangon, Zeyawaddy, Mandalay & Taunggyi Interviews will be conducted in January, 2014.*

Vol.12, No.44 • JANUARY 8 , 2014

# ကျောင်းသားအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လေးထောင်ကျော် ယှဉ်ပြိုင်မည်




*ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်ခဲ့သည့် ရိုးရာခြင်းလုံးအားကစားနည်းကိုလည်း ကျောင်းသားအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည်ဖြစ်သည်*

ဓာတ်ပုံ - ချစ်ဝိုင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

တတိယအကြိမ်မြောက် အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း လေးထောင်ကျော်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်တွင် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် အားကစားနည်း ၁၅ မျိုးအပြင် ဘင်ခရာပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

"တတိယအကြိမ်မြောက် ကျောင်းသားအားကစားပြိုင်ပွဲမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးကိုယ်စားပြုလက်ရွေးစင်ကျောင်းသားအားကစားသမားလေးထောင်ကျော်ပါဝင်ယှဉ်ပြိုင်မှာပါ။ ၂၀၁၃ ခုနှစ်အတွင်းမှာ ဆီးဂိမ်းပြိုင်ပွဲရှိတဲ့အတွက် တတိယအကြိမ်မြောက် ကျောင်းသားအားကစားပြိုင်ပွဲကို ၂၀၁၄ ခုနှစ်မှာ ပြောင်းလဲကျင်းပရခြင်းဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မျိုးဆက်သစ်လူငယ်အားကစားသမားများထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် ယခုနှစ်ကျောင်းသားအားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ တင်းနစ်၊ စစ်တုရင်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ရိုးရာသိုင်း၊ ခရစ်ကက်၊ ရိုးရာခြင်းလုံး စသည့်အားကစားနည်းများအပြင် ဘင်ခရာပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးကျယ်ခမ်းနားစွာ ပါဝင်ဆင်နွှဲသည့် ကျောင်းသားအားကစားပွဲတော်ကို ၁၉၉၀ ပြည့်နှစ်၌ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ် ချင်းပြည်နယ်၊ ဟားခါးမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက်ပြိုင်ပွဲအပြီးတွင် ရပ်နားထားခဲ့သည်။

ယင်းမှ ၁၃ နှစ်ကြာ ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ပထမအကြိမ်ကျောင်းသားအားကစားပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း ကျင်းပခဲ့သည်။

"ကျောင်းသားအားကစားပြိုင်ပွဲပြန်လုပ်တာကောင်းတဲ့အစီအစဉ်ဖြစ်ပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲဝင်ကျောင်းသားအားကစားသမားတွေကို အဆင့်ဆင့်ရွေးချယ်တဲ့နေရာမှာ စနစ်တကျရှိဖို့လိုအပ်သလို သက်ဆိုင်ရာကျောင်းတွေမှာလည်း ကျောင်းသားလူငယ်တွေ ကစားနိုင်ဖို့ အားကစားကွင်း၊ ရုံတွေတည်ဆောက်ပေးဖို့လည်း လိုအပ်ပါတယ်။ အားကစားပြိုင်ပွဲတွေကို လူကြီးတွေသဘောကျအောင် အဖြစ်ပဲလုပ်မယ်ဆိုရင်တော့ တိုးတက်မှုရှိလာမှာမဟုတ်ပါဘူး"ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား)က ပြောသည်။

## အာဆီယံချန်ပီယံဘောလုံးပြိုင်ပွဲသို့ မြန်မာယူ – ၁၆ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

လက်ရွေးစင်ယူ-၁၆ ဘောလုံးအသင်းအတွက် ရွေးချယ်ခံရမည့် ကစားသမားများ၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲသည်လာမည့်မေလအတွင်းကျင်းပမည့် FAM-FRENZ အာဆီယံချန်ပီယံ ဘောလုံးပြိုင်ပွဲဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

"မနှစ်က မြန်မာလူငယ်အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ FAM-FRENZ အာဆီယံချန်ပီယံပြိုင်ပွဲက ဒီနှစ်မှာ ဂျပန်၊ ကိုရီးယားအသင်းတွေ ပါဝင်လာမယ်လို့ သိရပါတယ်။ ဒါအပြင်အာဆီယံက ခြောက်နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ရမှာပါ။ ယူ-၁၆ အသင်းအတွက် ရွေးချယ်ခံရတဲ့ကစားသမားတွေအတွက်ပထမဆုံးနိုင်ငံတကာပြိုင်ပွဲက ဒီပြိုင်ပွဲဖြစ်မှာပါ"ဟုအဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဆိုပါကစားသမားရွေးချယ်မှုကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဟုနှစ်ခုခွဲ၍ ဇန်နဝါရီတတိယပတ်အတွင်း ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းအတွက် ကစားသမားရွေးချယ်မှုကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၊ ဘောလုံးအကယ်ဒမီတွင် ဇန်နဝါရီ ၁၅ နှင့် ၁၆ ရက်များတွင် လည်းကောင်း၊ အောက်မြန်မာပြည်အတွက် သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁)နှင့် (၂) တို့တွင် ဇန်နဝါရီ ၁၈ နှင့် ၁၉ ရက်များတွင်လည်းကောင်း နံနက် ၇ နာရီမှစတင်ပြုလုပ်သွားမည်ဖြစ်သည်။

ဘောလုံးအဖွဲ့ချုပ်သည် ရွေးချယ်မှုပြုလုပ်မည့် အဆိုပါကစားသမားများအား ဘောလုံးကျွမ်းကျင်မှုအပြင် အသက်မှန်ကန်မှုရှိရေးအတွက်ကိုပါ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့်ပဏာမလက်ရွေးစင်ကစားသမားငါးဆယ်ရွေးချယ်သွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ ကစားသမားရွေးချယ်ရေးကော်မတီတွင် မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းနည်းပြအဖြစ်တာဝန်ယူမည့်ဘူလ်ဂေးရီးယားနိုင်ငံသားနည်းပြမင်ကော့ဗ်စကီး အပါအဝင် အဖွဲ့ချုပ်မှ နည်းစနစ်ဒါရိုက်တာများနှင့် အခြားတာဝန်ရှိသူများပါဝင်မည်ဖြစ်သည်။

လူငယ်ဘောလုံးသမားများအနေဖြင့် ရွေးချယ်မှုပြုလုပ်မည့်ရက်များတွင် စာရင်းပေးသွင်းကာ ရွေးချယ်မှုပြုလုပ်နိုင်မည်ဖြစ်ပြီး လာရောက်ရွေးချယ်ခံသူများအနေဖြင့် ၁၉၉၈ ခုနှစ်နှင့် နောက်ပိုင်းမွေးဖွားသူဖြစ်ရမည်ဖြစ်ကြောင်းအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

မလေးရှားဘောလုံးအဖွဲ့ချုပ်နှင့် FAM-FRENZ ဘောလုံးအကယ်ဒမီတို့မှ ပူးပေါင်းကျင်းပသည့် အာဆီယံချန်ပီယံလူငယ်ဘောလုံးပြိုင်ပွဲသည် (အိမ်ကွင်း၊ အဝေးကွင်း)စနစ်ဖြင့် နှစ်ကျော့ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်အဆိုပါပြိုင်ပွဲတွင်ပြိုင်ပွဲဝင်အသင်းများအားအသက်(၁၅)နှစ်အောက်သတ်မှတ်ခဲ့သော်လည်း ယခုနှစ်ပြိုင်ပွဲအား အသက်(၁၆)နှစ်အောက် ပြိုင်ပွဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## တယ်ရိုဆက်ဆနာအသင်း၏ မြန်မာပြည်ခြေစမ်းခရီးစဉ် ပျက်ပြယ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ လာရောက်ကစားရန် စီစဉ်ထားသည့် ထိုင်းပရီးမီးယားကလပ် တယ်ရိုဆက်ဆနာအသင်း၏ ခရီးစဉ်ပျက်ပြယ်သွားကြောင်း သတင်းရရှိသည်။

"တယ်ရိုဆက်ဆနာအသင်းဘက်က သူတို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကြောင့် ရန်ကုန်ကိုလာမယ့်ခြေစမ်းပွဲအစီအစဉ်ပျက်ပြယ်သွားကြောင်း အကြောင်းကြားလာပါတယ်" ဟု အဆိုပါထိုင်းပရီးမီးယားလိဂ်အသင်းနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ထားသည့် ရန်ကုန်အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

တယ်ရိုဆက်ဆနာအသင်းသည် ထိုင်းပရီးမီးယားလိဂ်ပြိုင်ပွဲများမစတင်မီ မြန်မာနိုင်ငံသို့ ဇန်နဝါရီတတိယပတ်အတွင်း လာရောက်မည့် ခရီးစဉ်တွင် မြန်မာလိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်၊ ရတနာပုံအသင်းတို့ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။

ထိုင်းပရီးမီးယားလိဂ်တွင် ချန်ပီယံနှစ်ကြိမ်ရရှိဖူးသည့် တယ်ရိုဆက်ဆနာအသင်းသည် ပြီးခဲ့သည့် ၂ နှစ်ဆက်တိုက် မြန်မာနိုင်ငံသို့လာရောက်ပြီး မြန်မာလိဂ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ဖူးသည်။

# ရန်ကုန် – ကမ္ဘောဇယှဉ်ပြိုင်မည့်ချရတီဖလားပွဲစဉ် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ-၅

အမှတ်ပေးချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြန်မာလိဂ်ချန်ပီယံကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ချရတီဖလားပွဲစဉ်ကို ဇန်နဝါရီ ၂၆ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။




၂၀၁၃ ကွန်မြူနတီဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့်ရန်ကုန်ယူနိုက်တက်အသင်း

ဓာတ်ပုံ – YUFC

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ၂၀၁၂ဘောလုံးရာသီမှ စတင်ကာ (ကွင်းဖွင့်ဖလား)ကို ကွန်မြူနတီဖလားအမည်ဖြင့် စတင်ကျင်းပခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်မှ ရရှိသည့် ကွင်းဝင်ကြေးများကို လူမှုရေးလုပ်ငန်းများသို့ လှူဒါန်းခဲ့သည်။

"ပြီးခဲ့တဲ့ရာသီက အမှတ်ပေးချန်ပီယံအသင်းနဲ့ မြန်မာလိဂ်ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်မယ့် ပွဲစဉ်ကို ချရတီဖလားအမည်နဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်က ရတဲ့ကွင်းဝင်ကြေးကို ဘယ်နေရာမှာ လှူမယ်ဆိုတာ မသိရသေးပေမယ့် လူမှုရေးလုပ်ငန်းတွေကို လှူဒါန်းသွားမှာပါ။ လာကြည့်တဲ့ ပရိသတ်တွေအနေနဲ့လည်း ဘောလုံးပွဲလည်းကြည့်ရမယ့်အပြင် အလှူမှာ ပါဝင်ပြီးသားဖြစ်မှာပါ"ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့်ကွန်မြူနတီဖလားနှစ်ကြိမ်တွင် ရန်ကုန်အသင်းနှင့် ရောဝတီအသင်းတို့ တွေ့ဆုံခဲ့ကြပြီး ပထမအကြိမ်၌ ရောဝတီအသင်းက အနိုင်ရရှိကာ ဒုတိယအကြိမ်တွင်မူ ရန်ကုန်အသင်းက အနိုင်ရရှိခဲ့သည်။ ယခုနှစ်ချရတီဖလားပွဲစဉ်ကို ညနေလေးနာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာသတ်မှတ်ထားသည်။

ပထမအကြိမ်ကွန်မြူနတီဖလားပွဲစဉ်မှ ရရှိသည့် ကွင်းဝင်ကြေးများနှင့် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ကျပ်သိန်းငါးရာကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စက်ဆန်းမီးလောင်ပေါက်ကွဲမှု မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းသို့လည်းကောင်း၊ ဒုတိယအကြိမ်ပွဲစဉ်မှ ရရှိသည့် ကွင်းဝင်ကြေးနှင့် လှူဒါန်းငွေစုစုပေါင်းကျပ်သိန်းတစ်ရာကျော်ကို ပရဟိတနှင့် မိဘမဲ့ကျောင်းများအားလည်းကောင်း လှူဒါန်းခဲ့ကြသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.44 • JANUARY 8 , 2014



REUTERS

# မက်ဒရစ်မှာဆုံးဖြတ်မယ့် စပိန်ရာသီဝက်ချန်ပီယံ

## ယခုတစ်ပတ်ကစားမည့် ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်

**ပရီးမီးယားလိဂ်ပွဲစဉ်များ** ၁၁၊ ၁၂၊ ၁၃-၁-၂၀၁၄

### ဟူးလ်စီးတီး - ချယ်လ်ဆီး

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ချယ်လ်ဆီး ၂-၀ ဟူးလ်စီးတီး |
| ဟူးလ်စီးတီး ၁-၁ ချယ်လ်ဆီး |
| ချယ်လ်ဆီး ၂-၁ ဟူးလ်စီးတီး |

**ထူးခြားချက်**

ဟူးလ်စီးတီး - ဟူးလ်စီးတီးက အိမ်ကွင်းနောက်ဆုံး လေးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားပါတယ်။

ချယ်လ်ဆီး - ချယ်လ်ဆီးက နောက်ဆုံး ၁၀ ပွဲမှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားပါတယ်။ နိုင်ပွဲခုနစ်ပွဲမှာ ဂိုးပြတ်သွင်းနိုင်တဲ့ပွဲကလည်း နှစ်ပွဲပဲရှိပါတယ်။

ဆွမ်ဆီး၊ လီဗာပူးနဲ့ဆောက်သမ်တန်တို့ကို အနိုင်ယူခဲ့တဲ့ ချယ်လ်ဆီးက အိမ်ကွင်းခြေစွမ်းကောင်းတဲ့ ဟူးလ်စီးတီးကို အနိုင်ရဖို့ ကြိုးစားကစားပါဦးမယ်။ တစ်ပွဲထက်တစ်ပွဲခြေစွမ်းပိုမိုကောင်းလာတဲ့ချယ်လ်ဆီး အိမ်ရှင်ဟူးလ်စီးတီးကို အနိုင်ယူပါလိမ့်မယ်။

### နယူးကာဆယ် - မန်စီးတီး

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| နယူးကာဆယ် ၀-၂ မန်စီးတီး |
| မန်စီးတီး ၄-၀ နယူးကာဆယ် |
| မန်စီးတီး ၄-၀ နယူးကာဆယ် |

**ထူးခြားချက်**

နယူးကာဆယ် - နယူးကာဆယ်ကွင်းလယ်လူကာဘာယီဟာ နောက်ဆုံးနှစ်ပွဲဆက်တိုက် အသင်းအတွက်ဂိုးသွင်းယူထားနိုင်ပါတယ်။

မန်စီးတီး - မန်စီးတီးဟာ နယူးကာဆယ်ကို နောက်ဆုံးခုနစ်ကြိမ်တွေ့ဆုံခဲ့ရာမှာ ခုနစ်ကြိမ်လုံး ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။

အိမ်ရှင်နယူးကာဆယ်က နောက်ဆုံးသုံးပွဲမှာ သုံးပွဲစလုံးရှုံးနိမ့်ထားပါတယ်။ မန်စီးတီးက နောက်ဆုံး ၁၀ ပွဲမှာ ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားပါတယ်။ နယူးကာဆယ်က အဓိကနောက်ခံလူနှစ်ဦးလည်း ဒဏ်ရာကြောင့် မပါဝင်နိုင်ပါဘူး။ မန်စီးတီးအနိုင်ပါ။

### စတုတ်စီးတီး - လီဗာပူး

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| လီဗာပူး ၁-၀ စတုတ်စီးတီး |
| စတုတ်စီးတီး ၃-၁ လီဗာပူး |
| လီဗာပူး ၀-၀ စတုတ်စီးတီး |

**ထူးခြားချက်**

စတုတ်စီးတီး - စတုတ်စီးတီးဟာ ပြိုင်ပွဲစုံအိမ်ကွင်းနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပါတယ်။ ကက်ပီတယ်ဝမ်းဖလားမှာ မန်ယူကိုရှုံးနိမ့်ခဲ့တာပါ။

လီဗာပူး - လီဗာပူးဟာ အဝေးကွင်းနောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားပါတယ်။

လီဗာပူးဟာ စတုတ်စီးတီးနဲ့ နောက်ဆုံး ၁၀ ကြိမ်တွေ့ဆုံခဲ့ရာမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားပါတယ်။ ချန်ပီယံလမ်းကြောင်းပေါ်က သွေဖည်မသွားဖို့ လီဗာပူးတို့ ဒီပွဲကိုအနိုင်ကန်ရမှာပါ။ ဆွာရက်ဇ်ရဲ့ သွင်းဂိုးတွေနဲ့အတူ လီဗာပူးအနိုင်ရပါလိမ့်မယ်။

**လာလီဂါ** ၁၁၊ ၁၂-၁-၂၀၁၄

### အက်စ်ပန်ညို - ရီးရဲလ်မက်ဒရစ်

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| အက်စ်ပန်ညို ၁-၁ ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် ၂-၂ အက်စ်ပန်ညို |
| ရီးရဲလ်မက်ဒရစ် ၅-၀ အက်စ်ပန်ညို |

**ထူးခြားချက်**

အက်စ်ပန်ညို - အက်စ်ပန်ညိုဟာ အိမ်ကွင်းနောက်ဆုံးသုံးပွဲမှာ သုံးပွဲလုံးကို ဂိုးပြတ်အနိုင်ရထားတယ်။

ရီးရဲလ် - ရီးရဲလ်မက်ဒရစ်ဟာ အဝေးကွင်းနောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေထားပြီး နိုင်ပွဲသုံးပွဲမှာ တစ်ပွဲပဲ ၂ဂိုးပြတ်နိုင်ခဲ့ပါတယ်။

ဘာကာနဲ့အက်သလက်တီကိုထိပ်တိုက်တွေ့နေတဲ့အချိန်မှာ ရီးရဲလ်က အက်စ်ပန်ညိုနဲ့တွေ့နေတာ ပွဲကျပ်မဟုတ်သလို ထင်သလောက်တော့မချောင်ဘူး။ အက်သလက်တီကိုကို အနိုင်ခဲ့တဲ့ ကာတာလန်အသင်း ရီးရဲလ်ကိုဒုက္ခပေးပါလိမ့်မယ်။ သရေကျဖို့များပြီး အနိုင်ဆိုရင် ရီးရဲလ်ပါပဲ။

**စီးရီးအေပွဲစဉ်များ** ၁၁၊ ၁၂၊ ၁၃-၁-၂၀၁၄

### ကက်ဂလီယာရီ - ဂျူဗင်တပ်

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ဂျူဗင်တပ် ၁-၁ ကက်ဂလီယာရီ |
| ကက်ဂလီယာရီ ၁-၃ ဂျူဗင်တပ် |
| ဂျူဗင်တပ် ၁-၀ ကက်ဂလီယာရီ |

**ထူးခြားချက်**

ကက်ဂလီယာရီ - ကက်ဂလီယာရီဟာ စီးရီးအေနောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ လေးပွဲသရေကျထားပါတယ်။

ဂျူဗင်တပ် - ဂျူဗင်တပ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၀ ပွဲမှာ ကိုးပွဲနိုင်၊ တစ်ပွဲသာရှုံးနိမ့်ထားပါတယ်။

အိမ်ရှင်ကက်ဂလီယာရီခြေစွမ်းက အားရစရာမကောင်းပါဘူး။ ဂျူဗင်တပ်တိုက်စစ်မှာ ပေါ့ဂ်ဘာ၊ တီဗက်ဇ်တို့ခြေစွမ်းပြနေတာကြောင့် စီးရီးအေနောက်ဆုံးသုံးပွဲမှာ ၁၁ ဂိုးအထိသွင်းယူထားတဲ့ ဂျူဗင်တပ်ပဲ အနိုင်ရသွားမှာပါ။

### ရိုးမား - ဂျီနိုအာ

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ရိုးမား ၃-၁ ဂျီနိုအာ |
| ဂျီနိုအာ ၂-၄ ရိုးမား |
| ရိုးမား ၁-၀ ဂျီနိုအာ |

**ထူးခြားချက်**

ရိုးမား - ရိုးမားအသင်းဟာ ဒီရာသီစီးရီးအေ အိမ်ကွင်းနောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေကျထားပါတယ်။

ဂျီနိုအာ - ဂျီနိုအာအသင်းဟာ ဒီရာသီစီးရီးအေနောက်ဆုံးငါးပွဲမှာ သုံးပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားပါတယ်။

ဂျီနိုအာအသင်းက နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းကျဆင်းလာပါတယ်။ အိမ်ရှင်ရိုးမားက လူငယ်တိုက်စစ်မှူးမက်တီယာဒက်စ်ထရိုက နောက်ဆုံးသုံးပွဲဆက်တိုက်ပွဲတိုင်းဂိုးသွင်းယူထားပါတယ်။ ခြေစွမ်းကောင်းတဲ့ ရိုးမားအနိုင်ပါ။

## BIG MATCH

### အက်သလက်တီကိုမက်ဒရစ် - ဘာစီလိုနာ

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု | | | | |
|---|---|---|---|---|
| ၂၉-၈-၂၀၁၃ | ဘာစီလိုနာ | ၀ - ၀ | အက်သလက်တီကို | |
| ၂၂-၈-၂၀၁၃ | အက်သလက်တီကို | ၁ - ၁ | ဘာစီလိုနာ | |
| ၁၃-၅-၂၀၁၃ | အက်သလက်တီကို | ၁ - ၂ | ဘာစီလိုနာ | |

**ထူးခြားချက်**

အက်သလက် - အက်သလက်တီကိုအသင်းသည် အိမ်ကွင်းနောက်ဆုံးငါးပွဲတွင် ငါးပွဲစလုံးအနိုင်ရရှိထားသည်။

ဘာစီလိုနာ - ဘာကာတိုက်စစ်မှူးနေမာသည် အသင်းအတွက် နောက်ဆုံးငါးပွဲတွင် ခြောက်ဂိုးသွင်းပေးခဲ့သည်။ ဘာစီလိုနာသည် အဝေးကွင်းနောက်ဆုံးငါးပွဲတွင် သုံးပွဲနိုင်ကာ နှစ်ပွဲရှုံးနိမ့်ထားသည်။

လာလီဂါထိပ်သီးနှစ်သင်းရဲ့ ရာသီဝက်ချန်ပီယံအဆုံးအဖြတ်ပွဲဖြစ်ပါတယ်။ စပိန်စူပါဖလားတုန်းက နှစ်ပွဲစလုံးသရေကျခဲ့ပြီး ဂိုးကွာခြားချက်နဲ့ ဘာကာဖလားရခဲ့တယ်။ အကောင်းဆုံးခြေစွမ်းနဲ့ အသင်းလိုက်စုစည်းမှုရနေတဲ့ အသင်းချင်းထိပ်တိုက်တွေ့ဆုံတဲ့ပွဲမှာ နောက်တန်းမှာအက်သလက်တီကိုသာပြီး၊ ကွင်းလယ်နဲ့တိုက်စစ်မှာဘာကာက အနည်းငယ်သာနေတယ်။ အက်သလက်တီကိုကံမကောင်းတာက ဒီပွဲမတိုင်ခင် ဂိုးသမားဗဲလ်ဒက်စ်နဲ့မက်ဆီတို့ပြန်ကောင်းလာတာပဲ။ သရေကျဖို့များနေပြီး အနိုင်ဆိုရင် ဘာကာဘက်က ခပ်ပါးပါးရှိတယ်။









# နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အမေရိကန်နှင့် ကနေဒါတွင် လူ ၁၁ ဦး သေဆုံး

**နယူးယောက်၊ ဇန်နဝါရီ-၄**

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းနေရာများတွင် နှင်းထုမှာ နှစ်ပေခန့်အထိ ရှိနေသည်။ ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှစ၍ လေကြောင်းခရီးစဉ် ၄,၀၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရသည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် အပူချိန်မှာ အနုတ် ၂၉ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့ပြီး ကျူးဘက်မြို့တွင် အနုတ် ၃၈ ဒီဂရီအထိ ကျဆင်းခဲ့ရာ ဆယ်စုနှစ် ၂ စုအတွင်း အအေးဆုံးဖြစ်ခဲ့သည်။

အမေရိကန်အာဏာပိုင်များနှင့် ကနေဒါအာဏာပိုင်များက ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် နှင်းဖယ်ရှားရှင်းလင်းရေးများ ပြုလုပ်ရန်အတွက် ပြည်သူများ အိမ်အပြင်မထွက်ရန် တိုက်တွန်းခဲ့ပြီး သယ်ယူပို့ဆောင်ရေးခရီးစဉ်များ နှောင့်နှေးလိမ့်မည်ဟု သတိပေးခဲ့သည်။

အမေရိကန်နိုင်ငံ နယူးယောက်နှင့် နယူးဂျာစီပြည်နယ်များတွင် အရေးပေါ်အခြေအနေ တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ လေဆိပ်များမှ ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်၄,၀၀၀ကျော်ကိုလည်း ဖျက်သိမ်းခဲ့သည်။



ZORAN MILICH/REUTERS

*ဇန်နဝါရီ ၃ ရက်က နယူးယောက်မြို့တွင် ဆောင်းရာသီမုန်တိုင်း တိုက်ခတ်စဉ်အတွင်း LaGuardia လေဆိပ်ရှိ နှင်းများကို စက်ကြီးများဖြင့် ရှင်းလင်းနေစဉ်*

နှင်းမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်နေသော ကနေဒါနှင့် အမေရိကန်ပြည်နယ်အချို့ရှိ စာသင်ကျောင်းများနှင့် အလုပ်အများစုကို ပိတ်ထားသည်ဟုသိရသည်။ ရာသီဥတုအခြေအနေ ဆိုးရွားလျက်ရှိသောကြောင့် ပြည်သူများ ကိုယ်အပူချိန် အလွန်အမင်းကျဆင်းခြင်းနှင့် နှင်းကိုက်နာအန္တရာယ်တို့ကို သတိထားကြရန် အမေရိကန်အရာရှိများက ပြောကြားသည်။ *—Ref: BBC*

# တူးမြောင်းတိုးချဲ့ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ စပိန်၊ အီတလီတို့မှ သံတမန်များနှင့် ပနားမားသမ္မတတွေ့

**ပနားမားစီးတီး၊ ဇန်နဝါရီ-၄**

အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ အငြင်းပွားမှုနှင့်ပတ်သက်၍ ပနားမားတူးမြောင်းတိုးချဲ့ဖောက်လုပ်ခြင်းကို ရပ်တန့်မည်ဟု ပူးပေါင်းခြိမ်းခြောက်မှုတစ်ခုအတွက် ပနားမားသမ္မတသည် စပိန်နှင့် အီတလီနိုင်ငံများမှ သံတမန်များနှင့် ဇန်နဝါရီ ၃ ရက်တွင် တွေ့ဆုံခဲ့သည်။

တူးမြောင်း တိုးချဲ့ဖောက်လုပ်မှုအတွက် ကုန်ကျထားပြီးသော စရိတ်စကများပေးရန် တူးမြောင်းအာဏာပိုင်များပျက်ကွက်ခဲ့ပါက တိုးချဲ့ဖောက်လုပ်နေခြင်းများ ရပ်တန့်ပစ်မည်ဟု စပိန်ဦးဆောင်သော ဆောက်လုပ်ရေးလုပ်ငန်းစုက သတိပေးလိုက်ပြီးနောက် ပနားမားသမ္မတ ရီကာဒိုမာတီနယ်လီက ၎င်း၏ရုံးခန်းတွင် အဆိုပါသံတမန်များကို တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းတွေ့ဆုံပွဲသို့ ပနားမားနိုင်ငံခြားရေးဝန်ကြီး ဖာနန်ဒိုနူးနက်ဇ်၊ သမ္မတရုံးဝန်ကြီး ရောဘတ်တိုဟန့်နရစ်၊ စပိန်သံအမတ် ဂျီးဆပ်စ်ဆီလ်ဗာနှင့် အီတလီနိုင်ငံသံတမန် မာဆီမိုတူဒီနီတို့ တက်ရောက်ခဲ့ကြသည်။

ပနားမားတူးမြောင်းကို ကုန်တင်သင်္ဘောကြီးများ ဝင်ထွက်နိုင်သည့်ကမ္ဘာလုံးဆိုင်ရာရေကြောင်းကုန်သွယ်ရေး၏ ၅ ရာခိုင်နှုန်းကို လက်ခံဆောင်ရွက်ပေးနိုင်သည့် မိုင် ၅၀ ကျယ်သော တူးမြောင်းအဖြစ် ချဲ့ထွင်ဖောက်လုပ်နေခြင်းဖြစ်သည်။

ယင်းပနားမားတူးမြောင်း ချဲ့ထွင်ဖောက်လုပ်ခြင်းလုပ်ငန်းစဉ်၏ ခန့်မှန်းခြေအလုံးစုံကုန်ကျစရိတ်မှာ ကန်ဒေါ်လာနှစ်ဘီလီယံရှိမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ပြီးစီးအောင်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ထားသည်။

လွန်ခဲ့သောတစ်နှစ်က ကြိုတင်မမြင်နိုင်သော ကုန်ကျစရိတ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းစုက ပနားမားအာဏာပိုင်များထံကန်ဒေါ်လာ၁ဒသမ၆ဘီလီယံ ထပ်ပေးရန် တောင်းဆိုခဲ့သည်။ ပနားမားတူးမြောင်းချဲ့ထွင်ပြီးပါက ကွန်တိန်နာ ၁၂,၀၀၀ ဆံ့ ကုန်သင်္ဘောများ ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။ ယခုအချိန်တွင် ကွန်တိန်နာ ၅,၀၀၀ ဆံ့ သင်္ဘောများသာ ဖြတ်သန်းမောင်းနှင်နိုင်သည်။ *—Ref: AFP*

# အကျင့်ပျက်ခြစားမှု စုံစမ်းစစ်ဆေးမှုများတွင် သမာသမတ်ရှိနေရန် တူရကီသမ္မတ တရားရေးမဏ္ဍိုင်အား ပြောကြား

**အန်ကာရာ၊ ဇန်နဝါရီ-၄**

အစိုးရအဖွဲ့ကို လှုပ်ခါသွားစေခဲ့သော အကျင့်ပျက်ခြစားမှု စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေစဉ် တရားရေးမဏ္ဍိုင်အနေဖြင့် သမာသမတ်ကျကျရှိနေရန် တူရကီသမ္မတ အဗ္ဗဒူလာဂူလ်က တိုက်တွန်းလိုက်ပြီး နိုင်ငံတော်အဖွဲ့အစည်းများအပေါ် ယုံကြည်မှုလျော့ကျလာပါက ကြီးလေးသောစီးပွားရေးအကျိုးဆက်များရှိလာလိမ့်မည်ဟု သတိပေးလိုက်သည်။

နိုင်ငံတစ်နိုင်ငံအတွင်း နိုင်ငံတစ်ခုတည်ရှိနေခြင်းမျိုးကိုလည်း သည်းခံမည်မဟုတ်ဟု တူရကီသမ္မတကပြောသည်။ ယင်းမှာ တူရကီရဲတပ်ဖွဲ့နှင့် တရားရေးစနစ်အတွင်း နောက်လိုက်များစွာရှိသော အမေရိကန်နိုင်ငံတွင် နေထိုင်သည့် တူရကီမွတ်ဆလင်တရားဟောဆရာ ဖက်သူလာဂူလင် လှုပ်ရှားမှုကိုရည်ညွှန်းခြင်းဟုရိုက်တာသတင်းဌာနက ဖော်ပြသည်။ အကျင့်ပျက်ခြစားမှုကို သည်းခံမည်မဟုတ်ဟုလည်း အဗ္ဗဒူလာဂူလ်ကပြောသည်။

အကျင့်ပျက်ခြစားမှုစုံစမ်းစစ်ဆေးမှုများကြောင့် အစိုးရဝန်ကြီးသုံးဦး နုတ်ထွက်ရသည်အထိ ဖြစ်ခဲ့ပြီး ဝန်ကြီးချုပ်တေရစ်အာဒိုဂန်၏ ၁၁ နှစ်ကြာ ခေါင်းဆောင်မှုအပေါ် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်ခဲ့သည်။ ယင်းမှာ ၎င်း၏အစိုးရကို မတည်မငြိမ်ဖြစ်စေရေးနှင့် ဩဇာကျဆင်းစေရန် နိုင်ငံခြားမှ ကြံစည်လုပ်ဆောင်မှုဟု အာဒိုဂန်က ပြောကြားသည်။

*—Ref: Reuters*

# ယခုနှစ်အတွင်း ရုရှားရေတပ်သင်္ဘောသစ်စီးရေ ၄၀ ရမည်မှန်း

**မော်စကို၊ ဇန်နဝါရီ-၄**

၂၀၁၄ ခုနှစ်အတွင်း ရုရှားရေတပ်သည် စစ်သင်္ဘောသစ်များနှင့် အကူသင်္ဘော အစီး ၄၀ ရရှိမည်ဟု မျှော်လင့်ကြောင်း အရာရှိကြီးတစ်ဦးကပြောကြားသည်။

အတန်းအစားအမျိုးမျိုး သင်္ဘောများအပြင် ပဲ့ထိန်းဒုံးကျည်များ သယ်ဆောင်နိုင်သော နျူကလီးယားစွမ်းအင် ရေငုပ်သင်္ဘောတစ်စီးနှင့် ဒီဇယ်နှင့် လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးကိုလည်း စတင်အသုံးပြုမည်ဟုရေတပ်ဒုတိယတပ်မှူးတစ်ဦးကပြောကြားသည်။

ထို့အပြင် ရုရှားနိုင်ငံသည် နျူစွမ်းအင်သုံး Admiral Nakhimov ခရူဆာသင်္ဘောနှင့် အခြားနျူစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောသုံးစီးကိုလည်း ယခုနှစ်အတွင်းပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ရေတပ်အတွက်လက်နက်ပစ္စည်းကိရိယာစုဆောင်းရေးတာဝန်ခံ ရေတပ်ဗိုလ်ချုပ်ဗစ်တာဘာဆက်က ပြောကြားသည်။

Admiral Nakhimov သင်္ဘောသည် ယင်းအတန်းအစားသင်္ဘောများအတွက် အဆင့်အမြင့်ဆုံးလက်နက်စနစ်များဖြင့် ၂၀၁၈ ခုနှစ်တွင် ရုရှားရေတပ်၌ ပြန်လည်ပါဝင်လာမည်ဟု ရုရှားနိုင်ငံမြောက်ပိုင်းပင်လယ်ဖြူပေါ်ရှိဆာမက်ရှ်သင်္ဘောကျင်းက ၂၀၁၃ ဇွန်လတွင် ပြောကြားခဲ့သည်။ ရေတပ်အထူးသင်္ဘောများနှင့် ဒုက္ခတွေ့နေသောသင်္ဘောများနှင့် ရေငုပ်သင်္ဘောများကိုကယ်ဆယ်ရေးလုပ်နိုင်သော အဆင့်မြင့်ရှာဖွေရေးနှင့်ကယ်ဆယ်ရေးသင်္ဘော Igor Belousov သင်္ဘောကိုလည်း ၂၀၁၄ ခုနှစ်အတွင်း စတင်အသုံးပြုမည်ဖြစ်သည်။

*—Ref: RIA*




## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို နှစ်သက်သဘောကျဟု ရော့ဒ်မန်းပြောကြား

**ဘေဂျင်း၊ ဇန်နဝါရီ-၆**

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်မှာ မိမိ၏မိတ်ဆွေဖြစ်ပြီး ၎င်းကို သဘောကျနှစ်သက်သဖြင့် မြောက်ကိုရီးယားနိုင်ငံတွင် ဖိနှိပ်ချုပ်ချယ်မှုများနှင့် ပတ်သက်၍ မစိုးရိမ်မိဟု NBA ဘတ်စကက်ဘောကစားသမားဟောင်းများအဖွဲ့တစ်ဖွဲ့နှင့်အတူ မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းသို့ထွက်ခွာသွားသော အမေရိကန်ဘတ်စကက်ဘောကစားသမားဟောင်း ဒင်းနစ်ရော့ဒ်မန်းက ပြောကြားသည်။

NBA မှ All Star အသင်း ဘတ်စကက်ဘောကစားသမားဟောင်းများဖြစ်သည့် ကန်နီအန်ဒါဆင်၊ ကလစ်ဖ်ရော်ဘင်ဆင်နှင့် ဗင်ဘာကာတို့ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ရော့ဒ်မန်းက ဦးဆောင်ကာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏မွေးနေ့အထိမ်းအမှတ်အဖြစ်ဇန်နဝါရီ၈ရက်တွင် မြောက်ကိုရီးယားအမျိုးသားဘတ်စကက်ဘောအသင်းနှင့် ယှဉ်ပြိုင်ရန် ထွက်ခွာသွားပြီဖြစ်သည်။

မြောက်ကိုရီးယားမှာ တစ်ပါတီတည်းအုပ်ချုပ်သော ကွန်မြူနစ်နိုင်ငံဖြစ်ပြီး နိုင်ငံတည်ထောင်ခဲ့ချိန်မှစ၍ မစ္စတာကင်၏ မျိုးရိုးစဉ်ဆက်က အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။



WANG ZHAO/AFP

*ဇန်နဝါရီ ၆ ရက်က ဘေဂျင်းနိုင်ငံတကာလေဆိပ်တွင် မြောက်ကိုရီးယားလေယာဉ်ခရီးစဉ်အတွက် Checkin မလုပ်မီ မီဒီယာများကြား ဖြတ်လျှောက်သွားသော အမေရိကန် NBA ဘတ်စကက်ဘောကစားသမားဟောင်း ဒင်းနစ်ရော့ဒ်မန်းကို တွေ့ရစဉ်*

မြောက်ကိုရီးယားနိုင်ငံမှာ အတိတ်က အစာရေစာရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရပြီး တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အပေါ် တစ်ခါတစ်ရံ စစ်ရေးခြိမ်းခြောက်မှုပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အမြဲပင်စွပ်စွဲခံနေရသည့် နိုင်ငံလည်းဖြစ်သည်။

ရော့ဒ်မန်း၏အဖွဲ့တွင် NBA ကစားသမားဟောင်း ဒေါက်ခရစ္စတီးကရိတ်ဟော့ဒ်ဂက်စ်နှင့် ချားလစ်ဒီစမစ်တို့လည်း ပါဝင်သည်။ ရော့ဒ်မန်းနှင့်အတူ ကစားသမားဟောင်းငါးဦး လိုက်ပါသွားပြီး အခြားသော ကစားသမားအဖွဲ့မှာ မြောက်ကိုရီးယားနိုင်ငံသို့ ဇန်နဝါရီ ၇ ရက်တွင် ဆိုက်ရောက်မည်ဟု ခရီးစဉ်စည်းရုံးရေးမှူးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။

ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်ပညာသင်ယူခဲ့သည့် ကင်ဂျုံအန်မှာ ဘတ်စကက်ဘောပရိသတ်တစ်ဦးဟုသိရပြီး အထူးသဖြင့် ရော့ဒ်မန်းကစားခဲ့ဖူးသော ချီကာဂိုဘူးလ်အသင်းကို နှစ်သက်သူဖြစ်သည်။

ရော့ဒ်မန်း၏ ယခုမြောက်ကိုရီးယားနိုင်ငံခရီးစဉ်မှာ ၎င်း၏ စတုတ္ထမြောက်ခရီးစဉ်ဖြစ်ပြီး ပြီးခဲ့သည့်ခရီးစဉ်အတွင်း၎င်းကမြောက်ကိုရီးယား ဘတ်စကက်ဘောအသင်းအား လေ့ကျင့်ပေးခဲ့သည်။

—*Ref: AFP*

## ဝတ်ဆင်နိုင်သော စမတ်ကိရိယာများကို Application ရေးဆွဲသူများက ကြီးကျယ်သော ကိစ္စတစ်ခုဟုရှုမြင်

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၆**

ဂူးဂဲလ်ကုမ္ပဏီထုတ် Glass စမတ်မျက်မှန်နှင့် ဆမ်ဆောင်းကုမ္ပဏီထုတ် Galaxy Gear စမတ်နာရီများကဲ့သို့ ဝတ်ဆင်နိုင်သော ကွန်ပျူတာပစ္စည်းများမှာ လူအများကြိုက်နှစ်သက်မှု မရှိသေးပေ။ သို့သော်လည်း ယင်းပစ္စည်းသစ်များအတွက် Application များ ဖန်တီးရေးသားရန် မိုဘိုင်းဂိမ်းရေးသားသူများက အလျင်စလိုဆောင်ရွက်နေကြသည်။ နည်းပညာအသုံးပြုသူများကြား နောက်ထပ်ကြီးကျယ်သော အချိန်အခိုက်အတန့်တစ်ခု ဖြစ်လာမည်ဟု စိတ်အားထက်သန်နေကြသည်။

ဝတ်ဆင်နိုင်သော စမတ်ကိရိယာများတွင် အသုံးပြုနိုင်သည့် Application များ ရေးသားထည့်သွင်းခြင်းဖြင့် ယင်းကိရိယာများအတွက် ဝယ်လိုအားတိုးမြင့်လာမည်ဟု မိုဘိုင်းဂိမ်းများ ရေးသားသူများက အခိုင်အမာပြောကြားသည်။

“ Application ဂေဟစနစ်သစ်တစ်ခု မွေးဖွားလာတော့မှာပါ”ဟု ဂူးဂဲလ် Glass စမတ်မျက်မှန်အတွက် ပထမဆုံးဂိမ်းကို ရေးသားထုတ်လုပ်ထားသည့် Mind Pirate ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ရှောင်ဟာဒင်းကပြောသည်။

မိုဘိုင်းဂိမ်း Application များအတွက် ဈေးကွက်မှာ ၂၀၁၀ ပြည့်နှစ်အတွင်း ကန်ဒေါ်လာ ခြောက်ဘီလီယံတန်ဖိုးရှိခဲ့ရာမှ ယခုနှစ်တွင် ကန်ဒေါ်လာ ၁၇ ဘီလီယံသို့ မြင့်တက်လာမည်ဟု လေ့လာသူများက မျှော်လင့်ထားသည်။

ဝတ်ဆင်နိုင်သော စမတ်ပစ္စည်းများ အသုံးပြုသူနည်းပါးသေးသော်လည်း ၂၀၁၈ ခုနှစ်တွင် ယင်းပစ္စည်းပေါင်း သန်း ၁၃၀ ကျော်ကို တင်ပို့ရောင်းချရမည်ဟု ဂျူနီပါသုတေသနလုပ်ငန်းက မျှော်လင့်ထားသည်။ ဝတ်ဆင်နိုင်သော ကွန်ပျူတာပစ္စည်းကိရိယာများမှာ အခြေခံအားဖြင့် ကွန်ပျူတာအသေးစားများအဖြစ် လုပ်ဆောင်နိုင်ပြီး အသုံးပြုသူ၏ မျက်နှာ(သို့မဟုတ်)လက်ကောက်ဝတ်တွင် ဝတ်ဆင်ရသော်လည်း ခန္ဓာကိုယ်၏ အခြားသော အစိတ်အပိုင်းများတွင် ဝတ်ဆင်ရန် ပစ္စည်းများလည်း ထုတ်လုပ်လာဖွယ်ရှိသည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။ —*Ref: Reuters*

## ဩစတြေးလျနိုင်ငံသားတစ်ဦး အဝတ်လျှော်စက်တွင် ဝတ်လစ်စားလစ်ညပ်နေ၍ ရဲတပ်ဖွဲ့ကယ်တင်

**ဆစ်ဒနီ၊ ဇန်နဝါရီ-၆**

တူတူပုန်းတမ်းကစားရင်း ဩစတြေးလျနိုင်ငံသားတစ်ဦး အဝတ်လျှော်စက်တွင် ဝတ်လစ်စားလစ်ညပ်မိနေပြီးနောက် ၎င်းကို ရဲတပ်ဖွဲ့က သံလွင်ဆီများအသုံးပြုကာဆွဲထုတ်နိုင်ခဲ့၍ လွတ်မြောက်သွားခဲ့သည်။

ချစ်သူမိန်းကလေးအိမ်သို့ ရောက်လာစဉ် အံ့ဩသွားစေရန် အဆိုပါဩစတြေးလျနိုင်ငံသားက အဝတ်လျှော်စက်တစ်ခုထဲသို့ဝင်ရောက်ပုန်းအောင်းနေခဲ့သည်။ သို့သော် အဝတ်လျှော်စက်အတွင်း ညပ်နေခဲ့၍ ရဲတပ်ဖွဲ့က ကယ်တင်ခဲ့ရသည်။

၎င်းကိုကယ်တင်ရန် ရဲတပ်ဖွဲ့၊ မီးသတ်သမားများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့်ဒေသဆိုင်ရာရှာဖွေကယ်ဆယ်ရေးလုပ်သားများ ရောက်ရှိလာခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများက သံလွင်ဆီကို ချောဆီအဖြစ် အသုံးပြုကာ ၎င်းလွတ်မြောက်လာသည်အထိ ဆွဲထုတ်ခဲ့ရကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

“သူ့ရည်းစားကို သူအံ့ဩအောင်လုပ်ဖို့ ကြိုးစားရင်း ညပ်မိသွားတာပါ”ဟု ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး တင်မ်ဂလီဆန်က ပြောကြားသည်။ —*Ref: AFP*

## အစ္စရေး – ပါလက်စတိုင်း ငြိမ်းချမ်းရေးကြားဝင်ညှိနှိုင်းမှု ဆော်ဒီအာရေးဗီးယားထောက်ခံဟု ဂျွန်ကယ်ရီပြော

**ဂျေရုဆလင်၊ ဇန်နဝါရီ-၆**

အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ရရန် ကြားဝင်ညှိနှိုင်းပေးနေသော ၎င်း၏ကြိုးပမ်းမှုများအတွက် ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ ထောက်ခံမှုရရှိထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကပြောကြားသည်။

အစ္စရေးနှင့် အနောက်ဘက်ကမ်းခြေ(၁၀)ကြိမ်မြောက် ခရီးစဉ်စတုတ္ထမြောက်နေ့တွင် အမေရိကန်ထိပ်တန်းသံအမတ်က မည်သည့်သဘောတူညီချက်မဆို တရားမျှတ၍ ညီတူညီမျှဖြစ်စေရမည်ဟု ကတိပြုပြောကြားသည်။

ယမန်နေ့ ခရီးစဉ်တွင် ဂျွန်ကယ်ရီက ၎င်း၏အစ္စရေးဝန်ကြီးချုပ်နှင့် ပါလက်စတိုင်းသမ္မတတို့ကြား လွန်းပျံသွားလာညှိနှိုင်းမှုနှင့် ပတ်သက်၍ ဂျော်ဒန်နိုင်ငံနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံ အကြီးအကဲများအား ရှင်းလင်းပြောပြသည်။

ဂျွန်ကယ်ရီသည် ဂျော်ဒန်နိုင်ငံတွင် ဘုရင်အဗ္ဗဒူလာ(၂)နှင့် နိုင်ငံခြားရေးဝန်ကြီး နာဆာဂျူဒါးတို့နှင့် တစ်နာရီကျော်ကြာ တွေ့ဆုံခဲ့သည်။ ယင်းနောက်တွင် ဂျွန်ကယ်ရီသည် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဘုရင်အဗ္ဗဒူလာနှင့် သုံးနာရီခန့်ကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

“ဒီနေ့မှာတော့ ဘုရင်ကြီးက အားပေးရုံတင်မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို ထောက်ခံပြီး ရှေ့လာမယ့်ရက်တွေမှာ အောင်မြင်မယ်လို့ပဲ မျှော်လင့်တယ်။ ဒါဟာ ဒေသအတွက် အရေးကြီးတယ်လို့ သူက ယုံကြည်တယ်”ဟု ဂျွန်ကယ်ရီကပြောသည်။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အယ်ဖိုင်ဆယ်ကလည်း အောင်မြင်သော အစည်းအဝေးတစ်ရပ် ဖြစ်သည်ဟု ပြောကြားသည်။ —*Ref: AFP*

နောက်ကျောဖုံး မှ

## အမေရိကန်အနောက်အလယ်ပိုင်းတွင် အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သော အအေးဒဏ်ကြုံတွေ့နေရပြီး အရှေ့ဘက်သို့ အအေးလှိုင်းဦးတည်

အအေးဆုံး အအေးလှိုင်းတွေဟာ အမေရိကန်နိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေဆီ ပျံ့နှံ့သွားပါလိမ့်မယ်”ဟု အမျိုးသားရာသီဥတုဌာနက ပြီးခဲ့သည့်တနင်္ဂနွေနေ့က ပြောကြားသည်။ ဆောင်းလေအေးတိုက်ခတ်မှုနှင့်ပါပေါင်းလိုက်ပါက အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သော အနုတ် ၆၀ ဒီဂရီဖာရင်ဟိုက်အထိ အပူချိန်များ ကျဆင်းသွားနိုင်သည်ဟု ကန်ရာသီဥတုဌာနထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထိုမျှအေးသော ရာသီဥတုကြောင့် ခန္ဓာကိုယ်တွင် ဖုံးအုပ်မထားသော အရေပြားနေရာများ၌ မိနစ်ပိုင်းအတွင်း အအေးလွန်နှင်းကိုက်မှုဖြစ်နိုင်သည်ဟု ကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။

မင်နီဆိုတာပြည်နယ်အုပ်ချုပ်ရေးမှူး မာ့ခ်ဒေတန်က အန္တရာယ်ရှိသော အအေးဒဏ်မှ ကလေးသူငယ်များအား ကာကွယ်ရန် ပြည်နယ်အတွင်းရှိ ကျောင်းများအားလုံး ပိတ်ထားရန် အမိန့်ပေးခဲ့သည်။ ချီကာဂိုမြို့တွင်လည်း အစိုးရကျောင်းများကိုပိတ်ထားခဲ့သည်။

ရာသီဥတုခန့်မှန်းရေးမှူးများကမူ အာတိတ်ဒေသတွင် ဖြစ်ပေါ်နေသော အခြေအနေများ အကောင်းဘက်သို့ဦးတည်လာ၍ အလွန်ပြင်းထန်သော လေအေးများ ဝင်ရောက်မှုမှာ အလွန်ရှည်ကြာမည်မဟုတ်ဟု ပြောကြားသည်။

“ယခု သီတင်းပတ်ကုန်လောက်ဆိုရင် တစ်နိုင်ငံလုံးမှာ အပူချိန်တွေ အသင့်အတင့်အနေအထားဆီ ကျိန်းသေပေါက်ပြန်ရောက်လာပါမယ်”ဟု ကန်အမျိုးသားရာသီဥတုဌာနမှ မိုး/ဇလပညာရှင် ဘော့ဘ်အိုရာဗက်က ပြောကြားသည်။—*Ref: Reuters*

# ၂၀၁၃ အတွင်း ပုပ်ရဟန်းမင်းကြီး၏ အခမ်းအနားများသို့ လူခြောက်သန်းကျော် တက်ရောက်ခဲ့

**ဗာတီကန်၊ ဇန်နဝါရီ-၅**

ပုပ်ရဟန်းမင်းကြီးအဖြစ် မတ်လအတွင်း ရွေးချယ်ခံရစဉ်မှစ၍ ၂၀၁၃ ခုနှစ်ကုန်အထိ ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ အခမ်းအနားပွဲတော်များသို့တက်ရောက်ခဲ့သူ ၆ ဒသမ ၆ သန်းရှိသည်ဟု စောင့်ကြည့်မှတ်သားမှုများအရသိရပြီး ပုပ်ရဟန်းမင်းကြီးဟောင်း ဘန်နီဒစ်၏ပွဲတော်များသို့ ၂၀၁၂ ခုနှစ်အထိ တက်ရောက်ခဲ့သူ ၂ ဒသမ ၃ သန်းသာရှိခဲ့သည်။


ANDREAS SOLARO/REUTERS

ယင်းပရိသတ်အရေအတွက်များမှာ ပုပ်ရဟန်းမင်းကြီး၏ ပွဲများအတွက် ထုတ်ပေးခဲ့သော လက်မှတ်အရေအတွက်နှင့်လက်မှတ်မလိုသော အခမ်းအနားများသို့တက်ရောက်ခဲ့သည့် ခန့်မှန်းပရိသတ်အရေအတွက်များပေါ်တွင် အခြေခံထားသည်ဟု ဗာတီကန်နန်းတော်က ပြောသည်။

ဗာတီကန်နန်းတော်က အဆိုပါ ပုပ်ရဟန်းမင်းကြီးနှစ်ဦး၏ အခမ်းအနားများသို့တက်ရောက်ခဲ့သည့် ပရိသတ်အရေအတွက်ကို နှိုင်းယှဉ်ဖော်ပြခြင်းမရှိသော်လည်း ဇန်နဝါရီ ၄ ရက်က ထုတ်ပြန်သည့် အချက်အလက်များအရ လက်ရှိ ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ အခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပရိသတ်အရေအတွက်မှာ ပုပ်ရဟန်းမင်းကြီးဘန်နီဒစ်၏ ပရိသတ်အရေအတွက်ထက် ပိုများနေသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ကျန်းမာရေးအခြေအနေကြောင့်ဟုဆိုကာ ရာထူးမှနုတ်ထွက်ခဲ့သည့် ပုပ်ရဟန်းမင်းကြီး ဘန်နီဒစ်မှာ နှစ်ပေါင်း ၆၀၀ အတွင်း ရာသက်ပန်တာဝန်မထမ်းဆောင်ဘဲ ရာထူးမှနုတ်ထွက်ခဲ့သည့်ပထမဆုံးပုပ်ရဟန်းမင်းတစ်ပါးဖြစ်လာသည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ၂၀၁၃ မတ်လ ၁၃ ရက်ကရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းကို တစ်နှစ်တာအတွင်း အကျော်ကြားဆုံးပုဂ္ဂိုလ်အဖြစ် တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်ခဲ့သည်။ ၎င်း၏နန်းတော်မှ အပြင်ထွက်သော၊ ရိုးရှင်းခင်မင်ရင်းနှီးစွာဆက်ဆံသော အပြုအမူများကြောင့် ယခုကဲ့သို့ ကိုးလခွဲကြာအတွင်း ပရိသတ်အမြောက်အမြားကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟုရိုက်တာသတင်းတွင်ဖော်ပြသည်။

—*Ref: Reuters*

# သွားကုသမှုခံယူပြီးနောက် ဦးနှောက်ထိခိုက်ပြီး သုံးနှစ်အရွယ်မိန်းကလေးငယ် ကွယ်လွန်

**ဟိုနိုလူလူ၊ ဇန်နဝါရီ-၅**



၂၀၁၃ ဒီဇင်ဘာလတွင် သွားရောဂါကုသပြီးနောက် ဦးနှောက်ပြင်းထန်စွာ ထိခိုက်ခဲ့သော အသက် (၃)နှစ်အရွယ် မိန်းကလေးတစ်ဦးသည် ဇန်နဝါရီ ၃ ရက်တွင် ကွယ်လွန်ခဲ့သည်ဟု ကလေးမိသားစု၏ ရှေ့နေက ပြောကြားသည်။

ဟာဝိုင်အီကျွန်းမှ ဒေသခံများဖြစ်သော ဖင်းလေးဘွိုင်လီ၏ မိဘများသည် သွားဆရာဝန် လီလီဂေယာနှင့် Island ကလေးသွားကျန်းမာရေးဆေးရုံတို့ကို သမီးဖြစ်သူ ဖင်းလေးအား စိတ်ငြိမ်ဆေးများ မတန်တဆပေးမှုနှင့် အရေးပေါ်ကုသမှုညံ့ဖျင်းမှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

ကလေးမိဘများသည် သွားဆရာဝန်ညွှန်ကြားချက်အရ ဒီဇင်ဘာ ၃ ရက်တွင် ဖင်းလေးအား သွားဆေးရုံသို့ခေါ်သွားခဲ့ပြီး သွားအမြစ်ကုသခြင်းနှင့် သွားပေါက်ဖာခြင်းအပါအဝင် စုစုပေါင်းသွား ၁၀ ချောင်းကိုကုသမှုခံယူခဲ့သည်။

သွားဆရာဝန်လီလီဂေယာသည် ကလေးငယ်အား စိတ်ငြိမ်ဆေးပမာဏများစွာ ပေးခဲ့ရာမှ ကလေးသည် နှလုံးခုန်ရပ်၍ ဦးနှောက်ပျက်စီးသည်အထိ ဖြစ်ခဲ့ရသည်ဟု တရားလိုရှေ့နေအယ်လ်ရစ်ချတ်ဖရိုင်းဂျူနီယာက ပြောကြားသည်။ ဆရာဝန်သည် နှလုံးခုန်ရပ်သွားသော ကလေးငယ်ကို ၂၆ မိနစ်ကြာသည်အထိ အရေးပေါ်ကုသမှုမပေးနိုင်ခဲ့၍ ကလေးမှာ ဦးနှောက်အပြင်းအထန် ပျက်စီးခဲ့ရသည်ဟု တရားလိုရှေ့နေက ပြောကြားသည်။

ထို့ကြောင့် ကလေးမိဘများသည် သွားဆေးရုံနှင့် ဆရာဝန် လီလီဂေယာတို့ကို တရားစွဲခြင်းဖြစ်သည်ဟု ရှေ့နေရစ်ချတ်က ပြောကြားသည်။ Island သွားဆေးရုံကိုလည်း အကြောင်းပြချက်မရှိ ပိတ်ထားကြောင်း ဆေးရုံဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ *Ref: Reuters*



7DAY NEWS JOURNAL

# International

Vol.12, No.44 • JANUARY 8 , 2014




ဇန်နဝါရီ ၃ ရက်က နယူးယောက်မြို့ မန်ဟက်တန်မြို့တွင် နှင်းများဖြင့်ဖုံးလွှမ်းနေသော 5th Avenue လမ်းမကြီးပေါ် လူအများ လမ်းလျှောက်နေကြသည်ကို တွေ့ရစဉ်

JASON SZENES/AFP

## အမေရိကန်အနောက်အလယ်ပိုင်းတွင် အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သော အအေးဒဏ်ကြုံတွေ့နေရပြီး အရှေ့ဘက်သို့ အအေးလှိုင်းဦးတည်

**နယူးယောက်၊ ဇန်နဝါရီ-၆**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသမှ လူများသည် နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံး အအေးဒဏ်ကို ခိုက်ခိုက်တုန်ကျော်ဖြတ်နေရပြီး ရာသီဥတုခန့်မှန်းရေးမှူးများက ယင်းအအေးလှိုင်းမှာ အရှေ့ဘက်သို့ ဦးတည်နေသည်ဟု သတိပေးထားသည်။ ချီကာဂိုမြို့မှ အရာရှိများနှင့် အခြားခရိုင်များမှ အရာရှိများက တနင်္လာနေ့တွင် ကျောင်းများပိတ်ထားရန် ပြောကြားသည်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းသို့ ယခုနှစ်ဆောင်းရာသီ ပထမဆုံးမုန်တိုင်းဝင်ရောက်ပြီးနောက် ယခုတစ်ဖန်အနောက်အလယ်ပိုင်းဒေသတွင် ရေခဲနေသောအခြေအနေများကြောင့်လေယာဉ်ခရီးစဉ်ပေါင်းများစွာ နှောင့်နှေး (သို့မဟုတ်) ဖျက်သိမ်းခဲ့ရသည်။

"အာတိတ်ပေါက်ကွဲမှု အအေးဒဏ်ကြောင့်နှစ်ပေါင်း ၂၀ အတွင်း **စာမျက်နှာ ၄၆ »**

## နိုင်ငံရေးမကျေလည်မှုများရှိခဲ့သော်လည်း ၂၀၁၃ တွင် တရုတ်နိုင်ငံ၌ ဂျပန်ကားများ စံချိန်တင်ရောင်းချ

**တိုကျို၊ ဇန်နဝါရီ-၆**

ဂျပန်ထိပ်တန်းကားကုမ္ပဏီနှစ်ခုသည် ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ၎င်းတို့၏ကားများ စံချိန်တင်ရောင်းချနိုင်ခဲ့သည်ဟု ဇန်နဝါရီ ၆ ရက်တွင် တိုယိုတာနှင့်ဟွန်ဒါကားကုမ္ပဏီနှစ်ခုက ပြောကြားလိုက်သည်။

တိုယိုတာကားကုမ္ပဏီက ပြီးခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံ၌ကားအစီးရေ၉၁၇,၅၀၀စီး ရောင်းချနိုင်ခဲ့ကြောင်းနှင့် ၂၀၁၂ ခုနှစ်ကထက် ရောင်းအား ၉ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၂ ခု နှစ်တွင် တရုတ်နှင့် ဂျပန်နိုင်ငံအကြား အရှေ့တရုတ်ပင်လယ်တွင်းရှိ ကျွန်းစုများနှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံတွင် ဂျပန်ဆန့်ကျင်ရေး ပြုလုပ်ခဲ့သောကြောင့် ဂျပန်ကားကုမ္ပဏီများ၏ရောင်းအားမှာ သိသာစွာကျဆင်းခဲ့သည်။

ကမ္ဘာ့အကြီးဆုံးကားကုမ္ပဏီ တိုယိုတာသည် ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကားအစီးရေ ၉၀၀,၀၀၀ ခန့် ရောင်းချရန် ပစ်မှတ်ထားခဲ့သော ၎င်းတို့၏စံသတ်မှတ်ချက်ကို ကျော်လွန်ခဲ့သည်ဟု တိုယိုတာကားကုမ္ပဏီက ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံ၌ တိုယိုတာကားအစီးရေ ၁ ဒသမ ၁ သန်း ရောင်းချမည်ဟု ကုမ္ပဏီက စီစဉ်ထားသည်။

ဂျပန်နိုင်ငံ၏ တတိယအကြီးဆုံး ကားကုမ္ပဏီဖြစ်သော ဟွန်ဒါကားကုမ္ပဏီကလည်း ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံသို့ ကားအစီးရေ ၇၅၇,၀၂၀ စီး စံချိန်တင်ရောင်းချနိုင်ခဲ့သည်ဟု ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး နစ်ဆန်းကားကုမ္ပဏီကလည်း ၂၀၁၃ ခုနှစ် ပထမ ၁၁ လအတွင်း ရောင်းအား ၁၃ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု ပြီးခဲ့သည့် ဒီဇင်ဘာလက ပြောကြားသည်။


—*Ref: AFP*

## စစ်ရာဇဝတ်မှုများ ဆွေးနွေးရန် သီရိလင်္ကာသို့ အမေရိကန်သံတမန် သွားရောက်

**ကိုလံဘို၊ ဇန်နဝါရီ-၆**

ကုလသမဂ္ဂ၏ သီရိလင်္ကာအစိုးရ လူ့အခွင့်အရေးမှတ်တမ်း သုံးသပ်ချက်မထွက်မီ အမေရိကန်ထိပ်တန်းသံတမန်တစ်ဦးသည် စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရန် သီရိလင်္ကာနိုင်ငံသို့ ဇန်နဝါရီ၆ ရက်က သွားရောက်ခဲ့သည်။

တစ်ကမ္ဘာလုံးပြစ်မှုဆိုင်ရာ တရားမျှတရေးဌာနမှ အမေရိကန်သံတမန်စတီဖင်ရက်ပ်သည်ဆယ်စုနှစ်များစွာကြာသည့် တမီးလ်ခွဲ



ထွက်ရေးစစ်ပွဲပြီးနောက် လူ့အခွင့်အရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆွေးနွေးရန် သီရိလင်္ကာနိုင်ငံ၌ ငါးရက်ကြာ နေထိုင်မည်ဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့သည် လာမည့်မတ်လတွင် သီရိလင်္ကာနိုင်ငံ၏ လူ့အခွင့်အရေးတိုးတက်မှုအခြေအနေများကို ဆွေးနွေးမည်ဖြစ်သည်။ သီရိလင်္ကာအစိုးရနှင့်တမီးလ်သူပုန်များ တိုက်ပွဲများဖြစ်ပွားစဉ် လုံခြုံရေးတပ်ဖွဲ့များသည် တမီးလ်လူမျိုး သာမန်အရပ်သားလေးသောင်းခန့်ကို သတ်ဖြတ်ခဲ့သည်ဟုစွပ်စွဲခံရသည်။ ယင်းစွပ်စွဲချက်များကိုစုံစမ်းရန် တောင်းဆိုမှုကိုလည်း သီရိလင်္ကာအစိုးရက ပယ်ချခဲ့သည်။

သီရိလင်္ကာအစိုးရသည်လာမည့်မတ်လအထိ လူ့အခွင့်အရေးတိုးတက်မှုကို မပြနိုင်လျှင် စစ်ရာဇဝတ်မှုစွပ်စွဲချက်များအတွက် နိုင်ငံတကာ၏ စုံစမ်းစစ်ဆေးမှုကို ခံရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့အကြီးအကဲ နာဗီပီလေးက ပြောကြားသည်။

—*Ref: AFP*

